ကျင်းယုံ၏စွးကျင်းလိချိုကျန့်

စာအုပ်(၁)

တက္ကသိုလ်

# နေလင်းအောင်

ဓားတစ်ဆုပ် ကျမ်းတစ်အုပ် သူ့ရဲ့အလုပ်



မြန်မာကျူးဆန်အတွက်
ကိုရုပ်ကြမ်း
စကင်ဖတ်သည်။

အခန်း (၄၀)

# ထပ်အပြောင်းအလဲ

နိုနိုကျင်သက်မှာ မတော့မချင်းဖြစ်သွားသည့် ထက်ပိုင်းပြတ်ကျိုး ကျသွားသော ဓားကျိုးကို စိတ်ဆိုးမာန်ဆိုးဖြင့် ပစ်ချလိုက်၏။ လက်နှစ်ဘက်ကို ရင်ဝ၌ ငုက်ပျော့ရှူးသေဗွာနောက်တော၌ တိုက်ခိုက်ရန် ဟန်ပြင်သည်။

'ကျွန်ုပ်ကို မမှတ်မိတော့ဘူးလား နိုနိုကျင်သက်'

နိုနိုကျင်သက် ကြောင်သွားသည်။ ထိုစကားသံက ရန်လိုသံ မပါပေ။ ရင်းနှီးကျွမ်းဝင်သော လေသံသာပါသည်။ မျက်နှာကို ကြည့်လိုက်သောအခါတွင်လည်း ထိုရန်သူသည် ပြုံးနေကြောင်း တွေ့ရလေ၏။

အတန်ကြာကြည့်ပြီးမှ မှတ်မိလာသည်။

'ကြော် ရှုလေချင်းကိုး ခင်ဗျားဘယ်လိုရုပ်ပြီး ဒီကိုရောက်လာရ တာလဲ'

လှမေချင်းက ပြန်မဖြေ။

ရှိန်ကျင်သက်ကို ပြုံး၍ပြောနေရာမှ ဓားကိုသိမ်းပြီး ကွန်မင်မေဘက်သို့ မျက်နှာမူလိုက်သည်။ ထို့နောက် လက်အုပ်ချီ၍ ဂါရဝပြုလိုက်၏။

'ကျွန်တို့ မတွေ့ရတာ ဆယ်နှစ်ကောင် ကျော်သွားခဲ့ပြီ။ ကျွန် အစ်မကသည်း သိုင်းပညာ တော်တော်ကောင်းလာပါလား'

ကွန်မင်မေ ပြုံးလိုက်သည်။ လက်ဖမိုးယှက်ကာ ပြန်၍သည် ဂါရဝပြု၏။

လှမေချင်းသည် နံပါတ်ဆယ့်တစ်အထပ်တွင် တာဝန်ကျသူဖြစ်သည်။ သူသည် ထင်စန်းရွှေလင်းယုန်ဗိုလ်မောင်နှံ ရောက်လာသည်ကို အဝေးမှ မြင်ကတည်းက သိရှိလိုက်သည်။

ဆယ်နှစ်ကျော် မတွေ့ခဲ့သော်လည်း ထူးခြားသော ရုပ်ရည်သွင်ပြင်များကြောင့် အဝေးမှ မြင်ရုံနှင့်ပင် မှတ်မိသည်။

သူသည် ထိုလင်မယားနှင့် နှစ်ပေါင်းများစွာ ရင်းနှီးခင်မင်ခဲ့ဖူးသဖြင့် သူတို့၏ စိတ်ဓာတ်များကို သိရှိနေသည်။

မနှစ်မြို့နောက်လိုက်များ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဟု တွက်ထားပြီးဖြစ်သည်။ သို့သော် မည်သည့်အကြောင်းကြောင့် ဤနေရာသို့ လိုက်လာကြောင်း မသိနိုင်သဖြင့် ပုန်းအောင်းချောင်းကြည့်နေခဲ့ခြင်းဖြစ်သည်။

ကွမ်မင်မေသည် နံပါတ်ဆယ့်တစ်အထပ်တွင် လှမေချင်းကို မတွေ့ရသောကြောင့် အလွယ်တကူ တက်လာနိုင်သော်လည်း ကြိုက်ကြိုးရှင်းက တားဆီးနေသဖြင့် တိုက်ခိုက်နေရသေးသည်။

စင်စစ် လှမေချင်းသည် နံပါတ်ဆယ့်တစ် ဝရန်တာမှ နံပါတ်တစ်ဆယ် ဝရန်တာသို့ ချောင်းနေခြင်းဖြစ်သည်။ သူတို့ ဝရန်တာ၌ ရှိနေကြခြင်းကြောင့် ပင်မအထပ်မှ တက်လာသူများသည် သူတို့ကို



မတွေ့ဘဲ ရှိခဲ့ကြသည်။

တိုက်ပွဲပြင်းထန်ပြီး ဟူချိန်တို့ ပင်မအခန်းတွင်း ဝင်သွားသော အခါ လှမေချင်းက အပေါ်ထပ်ဝရန်တာသို့ ခုန်ဆင်းလာပြီး စောင့်ကြည့်နေသည်။

ထိုစဉ် ရှိန်ကျွန်းလောင်နှင့် ကွမ်မင်မေတို့ တားဆီးလာသည့်အခါတွင်မှ အခြေအနေကောင်းသွားပြီဖြစ်ကြောင်း သိမိလိုက်၏။ ဝင်သင့်သည့်အချိန်တွင် သူသည် အချိန်မီဝင်တားခဲ့ခြင်းသာ ဖြစ်သည်။

'လှမေချင်း၊ ခင်ဗျားဓားက သံကောင်းလှချည်လား'

'ကျွန်မဓား မဟုတ်ပါဘူးရှာ၊ သူများ အပ်ထားတဲ့ပစ္စည်းပါ'

ထိုဓားကား ချန်ကြောင်ကျူး၏ ဓားဖြစ်သည်။ ချောပင်သည် ထိုဓားကို ချန်ကြောင်ကျူးလက်ထဲမှ ရရှိပြီး ရှိန်ကျွန်းလောင်ကို ပေးအပ်လိုက်သည်။ ရှိန်ကျွန်းလောင်က ဟူတာန်ကိုတ်၏ ပစ္စည်းဖြစ်နေသဖြင့် လှမေချင်းထံ ပြန်လည်အပ်နှံထားခြင်း ဖြစ်ပေသည်။

'အင်း ... ဓားက ကောင်းလွန်းလို့သာပေါ့ရှာ၊ ကောင်းများ မကောင်းရင် သိုင်းလောကကပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ ခင်ဗျားတို့ နှစ်ယောက်ကြားမှာ ဝင်ပြီးဖျန်ဖြေပေးနိုင်ကြမှာ မဟုတ်ဘူး'

လှမေချင်း၏စကားကြောင့် ဟူချိန်ရော ရှိန်ကျင်သက်ပါ ကျေနပ်သွားကြသည်။ ထို့နောက် လှမေချင်းကပင် ရှိန်ကျင်သက်နှင့် ပန်းမွှင်နီ ဂိုဏ်းသားများကို မိတ်ဆက်ပေးသည်။

သည်တော့မှ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်စကားကို ပြောဆိုကြတော့သည်။

'နေဝင်းပါဦး၊ ခင်ဗျားတို့ လင်မယားက ထင်စင်းတောင်မှာ အေးအေးဆေးဆေး အနားမယူနိုင်ကြဘဲ ဘာကိစ္စနဲ့ ပြည်မထဲ လာရှုပ်ရတာလဲ'

လှမေချင်းမှာ ထိုစနီးမောင်နှံနှင့် လွန်စွာရင်းနှီးသူများဖြစ်၍ အားမနာတမ်း မေးသည်။ ချိန်ကျင်သက်၏ မျက်ထုံးအိမ်တွင် ဒေါသ၏ အရိပ်အယောင်များ သမ်းသွားသည်။

'အင်း … ကျုပ်တပည့်မ ဟူချစ်မုံ အတွက်ကြောင့်ပေါ့ဗျာ၊ မန်ချူးတွေက စင်ကျန်နယ်သားတွေကို ထပ်တိုက်တယ်ဗျ။ စင်ကျန်တွေ ရှုံးသွားတယ်'

လှမေချင်း ကြားဖြတ်၍ ပြော၏။

'မဟုတ်သေးပါဘူး၊ စင်ကျန်နယ်သားတွေ နိုင်အောင် အဲဒီက မန်ချူးတပ်ကြီးအတွက် ပို့မယ့် ရိက္ခာတွေကို ပန်းမွှင်နီဂိုဏ်းက လုလိုက်သေးတယ်၊ စင်ကျန်တွေ နိုင်သွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါကို စင်ကျန်နယ်သားတွေလဲ ပြောပြပါတယ်'

ချိန်ကျင်သက်သည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ချိန်ကျန်းလောင်အား လှမ်းပြောလိုက်၏။

'ပြော် … ဒါကြောင့် ကောင်မလေးက ဓားမြှောင်ကို လက်ဆောင်အဖြစ် ပေးလိုက်တာကိုး'

'ဒါက နောက်မှပါ၊ ကျွန်တော်တို့က သူတို့ရဲ့ အထွတ်အမြတ် ကျမ်းကြီး ပြန်ရအောင်လဲ ကူညီခဲ့တာကို သူတို့က အဓိကထားပါတယ်'

'ဟုတ်ပါတယ်ရှေ၊ သိပါတယ်၊ ပထမတစ်ပွဲမှာ မန်ချူးတွေ ရှုံးနိမ့်သွားတယ်၊ ခေါင်းဆောင်ကြီး ဟူကျော်လွင်က စစ်ငြိမ်းရေး တောင်းဆိုပြီး ကျောက်စိမ်းပန်းပုရုပ်တုတစ်ခုကို လက်ဆောင်အဖြစ် ပေးပြီး ကမ်းလှမ်းတယ်၊ ဒါပေမယ့် မန်ချူးတွေက အဲဒီ ကမ်းလှမ်းချက်ကို လက်ခံသလိုလုပ်တယ်၊ နောက်ထပ်ရိက္ခာတွေရ အောင် စုဆောင်းတယ်၊ ရလဲရရော ပြန်တိုက်တော့တာပဲ၊ စင်ကျန်တွေ အတိုက်ခံ သွားတယ်၊ ရှုံးသွားတယ်'



'တောက် … မန်ချူးဆိုတဲ့ကောင်တွေဟာ ဘယ်တော့မှ ကတိတည်တဲ့ကောင်တွေ မဟုတ်ဘူး'

လှမေချင်းက စိတ်ဆိုးမာန်ဆိုးပြောလေ၏။ ချိန်ကျင်သက်က ဆက်၍ ရှင်းပြ၏။

'အဲဒီမှာ စင်ကျန်နယ်သားတွေ မခံမရပ်နိုင်ဖြစ်ပြီး ကျုပ်တို့ လင်မယားကို အကူအညီပေးဖို့ လာဖိတ်ခေါ်တယ်၊ ကျုပ်တို့က ဒီလို ကိစ္စမျိုးကို ဝင်မပါနိုင်ဘူးလို့ ငြင်းပယ်ခဲ့တယ်'

ချိန်ကျင်သက် စကားရပ်လိုက်ပြီး ကွမ်မင်မေဘက်သို့ လှည့်ကာ မျက်လုံးပြူး မျက်ဆံပြူးဖြင့် —

'နင့်ကြောင့်၊ နင် ရှုပ်ရှုပ်ယှက်ယှက် ဝင်လုပ်လို့ ဖြစ်ရတာ'

'ဘယ့်နယ် ကျွန်မကို အပြစ်တင်နေရတာလဲ၊ မန်ချူးတွေက လူသတ် မီးရှို့ မုဒိမ်းကျင့်နဲ့ ဒါကို ရှင်လဲ မကြည့်နိုင်ဘူး မဟုတ်ဘူး။ ဒါကြောင့် ရှင်လဲ ဝင်ပါခဲ့ရတာပဲ မဟုတ်လား'

ချိန်ကျင်သက်က ကွမ်မင်မေ၏ စကားကို ပြန်လည်ချေပရန် ဟန်ပြင်လိုက်စဉ် လှမေချင်းက ရယ်ရယ်မောမောနှင့် ဖျန်ဖြေစကား ဆိုသည်။

'ခင်ဗျားတို့ လင်မယားကလဲ အရင်တုန်းကလိုပဲ တကျက်ကျက် ဖြစ်နေတုန်းပါလား၊ သိပ်ပြီးလဲ ကလေးဆန်မနေကြပါနဲ့တော့၊ လူငယ်တွေရှေ့မှာ ပြောမှတ်ဖြစ်သွားလိမ့်မယ်၊ ကဲ … ကဲ … အစ်မကွမ်မင်မေကပဲ ဆက်ပြောစမ်းပါဦး'

ကွမ်မင်မေက ချိန်ကျင်သက်ကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး—

'ကျွန်မတို့နှစ်ယောက် တိုင်ပင်ဆွေးနွေးကြည့်ကြတယ်၊ ပထမတော့ အဲဒီတပ်က တပ်ချုပ်ကြီးကို သတ်ပစ်လိုက်မယ်လို့ စိတ်ကူးမိ

တယ်၊ ဒါပေမယ့် အသေအချာစဉ်းစားကြည့်တော့ ဒဲဒီ တပ်ချုပ်ကြီးကို သတ်ပစ်လိုက်ရင် ဘုရင်က နောက် တပ်ချုပ်အသစ်ကို ထပ်လွှတ်ဦးမှာပဲ၊ ဒီတော့ ဘယ်လိုလုပ်ရင် ပြဿနာပြီးမလဲဆိုတာကို စဉ်းစားကြည့်တယ်၊ အကောင်းဆုံးက အမိန့်ပေးစေခိုင်းနိုင်တဲ့ဘုရင်ကို သတ်လိုက်ရင် ကိစ္စပြတ်မှာပဲဆိုပြီး နေပြည်တော်ကို မနားမနေသွားခဲ့တယ်။ လမ်းခုလတ်မှာတင်ပဲ ဘုရင်က နေပြည်တော်မှာမရှိဘဲ ဟန်ကျူးမြို့ကို ရောက်နေတယ်လို့ သတင်းရခဲ့တယ်၊ အင်း … ခွေးလေးကောင် အစွမ်းထက်ကောင်းမွန်လို့ တစ်နေ့နဲ့တစ်ညအနားခံပြီး လိုက်ရုံနဲ့ ဒီကိုရောက်လာခဲ့တာပဲ၊ လက်စသတ်တော့ ရှင်တို့က ဘုရင်ကို ဖမ်းချုပ်ထားတာကိုး'

'ဘယ်လို ဘုရင်ကို သူတို့ ဖမ်းလာခဲ့တယ် ဟုတ်လား'

ချိန်ကျင်သက်မှာ အကြောင်းစုံ မသိသေးသဖြင့် တအံ့တသြ မေးသည်။

လူမချင်းက အဖြစ်အပျက်အလုံးစုံကို ချိန်ကျင်သက် သဘောပေါက်နားလည်အောင် အသေအချာ ရှင်းလင်းပြောပြသည်။

သည်တော့မှ ချိန်ကျင်သက်မှာ ဘဝင်ကျသွားသည်။

'အင်း … ဒီလို ဖမ်းချုပ်လာတယ်ဆိုတော့လဲ မဆိုးပါဘူး။ ဒါပေမယ့် လုပ်ပုံကိုင်ပုံကို အားမရဘူး။ ဘာလို့ သူ့ကို အစာတော် ရှေ့တော်ထားနေတော့မလဲ၊ တစ်ခါတည်း သတ်ပစ်လိုက်ရင်ပြီးရော ကျုပ်တို့ ရည်မှန်းချက်လဲ ပြည့်ရော'

'တိုင်းရေးပြည်ရေး ကိစ္စလုပ်တာဗျ၊ ဒီဘုရင်ကို သတ်လိုက်လို့ ကိုယ်လိုချင်တဲ့ပုံစံ တစ်ခါတည်း ရရင်တော့ ကောင်းတာပေါ့၊ မရရင် ဘယ့်နှယ်လုပ်မလဲ'

ဟွဲ့ချိန်က ဘောက်ဆတ်ဆတ် ဝင်ပြောသည်။ ချိန်ကျင်သက်



လည်း ဟွဲ့ချိန်၏ စိတ်ဓာတ်မျိုးရှိသဖြင့် ရှူးခနဲ ဒေါသထွက်သွား၏။

'ဘာဖြစ်လို့ မဖြစ်ရမလဲ၊ ကျုပ်သတ်ပြမယ်၊ မသတ်ရဲလို့ ကြောက်တယ် ပြောရင်ပြော၊ လှည့်ပတ်ပြောတာမျိုး ကျုပ်မလိုချင်ဘူး။ ကျုပ်တို့က ပြတ်ပြတ်ပဲ'

'ဟင်း … ဘာပြတ်တာလဲ၊ ခင်ဗျားဓားပြတ်သွားတာကိုပြောတာလား၊ တိုင်းပြည်နဲ့ချီတဲ့ကိစ္စမျိုးမှာ ခင်ဗျား၊ အေးအေးနေစမ်းပါဗျာ'

'ရှေသ့ကြီး ခင်ဗျားရဲ့ ဓားစွမ်းက သိပ်ကိုကောင်းလွန်းနေတယ်၊ ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် အသက်အန္တရာယ်မဖြစ်စေဘဲ အလှပြကစားကြည့်ကြရအောင်၊ ခင်ဗျားဘယ်လို သဘောရသလဲ၊ ဒါနဲ့ ခင်ဗျားရဲ့ ဓားသိုင်းကွက်နာမည် ဘာတဲ့လဲ'

ဒေါသကြီးသူနှစ်ယောက် အချေအတင် ဖြစ်နေကြလေပြီ။ နှစ်ယောက်စလုံး အကျိုးမဲ့တိုက်ခိုက်ကြတော့မည်။ အပျက်အပျက်နှင့် နာခေါင်းသွေးထွက်ရပေတော့မည်။

'ရှေသ့ကြီးရဲ့ ဓားမြှောင်သိုင်းကွက်နာမည်က 'ဝိညာဉ်ခွေ'သိုင်းလို့ခေါ်ပါတယ်၊ ခင်ဗျားသိုင်းကွက်က 'မြင်းစီးရှား'သိုင်းကွက် မဟုတ်လား၊ နှစ်ခုလုံး ကိုယ်တိုင်တီထွင်ထားတဲ့ သိုင်းကွက်တွေပဲဗျာ၊ မြင်ဖို့ မလိုပါဘူး။ ကျော်ကြားပြီးသားတွေပဲ'

'ဟင်း ဟင်း ဟင်း၊ ဝိညာဉ်ခွေသိုင်းကွက်တဲ့၊ ဘာဝိညာဉ်ခွေတာလဲ၊ တကယ်ဝိညာဉ်ခွေ မခွေဆိုတာတော့ မြင်ကြည့်မှ သိရမှာပဲ'

ချိန်ကျင်သက်က မှဲမဲ့ရွဲ့ရွဲ့ဖြင့် ပြောသည်။ ထိုသူနှစ်ယောက်ကား တစ်ယောက်ကိုတစ်ယောက် စိတ်ဆိုးနေကြလေပြီ၊ အလျှော့ပေးရန်၊ သည်းခံရန် မည်သူမျှ မစဉ်းစားကြတော့ပေ။

ရှေသ့ကြီးဟွဲ့ချိန်က ဒေါသတကြီး စိန်ခေါ်လိုက်၏။

'ကောင်းပြီ၊ ဝိညာဉ်ခွေ မခွေသိရအောင် ကျုပ်တို့ ကစားကြ

မယ်။ ကျုပ်ရှုံးသွားရင် တစ်သက်လုံး ဓား မကိုင်တော့ဘူး'

ပန်းမွှင့်နီကိုထီးသည် ဟူချိန်ထံမှ စိန်ခေါ်သံကိုကြားလိုက်ရသော အခါ စိတ်ပူသွားကြသည်။ စိုးရိမ်သွားကြသည်။ ဟူချိန်တစ်ယောက် အကြီးအကျယ် ဒေါသထွက်နေချေပြီ။

'ကျုပ်တို့ လင်မယားနှစ်ယောက်က ဘုရင်ကို မသတ်ဖြစ်ရင် ကိုယ့်ရပ်ကိုယ့်ရွာကို မပြန်တော့ဘူးလို့ ကျိန်စာဆိုခဲ့ဖူးတယ်၊ အခု ဘုရင်ကို လိုက်ပြီးသတ်မယ် လုပ်တော့ ခင်ဗျားတို့က တားမြစ်နေတယ်။ ခင်ဗျားတို့က တားမြစ်နိုင်ခွင့် ရှိသလား။ မရှိဘူးလားဆိုတာ ခင်ဗျားတို့ ရဲ့ သိုင်းပညာအရည်အချင်းကို သိရမှ ကျုပ်ကျေနပ်နိုင်မှာပေါ့။ ဒီတော့ ခင်ဗျားနဲ့ကျုပ်နဲ့ ပြိုင်ကြမယ်၊ ကျုပ်ရှုံးခဲ့ရင် နောက်ဆုတ်ပြီး ချက်ချင်း လှည့်ပြန်သွားမယ်၊ နောက်ထပ် ဘယ်တော့မှ မနှောင့်ယှက်တော့ဘူး'

ချိန်ကျင်သက်က ကတိစကားပြောပြီးသည်နှင့် ကွမ်းမေမင် လက်ထဲမှ ဓားရှည်ကို ဆွဲယူကာ အသင့်ပြင်ထားလေတော့၏။ ချိန်ကျန်းလောင်မှာ ရပ်နေ၍ မရတော့ပေ။ ရှေ့သို့ထွက်လာကာ လက်ဖမိုးယှက်လျက် ချိန်ကျင်သက်ကို တောင်းပန်လေသည်။ ဘာမဟုတ်သည့် ဒေါသကြောင့် တည်ဆောက်ပြီးသည့် မိတ်ဆွေ ဘဝများကို မပျက်စီးစေလိုပေ။

'ရသေ့ကြီးဟူချိန် ဓားစွမ်းရည်ကောင်းပေမယ့် ဘဘကိုတော့ လုံးဝ မမီပါဘူး။ ဒါဟာ အားလုံးက အသိအမြင်ဖြစ်ပါတယ်။ ဒါကြောင့် ဘဘနဲ့ ဆရာရသေ့ကြီးတို့ ထပ်ပြီး သိုင်းပညာ မယှဉ်ပြိုင်သင့်တော့ပါ ဘူး။ သည်းခံပါ'

သို့သော် ချိန်ကျင်သက်၏ ဒေါသကို ထိုစကားဖြင့် တားဆီး၍ မရတော့ပေ။

'ကိုယ့်ကိုကိုယ် နှိမ့်ချနေပါနဲ့။ မင်းရဲ့ဆရာဟာ သဘာဝနိယာမ ...



တစ်ယောက်မဟုတ်ဘူး။ ဒို့နဲ့လဲ သိုင်းပညာလာရောက် ယှဉ်ပြိုင်ဖူးတာ မဟုတ်ဘူး။ မင်းကစားတာကိုကြည့်ပြီးမှ မင်းဆရာရဲ့အစွမ်းအစကို သိရတော့မှာပဲ။ ဒါကြောင့် ဆရာရသေ့ကြီးနဲ့ အပြုံးအနိုင် ယှဉ်ပြိုင် ကစားပြီးတဲ့အခါ မင်းနဲ့ထပ်ပြီး ယှဉ်ပြိုင်ကြတာပေါ့'

ချိန်ကျင်သက်က ချိန်ကျန်းလောင်၏ ဆရာဖြစ်သူ လုထုလုဆန်း ထင်ချိုကို သိပ်သဘောတွေ့သူ မဟုတ်ပေ။ သို့ရာတွင် ယခုအချိန်၌ ဘုံရည်မှန်းချက်ရှင်းတူနေသဖြင့် လက်တွဲရန် ဝန်မလေးသော်လည်း ရသေ့ကြီးဟူချိန် ၏ အပြောအဆို စက်ထန်မှုကြောင့် ချိန်ကျင်သက်က အားလုံးကို စိန်ပြန်ခေါ်ခြင်းဖြစ်တော့၏။ ချိန်ကျန်းလောင်ကမူ သည်းခံ ခွင့်လွှတ်သည်။

'ကျွန်တော်က အဘနဲ့ ဘယ်လိုမှ ယှဉ်ပြိုင်နိုင်တဲ့ အခွင့်ရှိသူ မဟုတ်ပါဘူး။ ဆရာက ဘဘတို့လင်မယားနှစ်ယောက်ကို ချီးကျူးတာ ကိုလဲ ကျွန်တော် ကြားဖူးထားတော့ ကျွန်တော် ဘယ်ယှဉ်ပြိုင်ရဲပါ့ တော့မလဲ'

'ဟင်း .... ချီးကျူးတာက ငါ့ကိုမဟုတ်ပါဘူး သူ့ကိုပါ'

ချိန်ကျင်သက်က ကွမ်းမင်မေကို လက်ညှိုးထိုးကာ မဲ့မဲ့ရွဲ့ရွဲ့ ပြောလိုက်သည်။ ကွမ်းမင်မေက အော်ကြီးဟစ်ကျယ်ဖြင့် ....

'အဘိုးကြီး။ ရှင်တော်တော် အရှက်မရှိပါလား။ မိတ်ဆွေ သူငယ်ချင်းတွေနဲ့ ကလေးတွေ့ရှေ့မှာ ဘာလို့ ဒီစကားတွေ လာပြောနေ ရတာလဲ၊ ရှင် ဂုဏ်သိက္ခာကျသွားသလား'

လူဖရှင်းက အကြောင်းသိထားသူမို့ ရယ်ရယ်မောမောဖြင့် ....

'ခင်ဗျားတို့ လင်မယားကလဲဗျာ။ အသက်ပဲ ကြောက်ဆယ်ကျော် လို့ ထိပ်ပြောင်တဲ့လူကလဲပြောင်၊ ဆံပင်ဖြူတဲ့လူကလဲ ဖြူနေပါပြီ၊ ဒီကိစ္စနဲ့ ရန်ဖြစ်ကြ၊ စကားများကြတာ မပြီးနိုင်တော့ဘူးလား'

ရှိန်ကျင်သက်မှာ လူပေချင်း၏ စကားကြောင့် အောင့်သက်သက် ဖြစ်သွားသည်။ လူပေချင်းအပေါ် ဒေါသထွက်လိုသော်လည်း၊ သူတို့ လင်မယားနှင့် လူပေချင်းတို့မှာ လွန်စွာရင်းနှီးကြသဖြင့် လူပေချင်း၊ အပေါ် ဒေါသထွက်၍မရတော့ပေ။

ထိုအခါ ထိုဒေါသများသည် ရသေ့ကြီးဟူချိန့်ထံသို့ စုပ်ရောက်ရှိ သွားလေပ်တော့သည်။ သူသည် ရုတ်တရက် ဝရန်တာသို့ ထွက်သွား၏။ ဟူချိန့်ကိုလည်း၊ စိန်ခေါ်သွား၏။

'ရသေ့ကြီး သတ္တိရှိရင် ထွက်ခဲ့ပါ'

ရသေ့ကြီးဟူချိန့်ဆိုသူမှာလည်း၊ စိတ်လက်တိုစ်ဆတ်ရှိသူသာ ဖြစ်သည်။ အလွန်ဒေါသထွက်လွယ်၏။

သူသည် မည်သူကမျှ မတားဆီးနိုင်မီ ဝရန်တာသို့ထွက်လိုက် သွား၏။

☆ ☆ ☆

အခန်း (၃)

## အရေးကြီးသော သဘောတူညီချက်

ဘုရားကျောင်းအောက်တွင် စောင့်ကြပ်နေကြသော မန်ချူး ရဲမက်များသည် ပြတင်းပေါက်မှ လူရိပ်ထွက်ပေါ်လာသည်နှင့် မြားဖြင့် အသေပစ်မပြတ် ပစ်တော့၏။

ရှိန်ကျင်သက်သည် ဟူချိန့်နှင့် တိုက်ခိုက်ရန် ဘာမျှမလုပ်နိုင်သေး ဘဲ ဝင်လာသော မြားများကိုသာ ဓားနှင့် ခုတ်ယမ်းထုတ်ခနေရတော့၏။

'ကျုပ်တို့ အောက်ထပ်က ဝရန်တာမှာ သွားပြိုင်ကြမယ်။ မြား တော်ထဲမှာ ခင်ဗျားနဲ့ကျုပ် ယှဉ်ပြိုင်ကြတာပေါ့'

ဟူချိန့်က အန္တရာယ်ကြီးလှသော ပြိုင်ပွဲပြုလုပ်ရန် အဆိုပြုလိုက် လေ၏။

'ကောင်းပြီ'

ရှိန်ကျင်သက်က လွယ်ကူစွာပင် သဘောတူ၏။

သူတို့သည် အပေါ်ထပ်မှ အောက်အထပ်သို့ မြားမိုးရွာနေသည့် အတွင်းမှ ခုန်ချသွားကြ၏၊ ပန်းပွင့်နီနီဝင်းသောမျှားက ညြှာသာပေးကြသည်။

ချိန်ကျောင်းသက်သည် ဟူချိန်၏ ကိုယ်ဖော့ပညာစွမ်းရည်တို့ကို မျက်မြင်ကိုယ်တွေ့ မြင်သွားသောအခါ ပေါ့ပေါ့ဆဆ တိုက်ခိုက်၍ မဖြစ်ကြောင်း သိသွားသည်။

ယခုအချိန်မှာ ဝရန်တာပေါ်၌ ယှဉ်ပြိုင်ကြခြင်းဖြစ်၍ ဓားသိုင်းစွမ်းရည်သာမက ကိုယ်ဖော့ပညာစွမ်းရည်သည်လည်း အလွန်လိုအပ်ပေသည်။ ချိန်ကျောင်းသက်နှင့် ဟူချိန်တို့သည် ဝရန်တာ၌ရပ်ကာ ဓားသိုင်းယှဉ်ပြိုင်ကြတော့၏။ ထိပ်သီးသိုင်းသမားကြီးများဖြစ်၍ အလွန်ကြည့်ကောင်းသည်။

အောက်မှ မြားများကိုလည်း ရှောင်၊ အချင်းချင်းလည်း ထိုးခုတ်တိုက်ခိုက်ကြရသည့် သိုင်းပညာမှာ နယ်နယ်ရရ ပညာမဟုတ်ပေ။

အောက်မှ မြားနှင့်ပစ်နေသော မန်ချူးများသည် ဘုရားကျောင်း၏ မြင့်မားလှသော အဆောင်ပေါ်မှ တိုက်ပွဲကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားကြ၏။

အဘယ့်ကြောင့် အချင်းချင်းတိုက်ကြသည်ကို နားမလည်ပေ။

ထိုစဉ် တပ်မှူးတစ်ယောက်က မြားပစ်နေသူများကို အမိန့်ပေးလေ၏။

'မြားပစ်ရပ်ကြ၊ သူတို့နှစ်ယောက်တိုက်နေတာ ငါတို့အတွက် ကောင်းတယ်၊ သူတို့ထဲက တစ်ယောက်ယောက်ကတော့ ငါတို့လူ ဖြစ်ရမယ်၊ ဘယ်သူမှ မပစ်ကြနဲ့တော့'

ထိုအခါ အဆောင်ထိပ်သို့ ပစ်ခတ်နေသော မြားများရပ်ဆိုင်းသွားသည်။

စင်စစ် အလွန်တစ်ရာမြင့်လှသော နေရာသို့အောက်မှ မော့ပစ်



ရသဖြင့် ထိုမြားတံများမှာ အရှိန်အဟုန် သိပ်မရှိလှတော့ပေ။ အလွန်ကောင်းသော လေးအချို့နှင့်ပစ်သည့် မြားတံအချို့သာ အသက်အန္တရာယ် ရှိနိုင်သည်။

ထို့ကြောင့်ပင် ချိန်ကျောင်းသက်နှင့် ဟူချိန်တို့ မြားတံများအကြား သိုင်းပညာ ဆင်နွှဲနိုင်ခြင်းဖြစ်သည်။

မြေပြင်၌သာဆိုလျှင် သူတို့အနေဖြင့် မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်နိုင်ကြမည် မဟုတ်ပေ။ မယှဉ်ပြိုင်ခင် မြားထိ၍ သေဆုံးရမည်က သေချာနေသည်။ ရဲမက်များထံမှ မြားတံများ ရောက်မရှိလာသော အခါ ဟူချိန်က ချိန်ကျောင်းသက်အား...

'ကျုပ်တို့က မြားနဲ့ သူတို့ကိုပြန်ပစ်မယ်၊ ဒါပေမယ့် သူတို့ ကျုပ်တို့ကို မြားနဲ့ပစ်ကြလိမ့်မယ်'

'ကောင်းပြီ'

နှစ်ယောက်မှာ အမိုးပေါ်တွင် တင်နေသည့် မြားတံတစ်ယောက် တစ်ယောက်စီ ကောက်ကိုင်လိုက်ပြီး မန်ချူးရဲမက်များဆီသို့ ပစ်လွှတ်လိုက်သည်။ မမျှော်လင့်ဘဲ သူတို့အား မြားနှင့် ပြန်လည်တိုက်ခိုက်သော အခါ အောက်မှရဲမက်များသည် ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။

မန်ချူးများ၏ ဒေါသကို ထွေးပေးလိုက်သလို ဖြစ်သွားသဖြင့် ချက်ချင်းပင် မြားတံများ တရွှမ်းရွှမ်းတက်လာလေတော့သည်။ ဟူချိန်နှင့် ချိန်ကျောင်းသက်တို့သည် တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင် တိုက်ခိုက် နေရင်းမှ တိုးဝင်လာသော မြားတံများကို ဓားဖြင့် ကာကွယ်ခုတ်ယမ်းနေရပေသည်။

ဤကဲ့သို့ အဆက်မပြတ် တိုးဝင်လာကြသော မြားတံများကို ကာကွယ်ရင်း တစ်ဦးကိုတစ်ဦး ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းမျိုးမှာ သိုင်းလောကတွင် မကြုံဖူးသဖြင့် အံ့ဘနန်း ထူးဆန်းသောပြိုင်ပွဲကြီး

တစ်ရပ်ဖြစ်သည့်ကို ကြည့်နေသူအားလုံးပင် နားလည်သဘောပေါက်ကြသည်။

ကွမ်းမင်းမေနှင့် ပန်းမွှင့်နိုင်ငံသားတို့သည်လည်း အောက်တစ်ထပ်သို့ ဆင်းလာကြပြီး တိုက်ပွဲကို ရင်တထိတ်ထိတ်နှင့် ကြည့်ရှုနေကြသည်။

ကွမ်းမင်းမေမှာ ယခင်ကလို စိတ်မအေးနိုင်တော့ပေ။

ဟူချိန်၏ ဓားစွမ်းရည်မှာ ထက်မြက်လွန်းလှပြီး ချက်ကောင်းကို ရွေးချယ်ကာ ဦးတည်တိုက်ခိုက်နေလေသည်။

ချိန်ကျင်းသက် ကိုယ်တိုင်လည်း ထင်သလောက် မလွယ်ကြောင်း သိရှိလာသည်။ ဟူချိန်နှင့် မြေညီမြေပြန့်တွင် တိုက်ခိုက်ယှဉ်ပြိုင်ရန်အကြောင်းမဟုတ်သော်လည်း ဆာရက်သို့ အမြင့်တွင်တက်ပြီး ရန်သူ၏ မြောက်မြားလှစွာသော မြားတံများကြားတွင် ယှဉ်ပြိုင်ကစားရသဖြင့် အန္တရာယ်ကြီးမားလှသည်။

ကွမ်းမင်းမေသည် လက်ထဲတွင် သံတုံးတိုင်းသုံးခုကို ကိုင်ဆောင်ကာ အရေးကြုံလာပါက အကူအညီပေးနိုင်ရန် အသင့်ပြင်ဆင်ထားလေ၏။

တိုက်ပွဲအချိန် တစ်ထောက်တစ်ခ ငြိမ်းသွားသောအခါ ကြည့်ရှုနေကြရသူတို့မှာ ရင်တမမ ဖြစ်လာကြတော့၏။

မန်ချူးရဲမက်များကလည်း ညာသံပေးအော်ဟစ်ကာ လေးမြှားနှင့် အဆက်မပြတ် ပစ်ခတ်နေကြ၏။

ဟူချိန်နှင့် ချိန်ကျင်းသက်တို့ တိုက်ခိုက်နေကြသည်မှာ အကွက်ပေါင်း တစ်ရာကျော်သွားခဲ့လေပြီ။ သို့တိုင် အရှုံးအနိုင် မပေါ်သေးပေ။ လက်ရည်တူ ယှဉ်ပြိုင်ကစားနေဆဲဖြစ်ကြလေသည်။

ထို့ကြောင့် ချိန်ကျွန်းလောင်က အသံကျယ်ကြီးဖြင့် တိုက်ပွဲကို ရပ်ဆိုင်းရန် မေတ္တာရပ်ခံလိုက်သည်။

'လက်ရည်တူတယ်၊ ဆက်ပြီး မပြိုင်ကြပါနဲ့တော့'



အဆက်မပြတ် တိုက်ခိုက်နေကြသဖြင့် မည်သူကမျှ နောက်မဆုတ်လိုတော့ပေ။ ရပ်ဆိုင်း၊ ရှောင်ထွက်လိုက်၍ အရှက်တကွဲဖြစ်ရမည်ကို ချိန်ကျင်းသက်ရော ဟူချိန်ပါ မလိုလားကြချေ။

'ရသေ့ကြီးရဲ့ ဓားစွမ်းက ထင်တာထက် သိပ်ကောင်းနေပါလား အင်း.... ငါသေရင်၊ သူ့ကိုပါ အပါခေါ်သွားရမှာပဲ'

ချိန်ကျင်းသက်သည် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ရှိသူဖြစ်၍ ကစားနေရင်းမှပင် ခြေလှမ်းကို အရှေ့ဘက်သို့ ရွှေ့သွားလေသည်။

ထိုနေရာသည် မျက်နှာကို နေရောင်ထိုးခြင်း ခံရမည်ဖြစ်သည့်ပြင် မန်ချူးစစ်သည်တို့ထံမှ မြားတံအများဆုံးဝင်ရောက်လာနိုင်သည်။

ဤနေရာမျိုးတွင် မိမိက (နေ)တည့်နေပြီး တစ်ဘက်လူကို နေရာအသာပေးတိုက်ခိုက်ကာ လက်ရည်တူ ယှဉ်ပြိုင်နိုင်လျှင်ပင် မိမိက အနိုင်ရသည်ဟု ယူဆနိုင်ကြောင်း သိသည်။ အကယ်၍ မိမိသေလျှင်လည်း နာမည်ကောင်း ရနိုင်သည်။

ထို့ကြောင့် ချိန်ကျင်းသက် နေရာရွှေ့နေခြင်း ဖြစ်သည်။

ချိန်ကျင်းသက်တစ်ယောက် အဆိုးရွားဆုံးနေရာကို ရောက်အောင် ခြေလှမ်းရွှေ့နေသည်ကို တွေ့ရသောအခါ ချိန်ကျင်းသက်၏ ရည်ရွယ်ချက်ကို ဟူချိန်ကလည်း သိရှိလိုက်လေ၏။

'ဟင်း.... ကိုယ့်ကိုယ်ကို သေကြောင်းရှာပြီး ငါ့ကိုတော့ အပြစ်မဆိုနဲ့'

ဟူချိန်စိတ်ထဲက ခံရွတ်လိုက်မိသည်။ ထို့နောက် ဓားကွက်ကို ပြောင်းလဲလိုက်ပြီး ချိန်ကျင်းသက်၏ မျက်နှာနှင့် လည်ပင်းဆီသို့သာ ဦးတည်ပြီး သဲသဲမဲမဲတိုက်ခိုက်လေတော့သည်။ ဓားနှစ်ချောင်း၏ လေတိုးသံများ၊ လှုပ်ရှားမှု မြန်သောကြောင့် ဓားမိုးပြာနေမှုများ၊ နေရောင်ဟပ်သဖြင့် ဓားရောင်လင်းလက်မှုများ ခုန်ပျံလွှင့်ရှားနေသည်

ယှဉ်ပြိုင်သူနှစ်ဦး၏ ပညာရပ်များက ကြည့်နေသူများအား အသက်ရှူရန် မေ့လျော့စေပေသည်။

'ဒုန်း... ဒုန်း... ဒုန်း'

ချိန်ကျင်သက်သည် နေရောင်နှင့် ဓားရောင်တို့ ရောင်ပြန်ဟပ်မှုကြောင့် မျက်စိကျိန်းစပ်ပြီး သတိတစ်ချက်အလစ်တွင် ဟူချိန်ထံမှ ဓားတိုက်ကွက်သုံးချက် အဆက်မပြတ်ဝင်ရောက်ခြင်း ခံလိုက်ရ၏။

ထိုဓားချက်ကို အလူးအလဲရှောင်တိမ်းလိုက်စဉ် နောက်ဘက်ဆီမှ မြားတံများ၏ လေတိုးသံကိုလည်း ကြားလိုက်သည်။ ထို့ကြောင့် ကိုယ်ကို ရုတ်တရက် ရှောင်လိုက်ရာ မြားတံများမှာ ချိန်ကျင်သက် ခေါင်းပေါ်မှကျော်ပြီး ဟူချိန်ထံသို့ တည့်တည့်မတ်မတ် ပြေးဝင်သွားကြလေတော့၏။

ဟူချိန်သည် တိုးဝင်လာသမျှသော မြားတံများကို လက်ထဲမှဓားဖြင့် ပက်ထုတ်လိုက်ပြီး ဘယ်ခြေဖြင့် ချိန်ကျင်သက်ကို ကန်လိုက်၏။ ချိန်ကျင်သက် အလွယ်တကူပင် ရှောင်လိုက်သည်။

သို့သော် ဟူချိန်၏ခြေထောက် တိုက်နိုက်မှုသည် မည်သည့်အခါကမျှ တစ်ချက်တည်း မပြီးပေ။ အဆက်မပြတ် ခတ်လေ့ရှိသည်။

ချိန်ကျင်သက်က တစ်ချက်တည်းဟု ထင်သော်လည်း မဟုတ်ပေ။ တစ်ဆက်တည်းပင် နောက်ထပ် ကန်ချက်များ အဆက်မပြတ်ဝင်လာလေတော့၏။

ချိန်ကျင်သက်မှာ ဟူချိန်၏ ခြေတော်ပညာကို အမှတ်မထင်တွေ့ရှိလိုက်ရသဖြင့် ထိတ်လန့်သွားပြီး နောက်သို့ ဆုတ်ပေးလိုက်သည်။

ထိုစဉ် မြားတံတစ်ချောင်းသည် ပြင်းထန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ချိန်ကျင်သက်၏ နောက်ကျောဆီသို့ ပြေးဝင်လာတော့သည်။

မန်ချူးရဲမက်များထဲမှ သိုင်းပညာထူးချွန်သူတစ်ဦးဦး၏ ပစ်လွှတ်



ချက်ဖြစ်ခြင်းကြောင့် မြားတံပြေးဝင်လာသည့် အရှိန်ပြင်းနေခြင်း ဖြစ်ပေသည်။ တစ်ဟုန်ထိုး တက်လာသောမြားကို ချိန်ကျင်သက် ရှောင်ရန်အချိန်မရတော့ပေ။

'အို...'

ကွမ်မင်မေမှာ လန့်ဖျပ်သွားပြီး အော်ဟစ်မိသည်။

လက်ထဲမှ သံတုံးအပိုင်းလေးဖြင့် ပစ်ပေါက်ကာကွယ်ပေးရန်မှာလည်း အချိန်မမီတော့ပေ။ ပန်းပွင့်နီဂိုဏ်းသားများကလည်း အာမေဋိတ်သံများ အော်လိုက်မိကြ၏။

'ရှမ်း'

ရုတ်တရက် ဟူချိန်က ချိန်ကျင်သက်ထံသို့ တိုးဝင်လာသော မြားတံကို လက်ထဲမှ ဓားရှည်ဖြင့် ခုတ်ချလိုက်၏။ မြားတံရွှတ်ခနဲ ကျိုးသွားသည်။ သည်တွေ့မှ အားလုံးမှာ သက်ပြင်း ချနိုင်ကြတော့သည်။

'ဝိုး.... ဝိုး.... ဝိုး....'

ပန်းပွင့်နီဂိုဏ်းသားများက ချီးကျူးသြဘာပေးလိုက်စဉ်မှာပင် အလွန်တရာသန်လှသည့် လေးကိုင်းများဖြင့် ပစ်လိုက်သည့် မြားများသည် တဝိုးဝိုး ထိုးတက်လာ၏။ အဝေးလေးသည်တော်တစ်ဖွဲ့က ပစ်ခတ်လိုက်ခြင်း ဖြစ်ပေသည်။

မြားများသည် ဟူချိန်ထံ စုပြုံဝင်လာ၏။ ဟူချိန်မှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး ဘာလုပ်ရမှန်း မသိတော့ချေ။

ထိုစဉ် ချိန်ကျင်သက်သည် ဘေးသို့ ရုတ်တရက်ခုန်ထွက်သွားပြီး ဟူချိန်၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာသည့် မြားတံများစွာကို သူ့ ဓားဖြင့် ရိုက်ထုတ်ပစ်လိုက်လေ၏။

'မိတ်ဆွေ.... မိတ်ဆွေ၊ အဲဒါမှ တကယ့်မိတ်ဆွေ'

သူတို့သည် တစ်ယောက်ကိုတစ်ယောက် အသေအချာ အပြင်း

အထဲနဲ့ တိုက်ခိုက်နေရာမှ မတိုက်ခိုက်ကြတော့ဘဲ အောက်မှတက်လာသော မြှားများကိုသာ အပြန်အလှန် ကာကွယ်ပေးကြတော့သည်။

ပန်းမှုန့်နီဂိုဏ်းသားများက ကျယ်လောင်စွာ အော်ဟစ် ကောင်းချီးပေးလိုက်လေ၏။

ထိုစဉ် အပေါ်ထပ်ဆီမှ လူရိပ်တစ်ခု ခုန်ဆင်းလာပြီး ဝရန်တာပေါ်၌ ခြေရုံရပ်မိသည်နှင့် အောက်မှ တိုးတက်လာသော မြှားတံများကို လက်နှစ်ဘက်ဖြင့် ဖယ်ခက်သလို ဖမ်းယူတော့သည်။

ထို့နောက် ဖမ်းမိသမျှသော မြှားတံတို့ကို ရဲမက်များထံသို့ ပြန်လည်ပစ်ခတ်လေတော့၏။ ထိုသူ၏လက်မှာ လျင်မြန်သွက်လက်လွန်းလှသဖြင့် လက်ပေါင်းရာချီသောဖြင့် ပစ်ခတ်နေသကဲ့သို့ ထင်မှတ်နေရသည်။ အမြင့်မှနေ၍ အရှိန်ဖြင့်ပစ်ခတ်ခြင်း၊ အတွင်းအားထုတ်၍ ပစ်ခတ်ခြင်း၊ အောက်ခြေ၌ ရဲမက်များ အစုလိုက်အပြုံလိုက် ရှိနေခြင်းတို့ကြောင့် မြှားတံများသည် မန်ချူးတို့အား အကြီးအကျယ် ဒဏ်ရာရစေတော့၏။

'ဟား... ဟား... ဟား၊ လက်တစ်ထောင်ဘုရင် ကြောင်ပစန်းရဲ့ အစွမ်းကို တွေ့ပြီမဟုတ်လား'

ရန်ချိန်ရှက်က အပေါ်ထပ်မှနေ၍ ဆီးအော်ပြောလိုက်လေ၏။ ကြောင်ပစန်း၏ ပစ်ခတ်မှုသည် အတော်ကလေး ထိရောက်သွားသည်။ အောက်မှ မန်ချူးများ ဖရိုဖရဲဖြစ်သွားသဖြင့် မြှားတံများ နောက်ထပ် တက်မလာတော့ချေ။

ကြောင်ပစန်းက ဟူချိန်နှင့် ချိန်ကျင်းသက်တို့ဘက်သို့ လှည့်လိုက်ပြီး

'လာ... မြန်မြန်'

ထို့နောက် သုံးယောက်သား အတွင်းခန်းထဲသို့ ခုန်ဝင်လိုက်ကြသည်။ အခန်းထဲသို့ ရောက်သောအခါ ပန်းမှုန့်နီဂိုဏ်းသားများက



ချီးကျူးစကားများ ပြောကြားကြသည်။

ချိန်ကျင်းသက်တို့ ဇနီးမောင်နှံသည် ဟူချိန်အပေါ်၌ ရန်လိုစိတ် မရှိကြတော့ပေ။ ဟူချိန်၏ သိုင်းပညာထူးချွန်မှုကို စိတ်ပါလက်ပါ ချီးကျူးကြတော့သည်။

ထိုစဉ် ဘုရားကျောင်းပတ်ပတ်လည်၌ စခန်းချနေသော မန်ချူးတပ်များထံမှ ဆူညံသံအသံများပေါ်ထွက်လာသည်။ သူတို့ကို ထိုးစစ်ကြီး ဆင်တော့မည်ဟု ယူဆရ၏။ ထိုစဉ် ရှစ်ထင်ဟုန်က

'သူတို့တကယ်တမ်း လာတိုက်ရင် ကျုပ်တို့တကယ် အလုပ်ရှုပ်ကုန်မှာပဲ၊ ဒီတော့ သူတို့ကို ဖောရုပ်နိုင်းထားရမယ်'

ရှစ်ထင်ဟုန်က ပြောပြောဆိုဆိုနှင့် အပေါ်ထပ်သို့ တက်သွားလေတော့သည်။ ရှစ်ထင်ဟုန်ရောက်သွားပြီး မကြာမီပင် ကောရှစ်ချယ်လုံးသည် ဝရန်တာ၌ ထွက်ရပ်သည်။ လက်တစ်ဘက်မြှောက်ကာ အော်လိုက်သည်။

'ကျုပ် ဒီမှာ ရှိနေတယ်'

ကိုယ်ရံတော်တပ်မှူးမှာ မျက်စိအမြင်သန်လွန်းသဖြင့် ဘုရင်ကို လှမ်းမြင်လိုက်သည်။ တပ်ဗိုလ်၊ ရဲမက်များအားလုံး ဒူးထောက်ထိုင်ကာ အရိုအသေပေးကြလေ၏။

'အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့'

ပိုင်ကျိန်းက အတွင်းအားထုတ်၍ အော်လိုက်ရာ သူ့အသံသည် ချယ်လုံးရှိရာသို့ ဟိန်း၍ တက်လာ၏။

ကောရှစ်ချယ်လုံးက ဖြတ်၍ အော်ပြောလိုက်သည်။

'အားလုံးနောက်ကို ခြေလှမ်းသုံးဆယ် ဆုတ်ပေးလိုက်ကြ'

တပ်ချုပ်ကြီး လီခေါင်လှသည် ချယ်လုံး၏ အမိန့်အတိုင်း သူ့တပ်ကို နောက်သို့ ခြေလှမ်းသုံးဆယ် ဆုတ်ခိုင်းလိုက်သည်။

ချိန်ကျွန်းလောင်မှာ သဘောကျစွာ ရယ်မောလေတော့၏။

'နံပါတ်ခုနစ်အစ်ကိုလေးက ဘုရင်ကို အမိန့်ပေးတယ်၊ ဘုရင်က ရဲမက်တွေကိုပြန်ပြီး အမိန့်ပေးတယ်၊ အင်း ဒီဘုရင်က ဘယ်လိုလုပ် သတ်သင့်မှာလဲ၊ သူဟာ အညွှာပဲ၊ အညွှာကိုကိုင်ပြီး မန်ချူးရဲမက်တွေကို ဖြိုခွဲရမယ်'

ပန်းမွှင့်နီဂိုဏ်းသားများကလည်း တဟားဟားရယ်မောမိကြတော့သည်။ ရဲမက်များက ဘုရင့်အမိန့်အတိုင်း နောက်သို့ဆုတ်ခွာနေစဉ် တောလိုက်ခွေးသုံးကောင်နှင့် လူတစ်စုသည် ရဲမက်များရှေ့သို့ တိုးဖောက်ဝင်ရောက်လာကြလေ၏။ ခေါ်ချွန်ဝါက မှတ်ချက်ချသည်။

'အင်း... ကျုပ်က သူတို့ဘယ်လိုလုပ်ပြီးများ ဒီကိုရောက်အောင် လာခဲ့ပါလိမ့်လို့ စဉ်းစားနေခဲ့တာ၊ ဒီခွေးတွေကြောင့်ကိုး'

ခွေးများသည် ဘုရားကျောင်းဆီသို့ ကြောက်မက်ဖွယ်ရာ ဟိုးဟောင်နေကြသည်။သူတို့၏သခင်များက ကြိုးများဖြင့် ဆွဲထားသဖြင့် ခွေးများရှေ့ မတိုးနိုင်ကြတော့ပေ။ ရဲမက်များသည် ဘုရင့်အမိန့်အရ အနောက်သို့ ဆုတ်ခွာသွား၊ ကြံ၏အခြေအနေအရ တဒင်္ဂအတွင်း တိုက်ခိုက်ရန် အကြောင်းမရှိ တော့ချေ။

'ဆရာကြီးနဲ့ အသာကြွတ်တို့နှစ်ယောက် ချေသည်နဲ့ ချည်ခိုစကား ပြောနေကြပါဦး၊ ကျွန်တော် ဘုရင်နဲ့သွားပြီး ဈေးဆစ်လိုက်ပါဦးမယ်'

ချိန်ကျွန်းလောင်က လူပျိုချောင်းနှင့် ကြွတ်ကြွရင်းတို့ကို မှာကြားပြီး အပေါ်ထပ်သို့ တက်သွားသည်။ ပန်းမွှင့်နီဂိုဏ်းသားအားလုံးက သူတို့၏ ဂိုဏ်းချုပ်ကြီးကို လက်သီး နှစ်ဘက်စီရုပ်ကာ ဂါရဝပြုကြ၏။

ရွှေလင်းယုန်ဝန်းမောင်နှံတို့သည် ချိန်ကျွန်းလောင်ကို အကဲခတ် နေကြသူများဖြစ်ရာ ဂိုဏ်းသားများက မိုသောလေးစားခြင်း၊ ကြွတ်ကြွ ရင်း နှင့် လူပျိုချောင်းတို့စသော လူစိမ်းများ၏ လေးစားခြင်းများကို



တွေ့လိုက်ရသောအခါ ချိန်ကျွန်းလောင်ကို စောစောကလို အထင် မသေးဝံ့တော့ချေ။ ကောရာစံချယ်လုံးရှိရာသို့ ချိန်ကျွန်းလောင် ရောက်ရှိလာသောအခါ သခဲ့ညီနောင်နှင့် ရှစ်ထင်ဟုန်တို့က အရိုအသေ ပေးပြီး ထွက်ခွာသွားကြ၏။

ချယ်လုံးသည် ကုလားထိုင်တစ်လုံးပေါ်၌ ငွေ့နေယ်စွာ ထိုင်နေသည်။ မန်ချူးရဲမက်များ၏ တိုက်ခိုက်စွမ်းရည်ကို သူ့သိသယရှိနေလေပြီ။ ထိုစဉ် ချိန်ကျွန်းလောင်က....

'အခုအစ်ကို့ကို လာကယ်မယ့် မန်ချူးတပ်တွေရဲ့ စွမ်းရည်က တော့ သိပ်အားမကိုးလောက်ပါဘူး။ ဒီတပ်တွေကို အားကိုးပြီး အစ်ကို လုပ်ချင်ရာ လုပ်မယ်ဆိုရင်တော့ မှားလိမ့်မယ်'

'ဒီလောက်အထိအောင်လဲ သူတို့ မညံ့ဖျင်းပါဘူးကွ၊ ငါ မင်းတို့ လက်ဆီးထဲရောက်နေလို့ သူတို့က အတင်းအဓမ္မ မလုပ်ဝံ့ကြတာပါ'

'ဟုတ်လား၊ အစ်ကိုက ဒီလိုပဲ ယူဆသလား'

ချိန်ကျွန်းလောင် လက်ခုပ်နှစ်ချက် ဆင့်တီးလိုက်သည်။ စင်ရန် အခန်းတွင်းသို့ ရောက်ရှိလာသည်။

'ဘဘ ချိန်ကျွင်သက်နဲ့ ဆရာရသေ့ကြီးဟူချိန်ကို ခေါ်ခဲ့စမ်း'

စင်ရန် ပြန်ထွက်သွားပြီး မကြာမီပင် ချိန်ကျွင်သက်နှင့် ဟူချိန် တို့ ရောက်ရှိလာကြသည်။

ချိန်ကျွန်းလောင်က တံခါးဝမှ ဆီးကြိုလိုက်ပြီး....

'ဘုရင်က သူ့လက်အောက်ငယ်သားတွေ သိုင်းပညာကောင်း တယ်လို့ ပြောနေတယ်၊ သူ့ကို ဝင်မကယ်နိုင်တာဟာ သူတစ်ခုခုဖြစ်မှာ စိုးရိမ်လို့တဲ့၊ သူ့ရဲမက်တွေအပေါ်မှာ အတော်ကလေးအထင်ကြီးနေ ပါတယ်၊ ဘဘတို့ ဘယ်လိုမြင်ပါသလဲ'

'ဟား... ဟား... ဟား'

ဟူချိန်နှင့် ချိန်ကျင်သက်တို့ ဟားတိုက်ရယ်မောလိုက်ကြသည်။ ချယ်လုံးကမူ ရေငုံနှုတ်ပိတ် ခပ်မဆိတ်ပင် နေလေသည်။

'ခုနက ဘဘနဲ့ ရသေ့ကြီး သိုင်းပညာယှဉ်ပြိုင်ကြတာ အရှုံး အနိုင်မပေါ်ခဲ့ဘူး။ အခု ထပ်စါထပ်ပြီး ပြိုင်ကြည့်ကြရအောင်၊ ဒီတစ်ခါ ပြိုင်ပွဲက တစ်မျိုးထူးခြားပါတယ်၊ ကိုယ့်အချင်းချင်း အကျိုးယုတ်စေမယ့် ပြိုင်ပွဲမျိုးတော့ မဟုတ်ပါဘူး'

'ကောင်းပါတယ်၊ ပြိုင်တာပေါ့၊ ဘယ်လိုပြိုင်ရမှာလဲ'

'အခု ဝိုင်းထားတဲ့ တပ်ထဲသွားပြီး လူတစ်ယောက်ရဲ့ ခေါင်းကို ဖြတ်ယူခဲ့ရမယ်၊ အရင်ဦးဆုံး ခေါင်းဖြတ်ကိုယူပြီး ဒီကိုရောက်လာနိုင်တဲ့လူက အနိုင်ပဲ၊ ဒါပေမယ့် ဖြတ်လာတဲ့ခေါင်းက ရာထူးကြီးတဲ့လူရဲ့ ခေါင်းကို ရလေကောင်းလေပဲ၊ အမြန်ဆုံးဖြတ်လာနိုင်ခဲ့ပေမယ့် သူ့ခေါင်းက ရာထူးသေးရင် နောက်မှ ဖြတ်လာပြီး ရာထူးကြီးတဲ့ခေါင်းကို ဖြတ်လာနိုင်တဲ့သူက အနိုင်ပဲ ဒီတော့ ရာထူးကြီးတဲ့လူရဲ့ခေါင်းကို ရွေးပြီးဖြတ်ကြပေတော့'

'ကောင်းပြီလေ၊ ကဲ.... ရသေ့ကြီး ကျုပ်တို့ သွားကြရအောင်'

ချိန်ကျင်သက်က ရယ်ရယ်မောမောဖြင့် အောက်ထပ်သို့ ပြေးဆင်းသွားလေ၏။ ချိန်ကျွန်းလောင်က ချယ်လုံးကို....

'လာ.... ဘယ်သူ ကံကောင်းတယ်ဆိုတာ ကြည့်ကြရအောင်'

ချယ်လုံးသည် ပထမ၌ အတော်ပင် ဒေါသထွက်သွား၏။ သူ့တပ်ဖိုလ်များ၏အသက်ကို ဤသို့ လောင်းကြေးတာကြေးတင်သည်မှာ သူ့ကို အရှက်ခွဲခြင်းဟု ထင်ခဲ့မိ၏။

သို့ရာတွင် ပြန်စဉ်းစားမိပြန်သောအခါ မိမိဘက်မှ အကာတပ်သားများမှာ မြောက်မြားစွာရှိနေပြီး ခေါင်းဖြတ်မည့် သူနှစ်ဦးမှာ နှစ်ယောက်တည်းသာ ဖြစ်သည်။ ထို့ပြင် လက်နက်မပါ၊ လက်ချည်းသက်သက်



သာဖြစ်သည်။ ထိုနှစ်ဦးက မိမိတပ်သားများ ဦးခေါင်းကို ဖြတ်လာနိုင်သည်ဆိုလျှင် မိမိ၏တပ်သားများ ညံ့ဖျင်းသာ ဖြစ်တော့သည်။

အကယ်၍ ခေါင်းသွားဖြတ်သူနှစ်ဦးထဲမှ တစ်ဦးဦးသေမည်၊ ကံဆိုးမိုးမှောင်ကျ၍ နှစ်ဦးစလုံး သေဆုံးသွားလျှင် ချိန်ကျွန်းလောင်၏ ဘဝင်မြင့်မှုကို သူ့အနေဖြင့် ကောင်းစွာသရော် လှောင်ပြောင်နိုင်တော့မည်ဟု တွေးပြီး ဝရန်တာမှ အခြေအနေစောင့်ကြည့်နေတော့သည်။

မကြာမီ ဟူချိန်နှင့် ချိန်ကျင်သက်တို့ မြေပြင်သို့ ရောက်သွားကြောင်း တွေ့ရ၏။

သူတို့သည် ဝိုင်းထားသောတပ်အတွင်းသို့ ပြေးဝင်သွားကြသည်။

ဘုရင်၏ သက်တော်စောင့် ဗိုင်ကျိန်းမှာ အရှေ့ဘက်၌ ရပ်လျက်ရှိပြီး၊ လီခေါင်လူမှာ မြင်းမြှူကြီးတစ်ကောင်ကို စီး၍ အနောက်ဘက်၌ ကြီးကြပ်ကွပ်ကဲနေလေသည်။

ဟူချိန်သည် ဗိုင်ကျိန်း၏ သိုင်းပညာကောင်းမွန်ပုံကိုသိထားသဖြင့် သူနှင့်ရင်ဆိုင်ရလျှင် အချိန်ကြန့်ကြာလိမ့်မည်ဟု တွေးဆမိသည်။

ထို့ကြောင့် ဟူချိန်သည် ရုတ်တရက် အနောက်ဘက်သို့ လှည့်ပြေးသွားရာ ချိန်ကျင်သက်က ဟူချိန် ကြောက်ရွံ့နေပြီဟု တွေးပြီး ပြုံးမိလေ၏။

'ဒီရသေ့ဟာ လက်ထဲမှာ ဓားမရှိတာနဲ့ ဘာလုပ်ရမှန်းမသိတော့ဘူးနဲ့တူတယ်၊ လက်တစ်ဘက်လဲ မရှိတော့ ပိုဆိုးတာပေါ့လေ'

ချိန်ကျင်သက် စိတ်ထဲမှ ပြောနေမိသည်၊ သူသည် ချက်ချင်းပင် အပေါ်ဝတ်ရုံရှည်ကို ချွတ်ကာ ဘယ်လက်ဖြင့် ဆုပ်ယမ်းလျက် ရဲမက်အုပ်စုအတွင်းသို့ တိုးဝင်သွားလေတော့သည်။

ဗိုင်ကျိန်းသည် ချိန်ကျင်သက် ဝင်လာသည်ကို တွေ့လျှင် သူလည်း ရဲမက်များကို ဖယ်ရှားလျက် ချိန်ကျင်သက်နှင့် ရင်ဆိုင်ရန်

ကြိုးစားတော့၏။

ချိန်ကျင်သက်က အင်္ကျီရှည်ဖြင့် ပိုင်ကျိန်းကို ရိုက်ချလိုက်သည်။

သိုင်းအကျော်အမော်တို့၏ လက်တွင်းသို့ ရောက်ရှိနေသော သာမန်ပစ္စည်းတစ်ခုသည် သူတို့၏ ကျွမ်းကျင်မှု သုံးတတ်မှုနှင့် အတွင်းအားတို့ကြောင့် လက်နက်တစ်ခုသဖွယ် ထက်မြက်လာတတ်သည်။

ပိုင်ကျိန်းက အင်္ကျီရိုက်ချက်ကို ရှောင်တိမ်းလိုက်ပြီး ချိန်ကျင်သက်၏ ရင်ဘက်ကို နှန်းလက်သည်းကုတ်ဖြင့် လှမ်းကုတ်သည်။

ချိန်ကျင်သက် အံ့ဩသွားသည်။ မန်ချူးတပ်အတွင်း၌ ဤကဲ့သို့သော သိုင်းပညာထူးချွန်ထက်မြက်သည့် သူများ မရှိနိုင်ဟု သူ ထင်မှတ်နေခဲ့သည်။ယခု ပိုင်ကျိန်းကို တွေ့ရသောအခါ မယုံကြည်နိုင်အောင် အံ့အား သင့်သွားသည်။

ချိန်ကျင်သက်သည် ပိုင်ကျိန်း၏ ကုတ်ချက်ကို မရှောင်မယိမ်းဘဲ ညာဘက်လက်ဖြင့် ပိုင်းကျိန်း၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်ပြီး ဘယ်လက်ဖြင့် ပိုင်ကျိန်း၏ နောက်ကျောကို ရိုက်လိုက်သည်။

ပိုင်ကျိန်းသည် တိုက်ကွက်နှစ်ခုကို သိမြင်၏။ ရှေ့သို့ ငုံ့လျှိုပြီး ယောက်ထွက်သွား၏။ ဖမ်းဆွဲမှုလည်း မမိ၊ ရိုက်ချက်လည်း မထိတော့ပေ။

ချယ်လုံမှု သေးငယ်သောမြင်ကွင်းဖြစ်သော်လည်း ပီပီသသပင် တွေ့မြင်နေရသည်။ ချိန်ကျင်သက်နှင့် ဟူချိန်တို့နှစ်ယောက်အနက် မည်သူက လက်ဦးမှု ရယူနိုင်မည်၊ မည်သူက အလျှော့ပေးဆုံး အသေခံရမည်ကို တွက်ချက်ကြည့်သည်။

ဟူချိန်သည် တပ်ချုပ်ကြီး လီခေါင်လူကို ကောင်းစွာသိရှိထားရာ လီခေါင်လူရှိရာသို့ တရကြမ်း တိုးဝင်တော့သည်။ ဟူချိန်၏ အမှတ်မထင်သော တိုက်ခိုက်မှုကြောင့် ရဲမက်များမှာ အော်ဟစ်ရှုပ်သွားကြသည်။ ဘေးမှရှိနေသော ဗိုလ်ကလေးနှစ် ယောက်က လှံတံကိုယ်စီကိုင်



ပြီး လီခေါင်လူကို ကာကွယ်ပေးလေသည်။

ဟူချိန်သည် ဗိုလ်တစ်ယောက်၏ ခါးကြားကို ရုတ်တရက် လက်ဝါးဖြင့် ခုတ်ရိုက်လိုက်ပြီး လှံတံကို ဆွဲလုယူလိုက်သည်။ ထို့နောက် ထိုဗိုလ်၏ ဦးခေါင်းကို ဖြတ်လိုက်သည်။

ဆက်တိုက်ဆိုသလိုပင် ကျန်ဗိုလ်တစ်ယောက်၏ ဦးခေါင်းကိုပါ ဖြတ်ယူလိုက်နိုင်လေသည်။

ဟူချိန်သည် ပြတ်ကျသွားသော ခေါင်းနှစ်လုံးကို ကောက်ယူပြီး ခေါင်းပြတ်တွင်ရှိသော ဆံပင်ရှည်များဖြင့် ခါးတွင် ပတ်စည်းထားလိုက်သည်။ ရဲမက်များသည် သူတို့၏ဗိုလ်နှစ်ယောက် ခေါင်းဖြတ်ခံရသောအခါ ဟူချိန်အား သရဲသဘက်အလား ကြောက်ရွံ့သွားကြ၏။

သူတို့ ကြောက်လန့်တကြား နောက်ဆုတ်သွားခြင်းကပင် တပ်ချုပ်ကြီးလီခေါင်လူကို ကာကွယ်သလိုဖြစ်သွား၏။ တပ်ချုပ်ကြီး လီခေါင်လူမှာ ထိုရဲမက်များနောက်၌ ညပ်ပါသွား၏။

ထိုစဉ် ဘုရင့်ကိုယ်ရံတော် ဗိုလ်နှစ်ယောက်သည် ရှေ့သို့ခုန်ပျံ ရောက်ရှိလာပြီး ဟူချိန်၏သွားလမ်းကို ပိတ်ထားလိုက်ကြသည်။

ဟူချိန်သည် လီခေါင်လူထံသို့ သွားရောက်နိုင်ရန် အခွင့်မသာချေ။

ဘုရင့်ကိုယ်ရံတော်တပ်သည် သာမန်ရဲမက်များထက်ပို၍ သတ္တိရှိသဖြင့် ဟူချိန်သည် နောက်ဆုတ်သွားလေတော့သည်။

သူတို့က လှံနှင့် လှမ်းပစ်သော်လည်း ဟူချိန်က သူ့လက်ထဲမှ လှံဖြင့် ရိုက်ထုတ်ပစ်သည်။

ချိန်ကျင်သက်ကား ပိုင်ကျိန်းနှင့် ပြင်းပြင်းထန်ထန်တိုက်ခိုက် နေရဆဲပင် ရှိနေသည်။

ဟူချိန်ကမူ ချိန်ကျင်သက်ကို လှည့်ကြည့်ပြီး ဘုရားကျောင်း ဘက်ဆီသို့ ခပ်သုတ်သုတ် ပြန်သွားသည်။ ပန်းပွင့်နီကိုင်ထိုးသားများက

ဟူချိန်အား အော်ဟစ်ချီးကျူးကြလေတော့၏။

ချိန်ကျင်သက်မှာ အော်ဟစ် ဆူညံသံကြားသဖြင့် နောက်သို့ လှည့်ကြည့်ရာ ဟူချိန်တစ်ယောက် ဘုရားကျောင်းဘက်သို့ လှည့်ပြန်သွားနေပြီကို တွေ့လိုက်သည်။ သူ ရှုံးသွားကြောင်း သိလိုက်သည်။ ထို့ကြောင့် ပိုင်ကျိန်းအား ဆက်မလိုက်တော့ဘဲ နှုတ်ဆုတ်ရန် ကြိုးစားသည်။

သို့သော် ပိုင်ကျိန်းက ခုန်ထွခုန်ထွလိုက်ကာ ချိန်ကျင်သက်၏ သွားရာလမ်းကို ပိတ်ဆို့သည်။ ချိန်ကျင်သက်မူသည် လှံသတ်ပြက် အတွင်း ပိုင်ကျိန်းထံသို့ လက်သီးများကို မိုးရွာချသကဲ့သို့ ပစ်သွင်းလိုက်လေသည်။

ပိုင်ကျိန်းမှာ မှန်းချက်နှင့် နှမ်းထွက်လွဲသွား၏။ ချိန်ကျင်သက်က တကယ်တမ်း ပြင်းပြင်းထန်ထန်တိုက်ခိုက်သည့်အခါတွင်မူ သူ နောက်ဆုတ်ပေးရသည်။ ချိန်ကျင်သက်သည် အချိန်ကုန်ခံမနေတော့ဘဲ ခပ်သွက်သွက် ဆုတ်ခွာလာ၏။

သူ ဝါးနှစ်ရိုက်ခန့်အကွာသို့ရောက်သောအခါ နောက်မှ ဆူဆူညံညံ အော်ဟစ်သံများကြားသဖြင့် လှည့်ကြည့်မိသည်။ ပိုင်ကျိန်း လိုက်လာခြင်းမဟုတ်ပေ။ မန်ချူးတပ်မှူးတစ်ဦး ဦးဆောင်သော တပ်စုသည် မြင်းကိုယ်စီဖြင့် သူ့အား ပိုင်းပတ်ဖမ်းဆီးရန် ကြိုးစားလာခြင်း ဖြစ်သည်။

ထိုတပ်မှူးသည် ချိန်ကျင်သက်နှင့် အတော်ကလေးနီးကပ်နေပြီဖြစ်သဖြင့် ဓားဖြင့် ပိုင်းရန် ကြိုးစားသည်။ ချိန်ကျင်သက်မှာ ထိပ်သီး သိုင်းဆရာကြီးဖြစ်ရာ ထိုတပ်မှူး၏ ဦးခေါင်းခုတ်ချလာသောဓားကို အသာရှောင်တိမ်းလျက် ထိုတပ်မှူး၏နောက်ကျောပေါ်သို့ ခုန်တက်လိုက်သည်။

သူသည် တပ်မှူး၏အကြောကို အပိုင်ကိုင်ထားလိုက်သည်။ တပ်မှူးမှာ တခဏအတွင်း သွံ့ပန်းဖြစ်သွားရှာတော့သည်။



'လိုက်ခဲ့ရင် လိုက်ခဲ့ကြ… မင်းတို့ တပ်မှူးတော့အသေပဲ'

'ဟိုက်… ဒုက္ခပဲ'

ပိုင်ကျိန်းမှာ တပ်မှူး၏အခြေအနေကိုကြည့်ပြီး အထိတ်တလန့် ရေရွတ်လိုက်သည်။ ချိန်ကျင်သက်သည် တပ်မှူးကိုဓားစာခံအဖြစ် ဖမ်းဆီးလျက် ဘုရားကျောင်းသို့ မြင်းကိုတရကြမ်းမောင်းနှင်လေတော့၏။

သူတို့မြားနှင့်လည်း မပစ်ဝံ့ချေ။ မတော်တဆ တပ်မှူးကို ထိမှန်သွားပါက ခက်ပြီမည်။ ထိုတပ်မှူး၏ တပ်စုက သူတို့တပ်မှူးကို ကယ်ဆယ်ရန် ဓားကိုယ်စီထုတ်၍ ညာသံပေးကာ လိုက်ကြသည်။

'ဆက်မလိုက်နဲ့တော့… နောက်ဆုတ်… နောက်ဆုတ်'

တပ်ချုပ်ကြီး လီခေါင်လူ၏ အမိန့်သံက ကျယ်လောင်စွာ ထွက်လာသဖြင့် မြင်းတပ်စုသည် ချက်ချင်း နောက်ပြန်ဆုတ်လာသည်။

သူတို့တကယ်ဆက်လိုက်လျှင်လည်း သူတို့ပင် မုချသေရပေလိမ့်မည်။

ရသေ့ကြီးဟူချိန်ရော ချိန်ကျင်သက်ပါ နှစ်ယောက်စလုံး အောင်မြင်မှုရလာသည်ကို တွေ့ရသော ချယ်လုံးသည် အကြီးအကျယ် စိတ်ဓာတ်ကျသွားပြီး ကုလားထိုင်ပေါ်၌ ခြေပစ်လက်ပစ် ပြိုဆိုင်းချလိုက်၏။

မိမိက ချိန်ကျန်းလောင်အား မလျှောက်နိုင်ဘဲ ချိန်ကျန်းလောင်က မိမိအား ပြန်လည်လျှောက်ပြောပေတော့မည်။

ဟူချိန်သည် ချိန်ကျန်းလောင်ရှိရာအခန်းတွင်းသို့ ဝင်လာပြီး ခေါင်းနှစ်လုံးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်၏။

မကြာမီ ချိန်ကျင်သက်လည်း ရောက်လာသည်။ သူဖမ်းလာသည့် တပ်မှူးကို အကြောပိတ်ကာ ပစ်ချလိုက်၏။

'ကျုပ်က အရှင်တစ်ကောင် ဖမ်းမိခဲ့တယ်'

'ဟား… ဟား… ဟား… သိပ်တော်တယ်၊ သိပ်တော်တယ်၊

ဘာဘာရေး၊ ဆရာရေသော်ကြီးရော ဘယ်သူမှ မရှုံး ဘယ်သူမှ မနိုင်ဘူး လို့ ဆိုရမယ်၊ ရသေ့ကြီးက အရင်ဦးဆုံးပြန်ရောက်လာတယ်၊ လူနှစ်ယောက်ရဲ့ ခေါင်းကိုလဲ ဖြတ်ယူလာနိုင်တယ်။ ဒါပေမယ့် ရာထူးက ငယ်တယ်၊ ဘာဘာချိန်ကျင့်သက်ကတော့ အရှင်လတ်လတ် တစ်ယောက် ဖမ်းလာခဲ့တယ်၊ ဒါပေမယ့် ရာထူးက ကြီးတယ်၊ ဒီတော့ ဒီပွဲကို သရေပွဲအဖြစ် သတ်မှတ်လိုက်တယ်'

ချိန်ကျန်းလောင်၏ ဆုံးဖြတ်ချက်ကို နှစ်ယောက်လုံးကျေနပ်ကြ၏။ ထို့နောက် ၎င်းသုံးယောက်သား သဘောကျစွာ ဟားဟားဟား အော်ဟစ် ရယ်မောကြတော့သည်။ ချယ်လုံးမှာ ထိုင်နေ၏။ ချိန်ကျန်းလောင်က ဖမ်းလာသော တပ်မှူးကို မေးလေ၏။

'မင်းနာမည် ဘယ်လိုခေါ်သလဲ၊ ပြောစမ်း။ ကြောက်မနေနဲ့ မင်းကို ပြန်လွှတ်ပေးမှာပါ'

တပ်မှူးက ဘာမျှ ပြန်မပြော။

ချိန်ကျန်းလောင်က ရယ်ရယ်မောမောနှင့်....

'အသုံးမကျတဲ့ကောင်၊ သွား... ပြန်တော့'

တပ်မှူးမှာ လှုပ်ပင် မလှုပ်။

ချိန်ကျင့်သက်က ဝင်ပြော၏။

'ကျုပ် သူ့ကို အကြောပိတ်ဖမ်းခဲ့တာ'

ချိန်ကျန်းလောင်က အကြောပြန်ဖွင့်ပေး၏။ သို့သော် တပ်မှူးမှာ မလှုပ်ပေ။

အသေအချာကြည့်သောအခါ တပ်မှူးမှာ နှလုံးသွေးရပ်၍ သေဆုံးနေလေပြီ။

ချိန်ကျင့်သက်နှင့် ဟူရှိန်သည် လက်ချင်းတွဲလျက် အောက်ထပ်သို့ ပြန်ဆင်းသွား၏။



နှစ်ဦးတည်း ကျန်ခဲ့သောအခါ ချိန်ကျန်းလောင်က ချယ်လုံးအား လှည့်မေးလေ၏။

'ကဲ.... အစ်ကို့ မျက်မြင်ပဲ၊ ဘယ်လိုသဘောရသလဲဟင်'

'မင်းအဖွဲ့က လူတော်လူကောင်းတွေ တော်တော်များသားပဲ၊ ငါက မင်းလက်ချပ်ထဲကရေဆိုတော့ မင်းကြိုက်သလို လုပ်ပေါ့'

ချိန်ကျန်းလောင်မှာ သက်ပြင်းချလိုက်သည်။

'အင်း.... နှမြောစရာကောင်းလိုက်တာ'

'ဘာ နှမြောတာလဲ'

'အစ်ကို့ကို အစတုန်းက လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံကြွယ်နိုင်တဲ့ လူတစ်ယောက်လို့ ကျွန်တော်ယူဆခဲ့မိတယ်၊ အခုတော့....'

'အခုတော့ ဘာဖြစ်သလဲ'

ချိန်ကျန်းလောင်က ပြောသင့် မပြောသင့် အတန်ကြာ စဉ်းစား နေသည်။ ထို့နောက် မထူးတော့ပြီဟူသော သဘောဖြင့် ယတိပြတ် ပြောချလေတော့၏။

'အပြင်ပန်းကြည့်ရင်တော့ အစ်ကို့မှာ အပြစ်ဆိုစရာ ဘာမှမရှိပါဘူး။ ဒါပေမယ့် အတွင်းစိတ်ဓာတ်နဲ့ မာနကတော့ အလကားပဲ'

'ဘာ အလကားလဲကွ၊ စော်စော်ကားကား'

ချယ်လုံးက ဒေါသဖြင့် ပြန်အော်လေ၏။

'ဟုတ်တယ်... အလကားပဲ၊ ကိုယ်အားကိုယ် မကိုးဘဲ သူတစ်ပါး ရဲ့ အရိပ်အောက်မှာ ကြီးပြင်းပြီး ဘုရင်ဖြစ်လာတာ ဘာများဂုဏ်ယူစရာ ကောင်းတာရှိလို့လဲ၊ ကိုယ့်အစွမ်း ကိုယ့်အစနဲ့ ဘုရင်ဖြစ်လာတာမှ ဂုဏ်ယူစရာကောင်းတာ။ အစ်ကိုဟာ အချောင်ထီးနန်းရတယ်၊ အဲဒီ စည်းစိမ်မှာ ယစ်မူးနေတယ်၊ ပင်ကိုယ် အရည်အသွေးတော့ ဘာမှ မပြနိုင်ဘူး။ ကဲ'

ချယ်လုံ့မှာ တကယ်တမ်းအားဖြင့် မာနရှိသူဖြစ်၏။ သို့သော် သူ့ဘက်ကကြည့်လျှင်လည်း အပြောလွယ်သလောက် လုပ်ရခက်သည်။

သူ့ ဟန်တရုတ်မျိုးရိုးဖြစ်သည်ဆိုခြင်းမှာ ယိတ်ထင်၊ ချိန်ကျွန်းလောင်နှင့် နီ့ထိန်းတို့၏ ပြောစကားအရသာ ရှိသေးသည်။

'ကျွန်တော်က အစ်ကိုအောင်မြင်တာကိုပဲ မြင်ချင်တယ်။ လက်နုရည်၊ နှလုံးရည်ချဲ့ပြည့်ပြီး ထူးချွန်ထက်မြက်တဲ့လူတစ်ယောက် အဖြစ်ပဲ မြင်ချင်တယ်၊ ကျွန်တော်တို့ကတော့ ဘာရာထူးရာခံမှ မမက်ဘူး။ မှိုဟူးအင်းနားမှာ အေးအေးဆေးဆေး ခေါင်းချခွင့်ရရင် တော်ပါပြီ'

'ဒါက ဘာရည်ရွယ်ချက်နဲ့ပြောနေတာလဲ။ မင်းပဲ တိုင်းပြည်ကို မန်ချူးလက်အောက်က လွတ်ပြီး ဟန်တရုတ်တွေ အုပ်ချုပ်စေချင်တယ် ပြောတယ်။ မင်းက ဘာတာဝန်မှ မယူဘူးလို့ ပြောတာလား'

'ကျွန်တော် အဓိပ္ပာယ်က ရှင်းအောင် ပြောထားမယ်။ ကိစ္စတွေအောင်မြင်ခဲ့ရင် ကျွန်တော်နဲ့ ကျွန်တော့်ကိုလိုက်သောသူတွေအားလုံးကို အနားယူခွင့်ပေးရပါလိမ့်မယ်။ ကျွန်တော့်လူတွေက ယဉ်ကျေးသိမ်မွေ့တဲ့လူတွေ၊ ပညာအမြော်အမြင်ရှိတဲ့လူမျိုးတွေ မဟုတ်သလို၊ အမှုထမ်းအရာထမ်းတွေရဲ့ ဓလေ့စရိုက်ကို လိုက်နာကျင့်သုံးတတ်တဲ့လူတွေ မဟုတ်ပါဘူး။ သူတို့စိတ်ထဲမှာ မန်ချူးကို မောင်းထုတ်ချင်တဲ့ အာသီသသာ ရှိပြီး ဒီပြင် ရာထူးရာခံလိုချင်တဲ့ စိတ်ဓာတ်မရှိကြပါဘူး။ တိုင်းပြည်ကို အစ်ကိုပဲ ဆက်အုပ်ချုပ်ရမယ်၊ အမြော်အမြင်ရှိတဲ့လူတွေ၊ ပညာတတ်တွေကို အစ်ကိုပဲ ရွေးချယ်ရမယ်'

ချိန်ကျွန်းလောင်က ရှင်းလင်းစွာ ပြောကြားလိုက်၏။ ချယ်လုံ့တွေးသည်။ သူ့အဖို့ အနှံ့မရှိနိုင်တာ ရုတ်တရက် အတွေးဝင်လာသည်။ တစ်ပွဲပေါ် လက်ဝါးဖြင့် ဖြန်းခနဲ ပုတ်လိုက်ပြီး

'ဟုတ်ပြီ၊ ဒီလိုပဲ ဆုံးဖြတ်လိုက်ကြရအောင်'



'အစ်ကို ဘာမှ မစဉ်းစားတော့ဘူးနော်၊ နောက်ထပ် ဘာများ ကန့်ကွက်ပြောဆိုစရာ ရှိသေးသလဲ'

သူ့အစီအစဉ်ကို ချယ်လုံ့လက်ခံသည်ဆိုသဖြင့် ချိန်ကျွန်းလောင် ဝမ်းသာသွားသည်။

'မရှိတော့ပါဘူး။ ဒါပေမယ့် မှာစရာတစ်ခုတော့ ရှိတယ်။ ဝူညီရဲ့ ဂိုဏ်းချုပ်ဟောင်းကြီး ယိတ်ထင်ရဲ့ လက်ထဲမှာ ပစ္စည်းတစ်ချို့ရှိတယ်၊ အစ်ကိုရဲ့ မွေးမွေးလာပုံသက်သေခံ စာရွက်စာတမ်းတွေပေါ့။ ဝင်ကျွန့်ပြည်နယ်မှာ အဲဒီပစ္စည်းရှိနေတယ်လို့ သတင်းကြားတယ်။ အစ်ကိုဆီ ယူလာပြီး အဲဒီပစ္စည်းကို ပြပါ၊ တကယ်ပဲ အစ်ကိုဟာ တရုတ်မျိုးနွယ် စစ်စစ်ဖြစ်တယ်ဆိုရင် ဝူညီတို့နဲ့ ပူးပေါင်းပြီး ဒီအစီအစဉ်အတိုင်း အကောင်အထည်ဖော်ဖို့ သဘောတူမယ်'

ချိန်ကျွန်းလောင် အသေအချာငေးစားကြည့်သည်။ ချယ်လုံ့၏ တောင်းဆိုချက်မှာ သဘာဝကျနေသဖြင့် လိုက်လျောခွင့်ပြုလိုက်သည်။

'ကောင်းပြီလေ၊ ဒီပစ္စည်းက သိပ်ပြီးအရေးကြီးတယ်လို့ အစ်ကိုကြီး ဝင်ထိုက်လိုက်ကတော့ ပြောခဲ့ဖူးတယ်၊ ဒီတော့ မနက်ဖြန် ကျွန်တော်ကိုယ်တိုင် သွားယူပေးပါ့မယ်'

'အဲဒီကပြန်လာရင် ဝူညီ ကိုယ်ရံတော်တပ်အဖွဲ့မှာ ဝင်ပြီး အမှုထမ်းပေါ့၊ အခြေအနေကိုကြည့်ပြီး တပ်ချုပ်ကြီးရာထူးကို တစ်ခေါက် တက်ခန့်ပေးမယ်၊ အဲဒီမှာ မင်းလုပ်ချင်တဲ့ခွင်ကို လုပ်ပေါ့၊ ဒါမှမဟုတ် အမတ်ချုပ်ကြီးလုပ်မယ်ဆိုရင်လဲ လုပ်ပါ၊ ငါကြည့်ပြီး စီစဉ်ပေးမယ်။ အေး... တစ်ခုတော့ရှိတယ်၊ ရာထူးခန့်တဲ့အခါမှာတော့ သဘာဝကျအောင် နည်းနည်းတော့ စောင့်ရမယ်၊ ဒါမှ မန်ချူးတွေ သံသယ မရှိမှာပေါ့'

'အစ်ကို့အစီအစဉ်ကောင်းပါတယ်၊ ကျွန်တော်တို့ အောင်ပွဲခံနိုင်

ပါလိမ့်မယ်'

ချိန်ကျွန်းလောင် ဝမ်းသာသွားသည်။ ဒူးထောက်ထိုင်ချပြီး ချယ်လုံးကို ကန်တော့သည်။

'ကဲ... အစ်ကို့ကို ကျေးဇူးတင်ပါတယ်၊ အခုပဲ အစ်ကို့ကို ပြန်ပို့မယ်'

ချယ်လုံး ဝမ်းသာသွားသည်။

ချိန်ကျွန်းလောင်က စင်ရန်ကိုခေါ်ယူပြီး မန်ချူးဘုရင်တို့၏ အဆောင်အယောင်များကို ယူခိုင်းလိုက်သည်။ သူတို့သည် ထိုပစ္စည်းများကို အဆင့်သင့်ရှာဖွေထားပြီးဖြစ်၏။ ချိန်ကျွန်းလောင်က ချယ်လုံးနှင့် သဘောတူညီမှုပြီးဖြစ်ကြောင်း ရှင်းပြလိုက်၏။

'နောက်နောင် ကျုပ်တို့ ပန်မှုင့်နီဂိုဏ်းက ဘုရင်မင်းမြတ်ကို အကူအညီပေးပြီး မန်ချူးကို မောင်းထုတ်ကြရလိမ့်မယ်၊ တကယ်လို့ ဒီကိစ္စသစ္စာဖောက်ပြီး အပြင်ကိုပေါက်ကြားခဲ့ရင် အကြီးလေးဆုံး ပြစ်ဒဏ်အပေးခံရမယ်'

ချိန်ကျွန်းလောင်က ချိန်ဆိုသစ္စာပြုပြီး သွေးဖောက်ကာ အရက်နှင့်အတူ သွေးသောက်ကတိပြုကြသည်။ ချယ်လုံးကလည်း ဝင်ရောက်သောက်သည်။ ချိန်ကျင်သက်နှင့် ကွမ်မင်မေ ဇနီးမောင်နှံမှာမူ လုံးဝ မသောက်ကြချေ။

'နောင်ကြီးချိန်ကျင်သက်နဲ့ အစ်မကြီးတို့ပါ သစ္စာသွေးသောက်ကြပါလား'

လူဝေချင်းက တိုက်တွန်းသည်။

ချိန်ကျင်သက်က မဲ့ရွဲ့လိုက်ပြီး...

'ဟင့်အင်း... ရာဇဝင်ရေးခဲ့တဲ့လူတွေပြောတဲ့စကား 'ဘယ်လောက်ပဲ နားဝင်ချိုနေချိုနေ ကျုပ် လုံးဝမယုံဘူး၊ လက်လဲမခံဘူး'



ကွမ်မင်မေမှာလည်း သူ့ခင်ပွန်းနည်းတူ မန်ချူးအရာရှိများ၏ လိမ်ညာကတိဖျက်မှုကို အကြိမ်ကြိမ်ခံစားခဲ့ရဖူးသူပင်...

'တရုတ်ပြည်ကြီး တရုတ်လူမျိုးတွေရဲ့လက်ထဲပြန်ရောက်အောင် လုပ်ဆောင်ဖို့က တရုတ်အမျိုးသားတိုင်းရဲ့ တာဝန်ပဲ၊ ကျုပ်တို့မှာလဲ တာဝန်ရှိတာပေါ့၊ ဘုရင်က စိတ်ရင်းအတိုင်း မဖောက်မပြန်ဘဲ လုပ်ဆောင်သွားမယ်ဆိုရင်တော့ ကောင်းတာပေါ့၊ ကျုပ်တို့လင်မယားလဲ ဒီအရေးအခင်းမှာ ဝင်ပြီးကူညီမယ်၊ သစ္စာသွေးမသောက်လို့ သစ္စာဖောက်မှာ မပူပါနဲ့ ကျုပ်တို့က မန်ချူးဆိုရင် အရိုးထဲက မုန်းတာပါ'

ကွမ်မင်မေက အံကြိတ်၍ ပြောချလိုက်သည်။ သူတို့သည် မည်သည့်အခါမှ သစ္စာဖောက်ကြမည် မဟုတ်ပါ။

ချိန်ကျွန်းလောင်က ချိန်ကျင်သက်နှင့် ကွမ်မင်မေကို လေးစားစွာ ကြည့်ပြီး ပြောသည်။

'ဘိတ်တို့နှစ်ယောက်ဟာ သစ္စာသွေးမသောက်ကြပေမယ့် သစ္စာသမာဓိနဲ့ ကတိစကားကို ဦးထိပ်ထား လေးစားတဲ့ ပုဂ္ဂိုလ်တွေဆိုတာ ကျွန်တော်တို့အားလုံး ယုံကြည်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဘုရင်မင်းမြတ်က ပေးပြီးထားတဲ့ ကတိသစ္စာကို စောင့်ထိန်းတည်ကြည်ဖို့နဲ့ မဖောက်ဖျက် မကျူးလွန်စေဖို့ပဲ အရေးကြီးပါတယ်'

'စိတ်ချပါ၊ ပြောပြီးတဲ့စကားကို ကျုပ် မဖျက်ပါဘူး'

ချယ်လုံးက ရဲရဲတင်းတင်း ကတိပေးသည်။

ချိန်ကျွန်းလောင် ကျေနပ်သွားပြီး...

'ကောင်းပြီ၊ ဒီလိုဆိုရင် ဘုရင်မင်းမြတ်ကို ပြန်ပို့ကြရအောင်'

ဝေချွန်ဝါက ချိန်ကျွန်းလောင်၏ အမိန့်ရလျှင် ဘုရားကျောင်းအောက်သို့ ပြေးဆင်းသွားပြီး အသံကျယ်ကြီးဖြင့် အော်ဟစ်လိုက်သည်။

'ဟေ့... ဘုရင်မင်းမြတ်ကို လာကြိုကြစမ်းပါဦး'

ကိုယ်ရံတော်တပ်မှူး ဗိုင်ကျိန်းနှင့် တပ်ချုပ်ကြီးလီခေါင်ရှူတို့မှာ မေ့မေ့ပါ မြင်သွားကြပြီး ရှေ့သို့တဖြည်းဖြည်း တိုးကပ်လာကြသည်။

ဟုတ်မှဟုတ်ရဲ့လားဟူသော သံသယဖြင့် မယုံရဲဘဲရှေ့သို့ တိုးလာကြသည်။

ဘုရင်ကောရာစ်ဝတ်စုံဖြင့် ချယ်လုံးကိုယ်တိုင် ထွက်လာသည့်အခါတွင်မူ မယုံမရှိကြတော့ချေ။

မြေပေါ်တွင် ပြားပြားဝပ်မှောက်၍ ရှိခိုးကြ၏။

ဗိုင်ကျိန်းက မြင်းတစ်ကောင်ဆွဲယူလာခဲ့ပြီး ချယ်လုံးကို မြင်းပေါ်သို့ တင်ဆောင်ပေးသည်။ချယ်လုံးသည် တပ်ချုပ်ကြီး လီခေါင်ရှူနှင့် ဗိုင်ကျိန်းတို့အား လှည့်ပြော၏။

'မောင်မင်းတို့ တာဝန်ကျေပါပေတယ်။ ကျုပ်ကို ဂရုတစိုက်ရှာဖွေကြတဲ့အတွက် ကျုပ်ကျေနပ်တယ်၊ မောင်မင်းတို့ကို ဆုလာဘ်တွေချီးမြှင့်ရဦးမယ်'

ဗိုင်ကျိန်းနှင့် လီခေါင်ရှူတို့သည် များစွာစိတ်လက်ပေါ့ပါးသွားကြ၏၊ သူတို့၏ ကြိုးစားမှုကို ဘုရင်က အသိအမှတ်ပြုသည်မဟုတ်ပါလော။

မကြာမီ တပ်ချုပ်ကြီး လီခေါင်ရှူ၏ တပ်ကြီးသည် ဘုရင်ကိုခြံရံလျက် ဟန်ကျူးမြို့သို့ ပြန်လည်ထွက်ခွာသွားကြလေတော့၏။

☆ ☆ ☆

အခန်း (၇)

# ပန်းပွင့်နီဂိုဏ်း၏ အစီအစဉ်များ

---

ကွမ်မင်မေက လေ့ချွန်အချက်ပေးလိုက်သောအခါ ခွေးများပြန်လည်ပြေးဝင်လာကြ၏။ အင်းခွေးလေးကောင်အနက် တစ်ကောင်မှာ ခြေကျိုးသွားသဖြင့် ထော့နဲ့ထော့နဲ့ ဖြစ်နေသည်။

သူ့သခင်များနှင့် ပန်းပွင့်နီဂိုဏ်းတို့ မဟာမိတ်ဖြစ်သွားသည်ကို သိနေသည့်အလား ဟောင်ပင် မဟောင်တော့ချေ။

'ဒီနေရာတော့ ကျွန်မတို့ လင်မယားနှစ်ယောက်အဖို့ ဂူအောင်းရာ အကောင်းဆုံးနေရာတစ်နေရာပါပဲ။ သိုင်းလောကရဲ့ နာမည်ကြီး ပုဂ္ဂိုလ်တွေနဲ့ သူ့ရဲ့ကောင်းတွေကို သိကျွမ်းရင်းနှီးရတာ သိပ်ကို ဝမ်းသာဖို့လဲကောင်းပါတယ်။ အထူးသဖြင့် ကြက်ကြီးရင်းလို ပုဂ္ဂိုလ်မျိုးနဲ့ သိကျွမ်းရတာမျိုးပေါ့။ ဆယ်နှစ်ကျော်လောက် လူချင်းကွဲနေတဲ့ ကျွန်မတို့ရဲ့ စိတ်ရွေကြီး ရှုမျှော်ကို ပြန်တွေ့ရတာလဲ ဝမ်းသာပါတယ်၊ ခုတော့ ခွင့်ပြုကြပါဦး'

ကွမ်မင်းမေက ကြူတ်ကြီးရှင်း၊ လူဝေချင်းနှင့် ချိန်ကျန်းလောင် တို့အား နှုတ်ဆက်စကား ပြောကြား၏။

ချိန်ကျန်းလောင်က တားမြစ်သည်။

'နေပါဦးလေ၊ သိပ်ပြီး အလောတကြီး မပြန်ပါနဲ့ဦး။ ဘွားဘွားနဲ့ ဘဘက ပြည်မကို ရောက်ခဲ့တယ် မဟုတ်လား။ ဒီမှာ လေးငါးရက်လောက် အနားယူကြပါဦး။ ကျွန်တော်တို့ ပန်းပွင့်နီဂိုဏ်းရဲ့ ဧည့်သည်တော်တွေအဖြစ် ဂုဏ်ပြုပါရစေ'

ချိန်ကျင်းသက်က ရယ်မောလိုက်၏။

'မင်းက အားနာပါးနာနဲ့ လောကွတ်စကား ပြောနေတာလား။ မလိုပါဘူးကွာ။ ရသေ့ကြီး နောက်တစ်ခါ ကျုပ်တို့ထပ်မံဆုံကြရင် အရက်ပြိုင်သောက်ကြရအောင်၊ မကောင်းဘူးလား'

'ဟား.... ဟား.... ဟား.... သိပ်ကောင်းတဲ့ ပြိုင်ပွဲပေါ့ဗျာ'

ဟူချိန်က ရယ်ရယ်မောမောပင် ပြန်ဖြေသည်။

ကွမ်မင်းမေက ချိန်ကျန်းလောင်ကို လက်တို့ပြီး တစ်နေရာသို့ ခေါ်သွားသည်။ လေသံတိုးတိုးဖြင့် မေးသည်။

'မင်းမှာ အိမ်ထောင်ရှိပြီလား'

'ဟင့်အင်း။ မရှိသေးပါဘူး ဘွားဘွား'

ကွမ်မင်းမေ သဘောကျ နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

'အေး.... ကောင်းတယ်၊ တစ်ခုတော့ ရှိတယ်နော်။ သစ္စာမရှိတဲ့ အလုပ်တော့ မလုပ်နဲ့ကွ။ ဒီဓားမြှောင်ပိုင်ရှင်က ငါတို့တပည့်ကွ'

ထိုအချိန်မှာပင် ကွမ်မင်းမေအား သူ့ခင်ပွန်း ချိန်ကျင်းသက်က လှမ်းခေါ်လေ၏။

'ဟေ့။ မင်းဘာတွေ ပြောနေရပြန်တာလဲ၊ လာလေ၊ သွားကြမယ်'



ကွမ်မင်းမေက လက်မထောင်ပြပြီး ချိန်ကျင်းသက်ထံ ပြန်ပြေးသွား၏။ ထို့နောက် ပန်းပွင့်နီဂိုဏ်းသားများကို နှုတ်ဆက်ကာ အင်းခွေးကြီးများနှင့်အတူ ထွက်ပြေးသွားလေတော့သည်။

'နောင်ကြီးနဲ့ အစ်မကြီး။ ဘယ်ကိုသွားကြမှာလဲ'

လူဝေချင်းက နောက်မှ လှမ်းအော်မေးလေ၏။ ချိန်ကျင်းသက်နှင့် ကွမ်မင်းမေတို့က လှည့်မဖြေကြတော့ပေ။

အင်းခွေးကြီးများနှင့်အတူ ပြေးမြဲပြေးသွားကြတော့သည်။ သူတို့ လူစုချည်း ကျန်သောအခါ ချိန်ကျန်းလောင်က

'ကျွန်တော် ဘုရင်မင်းမြတ်ကို ကတိတစ်ခုပေးခဲ့တယ်၊ အဲဒါကတော့ ကျွန်တော့်ရဲ့ဆရာဆီက ပစ္စည်းနှစ်ခု တောင်းပေးဖို့ပါပဲ၊ ဒီတော့ အခု ကျွန်တော်တို့ ဌာနချုပ်ကို ပြန်ကြရအောင်၊ ဟိုရောက်ရင် လူစုခွဲပြီး တာဝန်ပေးစရာလဲ ရှိနေတယ်'

ပန်းပွင့်နီဂိုဏ်းသားအားလုံး ခေါင်းညိတ်ကြ၏။ ထို့နောက် ဌာနချုပ်သို့ အပြန်ခရီး စတင်ကြလေတော့သည်။

နောက်တစ်နေ့ နံနက်တွင် ပန်းပွင့်နီဂိုဏ်းတည်းရာဌာနချုပ်သို့ ရောက်ရှိလာကြသည်။ ဆောင်ဦးပေါက်ရာသီဖြစ်၍ တောင်ပေါ်မှ သစ်ပင်ပန်းပင်များမှာ စိမ်းလန်းစိုပြည်လှပေသည်။

ကျန်ကျင်းသည် တောင်အောက်သို့ဆင်းလာခဲ့ပြီး ချိန်ကျန်းလောင် တို့ကို ကြိုဆိုသည်။ ရှောပင်တစ်ယောက်မှာမူ ကြိုဆိုရာ၌ မပါဝင်ချေ။ ချိန်ကျန်းလောင်က ကျန်ကျင်းအား မေးလိုက်၏

'အစ်မလေးကော၊ ဘယ်မှာလဲ၊ ယီရုထုံးရဲ့အခြေအနေကော ဘယ်လိုလဲ'

'နံပါတ်ဆယ့်လေးညီတော် ယီရိုထုံး နေကောင်းပါတယ်၊ အစ်မလေးကတော့ အစ်ကိုကြီး ဝင်သိုက်လိုက်အတွက် စိတ်ဝင်စားစရာ

ကောင်းတဲ့ပစ္စည်းတစ်ခု ယူပြမယ်ဆိုပြီး ထွက်သွားလိုက်တာ နှစ်ရက်တောင်ရှိသွားပြီ'

ချိန်ကျွန်းလောင်က ခေါင်းခါယမ်းလိုက်ပြီး

'ဘာပစ္စည်းတဲ့လဲ'

'အဲဒါတော့ ကျွန်ုပ်လဲ မသိဘူး။ အစ်ကိုကြီး ဝင်ထိုက်လိုက်ရဲ့ ဒဏ်ရာက သက်သာသွားပါပြီ၊ အစ်ကိုကြီး အိပ်ရာထဲလှဲနေရတာကို အစ်မလေးက မကြည့်ရက်ဘူး။ အပျင်းပြေစေချင်ပုံရတယ်၊ အဲဒါနဲ့ ထွက်သွားတာပဲ'

ကြောင်ပစန်းက ပြုံးလိုက်ပြီး....

'ငါ့ညီမကတော့ကွာ ခုထက်ထိ ကလေးလေးလို လက်ဆော့ချင်နေတုန်းပဲ၊ အင်း... နောက်နောင် သားသမီးတွေရရင် ဘိုးဘွားပိုင် အမွေအနှစ်အဖြစ် ဒီပညာကို ပေးခဲ့ဦးမလား မပြောတတ်ဘူး'

ကြောင်ပစန်း၏စကားကြောင့် အားလုံး ဝိုင်းရယ်မိကြသည်။

ချောပင်၏ဖခင် လော့ရန်ခုံမှာ နာမည်ကြီး သူခိုးတစ်ယောက်ဖြစ်သည်။ တစ်ညတည်းမှာပင် နေရာမတူသော သူဌေးအိမ်ရှစ်အိမ်ကို ဖောက်ထွင်းခိုးယူနိုင်သည်။

ရသမျှသော ရွှေငွေပစ္စည်းများကိုလည်း မရှိဆင်းရဲသားများထံ ဝေငှပေးကမ်းတတ်သည်။ ထို့ကြောင့် လော့ရန်ခုံမှာ မရှိဆင်းရဲသားတို့၏ ချစ်ခင်မှုကို ခံရသလို သူဌေးသူကြွယ်တို့၏ မုန်းတီးရွံရှာမှုကိုလည်း ခံရလေ၏။

ချောပင်သည်လည်း ဖခင်၏ အမိုက်အရာခံ အမွေအနှစ်ရခဲ့၍ ခိုးခြင်း၊ ဖောက်ခြင်း အတတ်ကို တတ်ကျွမ်းပေသည်။ ဝင်ထိုက်လိုက်နှင့် အိမ်ထောင်ကျပြီးမှသာ ထိုစောရပညာကို မေ့ထားခဲ့ခြင်းဖြစ်ပေသည်။



ယခုမူ သူ့ခင်ပွန်းပျော်ရွှင်မှုရစေရန် သူ့ပညာကို ပြန်လည်အသုံးပြုခြင်းဖြစ်ပုံရသည်။

ချိန်ကျွန်းလောင်တို့သည် ဌာနချုပ်ခန်းမဆောင်တွင်းသို့ ဝင်ကြ၏။ ခန်းမဆောင် နောက်ဘက်၌ သီးခြားအခန်းများရှိရာ ထိုအခန်းများဆီသို့ လျှောက်သွားကြ၏။

ဝင်ထိုက်လိုက်သည် ကုလားထိုင်တစ်လုံးပေါ်၌ နောက်မှီ၍ ထိုင်နေ၏။ ချိန်ကျွန်းလောင်က အဖြစ်အပျက်များကို ရှင်းလင်းပြောပြသည်။

အားလုံး အဆင်ပြေသဖြင့် ဝင်ထိုက်လိုက် အလွန်ဝမ်းသာသွားပေသည်။

ချိန်ကျွန်းလောင်နှင့် ပန်းပွင့်နီဂိုဏ်းသားတို့သည် ယီရီထုံး၏ အခန်းဆီသို့ ခြေဖွ၍ လျှောက်လာကြ၏။

အခန်းရှေ့သို့ရောက်စဉ် အခန်းထဲမှ ရှိုက်သံလိုလိုကြားလိုက်ရသဖြင့် အားလုံးခြေလှမ်းများ တန့်ကုန်သည်။

အားလုံး စိတ်မကောင်းဖြစ်သွားကြသည်။

ချိန်ကျွန်းလောင်က....

'နံပါတ်ဆယ့်လေးညီတော်၊ တို့ညီအစ်ကိုတွေအားလုံး မင်းကို လာကြည့်ကြတယ်၊ ခု ဘယ်လိုနေသေးသလဲ၊ ဒဏ်ရာက နာနေသေးသလား'

'ဂိုဏ်းချုပ်ကြီးနဲ့အစ်ကိုကြီးတွေကို ကျေးဇူးအထူးတင်ပါတယ်၊ ကျွန်တော့်ဒဏ်ရာကတော့ ကျက်နေပါပြီ ဒါပေမယ့် မျက်နှာက ရုပ်ဆိုးသွားပါပြီ၊ လူနဲ့မတူတော့ပါဘူး'

ယီရီထုံး၏စိတ်အားငယ်သည့် လေသံကြောင့် ထပ်မံ၍ စိတ်မကောင်း ဖြစ်ကြရသည်။

သို့ရာတွင် ကြုတ်ချစ်က....

'အစ်ကိုလေးကလဲ ယောကျ်ားပဲ၊ ရုပ်ဆိုးတာ ဘာဖြစ်လဲ၊ ဒါက အရေးမကြီးပါဘူး။ ဘာလဲ အစ်ကိုလေးက မိန်းမ မရမှာစိုးရိမ်လို့လား'

အားလုံးမှာ ကြုတ်ချစ်၏ အရွှန်းဖောက်မှုကြောင့် ရယ်မိကြသည်။

'ဒီမှာ ငါ့တူ၊ မင်းမျက်နှာ မီးလောင်ခံရတာ ဝင်ထိုက်လိုက်နဲ့ ကျုပ်ကို ကူညီကယ်တင်လို့ ဖြစ်ရတာပါ၊ ဒီအကြောင်းကိုသာ သိုင်းလောကသားတွေကြားမိရင် မင်းကို အားလုံးက လေးစားကြမှာပါ။ သစ္စာသမာဓိနဲ့ ပြည့်စုံတဲ့ သိုင်းသမားတစ်ယောက်အဖြစ် နိုးကျူးကြမှာပါ၊ မင်းမျက်နှာ ရုပ်ဆိုးလေခဲလေ တစ်ခြားပုဂ္ဂိုလ်တွေက လေးစားလေလေ ဖြစ်မှာပါပဲ။ ဒီမျက်နှာကိစ္စကို စိတ်ထဲ ထားမနေစမ်းပါနဲ့'

လူဖေချင်းက နှစ်သိမ့်စကား ပြောသည်။

'ဟုတ် ဟုတ်ကဲ့'

သို့သော် ယီရိုဝုံမှာ အားလုံးက ဝိုင်းဝန်းအားပေးကြမှ ပို၍ စိတ်ထိခိုက်သွားသည်။ သူသည် တစ်ချက်ရုတ် နှစ်ချက်ပြတ် အနေနှင့် ဝင်ထိုက်လိုက်ကို ကယ်တင်ခဲ့ခြင်း ဖြစ်သည်။

ချောပင်အား ချစ်ခင်မြတ်နိုးသည့် စိတ်ကို မပယ်ဖျောက်နိုင်သဖြင့် သူ့ကိုယ်သူ အပြစ်ရှိသလိုလည်း ခံစားနေရသည်။ အစ်ကိုကြီး ဝင်ထိုက်လိုက်လည်း အသက်ချမ်းသာစေ၊ သူ့အပြစ်အတွက် သူလည်း သေစေဟူသောသဘောကြောင့် အကျိုးစီးမဝတ် မျက်နှာမှုံးစွပ်ကာ ဝင်ရောက်ကယ်ခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် ဤသို့ဖြစ်မလာခဲ့ပဲ ဝင်ထိုက်လိုက်လည်း လွတ်၊ သူသည်လည်း မသေဘဲ မီးလောင်ကျွမ်းဒဏ်ရာရကာ အရုပ်ဆိုး အကျည်းတန်ခဲ့ရသည်။

ယီရိုဝုံအဖို့ ပို၍အခံရခက်စေသည့် ဖြစ်ရပ်မှာ သူ့ခင်ပွန်းကို



အသက်စွန့် ကူညီခဲ့ခြင်းကြောင့် ချောပင်က သူ့အား အလွန်ဂရုတစိုက် ပြုစုခဲ့ခြင်းပင် ဖြစ်တော့သည်။

ယီရိုဝုံသည် သူ၏ လှိုင်ပုံနေသောစိတ်များကို မစည်းနိုင်ဘဲ မျက်ရည်များ စီးကျလာသည်။

ထို့ပြင် လီရန်ကျိုက သူ့ကိုတစ်ဘက်သတ် စွဲလမ်းနေသည်ကို သိရှိထားသည်။

သူ့မှာ ရတာမရို လိုတာမရဖြစ်နေရသဖြင့် လူလောကသဲ၌ ဆက်လက်ရှင်သန်လိုစိတ် မရှိတော့ပေ။

ပန်းမွှင့်နီကိုတ်သားများသည် ယီရိုဝုံ၏ ကျန်းမာရေးအခြေ အနေကို မေးမြန်းပြီးသောအခါ ဝင်ထိုက်လိုက်၏ အခန်းသို့ ပြန်ကြလေ၏။

ဝင်ထိုက်လိုက်သည် သူ့ကြောင့် သူ့ညီတော် လူလုံးမလှဖြစ်ရခြင်းကို စိတ်မကောင်း ဖြစ်နေပေသည်၊

'နံပါတ်သယ်လေးညီတော်ဟာ ကျုပ်ကို ကယ်တင်လိုက်တဲ့ အတွက်ကြောင့် သူ့ရုပ်ရည် ပျက်စီးသွားခဲ့ရတာ ကျုပ်စိတ်မကောင်းဘူး။ သူဟာ လူချောလေးပါဗျ၊ အခုတော့'

'ဒါတွေက တကယ်တော့ ပြောစရာမဟုတ်ပါဘူးလေ၊ သိုင်းလောကထဲမှာ ကျက်စားတဲ့ယောကျ်ားတစ်ယောက်အဖို့ ရုပ်ချောတာ ရုပ်ဆိုးတာ အဓိကမဟုတ်ပါဘူး။ သစ္စာ သမာဓိရှိဖို့နဲ့ ကာယိတည်ကြည် ဖြောင့်မတ်နိုင်ဖို့သာ အဓိကပါ၊ မင်းသားရှုံးလောက်အောင် ရုပ်ချောပြီး မတရားမှုတွေ ကျူးလွန်နေရင် သစ္စာ သမာဓိ မရှိရင် ဘာလုပ်မှာလဲ၊ အလကားလူပဲ ဖြစ်မှာပေါ့။ ကျုပ်ဆိုရင် ဘယ်ဘက်လက်တစ်ဘက် မရှိဘူး။ ကျန်ကျူငက ခါးကုန်းနေတယ်၊ သခဲ့ညီနောင်ဆိုရင် နှာမည်နဲ့ လိုက်အောင် ရုပ်ႆဦကြမ်းတမ်းတယ်၊ ကဲ ကျုပ်တို့တစ်တွေကို ဘယ် သိုင်းလောကသားကများလာပြီး ကဲ့ရဲ့ရှုတ်ချဖူးသလဲ၊ လှောင်ပြောင်

ဖော်ကားမှုအသလဲ၊ ဒါတွေဟာ အရေးလုပ်စရာမလိုပါဘူး။ နံပါတ် ဆယ့်လေးညီကြီက အားငယ်ပြီး အဓတ္တလွန်နေတာပဲ။ စိတ်ထဲသိပ်ပြီး မထားပါနဲ့လေ'

ဟူချိန်က နှစ်သိမ့်စကား ဆိုသည်။

ကြောင်ပစန်းကလည်း....

'လူငယ်ဆိုတော့လဲ ကိုယ့်ကိုယ်ကို စိတ်မျက်မိမှာပေါ့လေ၊ ဒါက ဖြစ်တတ်တဲ့ သဘာဝပဲ၊ နေထိုင်မကောင်းတုန်းမို့ အားငယ်တာလဲ ပါတာပေါ့၊ နောက်မှပဲ ကျုပ်တို့တစ်တွေ တဖြည်းဖြည်း နားချလိုက်ရင် ပြီးသွားမှာ၊ သူလဲ တတတ်ပေတတ် တွေးခေါ်တတ်တဲ့ လူငယ် တစ်ယောက်ပဲ၊ ကြာတော့လဲ နားလည်သဘောပေါက်လာမှာပေါ့။ ကဲ ဒါတွေထားလိုက်ကြတော့ဗျာ၊ ဒီကနေ့ ကျုပ်တို့လူစုတုန်း ဝင်ထိုက်လိုက် ကို ဂုဏ်ပြုတဲ့အနေနဲ့ အရက်ဝိုင်းကလေး လုပ်လိုက်ကြရအောင်'

ကြောင်ပစန်း၏စကားကို ပန်းပွင့်နီကိုက်သားအားလုံး သဘော ကျ နှစ်မြို့က်သွားကြသည်။

ကောင်းချို့ပြဲဘာ ပေးပြီးနောက် အရက်ဝိုင်းကလေးတစ်ဝိုင်းကို အချောင်အမြန် ပြင်ဆင်လိုက်ကြသည်။

'မမ ချောပင်လဲ မရှိဘူးနော်။ သူ့ ဒီနေ့ည ပြန်လာနိုင်ရင် သိပ်ကောင်းမှာပဲ၊ သူ အပြင်ထွက်သွားတာ မြင်းမြူကြီးစီးသွားသလား'

ကြူတ်ချစ်က ချောပင်ကို သတိတရ မေးသည်။

ကျွန်ကျင်က ပြန်ဖြေသည်။

'မြင်းမြူကြီး စီးမသွားပါဘူး။ အဲဒီမြင်းကို စီးသွားရင် ပြန်လွန်းလို့ ခေါ်မှုံးတယ်တဲ့'

ကြူတ်ချစ် ဘာမှ ပြန်မပြောတော့၊ အရက်ဝိုင်းကို စတင်လိုက် ကြသည်။ ချိန်ကျွန်းလောင်နှင့် ရှစ်ထင်ဟုန်တို့မှာ ပူးကပ်ထိုင်နေပြီး



တီးတိုး တိုင်ပင်ကြသည်။

ထို့နောက် ချိန်ကျွန်းလောင်က မတ်တတ်ရပ်ပြီး လက်ခုပ်တီး အချက်ပေးလိုက်သည်။ ပန်းပွင့်နီကိုက်သားများအားလုံး မတ်တတ်ထရပ် လိုက်ကြသည်။

'ဆရာကြီး၊ လူဖေချင်းနဲ့ အဘကြူတ်တို့ ထိုင်နိုင်ပါတယ်၊ ကျွန်တော်တို့ကို အားနာစရာ မလိုပါဘူး။ နေတတ်သလို နေပါ'

ကြူတ်ကြီးရင်းနှင့် လူဖေချင်းတို့မှာ ပန်းပွင့်နီကိုက်သားများ မဟုတ်ကြပေ။ ထိုအကြောင်းကြောင့် ချိန်ကျွန်းလောင်က ထိုင်ရန် ပြောခြင်းဖြစ်သည်။

ကြူတ်ကြီးရင်းနှင့် လူဖေချင်းတို့ ပြန်ထိုင်ကြ၏။

ချိန်ကျွန်းလောင်က...

'ကျုပ်တို့တစ်တွေ ဒီတစ်ခါမှာ အောင်အောင်မြင်မြင်ကျကျ နစ်နစ်နှင့် ကိစ္စမှန်သမျှ ပြီးစီးသွားခဲ့ကြပြီ၊ ဒီလိုပြီးသွားလို့ ကျုပ်တို့ ရောင့်ရဲတင်းတိမ်နေလို့ မဖြစ်သေးဘူး။ ဒီထက်ကြီးမားတဲ့ တာဝန်တွေ က ကျုပ်တို့ရဲ့ ပခုံးပေါ်မှာ တစ်ပြုံတစ်မကြီး ကျန်ရှိနေသေးတယ်၊ အခုဆိုရင်ပဲ ကျုပ်တို့တစ်တွေ သွေးအေးမနေကြပဲ အလုပ်ဆက်လုပ် ကြရဦးမယ်၊ ဒီထက်ကြီးလေးပြီး ဒီထက်ခက်ခဲတဲ့ အလုပ်တွေကို လုပ်ကြရလိမ့်မယ်၊ ဒီတော့ ခင်ဗျားတို့ကို ကျုပ်တာဝန်ခွဲပေးရလိမ့်မယ်၊ အထူး ပြောချင်တာက ကိုယ့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ဖို့နဲ့ သတိဝီရိယထား ဆောင်ရွက်ကြရမယ်ဆိုတာပါပဲ'

ပန်းပွင့်နီကိုက်သားများမှာ ငြိမ်သက်စွာ နားထောင်နေကြသည်။ ပေးအပ်လာမည့် တာဝန်ဝတ္တရားများကိုလည်း စောင့်မျှော်နေကြသည်။

ချိန်ကျွန်းလောင်က ဆက်ပြော၏။

'ဝေချွန်ဝါနဲ့ ချိန့်ကျွန်းရင်းတို့နှစ်ယောက်က နေပြည်တော်ကို သွားပြီး

သတင်းစုံစမ်းရလိမ့်မယ်၊ ဘုရင်ဟာတို့နဲ့ သဘောတူထားတဲ့အတိုင်း ဆောင်ရွက်သေလား။ မဆောင်ရွက်ဘူးလားဆိုတာ ထောက်လှမ်းစုံစမ်းရမယ်၊ သတင်းအစအန ရတာနဲ့တစ်ပြိုင်နက် ချက်ချင်းပြန်လာပြီး အကြောင်းကြားပါ။ ဒီကိစ္စသိပ်ပြီး အရေးကြီးတယ်၊ မှားယွင်းချွတ်ချော်လို့မဖြစ်ဘူး။ ခင်များတို့နှစ်ယောက် အတူတကွတိုက်ဆောင်ရွက်ပါ'

ဗေချွန်ဝါနှင့် ရှိုရှန်းယင်း၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းညိတ်လိုက်ကြ၏။

သူတို့သည် ပေးအပ်သောတာဝန်ကို ဦးလည်မသုန်ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ပြီး ဖြစ်ကြပေသည်။

'နောက် အုပ်စုကလေးတွေ ကျုပ်ခွဲပေးမယ်၊ အဲဒီ အုပ်စုကလေးတွေရဲ့တာဝန်ကတော့ တရုတ်ပြည်အစနဲ့အပြားမှာ မန်ချူးတွေရဲ့ ဖိနှိပ်မှုကို မခံနိုင်လို့ ထကြွသူပုန်ထလို့ ကြိုးစားနေတဲ့ တောင်သူလယ်သမားတွေနဲ့ ဆက်သွယ်ဖို့ပဲ၊ သခင်ဖြူ၊ သခင်မည်းညီနောင်က ယူနန်၊ ရှီချွန်းနဲ့ ကွမ်ကြိုနယ်တွေမှာ တာဝန်ယူရမယ်၊ ရန်ချိန်ရှက်က ဟိုနန်နဲ့ ဟိုပေနယ်၊ ရဒေသကြီးဟူချိန်က ဟော်နန်၊ ဟော်ပေနဲ့ ကျိုးပင်နယ်၊ ကျန်ဆီကိန်းက ကွမ်တုံနဲ့ကွမ်ရှီ၊ အစ်ကိုကြီး ကြောင်ပဝန်းနဲ့ မာဝန်ကျင်တို့သားအဖက ပြည်မတစ်ပိုက်၊ ဆရာကြီးလျှောမေချင်းက စန်နှံနဲ့ စန်ရှီနယ်၊ အဘကြူတီး မုန်ကျွက်ရူ၊ အနိကျွက်ခန်နဲ့ ကြွတ်ချစ်က ခင်ကျန့်နဲ့ တီဗက်နယ်တစ်ပိုက် တာဝန်ယူဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်'

တာဝန်ပေးခံရသူများအားလုံး ခေါင်းညိတ်ကြ၏။ ချိန်ကျန်းနောင်က ဆက်ပြောသည်။

'အစ်ကိုကြီး ဝင်ထိုက်လိုက်နဲ့ ယီရိုထုံးတို့က ဌာနချုပ်မှာပဲ



နားနားနေနေ အနားယူပါ၊ အစ်မလေးနဲ့ ကျန်ကျင်တို့က တာဝန်ယူပြီး စောင့်ရှောက်ထားရလိမ့်မယ်၊ ကျုပ်ကတော့ ရှစ်ထင်ဟုန်း၊ ဝင်ရန်တို့နဲ့အတူ ဝင်ကျန့်နယ်ကိုသွားမယ်၊ အခု ကျုပ်ပေးတဲ့တာဝန်ဟာ မန်ချူးတွေလက်အောက်က ဟန်တရုတ်တွေ လွတ်မြောက်ဖို့ပဲ၊ အားလုံးကိုယ့်တာဝန်ကိုယ် သိုသိုသိပ်သိပ် ဆောင်ရွက်ကြပါ၊ ကျုပ်တို့အနေနဲ့ ဒီဘက်ပိုင်းမှာ ဟာကွက်မရှိအောင် အဆင်သင့် ပြင်ထားရမယ်၊ ဘုရင်ဟာ ကျုပ်တို့နဲ့ သဘောတူခဲ့ပြီဆိုပေမယ့် ဒီကတိကိုလိုက်နာချင်မှ လိုက်နာမှာ၊ လုံးဝဥဿုံ ယုံကြည်ထားလို့မရဘူး။ ဘုရင် ကတိဖျက်တာနဲ့ ကျုပ်တို့ဘက်က ထချဖို့ပဲ ရှိတော့တယ်။ အားလုံး သဘောပေါက်နားလည်ကြရဲ့မဟုတ်လား'

'နားလည်ပါတယ်'

အားလုံးက တညီတညွတ်တည်း ဖြေကြားသည်။

'ဒီတော့ ခင်များတို့ကို ကျုပ်တစ်နှစ်တိတိ အချိန်ပေးမယ်၊ နောက်နှစ် ဒီအချိန်ကျရင်အားလုံး နေပြည်တော်မှာ ပြန်ဆုံစည်းကြမယ်၊ အဲဒီအချိန်ကျရင် အစ်ကိုကြီးဝင်ထိုက်လိုက်နဲ့ ယီရိုထုံးတို့လဲ ကျန်းမာရေးအခြေအနေကောင်းသွားလောက်ပြီ၊ ကျုပ်တို့ လူစုံတက်စုံ လက်ရွှင်းပြလို့ရကြပြီပေါ့'

ပန်းမှုင်နီပိုတီးသားများသည် လွန်စွာအားရကျေနပ်သွားကြ၏။ သူတို့၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မည်ဟုလည်း၊ နိုင်နိုင်မာမာ ယုံကြည်သွားကြသည်။

ကျန်ကျင်မှာ တိုက်ချင်ခိုက်ချင်သူ၊ လှုပ်လှုပ်ရှားရှားနေလိုသူ ဖြစ်၏။

ဌာနချုပ်၌နေရခြင်းမှာ လွန်စွာ ပျင်းရိငြီးငွေ့ဖွယ်ရာဖြစ်ကြောင်း သိနေသဖြင့် စိတ်ထက်မပျော်ရွှင်ဘဲ ဖြစ်နေသည်။

သို့သော် အမိန့်ကိုမူ သူ မလွန်ဆန်ပေ။

ထို့စဉ် ဝင်ထိုက်လိုက်က အားလုံးကို စေ့ကြည့်လိုက်ပြီး စကား ဝင်ပြော၏။

'ဂိုဏ်းချုပ်ကြီး၊ ကျုပ် ဓာတ်ရာသက်သာသွားပါပြီ၊ နံပါတ်ဆယ့် လေး ယိမ်ရိုထုံးရဲ့ ဓာတ်ရာကလဲ အပြင်ဓာတ်ရာသာဖြစ်နေတာကြောင့် မကြာခင်မှာပဲ သက်သာသွားမှာပါ၊ ကျုပ်တို့တစ်တွေ တစ်နှစ်လုံးလုံး ဒီဌာနချုပ်မှာ ထိုင်စောင့်နေရမယ်ဆိုတော့ ကျုပ်တို့အရိုးတွေ ပျော့ကုန် တော့မှာ သေချာတယ်၊ နည်းနည်းပါးပါး လှုပ်ရှားခွင့်ရရင် ကျုပ်တို့ အဖို့ အကျိုးရှိပါတယ်၊ ဒီတော့ ကျုပ်တို့ကို ဂိုဏ်းချုပ်ကြီးနဲ့အတူ စင်ကျန်နယ်ကို လိုက်ခွင့်ပြုပါ၊ ကျုပ်တို့လဲ ထိုက်သင့်သလောက် ကူညီနိုင်မှာပါ'

'ကောင်းတယ်၊ ကောင်းတယ်၊ ဒီအစီအစဉ်သိပ်ကောင်းတယ်'

ကျန်ကျင်က ထခုန်မတတ် အော်ဟစ်ထောက်ခံလေတော့သည်။

ချိန်ကျန်းလောင်က စဉ်းစဉ်းစားစားပြော၏။

'ကောင်းတာကတော့ ဟုတ်ပါပြီ၊ ခရီးကြမ်းတမ်းတဲ့ဒဏ်ကို နံပါတ်ဆယ့်လေးညီတော် ခံနိုင်ရည်မှ ရှိပါ့မလား မသိဘူး'

'ဒီက အရထွက်နှင်တော့ လူညီးပေါ်တင်ခေါ်သွားကြတာပေါ့၊ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ဆိုရင် ထူးထူးခြားခြား သက်သာသွား မှာပါ၊ အဲဒီတော့ မြင်းစီးနိုင်းပြီး ခရီးဆက်တာပေါ့'

'ကောင်းပြီလေ၊ ဒါဖြင့် အဲဒီအတိုင်းပဲ လုပ်ကြတာပေါ့'

ချိန်ကျန်းလောင်က သဘောတူလိုက်သည်။

ကျန်ကျင်မှာ ဝမ်းသာအားရ ဖြစ်သွားပြီး ယိမ်ရိုထုံးကို သွားရောက် အကြောင်းကြားသည်။ ယိမ်ရိုထုံးကလည်း ထိုသို့သွားရန် သဘောတူ သည်။



'နံပါတ်ဆယ့်လေးညီတော်က ဒီအတိုင်းသဘောတူတယ်တဲ့'

ကျန်ကျင်က ယိမ်ရိုထုံး၏ သဘောထားကို ပြန်လည်တင်ပြသည်။

ထို့စဉ် ကြွတ်ကြီးရင်းက ချိန်ကျန်းလောင်အား မျက်နှာနိုင် မျက်နှာကဲပြုကာ တစ်ဘက်သို့ ခေါ်သွား၏။

'ဂိုဏ်းချုပ်ကြီး၊ အခုဆိုရင် ဝင်ထိုက်လိုက်ရဲ့ ကိစ္စလဲပြီးစီးသွား ပြီ ဂိုဏ်းချုပ်ကြီးလဲ ဘုရင်မင်းမြတ်နဲ့ တွေ့ဆုံဆွေးနွေးပြီးပြီ၊ ဒီတော့ ပန်းမွှင့်နိုင်ငံမှာ မင်္ဂလာသတင်းတွေ သိပ်များနေပြီ၊ သိပ်ကို မင်္ဂလာ ရှိနေပြီ၊ ကျုပ်က မင်္ဂလာတစ်ခုထပ်တိုးလိုက်ချင်တယ်'

'သော်... အဘကြွတ်က ကြွတ်ချစ်နဲ့ ရှစ်ထင်ဟုန်တို့ကို မင်္ဂလာ ဆောင်ပေးမလို့ ပြောနေတာကိုး'

'ဟုတ်ပါတယ်၊ သူတို့ကို မင်္ဂလာအခမ်းအနားနဲ့ စီစဉ်ပေးချင်ပါ တယ်'

'ဟုတ်ပြီလေ၊ ကျွန်တော်ကလဲ အဘကြွတ်ဆန္ဒအတိုင်းစီစဉ် ပေးချင်ပါတယ်၊ ဒါပေမယ့် ဒီလောက် မြန်မြန်ကြီး လုပ်လိုက်ရင် သိုင်းလောကသားတွေကို ဖိတ်ခေါ်ဖို့ အချိန်မရပါဘူး၊ အဲဒီအတွက် ကျွန်တော် အားနာ...'

ချိန်ကျန်းလောင်စကားမဆုံးမီ ကြွတ်ကြီးရင်းက လျှင်မြန်စွာ ဝင်ပြော၏။

'အိုး... မဟုတ်တာပဲ၊ အခုပဲ ဒီမှာ သိုင်းလောက အထွတ်အထိပ် သိုင်းအကျော်အမော်တွေ ရှိနေတာပဲ၊ ဒီလောက်ဆိုရင်ပဲ စုံလှပါပြီ'

'ဒီလိုဆိုရင် ကျွန်တော်တို့ မင်္ဂလာရက် ရွေးကြရအောင်'

'ကျုပ်တို့တစ်တွေဟာ သိုင်းသမားတွေပဲ၊ ရက်ရာဇာတွေ၊ ပြဿဒါးတွေ အယူအဆမရှိပါဘူး၊ ဒီနေ့လုပ်လိုက်ရင်လဲ ပြီးတာပါပဲ'

ချိန်ကျန်းလောင်မှာ ကြွတ်ကြီးရင်း၏ ပွင့်လင်းမှု၊ သိတတ်မှုကို

အားလည်းအားနာ၊ လေးလည်းလေးလာသွားမိသည်။ သူသည် သူ၏ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအတွက် ပန်းမွှင့်နီဂိုဏ်း၏ အစီအစဉ် များကို မကြန့်ကြာစေလိုသဖြင့် ဤမျှအကျဉ်းရုံးဆောင်ရွက်ရန် ပြောနေ ခြင်းဖြစ်ကြောင်း ချိန်ကျွန်းလောင် နိုင်မိသိရှိပေသည်။

'ကျေးဇူးတင်ပါတယ် အဘကြုတ်'

ချိန်ကျွန်းလောင်က ကြုတ်ကြီးရှင်းကို ဦးညွှတ်အရိုအသေပေး ကာ ကျေးဇူးတင်စကား ပြောသည်။

ချိန်ကျွန်းလောင်သည် ကြုတ်ကြီးရှင်းအား တစ်ဆက်တည်း ပန်ကြားလိုက်၏။

'အဘကြုတ်၊ ကျွန်တော့်အပိုင်းတွေကို ကျွန်တော် ဆောင်ရွက် လိုက်ပါ့မယ်၊ ခွင့်ပြုတယ်မဟုတ်လား'

'ဟာ.... လုပ်ပါ၊ လုပ်ပါ၊ ကျုပ်ကို ငဲ့မနေပါနဲ့'

ချိန်ကျွန်းလောင်က ကြုတ်ချစ်ကို လက်ယပ်လှမ်းခေါ်လိုက်၏။ ကြုတ်ချစ်က အလျင်အမြန် ချဉ်းကပ်လာ၏။

'ဂိုဏ်းချုပ်ကြီး၊ ဘာကိစ္စရှိလို့ပါလဲ'

'မိန်းကလေး.... မိန်းကလေးဟာ မကြာခင်မှာပဲ နံပါတ်ခုနစ် ပန်းမွှင့်နီကတော် ဖြစ်တော့မယ်၊ အဲဒါကို ကြိုပြောထားတာပါ'

'အို....'

ကြုတ်ချစ်၏ မျက်နှာကလေးမှာ ရဲတက်သွားသည်။

ချိန်ကျွန်းလောင်က လက်ခုပ်နှစ်ချက် ဆင့်တီးလိုက်သည်။ ပန်းမွှင့်နီဂိုဏ်းသားအားလုံး ငြိမ်သက် တိတ်ဆိတ်သွားသည်။

'ညီအစ်ကိုတို့ ကျုပ်တို့ ပန်းမွှင့်နီဂိုဏ်းဟာ မင်္ဂလာတွေထပ်ပြီး ရင်း ထပ်နေတယ်၊ အခုလဲ မင်္ဂလာတစ်ပွဲ ထပ်တိုးဦးမယ်၊ သတို့သား ရှစ်ထင်ဟုန်နဲ့ သတို့သမီး ကြုတ်ချစ်တို့အတွက် မင်္ဂလာပွဲကို မကြာခင်



ကျင်းပတော့မယ့်အကြောင်း ကျုပ် ကြေညာလိုက်ပါတယ်'

ပန်းမွှင့်နီဂိုဏ်းသားများက ဝမ်းမြောက်ဝမ်းသာ ဩဘာပေးကြ လေ၏။

ထိုအခါကျမှ မင်္ဂလာပွဲစီစဉ်မည့်ဆိုခြင်းမှာ နောက်ပြောင်ခြင်း မဟုတ်ကြောင်း ကြုတ်ချစ်သိသွားပြီး ရှက်ရှက်ဖြင့် ထွက်ပြေးလေတော့ ၏။

'ကျွန်ကျင်၊ မြန်မြန်ဖမ်းထား၊ မြန်မြန်ဖမ်းထား၊ သတို့သမီး ထွက်ပြေးသွားပြီ'

ကျွန်ကျင်က ကြုတ်ချစ်၏ ရှေ့မှ တားဆီးဟန်ပြုသည်။

ကြုတ်ချစ်က ဘယ်တက်လက်နှင့် မှိုက်လိုက်သည်။ ကျွန်ကျင်က ရှောင်တိမ်းလိုက်ပြီး အော်ဟစ်ရယ်မောကာ....

'အမယ်လေး လုပ်ကြပါဦး သတို့သမီးက လူတွေကို လိုက်ရိုက် နေတယ်ဗျ'

ကျွန်ကျင်၏ ပြောင်ချော်ချော်အမူအရာကြောင့် ပန်းမွှင့်နီဂိုဏ်းသား အားလုံး တခွိုးခွိုးရယ်မောမိကြလေသတည်း။

☆ ☆ ☆

## အခန်း (၄၃)

# မင်္ဂလာ လက်ထပ်ပွဲ

---

ချောပင်သည် ဘူးတစ်ဘူးကို ကိုင်ဆောင်ကာ ခန်းမဆောင်အတွင်းသို့ ဝင်လာသည်ကို အားလုံး တွေ့ကြရသည်။ အားလုံးမင် ဝမ်းသာအားရအော်ဟစ်ကြပြန်သည်။

ချောပင်က ခနီးရောက်မဆိုက်ပင်—

'အိုး— အားလုံး ပြန်ရောက်နေကြပြီကိုး။ ဒီလောက်ဝမ်းသာအားရ အော်ဟစ်နေပုံထောက်ရင် မင်္ဂလာပွဲတစ်ခုခုတော့ ဖြစ်နေပြီနဲ့တူတယ်'

'ဘာ်လို့ ဝမ်းသာနေကြသလဲဆိုတာ ရှစ်ထင်ဟုန်ကိုသာ မေးကြည့်ပေတော့'

ချေချွန်ဝါက ပြောင်စပ်စပ်ဖြင့် ပြောဆိုရာ၏ ချောပင်က ရှစ်ထင်ဟုန် ကိုမေးသည်။



'ဟုတ်လား။ ဘာကြောင့် ဝမ်းသာနေကြရတာလဲ။ ပြောစမ်းပါဦး'

ရှစ်ထင်ဟုန်မှာ မင်္ဂလာကိစ္စဖြစ်နေသဖြင့် ရှက်နေသည်။ ရှတ်တရက် ပြောမထွက်ဘဲ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

'အိုး.... ဘယ်လိုဖြစ်တာလဲ။ အခုင်ကဆိုရင် သူရည်းပဲ စကားများတာ၊ ဒီနေ့ကျမှ ဘာဖြစ်လို့ ထစ်ငေါ့နေရတာလဲ'

အားလုံးက ဝိုင်း၍ နောက်ပြောင်ကျီစယ်ကြသည်။

ကျန်ဆိကိန်းက ရှစ်ထင်ဟုန်၏နောက်ကျောဘက်မှနေ၍ လက်နှစ်ဘက်ကို ပွေ့ယှက်လိုက်ပြီး....

'ဒီနေ့က ရွှေညာတ်ရှင်ရဲ့ မင်္ဂလာရက်မြတ်နေ့လေ၊ ဒါကြောင့် ထစ်ထစ်အအ ဖြစ်နေရတာပေါ့'

ချောပင် လွန်စွာဝမ်းသာသွားလေ၏။ သို့သော်....

'ဟင်....' ဟုတ်လား။ စိတ်မကောင်းစရာပဲ'

'ဘယ်လိုလဲ ချောပင်၊ ဒီနေ့လို ရှစ်ထင်ဟုန်ရဲ့ မင်္ဂလာနေ့ရက်ကြီးမှာ နင်က ဘာဖြစ်လို့ စိတ်မကောင်းဖြစ်နေရတာလဲ'

ရက်ချိန်ရှက် မေးလိုက်သည်။

ချောပင်က....

'ဒီလိုမင်္ဂလာဆောင်မယ်မှန်း စောစောကကြိုတင်သိရင် ကျွန်မ အဖိုးတန်ပစ္စည်းကို မင်္ဂလာလက်ဖွဲ့အဖြစ် ပို့ယူလာခဲ့မှာပေါ့၊ အခုတော့ လက်ဖွဲ့ပေးစရာ ဘာမှပါမလာခဲ့ဘူး။ ဒါကြောင့် စိတ်မကောင်း ဖြစ်မိတာပါ'

ချောပင်၏ ဆိုလိုရင်းကို ယခုမှပင် သဘောပေါက်သွားကြသည်။

'အစ်ကိုကြီးဝင်ထိုက်လိုက်အတွက် ဘာတွေယူလာခဲ့သလဲ နင်ယူလာတာကို အားလုံး ကြည့်ချင်နေကြတယ်'

ချောပင်က နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်ပြီး ဘူးကို ဖွင့်ပြလိုက်သည်။

စူးရှသော အလင်းရောင်တန်းများက ဘူးအတွင်းမှ လျှံထွက်လာသည်။

ပန်းမွှင့်နီကိုထီးခေါင်းဆောင်တို့သည် ချောပင်ယူလာသော ဘူးထဲမှ ပစ္စည်းကို တအံ့တသြငေးကြောင်ကြည့်နေသည်။ ထိုပစ္စည်းများမှာ စင်ကျန်နယ်သားများက ချယ်လုံးဘုရင်ထံ ဆက်သလိုက်သည့် ကျောက်စိမ်းပန်းပုရုပ်တုကလေးပင် ဖြစ်လေတော့သည်။

'ဘယ်က ရလာတာလဲ'

'ကျွန်မနဲ့ အစ်ကိုကြီး ဝင်းထိုက်လိုက်လို့ အလွှာပသလွှာပ စကားတွေပြောဆိုနေကြရင်းနဲ့ ဒီကျောက်စိမ်းပန်းပုရုပ်ကလေးအကြောင်းကို ရောက်သွားပါတယ်၊ ကျွန်မက ပန်းပုလက်ရာမြောက်ကြောင်း၊ တစ်လောကလုံးမှာ အလှဆုံးဆိုတဲ့ မိန်းကလေးရဲ့ပုံတူကို ထွင်းထုထားတာဖြစ်ကြောင်း တို့ကို ကျွန်မက ပြောပြပါတယ်၊ ဒါကို သူက မယုံဘူးလေ'

'ကျွန် အစ်ကိုကြီးက အစ်မလေးကို မင်းလောက်တော့ မလှပါဘူးကွာ၊ မင်းပြောတာ ငါမယုံဘူးလို့ ပြောတာမဟုတ်လား'

ရှစ်ထင်ဟုန်က ကြားဖြတ်ဝင်ပြောသည်။

ချောပင် ရယ်နေသည်။ အဖြေပြန်မပေး။ အမှန်စင်စစ်ပင် ဝင်းထိုက်လိုက်က ထိုစကားအမှန်တကယ်ပြောခဲ့သောကြောင့် ဖြစ်ပေသည်။

'ဒါကို ဟန်ကျုံမြို့က ဘုရင်တည်းခိုတဲ့အိမ်ကို သွားပြီးခိုးယူလာတာ မဟုတ်လား'

ချောပင်က ဝင့်ကြွားဟန်ဖြင့် ခေါင်းညိတ်ပြသည်။



'အစ်ကိုကြီး ဝင်းထိုက်လိုက်ကို ပြချင်လို့ ယူလာရတာပါ၊ ကျောက်စိမ်းပန်းပုရုပ်ကို ဆက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာကိုတော့ ဂိုဏ်းချုပ်ကြီး သဘောအတိုင်းသာ စီစဉ်ပါ၊ ဟူချစ်ပုံကိုပဲပြန်ပေးပေး၊ ကိုယ့်ဟာသာကိုယ်ပဲ သိမ်းထားထား၊ ဂိုဏ်းချုပ်ကြီး ဆုံးဖြတ်ချင်သလို ဆုံးဖြတ်နိုင်ပါတယ်'

ဝင်းထိုက်လိုက်မှာ ကျောက်စိမ်းရုပ်တုကို အသေအချာလှည့်ပတ်ကြည့်ရှုပြီးနောက် အံ့သြမဆုံးနိုင်အောင် ရှိတော့သည်။

'ဘယ့်နှယ်လဲ၊ လှတယ် မဟုတ်လား'

ချောပင်က ပြုံး၍မေးသည်။ ဝင်းထိုက်လိုက်က ပြုံးတုံ့တုံ့အမူအရာဖြင့် ကျောက်စိမ်းရုပ်တုကို ပြန်ပေးသည်။ ချောပင် ကြောင်အမ်းအမ်းဖြစ်သွား၏။

နောက်မှ သူ့ယောကျ်ားက ကျောက်စိမ်းပန်းပုရုပ်တု ဘယ်လောက်ပဲ လှနေပါစေ၊ မင်းထက်တော့ပိုပြီး မလှနိုင်ပါဘူးကွာဟူသည့် သဘောမျိုးဖြင့် ကျောက်စိမ်းရုပ်တုကို ပြန်ပေးခြင်းဖြစ်ကြောင်း သိသွားသည်။

ထို့ကြောင့် ဝမ်းသာပီတိဖြစ်ခြင်းနှင့်အတူ မျက်နှာများနီရဲကာ ရှက်သွေးထက်သွားတော့သည်။

'နင့်ကိုတော့ တကယ်ပဲ ချီးကျူးပါတယ် ငါ့နမရယ်၊ ဒီလောက် အစောင့်အကြပ်တွေ ထူထပ်တဲ့ကြားထဲက ပန်းပုရုပ်ကို ခိုးယူလာနိုင်တာ အံ့ပါရဲ့၊ ငါတို့လို ယောကျ်ားရင့်မာကြီးတွေတောင် ဒီလောက် သတ္တိမရှိဘူး'

ဟူချိန်က ချောပင်ကို ချီးကျူးသည်။

ချောပင်မှာ လွန်စွာပီတိဖြစ်သွားသည်။ ထို့ကြောင့် နယ်စားကြီး၏ အိမ်သို့ သူမ မည်ကဲ့သို့ သွားရောက်ခဲ့ပုံ၊ အစောင့်ကိုဖမ်းပြီး ပန်းပုရုပ်

ထားသည့်နေရာကို မေးစမ်းပုံ၊ အစောင့် ခွေးများကို အသင့်ပါလာသည့် အမဲသားဖြင့် အဆိပ်ခတ်ပုံ၊ ကြောင်အော်သံ ဟန်ဆောင်၍ အစောင့်ကို တံခါးဖွင့်စေပုံ၊ ထို့နောက် ဘူးကို မရအရ ရှာယူလာပုံတို့ကို အသေးစိတ် ပြန်လည်ပြောပြလေသည်။

ပန်းပွင့်နီဂိုဏ်းသားများက စိတ်ဝင်တစား နားထောင်ကြသည်။

ထို့ပြင် လူမချင်းက....

'အင်း... နင့်အဖေနဲ့ ငါနဲ့က သွေးသောက်ရင်းဖက် ရင်းနှီးလာကြတဲ့ လူတွေဆိုတော့ အခုအချိန်မှာ နင့်ကို ငါကပဲ ဆုံးမရတော့မယ်၊ စိတ်မဆိုးနဲ့နော်'

'ပြောပါ အဘ၊ ဘာများဖြစ်လို့ပါလဲ'

'နင်ဟာ သတ္တိကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ လူတိုင်းက ချီးကျူးစရာကောင်းလောက်တဲ့ ကိစ္စကို တစ်ယောက်တည်းနဲ့ လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်၊ ဒါပေမယ့် ငါကတော့ မချီးမွမ်းချင်ပါဘူး။ ကိစ္စတစ်ခု ဆောင်ရွက်တော့မယ်ဆိုရင် အမြဲတမ်း ချင့်ချိန်စဉ်းစားရတယ်၊ အဓိကနဲ့ သာမညကိုလဲ ခွဲခြားတတ်ရတယ်၊ တကယ်လို့ ကျောက်စိမ်းရုပ်ဟာ တို့အတွက် အရေးကြီးနေမယ်၊ ဆင်းရဲမွဲပြာတဲ့ ပြည်သူတွေအတွက် အကျိုးရှိမယ်ဆိုရင် နင့်စွန့်စွန့်စားစားလုပ်ဆောင်ခဲ့တာဟာ ဂုဏ်ယူစရာကောင်းတယ်၊ ခုတော့ နင်က ဝင်ထိုက်လိုက်စိတ်ချမ်းသာပါစေတော့ စိတ်ပျော်ပါစေတော့ဆိုပြီး အသက်စွန့်ကြီးစားခဲ့တယ်၊ တကယ်လို့ နင်တစ်ခုခုဖြစ်သွားရင် ဘာဖြစ်မလဲ ဝင်ထိုက်လိုက်ကလဲ နင့်အတွက်နဲ့ သောကရောက်ရမယ်၊ အားလုံးကလဲ နင့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေ ပြန်စရဦးမယ်၊ ဝင်ထိုက်လိုက်ကို ဘယ်လိုကယ်ခဲ့ရသလဲ၊ နင်လုပ်ခဲ့တဲ့အလုပ်ကို ပြန်စဉ်းစားကြည့်စမ်း၊ မှန်မမှန် သင့်မသင့်ဆိုတာ'



ကိုယ့်ကိုယ်ကို အဟုတ်ကြီးထင်နေမိသော ချောပင်မှာ လူမချင်း၏စကားကြောင့် ရှက်သွားမိတော့သည်။

'ဟုတ်... ဟုတ်ပါတယ်၊ အဘပြောတာ မှန်ပါတယ်'

'ဒီညမျိုးမှာ ဘုရင်ကလဲ တို့ဆီကို ရောက်နေတယ်၊ ကိုယ်ရံတော်တပ်ဖွဲ့ကလဲ တို့ကို ဝိုင်းရံထားကြတယ်၊ ဒါကြောင့်မို့ နယ်စားကြီးအိမ်မှာ သိုင်းပညာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်တစ်လေမှ မကျန်တော့ဘူး၊ တကယ်လို့ အဲဒီအချိန်မှသာ ဝိုင်ကျိန်းမဖြစ်စေ၊ ဘုရင့် ကိုယ်ရံတော်တပ်သားတွေသာရှိနေမယ်ဆိုရင် နင့်စွန့်စားမှုဟာ ခုလိုအောင်မြင်မှာ မဟုတ်ဘူး၊ အောင်မြင်လိမ့်မယ်၊ ဒါကြောင့် ဘယ်အလုပ်ကိုပဲလုပ်လုပ် အဓိကနဲ့ သာမညကို ခွဲပြီး ချင့်ချင့်ချိန်ချိန် စဉ်းစားလုပ်ဆောင်သင့်တယ်'

ချောပင်မှာ ရှက်သွားသဖြင့် ခေါင်းငုံ့နေရတော့သည်။ သူမ၌ အမှန်တကယ် အပြစ်ရှိခဲ့ပြီ မဟုတ်ပါလား။

'အစ်ကိုကြီး ဝင်ထိုက်လိုက် အန္တရာယ်ကြားက လွတ်မြောက်လာပြီး ကျွန်မတို့ရေးအခြေအနေကောင်းလာတော့ အစ်မလေးဟာ ဝမ်းသာလွန်းပြီး ဒီကိစ္စကို မစဉ်းမစားလုပ်မိတာဖြစ်မယ်၊ နောင်ဆိုရင်တော့ စဉ်းစဉ်းစားစား လုပ်ပေါ့'

ချိန်ကျွန်းလောင်က နောက်ဆုံးဝင်၍ သတိပေးလေ၏။ ချောပင်မှာ အကြိမ်ကြိမ်ခေါင်းညိတ် ကတိပြုနေရလေတော့၏။

'ကဲ... ကျုပ်တို့မင်္ဂလာအခမ်းအနား ပြင်ဆင်လိုက်ကြရအောင်၊ ရှေ့ဆက်ရင် ရှစ်ထောင်ဟုန် ခင်ဗျားက အကြံဉာဏ်ကောင်းတော့ ဘယ်လိုလုပ်ရမလဲဆိုတာ စီစဉ်စမ်းပါဦး။ မင်္ဂလာအခမ်းအနားက တောသလောက်လတ်လတ် ကျင်းပရမှာဆိုတော့ ပြင်ဆင်စရာတွေ ဝယ်ခြမ်းစရာတွေ အခက်အခဲရှိနေပြီ၊ လုပ်စမ်းပါဦး'

ချိန်ကျွန်းလောင်က ရှစ်ထောင်ဟုန်ကို ချစ်ခင်နှီးနှောက်ပြောင်လိုက်

သည်။ ပန်းမွှင့်နီရိုက်ဆီးသားများက ဝိုင်းရယ်ကြသည်။ ရှစ်ထင်ဟုန်မှာ ရှက်ကိုးရှက်ကန်းဖြင့် အနိုင်နိုင်ပြုံးပြနေရပြီး စကားပင် မပြောနိုင်ရှာတော့ပေ။

'ရှေ့ညာဏ်ရှင်က ဘာမှကို မပြောတတ်တဲ့ အ,အကြီးဖြစ်နေပါလား။ ကဲ... ကဲ... ဒီလိုဆိုလဲ ကျုပ်ကပဲ စီမံလိုက်ပါ့မယ်ဗျာ၊ မိန်းကလေး သတို့သမီး ဘက်ကတော့ အဘကြွတ်ပဲ ဦးစီးပေါ့၊ ယောကျ်ားလေးဘက်ကတော့ အစ်ကိုကြီးကြောင်ပစန်းကပဲ ဦးစီးဆောင်ရွက်ပေါ့။ ဝေချွန်ဝါက မြို့ထဲကိုသွား၊ မင်္ဂလာအခမ်းအနားအသုံးအဆောင်ပစ္စည်းနဲ့ လိုအပ်တာရှိတာတွေ ဝယ်လာခဲ့၊ မှန်ကျက်ရှုကတော့ စားသောက်ဆိုင်တစ်ဆိုင်က အစားအသောက်တွေ သွားမှာပါ။ ကျုပ်တို့အဖွဲ့ရဲ့ မင်္ဂလာလက်ဖွဲ့ပစ္စည်းကိုတော့ ယာယီဆိုင်းငံ့ထားလိုက်ဦး။ နောက်မှ ပြန်ခွဲကြတာပေါ့၊ မကောင်းဘူးလား'

ချိန်ကျန်းလောင်က တာဝန်များ ခွဲပေးလိုက်၏။

ဝေချွန်ဝါနှင့် မှန်ကျက်ရှုတို့ မြို့ထဲဘက်သို့ ထွက်ခွာသွားကြသည်။ ကြောင်ပစန်းက

'သတို့သားဘက်က ယောကျ်ားလေးရှင်အဖြစ် ဂိုဏ်းချုပ်ကြီးကပဲ တာဝန်ယူ လုပ်ပေးပါ၊ ကျုပ်က သက်သေလူကြီးအဖြစ် ဆောင်ရွက်ပေးပါ့မယ်'

ထိုအချက်မှာ သဘောတကျသဖြင့် ချိန်ကျန်းလောင် လက်ခံလိုက်ရသည်။ ထို့နောက် အားလုံး အနားယူကြသသည်။

နေ့ခင်းဘက်တွင် ဝေချွန်ဝါ ပြန်လည်ရောက်ရှိလာခဲ့သည်။ မင်္ဂလာအခမ်းအနားနှင့်ပတ်သက်သည့် ပစ္စည်းများသာမက သတို့သမီး အသုံးအဆောင်များပါမကျန် အားလုံးဝယ်ခြမ်းလာခဲ့လေသည်။

ချောပင်က သတို့သမီး၊ အသုံးအဆောင်များကို လက်ခံယူပြီး



နောက် ဝေချွန်ဝါအား

'နံပါတ်ကိုးက ဘယ်ဆိုးလို့တုန်း။ မိန်းမ အသုံးအဆောင်တွေကို ပြည့်ပြည့်စုံစုံ ဝယ်လာတတ်သားပဲ၊ နံပါတ်ကိုးနဲ့ရတဲ့ မိန်းကလေးကတော့ ကံကောင်းတော့တာပဲ'

ဝေချွန်ဝါ ရှက်ပြုံးပြုံးသည်။

'ကျုပ်တို့ ဒီနေ့ည သတို့သားနဲ့ သတို့သမီးကို နောက်ပြောင်ကြရအောင်'

'ကောင်းတယ်၊ ဒီလိုပျော်ပွဲမျိုးက ကြုံတောင့် ကြုံခဲပဲ၊ ဘယ်လို စီစဉ်ထားလို့လဲ'

ချောပင်က လက်ခုပ်လက်ဝါးတီး၍ ပြော၏။ ကျန်ဆိုက်ဒိန်းတို့က သတို့သား၊ သတို့သမီးကို နောက်ပြောင်မည်ဆိုသဖြင့် အကြံဉာဏ်မျိုးစုံ ပေးကြသည်။ ထိုစဉ် ဝေချွန်ဝါက

'အစ်မလေးက ဘုရင့်ကျောက်စိမ်းပန်းပုရုပ်ခိုးယူလာနိုင်တာကို သိပ်ချီးကျူးစရာ မလိုပါဘူး။ တေတေက ပြောသလိုပေါ့၊ ဘုရင့်ကိုယ်ရံတော်တပ်နဲ့ သက်တော်စောင့် သိုင်းသမားအကျော်တွေ ရှိမှ မရှိဘဲ'

'အံမာ... အဲဒီ မရှိတဲ့အထဲ မင်းသွားခိုးစမ်းပါဦး၊ ဉာဏ်ကို လှာမသုံးဘဲနဲ့ မရနိုင်ပါဘူးကွ'

ချောပင်က စိတ်ဆိုးပြီး ပြောလေ၏။

'ကဲ... ဒီလိုဆိုရင် သတို့သမီးရဲ့ပစ္စည်းကို ခိုးပြနိုင်ပါ့မလား။ ခိုးပြနိုင်ရန် အစ်မလေးကို ကျုပ်တို့ ချီးကျူးမယ်ဗျာ'

'ဘာပစ္စည်း၊ ခိုးပေးရမှာလဲ'

'သတို့သားနဲ့ သတို့သမီး အိပ်ပျော်သွားရင် သူတို့ဝတ်တဲ့ အဝတ်အစားကို ရအောင် ခိုးပေးရမယ်၊ ခိုးပေးနိုင်မလား'

ကျွန်ကျင်က လက်ခုပ်လက်ဝါးတီးလျက် ထိုအစီအစဉ်ကို ထောက်ခံသည်။ သူတို့၏ ဆူညံအော်ဟစ်သံများကြောင့် ကြောင်ပစန်း ရောက်ရှိလာ၏။

'ဘာတွေ သဘောကျနေကြတာလဲ'

'ဘာမှ သဘောမကျဘူး။ ဒါ ကလေးတွေ အလုပ်၊ အစ်ကိုကြီး အနေနဲ့ ဒီမှာ ဘာမှ လုပ်စရာရှိပါဘူး'

ကျွန်ခိုက်နီးက ကြောင်ပစန်းကို တံခါးဝသို့ တွန်းထုတ်လိုက်သည်။ ကြောင်ပစန်းမှာ လူကြီးတစ်ယောက်ဖြစ်သည်။ ကလေးကလား ပျော်ရွှင်စရာ လုပ်ကြမည့် သူတို့အစီအစဉ်များကို သဘောတူကောင်းမှ တူပေမည်။ ထို့ကြောင့် နှင်ထုတ်ကြခြင်း ဖြစ်ပေသည်။

'အစ်မလေး... ဒီကိစ္စက ခက်ခဲမယ်နော်၊ ဖြစ်နိုင်ပါ့မလား'

ရန်ရှိန်ရှက်က ချောပင် မခံချင်အောင် တမင်သက်သက်စသည်။

'ဖြစ်မှ လုပ်နော်'

ဝေချွန်ဝါကလည်း မခံချင်အောင် ဝင်ပြောပြန်၏။ ချောပင် မျက်မှောင် ကြုတ်သွားသည်။ သူမ မခံချင်စိတ်ပေါ်လာသည်။

'ဒီကိစ္စက လွယ်တော့မလွယ်ဘူး။ ဒါပေမယ့် ရအောင် နိုးနိုင်ရင် ဘာပေးမလဲ'

ဝေချွန်ဝါက အတန်ငယ်စဉ်းစားပြီး

'ကျွန်တို့ငါးယောက်စုပေါင်းပြီး အစ်မလေးရဲ့မြင်းခြံကြီးမှာ ဆင်ဖို့ ရှောက်နီးစစ်စစ်တစ်ခု လုပ်ပေးမယ်၊ အစ်မလေးရဲ့စိတ်တိုင်းကျ ပုံစံလဲ ဖြစ်စေရမယ်'

'ကောင်းပြီ... စိန်လိုက်၊ ငါနိုင်ရင် လက်နက်ပုန်းထည့်တဲ့အိတ် တစ်ယောက်တစ်လုံးစီ ငါကိုယ်တိုင် ချုပ်ပေးမယ်'

'ဟုတ်ပြီ... စိန်လိုက်'



အားလုံး သဘောတူ ကျေနပ်လိုက်ကြသည်။

ချောပင်မှာ မခံချင်စိတ်ကြောင့် ကတိပေးခဲ့သော်လည်း မည်ကဲ့သို့ နိုးယူရမည်ကို အစီအစဉ် မချနိုင်သေးပေ။ ကြုတ်ချစ်ကို ချော့မော့၍ မိမိအကြံအောင်ရန် လုပ်ဆောင်နိုင်သည်။ သို့သော် ရှစ်ထင်ဟုန်ကိုတော့ ပေါ့ပေါ့တွက်၍ မရပေ။ ရှစ်ထင်ဟုန်မှာ ချက်ဆို နားခွက်က မီးတောက်သူဖြစ်၍ ရှစ်ထင်ဟုန်သာ ဤအကြောင်း ရိပ်မိလျှင် မိမိရှုံးနိုင်ကြောင်း သူ သိပေသည်။ ထို့ကြောင့် အခြေအနေအရ ကြည့်ပြီးလှုပ်ရှားသွားရန် ဆုံးဖြတ်လိုက်ရလေတော့သည်။

ညရောက်လေပြီ။ တစ်လောကလုံး အမှောင်ကြီးစိုးသွားလေပြီ။

ခဏအတွင်းမှာပင် ညှိခန်းမဆောင်အတွင်း၌ ဖယောင်းတိုင်မီးများ ထိန်ထိန်လင်းသွားတော့သည်။

ရှစ်ထင်ဟုန်မှာ သတို့သားဝတ်စုံကိုဝတ်ပြီး ဘယ်ဘက်၌ ရပ်နေလေသည်။ ချောပင်က ကြုတ်ချစ်ကို တွဲခေါ်လာပြီး ရှစ်ထင်ဟုန်နှင့် ယှဉ်စေသည်။

ထို့နောက် ကြုတ်ကြူရှင်းတို့လင်မယား၊ မျိုးကျွန်းလောင်နှင့် ကြောင်ပစန်းတို့က ရှေ့မှ ဦးဆောင်ပြီး နောက်မှ သတို့သား သတို့သမီးကို လိုက်ပါစေကာ မင်္ဂလာအခမ်းအနား စင်မြင့်ပေါ်သို့ တက်လိုက်ကြသည်။

'နွှဲ... ဖြောင်း... ဖြောင်း'

ပန်းပွင့်နီကိုထိုးသောသူများက ဩဘာလက်ခုပ်များ ပေးကြသည်။ ဤအစီအစဉ်တွင် ဝေချွန်ဝါက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကာ မင်္ဂလာအခမ်းအနားစတင်ကြောင်း ကြေညာသည်။

ထို့နောက် အသီးသီး နေရာယူကြပြီးလျှင် သတို့သား သတို့သမီးက ပထမဦးစွာ ဘုရားကန်တော့သည်။ ထို့နောက် ကြုတ်ကြူရှင်းတို့

လင်မယားနှင့် ချိန်ကျွန်းလောင်ကို ကန်တော့ပြီးမှ ကြောင်ပစန်းကို ကန်တော့ကြသည်။

ကြွတ်ကြွရင်းတို့လင်မယားနှစ်ယောက်မှာ သမီးကလေး လင်ကောင်း သားကောင်းရရှိသွားပြီဖြစ်သဖြင့် ဝမ်းသာနေကြသည်။

ကြွတ်ကြွရင်းကတော်ကြီးမှာ အပြုံးမျက်နှာထုံးတစ်ခုရှပ်ထားသည့် အလား တစ်လျှောက်လုံး ပြုံးနေသည်။ သူမ လွန်စွာဝမ်းသာနေပေသည်။

ထိုစဉ် မျက်နှာ၌ ပတ်တီးများစည်းထားသော ယိမ်ရိုတုံးက သူ၏ ရွှေပလွေကိုထုတ်ယူပြီး သီချင်းတစ်ပုဒ် သီမှုတ်လေတော့၏။

ထိုသီချင်းမှာ မင်္ဂလာအခေါင်းနှင့် ပြည့်စုံသောအချိန်သမယ၌ သာယာချမ်းမြေ့မှု ခံစားခြင်းပါပေဟူသည့် အဓိပ္ပာယ်ရှိသော သီချင်းကို သီဆိုကျူးရင့်ခြင်း ဖြစ်ပေတော့သည်။

ပန်းမွှင့်နီကိုတ်းသားအားလုံး ဝမ်းသာကျေနပ်သွား၏။

ထို့နောက် ယိမ်ရိုတုံး၏ ပလွေဖြင့် သီချင်းမှုတ်ဖြေမှုအစီအစဉ် ပြီးဆုံးပြီးနောက် စားသောက်ပွဲအခမ်းအနားစတင်သည်။

ရသေ့ကြီးဟူချိန်က အရက်အိုးကို ကိုင်မြှောက်လိုက်ပြီး

'ဒီည မမူးမချင်း သောက်ကြမယ်'

ဟု အော်ဟစ်ကြေညာလေတော့၏။

ခန်းမဆောင်ထဲ၌ လင်းထိန်နေသော်လည်း အပြင်ဘက်၌ကား မှောင်နေသည်။ သို့သော် သိုင်းသမားများအဖို့ကား ထိုအမှောင်ကို ဂရုမစိုက်ချေ။

မြင်ပသစ်မင် တစ်ပင်ပေါ်၌ မျောက်တစ်ကောင်ကဲ့သို့ ခုန်လွှား သွားသော လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရသောအခါ ချွေနိဝါနှင့် ကျန်ကျင်တို့သည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်၍



လိုက်ရှာကြသည်။

သို့သော် လှုရိပ်လှုရောင်ဟူ၍ လုံးဝ မတွေ့ရပေ။

ထိုအကြောင်းကို ဂိုဏ်းချုပ်ကြီးအား သွားရောက် အသိပေး အကြောင်းကြားကြ၏။

ချိန်ကျွန်းလောင်က ရယ်မောလိုက်ပြီး....

'ကိစ္စမရှိပါဘူး။ ဒီနေ့ဟာ ရုစ်ထင်ဟုန်ရဲ့ မင်္ဂလာ နေ့ထူးနေ့မြတ် ကြီးပဲ၊ ကျုပ်တို့ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းသာ ဆက်ပြီး လုပ်သွားကြပါ။ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ ကဲ အားလုံးစားကြ သောက်ကြရအောင်'

ပန်းမွှင့်နီကိုတ်းသားအားလုံး အရက်ဗိုင်း ပြန်ထိုင်ကာ သောက်လက်စ ပြန်သောက်ကြသည်။

အားလုံး စိတ်အေးလက်အေး အရက်သောက်နေကြသည်။

ချိန်ကျွန်းလောင်က ဟူချိန်အား တီးတိုးပြောလေ၏။

'သစ်ပင်ပေါ်က လူရိပ်ကို ကျုပ်တော်လဲ တွေ့လိုက်ရပါတယ်၊ သူ့ပုံစံက သိုင်းပညာ သိပ်ကောင်းဟန် မတူပါဘူး'

'ဟုတ်တယ်၊ ကြောက်စရာ သိပ်မရှိပါဘူး။ ကျုပ်တို့ လူအုပ်ကလဲ များနေတာပဲ၊ သူ့ပညာလောက်နဲ့တော့ ကျုပ်တို့ကို ဒုက္ခပေးနိုင်မယ် မထင်ပါဘူး'

သူတို့သည် အထိမ်းအမှတ်အဖြစ် ဆုမွန်ကောင်းများတောင်းကာ မြိုင်တွေ့ အရက်သောက်ကြလေတော့၏။

ထို့နောက် လူချင်းနီးရာ ခေါင်းချင်းဆိုင်ပြီး စပ်မိစပ်ရာတို့ကို ပြောဆို ရယ်မောနေကြတော့သည်။

ကြောင်ပစန်းနှင့် ဟူချိန်တို့က ထင်စန်းရွှေလင်ယုန်စနီးမောင်နှံ အကြောင်း ဆွေးနွေးနေကြသလို ကျန်ကျင်နှင့် ချိုစွန်းယင်းတို့က

အပြန်အလှန် ပဟေဠိများ အမေးအဖြေပြုလုပ်ပြီး ရှုံးသူက အရက်တိုက်ကြေး လောင်းကစားနေကြသည်။

ရန်ချိုရှက်နှင့် ကျန်သီကိန်းတို့က အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး သရဲညီနောင်နှင့် အရက်ကို အလောင်းအစား ပြိုင်သောက်နေကြသည်။

ယိနီတုံးနှင့် ဝင်သိုက်လိုက်တို့မှာ ဒဏ်ရာကြောင့် အရက်သောက်၍ မဖြစ်သဖြင့် လက်ဖက်ရည်ကိုသာ အရက်အမှတ်နှင့် ငုံသောက်နေကြရလေသည်။

ပန်းပွင့်နီဂိုဏ်းသားများသည် ပျော်လည်းပျော်၊ အရက်ကလည်း ဝမ်းထဲသို့ အတော်များများ ဝင်ကုန်ပြီဖြစ်၍ အော်ဟစ်ဆူညံလာကြသည်။

ထိုစဉ် ချိန်ကျန်းလောင်က မသိမသာထသွားပြီး အခန်းဝမှ စင်ရန်ကို မျက်ရိပ်ပြ၍ လှမ်းခေါ်လိုက်၏။

'ဘာလဲ ဆရာ'

'စင်ရန်— ငိုက်သားတစ်ချို့ကိုခေါ်ပြီး အဆောင်ပတ်လည်ကို ကင်းလှည့်စမ်း'

စင်ရန် ပြေးထွက်သွားတော့၏။

ချိန်ကျန်းလောင်သည် အရှုပ်နှင့်မလွတ်အောင် သတိကြီးသူဖြစ်၏။

အများအမြင်၌ သူသည် မည်သည့်ဘေးရန်ကိုမျှ မမှုသလို ဟန်ဆောင်နေသည်။ တကယ်တမ်းတွင်မူ ဤမင်္ဂလာပွဲကို တစ်စုံတစ်ယောက်က လာဖျက်မည်ကို စိုးရိမ်နေသည်။

မင်္ဂလာပွဲ အုတ်အော်သောင်းနင်းဖျက်စီးလျှင် ပန်းပွင့်နီဂိုဏ်း၏ ဂုဏ်သရေမှာ အဝတ်ဆယ်၍ ရတော့မည် မဟုတ်ချေ။

ကြွတ်ချစ်နှင့် ရှစ်ထင်ဟုန်တို့သည် ပန်းပွင့်နီဂိုဏ်း၏ ခေါင်းဆောင်များကို အသီးသီး လိုက်လံနှုတ်ဆက်ကြ၏။



ထို့နောက် ရန်ချိုရှက်၊ ဝေချွန်ဖီတို့က နောက်ပြောင်သည့်အခါတွင်မူ ကြွတ်ချစ်က ဆတ်ဆတ်ကြဲ အသံမခံပြန်လှန်နောက်ပြောင်သည်။

ကြွတ်ချစ်၏ စိတ်သဘောထားကို သိထားကြသဖြင့် ပန်းပွင့်နီဂိုဏ်းသားများ စိတ်မဆိုးကြချေ။

ကြွတ်ကတော်ကြီးမှာမူ သမီး၏အပြောအဆိုများအတွက် သက်ပြင်းသာချ၍ ဖြစ်နေ၏။

သို့သော် မျက်နှာမှာ ပုံလွှမ်းနေသည့် အပြုံးမှာမူ ကွာကျမသွားခဲ့ပါချေ။

ထိုစဉ် ချောပင်က ဝေချွန်ဖီတို့အား....

'ရှင်တို့က ရှစ်ထင်ဟုန်ကို အရက်မူးအောင် တိုက်ကြစမ်းပါဦး'

ဝေချွန်ဖီက ခေါင်းညိတ်ပြီး ကျန်သီကိန်းကို မျက်စပစ်ပြလိုက်သည်။

ထို့နောက် ရှစ်ထင်ဟုန်ထံသို့ နှစ်ယောက်အတူ သွားကြပြီး အရက်တစ်ယောက်တစ်ခွက် အပြိုင်တိုက်ကြသည်။

ထိုကဲ့သို့ ရှစ်ထင်ဟုန်တစ်ယောက်တည်းကို လေးငါးခြောက်ယောက် ဝိုင်းဝန်းတိုက်ကြသဖြင့် နောက်ဆုံး၌ ရှစ်ထင်ဟုန်တစ်ယောက် အရက်မူးလွန်ကာ စားပွဲပေါ်၌ မှောက်သွားလေတော့၏။

ကြွတ်ကတော်ကြီးသည် သမက်ဖြစ်သူအတွက် စိုးရိမ်ပြီး ဝင်တား၏။

'အရက်သောက်တာ များသွားပြီ၊ နောက်ထပ် မတိုက်ကြပါနဲ့တော့'

ထို့နောက် အန်ကျွက်ကာန်ကို ဖေးတွဲယူနိုင်းပြီး မင်္ဂလာအခန်းသို့ သွားရောက် ပို့ဆောင်စေသည်။

ရက်ချိန်ရှက်က ချောပင်အား ရယ်ရယ်မောမော ပြောသည်။

'အစ်မလေး နိုင်လိမ့်မယ် ထင်တယ်၊ သူ အရက်မူးနေပြီ'

ချောပင်က ကျေနပ်စွာ ရယ်နေသည်။ လက်ဖက်ရည်ကြမ်း အိုးတစ်အိုးကို ဆွဲယူလိုက်ပြီး လက်ဖက်ရည်ကြမ်းများကို ငုံ့သွန်းပစ် သည်။

ထို့နောက် အရက်များအပြည့်ဖြည့်ကာ ကြွတ်ချစ်ရှိရာသို့ ချဉ်းကပ်သွား၏။ ကြွတ်ချစ်သည် ချောပင်ကို မြင်သောအခါ ဝမ်းသာ သွားသည်။

'မမလာတာနဲ့အတော်ပဲ၊ ညီမတစ်ယောက်တည်း ပျင်းနေတာ'

'ညီမလေး ရေငတ်နေသလား။ မမ လက်ဖက်ရည်ကြမ်းယူလာ ခဲ့တယ်လေ၊ သောက်လိုက်ပါဦး'

'စိတ်ညစ်တယ် မမရာ၊ မသောက်ချင်ပါဘူး'

ချောပင်က လက်ဖက်ရည်အိုးကို ကြွတ်ချစ်၏နှုတ်ခမ်းဝသို့ တေ့ပေးလိုက်ပြီး....

'နမ်းကြည့်စမ်း၊ ဒီလက်ဖက်ရည်ကြမ်းက သိပ်မွှေးတာ'

ကြွတ်ချစ် နမ်းကြည့်လိုက်လျှင် အရက်များဖြစ်နေသည်ကို သိရ၍ ဝမ်းသာအားရဖြစ်သွားမိသည်။ သူမသည် ယောက်ျားကလေး ကဲ့သို့ လွတ်လပ်စွာ နေခဲ့သူဖြစ်၍ အရက်ကြိုက်တတ်နေပေပြီ။

'ရေငတ်နေတာနဲ့ အတော်ပဲ မမရယ်'

ကြွတ်ချစ်က အရက်ကို တစ်ကျိုက်ကျိုက် သောက်လေတော့၏။

'ညီမလေးကို မမ ပြောစရာတစ်ခုရှိတယ်၊ တကယ်တော့ ဒီအကြောင်းက ပြောသင့်တဲ့ အကြောင်းတော့ မဟုတ်ဘူး။ တို့နှစ် ယောက်က ညီအစ်မအရင်းတွေလို ချစ်နေကြတော့ ဒီအကြောင်းကို ပြောမှ ဖြစ်လိမ့်မယ်'



'ပြောပါ မမ၊ ဘာကိစ္စလဲ'

'ညီမလေး မေမေက ဘာမှ မမှာလိုက်ဘူးလား။ တော်ကြာနေ အဝတ်အစား'

ကြွတ်ချစ်၏ မျက်နှာကလေးမှာ ရှက်သွေးဖြာပြီး ရဲရဲနီလာသည်။

'ဘာလဲ၊ ဘာအကြောင်းလဲ မမ၊ မေမေက ဘာမှ မမှာပါလား'

ချောပင်က အရေးကြီးသည့်အမူအရာ လုပ်လိုက်သည်။ ထို့နောက် လေသံကလေးနှင့် တိုးတိုးပြောလေတော့၏။

'အင်း.... သူလဲ သိမှာမဟုတ်ဘူးလေ၊ ကဲ... မပြောမယ်၊ အိမ်ထောင်ကျပြီးလို့ လင်မယားနှစ်ယောက်အနက်မှာ တစ်ယောက်က တစ်ယောက်ကို အမြဲလိုလိုအနိုင်ယူ အနိုင်ရတတ်တယ်၊ လင်ယောက်ျား လုပ်တဲ့ လူက အနိုင်ရတဲ့ အိမ်ထောင်ရေး ဖြစ်ချင်ဖြစ်၊ မိန်းမလုပ်တဲ့ လူက အနိုင်ရတဲ့အိမ်ထောင်ရေး ဖြစ်ချင်ဖြစ်၊ တစ်ယောက်က အမြဲ အနိုင်ရပြီး တစ်ယောက်က အမြဲအနိုင်ကျင့်ခံရတဲ့ အိမ်ထောင်ရေးတွေ ရှိတယ်'

'ဟင်.... ညီမလေးကတော့ သူ့ကို အနိုင်မယူချင်ပါဘူး။ သူကလဲ ညီမလေးကို အနိုင်မကျင့်ရဘူး'

'ဟုတ်ပါတယ်လေ၊ အိမ်ထောင်ရေးမှာ ဘယ်သူ့ဘယ်သူမှ အနိုင် မယူကြတာ အကောင်းဆုံးပေါ့၊ ဒါပေမယ့် ညီမလေးရဲ့ ယောက်ျားဆို တာမျိုးက ဆိုးတဲ့လူကများတယ်၊ တစ်ခါတစ်လေ ဆိုးလွန်းအားကြီးလို့ ကိုယ့်ကိုယ်ကို သတ်သေရမလောက် စိတ်ညစ်နေကြရတဲ့လူတွေ ရှိတယ်၊ အင်း.... ရှစ်ထင်ဟုန်က ညာထိုးညာထိုးနက်သိပ်များတဲ့လူ၊ ညီမလေးက ရိုးသားမှန်လင်းတဲ့လူဆိုတော့ ဘက်မညီဘူး။ ညီမလေးက အမြဲတမ်း သတိထားမှ တော်ရုံကျမယ်'

ကြွတ်ချစ်မှာ မဟုတ်မခံစိတ်ရှိသည်။ ထို့ပြင် သူမသည် စိတ်တို

စိတ်ဆတ်သည်။

'သူ ကျွန်မကိုစော်ကားရင် သူ့ကို သတ်ပစ်မှာပေါ့'

ချောပင်က ခိုးခိုးခစ်ခစ် ရယ်လိုက်သည်။

'ညီမလေးကလဲကွယ်' လင်နဲ့မယားဆိုတာ လျှာနဲ့သွားပဲ။ ရန်ဖြစ်တဲ့အခါတော့ ဖြစ်ကြမှာပေါ့။ ရန်ဖြစ်တာနဲ့ သတ်ဟယ် ဖြတ်ဟယ်တော့ ဘယ်လိုလုပ်လို့ ဖြစ်ပါ့မလဲ'

ကြွတ်ချစ် စကားပြန်မပြောဘဲ ပြုံးနေသည်။

'အစ်ကိုကြီးဝင်ထိုက်လိုက်ရဲ့ သိုင်းပညာက မမထက်အများကြီးသာတာပဲ၊ မမတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ရိုက်ပုတ်ကြရင် မမရှုံးပဲ ရှုံးနေမှာပေါ့။ ဒါပေမယ့် တို့လင်မယားနှစ်ယောက်က ဘယ်တော့မှ ရန်မဖြစ်တတ်ဘူး။ အဲဒါ ဘာဖြစ်လို့လဲ သိလား။ သူက မမရဲ့စကားကို အမြဲတမ်းနားထောင်တတ်လို့ပဲ'

'ဟုတ်လား။ မမမှာ ဘယ်လိုနည်းကောင်းတွေ ရှိနေလို့လဲ'

ကြွတ်ချစ်မှာ မေးသာမေးနေရသော်လည်း မျက်နှာတစ်ပြင်လုံး ရှက်စိတ်ဖြင့် နီရဲနေလေသည်။

'ဒါက ပြောလို့မဖြစ်တဲ့စကားပဲ ညီမလေးရဲ့၊ ဒါပေမယ့် ညီမလေးက မေးလာတော့ မမက ပြောရတော့မှာပေါ့။ တစ်ခုတော့ ပြောထားရမယ်။ မပြောတဲ့ဟာ ရှစ်ထင်ဟုန်ကို ပြန်မပြောနဲ့နော်'

ကြွတ်ချစ် ခေါင်းညိတ်ပြသည်။

'ညီမလေးတို့ အိပ်ရာဝင်ခါနီးမှာ ညီမလေးရဲ့အင်္ကျီကို အရင်ချွတ်လိုက်၊ နောက်ပြီးမှ ရှစ်ထင်ဟုန်ရဲ့အင်္ကျီကို ချွတ်ပြီးတော့ မီးမှုတ်ပြီးရင် အင်္ကျီကို စားပွဲပေါ်တင်ထားလိုက်'

ပြတင်းပေါက်အောက်ရှိ စားပွဲကို လက်ညှိုးထိုးပြပြီး ဆက်ပြောပြန်သည်။



'စားပွဲပေါ်မှာထားရင် သူ့အင်္ကျီကို အောက်မှာထားပြီး ညီမလေးရဲ့ အင်္ကျီကို အပေါ်ကတင်ထားလိုက်၊ ဒီလိုလုပ်လိုက်ရင် သူက တစ်သက်လုံး ညီမလေးရဲ့စကားကို နားထောင်ရလိမ့်မယ်၊ ညီမလေးကိုလဲ ဘယ်တော့မှ အနိုင်ကျင့်လို့ မရတော့ဘူး'

ကြွတ်ချစ်က မယုံတစ်ဝက် ယုံတစ်ဝက် အမူအရာဖြင့်....

'ဟုတ်ရဲ့လားမမရယ်၊ ညီမတော့ မကြားဖူးပါဘူး'

'သိပ် ဟုတ်တာပေါ့။ ညီမလေး မေမေက ညီမလေးရဲ့ဖေဖေကို ကြောက်ရတယ် မဟုတ်လား။ အဲဒါ ဒီနည်းကို မသိလို့ဖြစ်တာပေါ့'

ကြွတ်ချစ် စဉ်းစားကြည့်သည်။ သူ့အမေသည် သူ့အဖေကို အမှန်တကယ်ပင် ကြောက်ရွံ့ရလေသည်။

'အင်္ကျီကိုထားတဲ့အခါမှာ အချိန်ကို ဂရုစိုက်နော်၊ တကယ်လို့ သူသိသွားပြီး ညသန်းခေါင်ကျော်မှာ အင်္ကျီကို ပြောင်းပြန်လှန်လိုက်ရင် ညီမလေး ဒုက္ခရောက်သွားရလိမ့်မယ်'

ချောပင် မျက်နှာပိုးတည်ခြင်း၊ လေသံက လေးနက်ခြင်း၊ အစ်မ တစ်ဦးသဖွယ် ခင်မင်ကြင်နာမှု ရှိခြင်းတို့ကြောင့် ချောပင်၏စကားများကို ကြွတ်ချစ် ယုံကြည်သွားလေ၏။ သူမ၏စိတ်ထဲမှ ကျိတ်၍ ရွှင်မြောက်သည်။

'သူကငါ့ကို အနိုင်မကျင့်ဖို့သာ အဓိကရေးကြီးတာပါ။ ငါကတော့ သူ့ကို စောင့်ရှောက်ထားမယ်။ သူက ငယ်ငယ်လေးကတည်းက မိဘမရှိတဲ့ လူဆိုတော့ သူ့ကို ငါ ဂရုစိုက်ပြုစုရမယ်'

ချောပင်မှာ ကြွတ်ချစ်တစ်ယောက် ပိုမိုယုံကြည်မှုရှိသွားစေရန် မိန်းကလေးနှင့် ပတ်သက်သော မယားဝတ္တရားများ၊ အိမ်ထောင်တာဝန်များကို ရှင်းလင်းပြောပြလေသည်။

ဤစကားမှာ အစစ်အမှန်စကားဖြစ်သဖြင့် ကြွတ်ချစ်သည်

မျက်နှာမှုန်မှုန် နားထောင်နေရလေသည်။ ပြီးလျှင် ချောပင်အား ကျေးဇူးတင်မဆုံးကြောင်း အကြိမ်ကြိမ်ပြောကြားသည်။

ကြွက်ချစ်နှင့် ချောပင်တို့ စကားပြောနေကြစဉ် အပြင်မှ ဖော်ဒေါက်သံများ ကြားလိုက်ရသဖြင့် ချောပင်နှင့် ကြွက်ချစ်တို့ ပြေးထွက်ကြည့်ကြသည်။ စောစောက အရက်မူးပြီး မှောက်နေသည့် ရှစ်ထင်ဟုန်သည် သတို့သားဝတ်စုံကြီးတကားကားဖြင့် ပြတင်းပေါက်အပြင်သို့ ခုန်ချသွားကြောင်း တွေ့လိုက်ရလေ၏။

ကြွက်ချစ်သည် ချက်ချင်းပင် အခန်းတွင်းသို့ပြန်ဝင်ပြီး သံသေတ္တာတွင်း၌ သိမ်းဆည်းထားသော စာရွက်ကိုထုတ်ယူလိုက်သည်။

ကြွက်ချစ်၏စိတ်က မင်္ဂလာအခမ်းအနားကာလတွင် အန္တရာယ်ဖြစ်စေနိုင်သော စာလောက်နက်ကို အခန်းထဲ၌ မထားရှိရန် မှာထားသော်လည်း ကြွက်ချစ်က မလိုက်နာဘဲ သံသေတ္တာအတွင်း၌ သိုဝှက်သိမ်းဆည်းထားခြင်းဖြစ်ပေသည်။

'ကဲ... ကျွန်မတို့ သွားရှာကြရအောင်'

ချောပင်က ရယ်မောလိုက်ပြီး

'မလုပ်ပါနဲ့ညီမရယ်၊ အေးအေးဆေးဆေးသာ နေစမ်းပါ၊ ဒီမှာ ညီမလေးရဲ့အစ်ကိုတွေ ဦးလေးတွေအားလုံးရှိနေကြတာပဲ၊ စိုးရိမ်ပြီး ကိုယ်က လိုက်ပါနေစရာ မလိုပါဘူး။ ညည်းရဲ့ သတို့သားလဲ ပျောက်ဆုံးသွားမှာ မဟုတ်ပါဘူးကွယ်'

ကြွက်ချစ်မှာ ချောပင်၏စကားကြောင့် တခစ်ခစ်ရယ်မောပြီး အခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။ မကြာမီ ရှစ်ထင်ဟုန်လည်း ပြန်လည်ရောက်ရှိလာ၏။ ချောပင်က ရှစ်ထင်ဟုန်ကို ဒေါက်ငင်းလိုက်၏။

'လူလည်း အရက်မူးသလိုမျိုး ဟန်ဆောင်နေသေးတယ်၊ ဒါက



ဘာသဘောလဲ၊ ခုအချိန်မှာ သတို့သမီးနားမှာ နေရမယ့်အချိန်ကြီး ဘာဖြစ်လို့ သူခိုးနောက် လိုက်နေရတာလဲ၊ ဒီအချိန်မျိုးဟာ စာလုံလေးမြား ကိုင်ရမယ့်အချိန် မဟုတ်ဘူးကွ'

ချောပင်သည် ပြောပြောဆိုဆိုနှင့် ရှစ်ထင်ဟုန်လက်ထဲမှ စာရွက်ကို ဆွဲယူလိုက်ပြီး ပြေးထွက်သွားလေတော့သည်။ ရှစ်ထင်ဟုန်သည် ဘာမျှ ပြန်မပြောဘဲ ကုလားထိုင်ပေါ် ထိုင်ချကာ ကြွက်ချစ်ကို မြိုးမြိုးကြီး စိုက်ကြည့်နေလေတော့၏။

☆ ☆ ☆

အခန်း (၄၄)

# ရန်သူလော မိတ်ဆွေလော

ပန်းမွှင့်နီကိုထီး၏ ဌာနချုပ်အတွင်း၌ မဖြစ်စဖူး အဖြစ်ထူးတစ်ခု ကျရောက်ခဲ့ခြင်းပင်။

ရန်သူများသည် ပန်းမွှင့်နီကိုထီး၏ အင်အားနှင့် စွမ်းရည်ကို သိရှိပြီးဖြစ်သဖြင့် မည်သည့်အခါကမျှ ပန်းမွှင့်နီကိုထီး၏ ဌာနချုပ်ကို မကျူးကျော်ခဲ့ပေ။

ယခုမူ သူခိုး သို့မဟုတ် ရန်သူတစ်စုံတစ်ယောက်သည် ဌာနချုပ်တွင်းသို့ အမှန်ပင် ရောက်ရှိနေလေပြီ။

ခေါင်းထိပ်ပေါ်တွင် ပြေးလွှားနေသည့် အသံများ ဆူညံသွားသည်။

ပန်းမွှင့်နီကိုထီးသားများ သူခိုးနောက်သို့ လိုက်လံဖမ်းဆီးခြင်း ဖြစ်လိမ့်မည်ဟု ရှစ်ထင်ဟုန် တွေးမိသည်။



'ဘုရင်က ကတိသစ္စာတော့ ပြုခဲ့တယ်၊ ဒါပေမယ့် ဘုရင်က ကတိဖျက်ပြီး တို့ရဲ့လှုပ်ရှားမှုတွေကို စုံစမ်းထောက်လှမ်းနိုင်းတာများ လား မသိဘူး။ ဒါမှမဟုတ် အကြောင်းမသိတဲ့ သိုင်းလောကသား တစ်ယောက်ကများ တို့ရဲ့ ညှိနှိုင်းပွဲကို လာချောင်းတာများလား။ ထိုးရှု တော့ တစ်ခုခုပဲလေ'

ရှစ်ထင်ဟုန် စဉ်းစားနေစဉ် ချောပင်၊ ဝေချွန်လီ၊ ရှန်ချိန်ရှက်၊ ကျွန့်ဆီကိန်နှင့် ကျန်ကျင်တို့ အခန်းတွင်းသို့ ပြန်လည်ဝင်လာကြလေ သည်။

သူတို့နှင့်အတူ အရက်ခွက်များနှင့် အရက်အိုးများပါ ပါလာကြ လေသည်။

'သတို့သားက မူးဟန်ဆောင်တယ်ဟော့... လူလည်ကြီးပဲ၊ သူ့ကို အပြစ်ထပ်ပေးရမယ်'

အခန်းတွင်းသို့ ဝင်လာသည်နှင့် အော်ကျယ် ဟစ်ကျယ်တစ် ယောက်တစ်ပေါက် ပြောဆိုကြတော့သည်။

ရှစ်ထင်ဟုန်မှာ အလိမ်မိသွားသဖြင့် သည့်တစ်ကြိမ်တွင်တော့ ပရိယာယ်ဆင်၍ မရတော့ပေ။

တကယ်မူးစေတော့သည့်အရက်ကောင်းများကို တစ်ခွက်ပြီးတစ်ခွက် တိုက်ကြတော့၏။

'သူခိုးက ဖမ်းလို့ မမိသေးဘူး။ အားလုံး အရက်ကိုနည်းနည်း လျှော့သောက်ကြရင် ကောင်းလိမ့်မယ် ထင်တယ်'

ရှစ်ထင်ဟုန်က သူခိုးကို အကြောင်းပြု ငြင်းဆိုသည်။

ရှန်ချိန်ရှက်က လက်မခံ။ ဟားဟားဟား အော်ဟစ်ရယ်မောလိုက် ပြီး...

'သောက်မှသာ သောက်စမ်းပါ၊ ဒါတွေက တို့တာဝန်ထားပါ။

မင်းတို့ မင်္ဂလာဦးညမှာ လုံလုံခြုံခြုံဖြစ်ဖို့ တို့ဝိုင်းဝန်းပြီး တာဝန်ယူပါ့မယ်'

တစ်ယောက် တစ်ယောက် ပြောကြဆိုကြရင်းဖြင့် အခန်းတွင်း၌ ဆူညံနေတော့၏။

ထိုစဉ် ကြုတ်ကြီးရင်းလည်း ရောက်ရှိလာ၏။ သားမက်ဖြစ်သူ အရက်မူးလွန်နေပြီဖြစ်သော်လည်း တမင်နောက်ပြောင်နေကြခြင်း ဖြစ်ကြောင်း သိရှိသဖြင့် ရေငုံနှုတ်ပိတ်ကာ ပြန်ထွက်သွားသည်။

သူ ထွက်သွားချိန်၌ ရှစ်ထင်ဟုန်လည်း ခေါင်းမထူနိုင်တော့ပေ။

တကယ်မူးပြီဟု သေချာသောအခါမှ ရှစ်ထင်ဟုန်ကို သိုင်းမကာ ခုတင်ပေါ် တင်ပေးလိုက်ကြသည်။

ဝေချွန်ဝါတို့ လူစုသည် ကြုတ်ချစ်ကို နောက်ပြောင်ကျီစယ် လျက် အခန်းတွင်းမှ ထွက်ခွာသွားကြတော့၏။

အခန်းတွင်း၌ လူမရှိတော့မှ ကြုတ်ချစ်သည် တံခါးကိုစေ့ထား လိုက်ပြီး ရှစ်ထင်ဟုန် လဲလျောင်းနေရာ ခုတင်ဘေးသို့ ကပ်သွားမိ သည်။

ရှစ်ထင်ဟုန်အနီးသို့ ကပ်သွားသည်နှင့် ကြုတ်ချစ်၏ရင်များ တဒိန်းဒိန်း ခုန်လာရလေသည်။

ရှစ်ထင်ဟုန်ကို အသေအချာကြည့်သောအခါ အရက်မူးပြီး တမူးမူးနှင့် အိပ်မောကျနေသည်ကို တွေ့ရသည်။

'ဟော့.... ဒီမှာ ဒီမှာ အိပ်ပျော်နေပြီလား'

ကြုတ်ချစ်မှာ ရှစ်ထင်ဟုန်ကို မည်ကဲ့သို့ ခေါ်ရမည်ကိုပင် မသိတော့ချေ။

ထို့ကြောင့် ခေါ်မိခေါ်ရာ ခေါ်လိုက်မိတော့သည်။ ရှစ်ထင်ဟုန် မှာ အိပ်မောကျနေသဖြင့် ပြန်မထူးနိုင်တော့။



ကြုတ်ချစ်သည်။ လေပူတစ်ချက် ထုတ်မိတော့သည်။

'အင်း.... သူ တကယ်ပဲ အိပ်ပျော်နေပြီကိုး'

ကြုတ်ချစ်သည် ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

အခန်းတွင်း၌ လုံလုံခြုံခြုံရှိနေသော်လည်း ရက်စိတ်ကြောင့် ကြုတ်ချစ်ခမျာ စိတ်မလုံတဲ့ ရှိနေရှာသည်။

သူမသည် ရှစ်ထင်ဟုန်အား လှမ်းကြည့်လိုက်သည်။ မည်သို့မျှ မနိုးသဖြင့် ရှစ်ထင်ဟုန် ဖိနပ်နှင့် အပေါ်အင်္ကျီတို့ကို ချွတ်ပေးလိုက် သည်။

ထို့နောက် ချောပင် မှာကြားထားသည့်အတိုင်း ပြတင်းပေါက် ဘေးမှ စားပွဲပေါ်တွင် ရှစ်ထင်ဟုန်၏ အင်္ကျီကို အောက်ထားလျက်၊ သူ့အင်္ကျီကို အပေါ်မှ တင်ထားလိုက်သည်။

ထို့နောက် ရှစ်ထင်ဟုန်အား စောင်ကိုလွှမ်းခြုံပေးပြီး သူမသည် လည်း ရှစ်ထင်ဟုန်၏ နံဘေးတွင် ကွေးကွေးကလေး ဝင်အိပ်လိုက် သည်။

ကြုတ်ချစ်မှာ ထိုအတိုင်းသာ အိပ်တော့သည်။ ထပ်မံ၍ မလှုပ် ရှားတော့ချေ။ အပျိုစင်တစ်ဦး၏ မင်္ဂလာဦးည မဟုတ်ပါလား။

ကြုတ်ချစ်မှာ ရှစ်ထင်ဟုန်တစ်ယောက် နိုးလာမည်ကို စိုးရိမ်နေ မိသည်။

အကယ်၍ ရှစ်ထင်ဟုန် နိုးလာခဲ့သော် သူမ၏လုပ်ရပ်ကို သိရှိ သွားပြီး ဆူပူအော်ငေါက်မည်ကို စိုးရိမ်နေမိသည်။

ထို့ပြင် ယောကျ်ားပျိုတစ်ဦးဖြင့် တူယှဉ်တွဲအိပ်စက်နေရသည့် အတွက်လည်း သူမမှာ ရွှေးဒီးဒီးကျနေရရှာ၏။

သူမ တက်တစ်ချက် ခေါက်မိ၏။ သူမ အိပ်ရာပေါ်တက် မအိပ်မီ အခန်းထဲမှ ဖယောင်းတိုင်မီးများ မငြိမ်းခဲ့ခြင်းပင်တည်း။

သူမသည် ချွေးဒီးဒီးကျနေရာမှ ခုတင်ဘေးသို့ လက်ဖြင့်စမ်းလိုက်၏။

အဝတ်စကလေးတစ်ခုကို တွေ့လိုက်ရသောအခါ လက်ဖြင့် လုံးလိုက်ပြီး ဖယောင်းတိုင်မီးကို ပစ်ပေါက်လိုက်၏။ ဖယောင်းတိုင်မီးသည် ဟုတ်ခနဲ ငြိမ်းသွားလေတော့၏။

မီးငြိမ်းသွားသဖြင့် စိတ်ကျဉ်းကျပ်သည့်ဒဏ်မှ အနည်းငယ် သက်သာသွားသော်လည်း။ အရက်အလွန်အကျူးမူးနေသည့် ရှစ်ထင်ဟုန်တစ်ယောက် လှုပ်ရှားလိုက်တိုင်း အသားနိုင်ချင်းထိတွေ့သွားကြသည့်အခါတွင်မူ ကြူတ်ချစ်မှာ နှလုံးသွေးများ တဒိန်းဒိန်း ခုန်ကာ ထိတ်လန့်ရင်တုန်နေရှာတော့သည်။ ကြူတ်ချစ်မှာ ရှစ်ထင်ဟုန်နှင့် အသားချင်းမထိရဲသဖြင့် စောင်ကို တင်းတင်းဆွဲခြုံကာ မလှုပ်မယှက် လဲလျောင်းအိပ်စက်နေရလေတော့၏။

'ဂျိ ဂျိ ဂျိ'

အချိန်မည်မျှ ကြာသွားပြီး မည်မျှ တိတ်ဆိတ်နေခဲ့သည်မသိ။ အခန်းတွင်းမှ ကြွက်ကလေးများ၏ တကျိကျိအော်သံက ထွက်ပေါ်လာသည်။ ထိုအသံများထွက်ပေါ်ပြီး မကြာခင်မှာပင် ကြောင်တစ်ကောင်၏ အော်မြည်သံကိုလည်း ကြားလိုက်ရပြန်လေသည်။

'ငှန်း...'

ကြောင်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ခုန်ဝင်လာခဲ့သည်။ ထို့နောက် ဟိုဟိုသည်သည် လျှောက်ပြီး ထွက်လမ်း ရှာဖွေနေဟန်တူပေသည်။

ထွက်မရသောအခါမှ ကြောင်မှာ ခုတင်ပေါ်သို့ ခုန်တက်ပြီး ကြူတ်ချစ်၏ ခြေရင်းတွင် ကွေးကွေးကလေးအိပ်သွားသည်။ ထို့နောက် မည်သည့်အသံမဆိုကိုမျှ မကြားရတော့ချေ။ ကြူတ်ချစ်မှာ တစ်နေ့လုံး



ပင်ပန်းထားသည့် ဒဏ်၊ ညဦးပိုင်းစိတ်ပင်ပန်းထားသည့် ဒဏ်များကြောင့် မှေးခနဲ အိပ်ပျော်သွားလေတော့၏။

'မလှုပ်နဲ့... ဘယ်သူလဲ'

ကြူတ်ချစ် ဖျပ်ခနဲ လန့်နိုးလာ၏။ အဝေးမှ ဝင်ရန်၏အော်သံ လိုလို ကြားလိုက်ရသည်။

'သိပ်ပြီး သတ္တိကောင်းပါလားကွ၊ ဟေ'

ထိုအသံသည် သရဲမြို့ သရဲမည်း ညီအစ်ကိုတို့၏ အသံဖြစ်ကြောင်း သိရှိလိုက်၏။

'ဒါ... ရန်သူဖြစ်မယ်၊ ရန်သူဟာ ပန်းမွှင့်နီဂိုဏ်း ဌာနချုပ်ထဲကို တကယ် ဝင်လာပြီပေါ့'

ကြူတ်ချစ်သည် ခုတင်ပေါ်မှ ခုန်ထပြီး ဓားရှည်ကိုဆွဲထုတ်လိုက်သည်။ စားပွဲပေါ်တွင် တည်ထားသော မီးအိမ်ကို လှမ်းယူလိုက်သောအခါ ကြူတ်ချစ် ထိတ်လန့်တုန်လှုပ်သွားရတော့သည်။

စားပွဲပေါ်တွင် မည်သည့် အင်္ကျီမှ ရှိမနေတော့ချေ။

ကြူတ်ချစ် ရက်မနေနိုင်တော့။ ဤအချိန် ဤအခါမျိုးတွင် ရှက်နေ၍ မဖြစ်တော့ပြီကို ကြူတ်ချစ်နားလည်ပေသည်။ သူမသည် အိပ်မောကျနေသော ရှစ်ထင်ဟုန်ကို အတင်းလှုပ်နှိုးလေတော့၏။

'အစ်ကို... အစ်ကို... ထပါဦး၊ ဒီမှာ သူခိုးရောက်နေတယ်၊ ကျွန်မတို့ အင်္ကျီလဲ ပျောက်နေတယ်'

ရှစ်ထင်ဟုန်မှာ ယီးတီးယောင်တောင်ဖြင့် လန့်နိုးလာသည်။ သူသည် အရက်မူးလွန်းထားသဖြင့် သူ့ကိုယ်သူ မထူမှန်နှင့် ဆက်စပ်၍ မရသေးဘဲ ရှိသည်။

ကြူတ်ချစ်၏ နူးညံ့ပျော့ပျောင်းသော လက်ချောင်းကလေးများက သူ့ကိုလာထိမှ မိမိ၏ မင်္ဂလာဦးညကို ပြန်လည်သတိရလာသည်။

ထိုအခါကျမှ ခုတင်ပေါ်မှ ကပျာကယာ ထရပ်လိုက် မိတော့သည်။

'ဒီကောင် ဒီပတ်ဝန်းကျင်မှာပဲ ရှိမယ်'

'ဟုတ်တယ်၊ ကျုပ်တို့ မဲလာပွဲစကတည်းက ဒီလူရိပ်ကို မြင်လိုက်ရတာ။ ဒီကောင် ရှောင်ထွက်သွားပြီ အောက်မေ့နေတာ၊ သူက ထွက်မှ မထွက်သွားသေးပဲကိုး'

'ဒါပေမယ့် ဒီကောင် သိုင်းပညာ သိပ်ကောင်းပုံ မရပါဘူး'

'မရဘဲနဲ့ ဒီကောင် ဘယ်မှ ဝင်ပုန်းနိုင်တာလဲကွ'

ပန်းမှုင့်နီဂိုထိုးသားများ တစ်ယောက်တစ်ပေါက် ပြောနေသည့် အသံများ။ ထင်မြင်ချက်ပေးနေသည့် အသံများကို ကြုတ်ချစ်တို့ အခန်းထဲမှ ကြားလိုက်ရလေ၏။

ထိုစဉ်...

'ဒွေးမသား... ဘယ်ပုန်းနေတာလဲ၊ ထွက်ခဲ့စမ်း'

ရေသူကြီးဟုချိန်၏ မကျေမချမ်း အော်ဟစ်သံ ထွက်ပေါ်လာပြန်၏။ ရှစ်ထင်ဟုန်တို့က ပြတင်းပေါက်မှ လှမ်းကြည့်သောအခါ ဥယျာဉ်ခြံမြေအတွင်း မီးများတလက်လက်ဖြစ်နေသည်ကို တွေ့ရသည်နှင့် ပန်းမှုင့်နီဂိုထိုးသားများ ရန်သူကို လိုက်ရှာနေခြင်းဖြစ်ရမည်ဟု ရှစ်ထင်ဟုန်က တွေးမိလေ၏။

'ညီမ၊ အိပ်တော့နော်။ အစ်ကို သွားကြည့်လိုက်ဦးမယ်'

'ဟင့်အင်း ဟင့်အင်း၊ ညီမလဲ လိုက်ခဲ့မယ်'

ကြုတ်ချစ်က သံသေတ္တာကိုလှန်ပြီး အကျီထုတ်ယူဝတ်လိုက်သည်။ ထို့နောက် အခန်းတံခါးကို ဖွင့်လိုက်ရာ ကြုတ်ချစ်ရော ရှစ်ထင်ဟုန်ပါ အံ့သြသွားကြတော့သည်။ ပျောက်ဆုံးနေသော သတို့သား သတို့သမီးအပေါ်ဝတ်စုံတို့သည် အခန်းဝ၌ သပ်သပ်ရပ်ရပ်ခေါက်၍ ချထားသည်ကို တွေ့လိုက်ခြင်းပေတည်း။



'သူခိုးကလဲ ထူးဆန်းလှချည်လား။ ဘယ့်နှယ် အကျီကို ပြန်လာပြီး ထားရတာလဲ'

ညာဏ်ကြီးရှင် ရှစ်ထင်ဟုန်မှာ ဝေခွဲ၍မရအောင် ဖြစ်သွားတော့သည်။ ထို့ကြောင့် ကြုတ်ချစ်ကို မေးလိုက်မိ၏။

'တို့အကျီတွေကို အစ်ကို ဘယ်မှာထားလို့လဲ'

'ခုတင်ဘေးမှာလို့ပဲ ထင်တာပဲ၊ ကျွန်မလဲ မမှတ်မိဘူး'

ကြုတ်ချစ်က မရေမရာပြောသည်။ ထိုစဉ် ချောပင်နှင့် ဝေချွန်ဝါတို့ မီးတုတ်ကိုယ်စီဖြင့် အခန်းတွင်းသို့ ဝင်လာကြလေ၏။

ဝေချွန်ဝါက စပ်ဖြဲဖြဲအမူအရာဖြင့်

'ဒိုး... သူခိုးက သတို့သားနဲ့ သတို့သမီးကို လှန်ခိုးလိုက်ပြီပေါ့'

'ဟင်... ဘယ်လိုလဲ၊ အကျီပုံကြီးပါလား'

ချောပင်ကလည်း အံ့အားသင့်ဟန်ဖြင့် သတို့သား သတို့သမီး ဝတ်စုံအထပ်ကို ကြည့်ပြီး ပြောသည်။

ဝေချွန်ဝါက စိတ်မထိန်းနိုင်ဘဲ ခွီးခနဲ ရယ်လိုက်သည်။ ရှစ်ထင်ဟုန် ယခုမှပင် သဘောပေါက်သွားတော့သည်။ အပြင် သူခိုး မဟုတ်နိုင်တော့ပေ။

'ဒီကောင်တွေ လက်ချက်ပဲ ဖြစ်ရမယ်'

စိတ်ထဲက တွေးလိုက်သောလည်း ဟန်မပျက်စေဘဲ

'ငါ အရက်နည်းနည်းများသွားတယ်ကွာ၊ အကျီတွေ အခိုးခံရတာတောင် မသိလိုက်ဘူး'

ရှစ်ထင်ဟုန်က ရယ်မောလျက် ပြောသည်။

ချောပင်က

'အရက်မူးတာကော ဟုတ်ရဲ့လား။ အရက်မူးတာမဟုတ်ဘဲ အချစ်မူးတာ မဟုတ်ဘူးလား'

ရှစ်ထွင်ဟုန် ပြီးခဲ့သော ပြုနိုင်တော့သည်။ ပြန်မပြေနိုင်တော့ပေ။

ချောပင်သည် သန်းခေါင်ကျော်အချိန်၌ ကြုတ်ချစ်အိပ်ပျော်နေပြီဟု ယူဆပြီး သူမ၏လုပ်ငန်းကို စတင်သည်။ ပြတင်းပေါက်ကို ကန့်လန့်ဖွင့်ပြီး ပါးစပ်မှ ကြွက်မြည်သံများ တကျွိကျွိအဆက်မပြတ်ပေးသည်။

ထို့နောက် ကြောင်တစ်ကောင်ကို ပြတင်းပေါက်မှပစ်သွင်းလိုက်သည်။ ကြောင် အတွင်းသို့ ဝင်ရောက်သွားလျှင် ပြတင်းပေါက်မှ လာနိုက်ပြီး စားပွဲပေါ်မှ အကျီများကို လွယ်ကူအောင်မြင်စွာ ယူသွားနိုင်လိုက်သည်။

ရန်ချိန်ရှက်တို့လူစုမှာ ညည်ခန်းမကြီးတွင် ချောပင်၏ သတင်းကို စောင့်ကြိုနေကြသည်။ ချောပင်က ကြုတ်ချစ်နှင့် ရှစ်ထင်ဟုန်တို့၏ သတို့သား၊ သတို့သမီး အပေါ်ဝတ်စုံကို ထုတ်ပြလိုက်သောအခါ လွန်စွာ ချီးကျူးကြသည်။ သူတို့၏ ကတိအတိုင်း ရွှေကုန်းနီးတစ်စု ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကတိပြုကြလေတော့၏။

ချောပင်သည် သူတို့၏ လောင်းကစားမှု ပြီးဆုံးသွားပြီဖြစ်၍ ကြုတ်ချစ်တို့၏ ဝတ်စုံများကို တံခါးဝ၌ပြန်ထားခဲ့ခြင်း ဖြစ်သည်။

ထိုစဉ် စင်ရန်၏ အော်သံကြားသဖြင့် ဥယျာဉ်ထဲသို့ အပြေးအလွှား ပြန်ဆင်းရတော့သည်။ ရန်သူကို အပြင်၌ ရှာမတွေ့သဖြင့် အတွင်း၌ ပြန်ရှာရန် သူတို့ခန်းမထဲသို့ ပြန်ဝင်လာကြသည်။

ထိုအချိန်၌ ကြုတ်ချစ်နှင့် ရှစ်ထင်ဟုန်တို့ ထွက်လာနှင့် ကြုံခဲ့ရခြင်းပေတည်း။

ရှစ်ထင်ဟုန်၊ ဝေချွန်ဝီ၊ ချောပင်နှင့် ကြုတ်ချစ်တို့ စကားပြောနေကြစဉ် ချိန်ကျုန်းလောင်နှင့် ကြုတ်ကြုံရှဲတို့သည်း အခန်းသို့ ရောက်ရှိလာကြလေ၏။



'ကျုပ်တို့ အဆောင်ပတ်ပတ်လည်ကိုလဲ ဝိုင်းထားပြီးပြီ၊ ဗီသူခိုး ပြေးလို့ မလွတ်ပါဘူး။ အခန်းစေ့ ဝင်ရှာကြရင် ကောင်းမယ်'

ချိန်ကျုန်းလောင်က အမိန့်ပေးခြင်း မပြုသော ညွှန်ကြားချက်ဖြင့် သူ့ဂိုဏ်းသားများအား ညွှန်ကြားလိုက်၏။ တစ်ခန်းဝင် တစ်ခန်းထွက် ရှာသော်လည်း ရန်သူကို မတွေ့ကြပေ။

ရအသူကြီး ဟွန်ချိန်မှာ ဒေါသဖြစ်နေသည်။

'နံပါတ်ဆယ့်ရလေး ညီရဲ့ အခန်းကို သွားကြည့်ပါဦး'

ရှစ်ထင်ဟုန်က အကြံပေးသည်။

ဝေချွန်ဝါက…

'ယီရိုတုံအခန်းနားမှာ ဆရာကြီးလူဖေချင်းရှိနေတာပဲ၊ ဝင်ထိုက်လိုက်ရဲ့ အခန်းထဲမှာတော့ အစ်ကိုကြီး ကြောင်ပစန်းရှိနေတယ်၊ သူတို့ သိုင်းလောကအကြောင်း ဆွေးနွေးနေကြတာပဲ'

'ကျုပ်တို့ နောက်တစ်ခေါက်လောက် ထပ်ပြီးသွားကြည့်ကြရင် ကောင်းမယ် ထင်တယ်၊ သူခိုးဟာ ယီရိုတုံဆီလာတာဖြစ်ချင် ဖြစ်နိုင်တယ်'

ရှစ်ထင်ဟုန်က ထပ်တလဲလဲ ပြောနေသည်။

ရှစ်ထင်ဟုန် စိတ်ထက်သန်နေသဖြင့် အားလုံးက ယီရိုတုံ၏ အခန်းဘက်သို့ လျှောက်ကြလေတော့၏။

ပထမဆုံး၌ ဝင်ထိုက်လိုက်၏အခန်းသို့ ရောက်သည်။ အခန်းတံခါးကို ခေါက်ပြီး ဝင်ကြည့်သည်။

ကြောင်ပစန်းနှင့် ဝင်ထိုက်လိုက်တို့နှစ်ယောက် ကျားထိုးနေသည်ကို တွေ့ကြရ၏။

ထို့နောက် ယီရိုတုံ၏အခန်းသို့ ဆက်သွားကြပြန်သည်။ ခုနမဆောင်၏ ဝရန်တာဘေးမှ လျှောက်လာကြစဉ် ယီရိုတုံ၏ အခန်း

မြတင်းဝနှင့်တည့်တည့်ဖြစ်နေသော ဥယျာဉ်တွင်းမှ ကျောက်တုံး တစ်တုံးပေါ်၌ လူဖေချင်းထိုင်နေကြောင်း တွေ့ရသဖြင့် အားလုံး ခုန်ထွက်ပြီး လူဖေချင်းရှေ့ သွားရပ်ကြသည်။

လူဖေချင်းက....

'ဒီမှာတော့ ဧအေးအေးဆေးဆေးပါပဲ'

ပန်းမှုင့်နီကိုဖားသားတို့သည် သူနိုးတစ်ယောက်တည်းကိုပင် မိအောင် ဖမ်းဆီးနိုင်ခြင်းမရှိကြ၍ ဒေါသလည်းထွက် ခံလည်း ခံပြင်း နေကြသည်။

ယီရိုတုံး၏ အခန်းပေါက်လည်းကို ရှာဖွေကြသော်လည်း မည်သည့် လူ့အရိပ်အယောင်မျှ မတွေ့ကြရပေ။

ထိုစဉ် ယီရိုတုံး၏ အခန်းမှ မီးရောင် ရုတ်တရက် ငြိမ်းသွားသည်၊ ဝေချွန်ဝါက မီးတုတ်ကို မြှောက်၍ပြော၏။

'ကျုပ်တို့ နံပါတ်ဆယ့်လေးညီတော်ကို သွားတွေ့ကြရအောင်'

'သူ အိပ်ပျော်နေပါပြီ၊ ကျုပ်အမြင်မှာ စောင့်နေတာပဲ'

လူဖေချင်းက ခပ်အေးအေးပြော၏။

ချောပင်ကလည်း....

'ဒါဖြင့်ရင် တစ်ခြားကို သွားရှာကြရအောင်'

'ဟင့်အင်း၊ နံပါတ်ဆယ့်လေးညီဆီကိုပဲ အရင်သွားတွေ့မယ်၊ နောက်မှပဲ တစ်ခြားကို သွားရှာကြတာပေါ့'

ရှစ်ထင်ဟုန်သည် တစ်စုံတစ်ခုကို သံသယရှိနေဟန်တူ၏။ ယီရိုတုံး၏ အခန်းသို့ ဝင်သွားရန် ပြောနေသည်။

ချိန်ကျုန်းလောင်က ဘာမျှမပြောတော့ဘဲ ဓရန်တာပေါ်သို့ ခုန်တက်ကာ ယီရိုတုံးအခန်းရှေ့သို့ သွား၏။ အားလုံးနောက်မှ လိုက်ပါ သွားကြသည်။



ရှစ်ထင်ဟုန်က မီးတုတ်ကို မြှောက်ပြသည်။ အခန်းထဲရှိ သစ်သားခုတင်ပေါ်၌ ကြီးမားသော စောင်ထွေးကြီးကို တွေ့ရသည်။

ယီရိုတုံး အိပ်ပျော်နေဟန်ရှိသည်။

ရှစ်ထင်ဟုန်က....

'နံပါတ်ဆယ့်လေး.... နေကောင်းတယ်နော်'

ရှစ်ထင်ဟုန်က စိုးရိမ်စိတ်ဖြင့် တိုးတိုးကလေး ခေါ်လိုက်သည်။

ယီရိုတုံး၏ ဦးခေါင်းသည် စောင်ပုံကြားမှ ပေါ်လာသည်။

ယခုမှပင် အိပ်ရာမှ နိုးလာဟန်ရှိသည်။ သူ့ မျက်နှာပေါ်တွင် မူ ပက်တီးမြူများ စည်းထားဆဲပင် ရှိသည်။

'ဟင်... နံပါတ်ခုနစ်အစ်ကိုလေးပါလား၊ ဒီနေ့မက်လာဦးညကြီး မဟုတ်လား။ ဘယ့်နှယ် ဒီကို ရောက်လာရတာလဲ'

ယီရိုတုံးက နားမလည်ဟန်ဖြင့် ပြော၏။ ရှစ်ထင်ဟုန်သည် ယီရိုတုံးတစ်ယောက် ဘေးအန္တရာယ်ကင်းရှင်းနေကြောင်း သိလိုက်ရ သဖြင့် စိတ်အေးသွားသည်။

သို့သော်... သိမ်းငှက်မျက်စိကဲ့သို့ လျင်လှသော ရှစ်ထင်ဟုန်၏ မျက်လုံးများသည် ဖယောင်းတိုင်မီးတနှင့် ထရံရှိ ပေါက်ပြားငယ်တစ် ချောင်းကို တွေ့လိုက်ရသည်။

ထိုပေါက်ပြား၏ ပင်ပိုင်းတွင် ဖယောင်းတိုင်ဆီအချို့ ပေကျံနေ သည်ကိုလည်း ရှစ်ထင်ဟုန် သတိထားလိုက်မိလေသည်။

ပေါက်ပြားမှာ ယီရိုတုံး အသုံးပြုလေ့ရှိသော ပေါက်ပြားဖြစ် သဖြင့် ယီရိုတုံးသည် အဘယ်ကြောင့် ပေါက်ပြားဖြင့် ဖယောင်းတိုင်မီး ကို ငြိမ်းသတ်ရသနည်းဟု တွေးနေမိသည်။

'ကျွန်တော် ဘာမှမဖြစ်ပါဘူး။ အစ်ကိုတို့က ကျွန်တော့်အတွက် သိပ်စိတ်ပူနေကြတာကိုး'

သို့သော်.... ယီရိုတုံး အိပ်ရာပေါ်မှ မထချေ။

ချိန်ကျန်းလောင်ကလည်း လျင်သည်။ ပေါက်မြားကိုမြင်တွေ့သဖြင့် အသာအယာဆွဲနုတ်ပြီး စားပွဲတစ်လုံးပေါ် ပစ်တင်ပေးလိုက်၏။

လူတစ်ကိုယ်စာမျှမက ဖောင်းပွနေသောစောင်ကြီးကို ကြည့်ပြီး ယီရိုတုံးသည် တစ်စုံတစ်ခုကို ဖုံးကွယ်ထားကြောင်း ရိပ်မိလေ၏။

ချိန်ကျန်းလောင်သည် ယီရိုတုံးကို ယုံကြည်သည်။

'ခုထိရာတွေကျက်အောင် အနာပျောက်ကင်းအောင် ကောင်းကောင်း အနားယူပါ။ ဗိုညီစိတ်ကို အေးအေးထားပါ၊ စိတ်ပူပန်စရာတွေ ဘာမှ မရှိတော့ပါနဲ့၊ ငါတို့သွားမယ်'

ချိန်ကျန်းလောင်က ယီရိုတုံးကို အားပေးစကား ပြောပြီးလျှင် ပန်းပွင့်နှိုက်ထိုးသားအုပ်စုနှင့်အတူ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

ခြံဝင်းထဲသို့ရောက်သောအခါ လူဖေချင်းအား နှုတ်ဆက်သည်။

'ဆရာကြီးကို ခုကူပေးသလိုတော့ ဖြစ်နေပြီနဲ့ တူတယ်၊ ယီရိုတုံးကို ဆက်ပြီး ကြည့်ရှုစောင့်ရှောက်ပေးပါဦး၊ ကျွန်တော်တို့ တစ်ခြားနေရာကို သွားပြီး ရှာဖွေလိုက်ကြပါဦးမယ်'

လူဖေချင်းက ခေါင်းညိတ်၏။

ချိန်ကျန်းလောင်တို့ ထွက်သွားလျှင် လူဖေချင်းသည် မူလထိုင်နေသော ခုတင်ခုံပေါ်တွင် ပြန်လည်ထိုင်ချလိုက်သည်။ ဟင်းခနဲ သက်ပြင်းရှည်ကြီး ချလိုက်မိတော့သည်။

ချိန်ကျန်းလောင်သည် ရန်သူကို လိုက်မရှာတော့ပေ။ အားလုံးကို လက်ရုပ်ပြပြီး ခန်းမဆောင်ထဲသို့ ခေါ်သွား၏။

'ကင်းအဖွဲ့သားအားလုံးကို အနားယူနိုင်းလိုက်တော့'

ခန်းမတွင်းသို့ ရောက်သောအခါ ချိန်ကျန်းလောင်က စင်ရှန်အား



အမိန့်ပေးလိုက်သည်။

စင်ရှန်ပြေးထွက်သွားတော့၏။ ရသေ့ကြီးဟူချိန်က သူ့မျက်နှာချက်ကို ထုတ်ဖော်ပြောဆို၏။

'သူခိုးက ယီရိုတုံး၏ ခုတင်ပေါ်မှာ ပုန်းနေတာ သေချာတယ်၊ ဘယ်သူမှန်းတော့ မသိဘူး။ ယီရိုတုံးကလဲ သူ့ကို ဘာကြောင့် ဖုံးကွယ်ပေးထားရတာလဲ မသိဘူး'

ထို့နောက် တံစ်ယောက်တစ်ပေါက် ထင်မြင်ချက်အမျိုးမျိုးပေးကြတော့၏။ ယနေ့ညအဖြစ်အပျက်အတွက် သူတို့ဘဝင်မကျပေ။

တချို့က ဤရက်ပိုင်းများအတွင်း၌ ယီရိုတုံး၏လုပ်ရပ်များ ထူးဆန်းသလို ရှိနေကြောင်း၊ တချို့ကလည်း တပ်ချုပ်ကြီး လီခေါင်လု၏ အိမ်တော်တွင် နေခဲ့ရ၍ တစ်ခုခုဖြစ်နေသလိုရှိကြောင်း အမျိုးမျိုး စိတ်ထင်ရာ လျှောက်ပြောနေကြသည်။

'ဒါဖြင့် ကျုပ်တို့ တိတိကျကျ သိရအောင် သွားမေးကြည့်ကြမယ်၊ ယီရိုတုံး သဘောပေါက်လိမ့်မယ်တော့ ကျုပ်မထင်ဘူး။ သိသာယလဲ မရှိဘူး၊ ဒါပေမယ့် မှုင့်လင်း မရိုးသားဘဲ ကျုပ်တို့ကို ဖုံးကွယ်ထားတာကတော့ ဘယ်ကောင်းပါ့မလဲ'

ကျန်ကျင်မှာ လွန်စွာပွင့်လင်းရိုးသားသူ ဖြစ်သည်။ သူက အော်လိုက်၏။

အခြားသူများက ကျန်ကျင်အား ထောက်ခံကြ၏။

ထိုစဉ် ရှစ်ထင်ဟွန်က—

'ယီရိုတုံးမှာ ပြောပြလို့မဖြစ်နိုင်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ ရှိကောင်းရှိရင် ရှိနေမယ်၊ တိုက်ရိုက်မေးလိုက်ကတော့ သူ ပြောပြမှာ မဟုတ်ဘူး။ စင်ရှန်ကို စားစရာသောက်စရာသွားယူဖို့ခဲ့ခိုင်းနေနဲ့ သွားပြီး တီးခေါက်စုံစမ်းနိုင်းရင် ကောင်းလိမ့်မယ်နဲ့တူတယ်'

'ကောင်းတယ်.... ကောင်းတယ်... ဒီအကြံ သိပ်ကောင်းတယ်....'

ချုန်ဆီကိန်းက ထောက်ခံစကား ဆိုသည်။

ကြုတ်ကြုံရှင်းမှာ စကားပြောချင်သဖြင့် နှုတ်ခမ်းတလှုပ်လှုပ် ပါးစပ်တပြင်ပြင် ဖြစ်နေသည်။ သို့သော် ဘာစကားသံမျှ ထွက်မလာပေ။

ထိုစဉ် ချိန်ကျုန်းလောင်၏ တည်ငြိမ်အေးဆေးသော အသံထွက် ပေါ်လာ၏။

'ဒီလူဟာ နံပါတ်လေးယောက်ညီ ယီရိုတုံးရဲ့ အခန်းထဲမှာ ရှိနေတယ်ဆိုတာ လူတိုင်း တွေ့မြင်ကြပါလိမ့်မယ်၊ ဒါပေမယ့် ကျုပ်တို့အဖွဲ့ဟာ သစ္စာ သမာဓိကို ဦးထိပ်ထားတဲ့ အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်နေတယ်၊ ယီရိုတုံးဟာ ကျုပ်တို့နည်းတူ တာဝန်ကို ကျေပွန်အောင် အသက်စွန့်ပြီး ကယ်တင်ခဲ့ပြန်တယ်၊ ဒီတော့ ကျုပ်တို့ဟာ သူ့ကို သံသယ မဝင်သင့်ဘူး။ ဒီလူကို လျှို့ဝှက်ကာကွယ်ပေးလိုက်ရတာလဲ သူ့အကြောင်းနဲ့သူ ရှိလိမ့်မယ်၊ ဒီတော့ သူ့ကိစ္စကို ကျုပ်တို့ ဝင်မရှုပ်ပါနဲ့၊ အခု သူ့ကို ဆရာကြီးလူဖေချင်းက စောင့်ရှောက်နေတာပဲ၊ သူ့ပြဿနာတစ်စုံ တစ်ရာတက်မလာရင် ပြီးတာပဲ မဟုတ်လား'

ချိန်ကျုန်းလောင်၏ စိတ်သဘောကြီးရင့်သည့်စကားကို ကြုတ်ကြုံရှင်းက လိုက်လျှောစွာ ထောက်ခံသည်။

'ဟုတ်တယ်၊ ဂိုဏ်းချုပ်ကြီး ပြောတာမှန်တယ်။ ဒီလိုပဲ ဖြစ်သင့်တယ်'

ချိန်ကျုန်းလောင်က ဆက်ပြောသည်။

'နောင်တစ်ချိန်ချိန်မှာ ဒီအကြောင်းတွေကို သူ ပြောသင့်တယ် ထင်ရင် ကျုပ်တို့ကို ဖွင့်ပြောလာပါလိမ့်မယ်၊ ကျုပ်တို့က သူ့ကို ဒီကနေ ဖြစ်ပျက်တဲ့ကိစ္စ လုံးဝမပြောဖို့လိုတယ်၊ လူငယ်ဆိုတာ မာနရှိတယ်၊



သူ့ မာနကို ကျုပ်တို့က မဖျက်ဆီးသင့်ဘူး။ ကျုပ်တို့ အကိုင်အတွယ် မတတ်လို့ မဖြစ်သင့်တဲ့ အမှားတွေဖြစ်ကြရင် စိတ်ကောင်းနိုင်ကြမှာ မဟုတ်ဘူး။ ဒီကိစ္စက မိန်းမနဲ့ ပတ်သတ်တဲ့ကိစ္စလဲ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သူကိုယ်တိုင်ဂိုဏ်းစည်းကမ်းကို မဖောက်ဖျက်ရင် ပြီးတာပဲ၊ ကဲ ကဲ မနက်ကျရင်လဲ ခရီးထွက်တဲ့လူတွေက ထွက်ကြရဦးမယ်၊ အနားယူအိပ်ကြပေတော့'

ယီရိုတုံး၏ အခန်းသို့ ဝင်ရှာလိုသူများမှာ ဘာမျှ မပြောနိုင်ဘဲ ဖြစ်သွားတော့၏။

ချိန်ကျုန်းလောင် စဉ်းစားသလို သူတို့ မစဉ်းစားခဲ့မိကြောင်း ကိုယ်စီ ဝန်ခံမိကြ၏။

ရှစ်ထပ်ဟုန်မှာ ရက်သွားမိသည်။ သူသည် မျက်တောင်တစ်ဆုံး မကြည့်ဘဲ မျက်မှေးတစ်ဆုံးသာ ကြည့်ခဲ့မိပေသည်တကား။

လတ်တလော ဖြစ်ပေါ်လာသောပြဿနာများကို သူဖြေရှင်းခတ်သော်လည်း ရေရှည်ကိစ္စများဖြေရှင်းဆုံးဖြတ်ရာတွင်မူ ချိန်ကျုန်းလောင်က သူ့ထက်သာကြောင်း ရိပ်မိသွားသည်။

မကြာမီ လူစုခွဲကာ အိပ်ရာအသီးသီး ဝင်ကြလေတော့သည်။

☆ ☆ ☆

အခန်း (၄၉)

## အနိုင်ပယာ သူ့မေတ္တာ

ယီရိုထုံးသည် ပန်းပွင့်နီကိုထိုးသောသားများ ထွက်ခွာသွားသည်နှင့် ခုတင်ပေါ်မှ ဖြည်းညင်းစွာ ထလိုက်၏။

ခြေသံများ လုံးဝ ဝေးသွားသောအခါမှ ဖယောင်းတိုင်မီးကို ထွန်းသည်။

'မင်း ဘာလာလုပ်တာလဲ'

ယီရိုထုံးက အသံတိုးတိုးဖြင့် မေးသည်။

ခုတင်ပေါ်မှလူသည် စောင်ကို ဘေးသို့ဖယ်ချလိုက်ပြီး အောက်သို့ ဆင်းလာသည်။

တောက်ပရွှန်းလဲ့သော မျက်ဝန်းများဆီမှ မျက်ရည်များ တဖြိုင်ဖြိုင် ယိုစီးကျလာတော့သည်။

ထိုသူမှာ တပ်ချုပ်ကြီးလီခေါင်လွှမ်း၏ တစ်ဦးတည်းသောသမီး လှပချောင်း၏တပည့်မလေး လီရှန်ကျိ ဖြစ်တော့၏။



လီရှန်ကျိသည် ယောက်ျားကလေးတစ်ယောက်ကဲ့သို့ တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံဝတ်ဆင်လာသဖြင့် သူမ၏ဖြူဝင်းဝါသော အသားရေမှာ ပို၍ နီမြိုမြိုပြည့်နေသည်။

သူမသည် အသံမထွက်ရန် သူမ၏ ပါးစပ်ကို လက်ဝါးဖြင့် အုပ်၍ တဟင့်ဟင့် ငိုကြွေးလေတော့သည်။

ယီရိုထုံးသည် လီရှန်ကျိကို ကြည့်ပြီး သက်ပြင်းရှည်ကြီး ချ၏။

'မင်း ကျုပ်ကို ချစ်နေတာကို သိပါတယ်ကွာ၊ ကျုပ်ရင်ထဲမှာလဲ အသည်းနှလုံး ရှိတာပဲဥစ္စာ။ ဒါပေမယ့် မင်းက လူကုံထံအသိုင်းအဝန်းက တပ်ချုပ်ကြီးတစ်ယောက်ရဲ့သမီး၊ ကျုပ်က သိုင်းလောကထဲက လူပေလူတေတစ်ယောက်၊ ခြေသလုံးအိမ်တိုင်နဲ့ ဘယ်လိုမှ ဘဝအခြေမနိုင်တဲ့ လူတစ်ယောက်၊ ကျုပ်နဲ့ မင်းရဲ့ဘဝဟာ ဘယ်လိုမှ မပေါင်းစပ်သင့်ပါဘူး။ မင်းပဲ ဒုက္ခရောက်မှာပါ'

ယီရိုထုံးက မပေါင်းစပ်နိုင်သော ဘဝများအကြောင်းကို ရှင်းလင်းပြောပြသည်။ လီရှန်ကျိသည် ထိုအခါမှ ပို၍ပင် ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

ထို့နောက် ငိုရှိုက်သံဖြင့်

'အခုလို မပြောမဆိုဘဲနဲ့ ထွက်သွားတာတော့ ဘယ်ကောင်းပါ့မလဲ၊ ဘယ်မှာ သင့်တော်ပါ့မလဲ၊ အစ်ကို သိပ်... သိပ်ပြီး...'

'အင်း.... အဲဒါ. မင်းကို သိပ်ရက်စက်ရာကျတယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ အဲဒီလိုမှ မရက်စက်ရင်လဲ မင်းပဲ စိတ်ဆင်းရဲရမှာ၊ ကျုပ်က အောက်တန်းစား သိုင်းသမားတစ်ယောက်ပါ၊ မင်းပြန်တော့နော်'

ယီရိုထုံးက ချော့ချော့မော့မော့ဖြင့် နှင်ထုတ်သည်။ သို့သော် လီရှန်ကျိက ထွက်မသွားချေ။

'အစ်ကိုဟာ အစ်ကို့ရဲ့ သိုင်းလောကသား စိတ်ဓာတ်တွေအတွက် ဖေဖေ့ကို စွန့်ခွာခဲ့တယ်။ ဒါတွေကို ညီမ ဘာမှမပြောချင်ပါဘူး။ သိုင်းလောကနဲ့ သစ္စာတရားကို ညီမ နားမလည်ပေမယ့် ဘာမှ မဝေဖန်ချင်ဘူး'

လီရန်ကျိုက စကားကို ခေတ္တခဏ ရပ်ထားပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောသည်။

'ဒါပေမယ့် အစ်ကို့လို သိုင်းပညာလဲတတ်ကျွမ်း စာပေဗဟုသုတလဲ ပြည့်စုံတဲ့ လူတစ်ယောက်ကတော့ သိုင်းလောကထဲ လေလွင့်မနေသင့်ပါဘူး။ အရာရှိ အရာခံတစ်ယောက်ဖြစ်သင့်ပါတယ်။ အဲဒီကနေ မှူးကြီးမတ်ရာ သေနာပတိအဆင့်တောင် တဖြည်းဖြည်းတက်လှမ်းနိုင်ပါတယ်။ ညီမ ပြောတာကိုသာ အစ်ကိုသဘောတူမယ်ဆိုရင် ဖေဖေ့ဆီမှာ ရာထူးတစ်နေရာရအောင် ညီမပြောပေးပါ့မယ်'

'ဘာပြောတယ်'

ယီရိထုံး ဒေါသထွက်သွား၏။ သူ့လေသံက သူ့ဒေါသကို ဖော်ပြနေသည်။

'မင်းစကားတွေကို ဒီမှာပဲ ရပ်ပါ။ ငါက တရုတ်ပြည်သူတွေရဲ့ အကျိုးကို ထမ်းဆောင်နေတဲ့လူ။ မန်ချူးတွေအတွက် အလုပ်လုပ်ပေးမယ့်လူ မဟုတ်ဘူး။ ငါက မန်ချူးအရာရှိလုပ်ပြီး ငါတို့ တရုတ်တွေရဲ့ လည်ပင်းကို ပြန်နင်းရမှာလား။ မန်ချူးနောက်လိုက်ခွေး လုပ်ရမှာလား'

လီရန်ကျိုမှာ ယီရိထုံးက စိတ်ဆိုးမာန်ဆိုးပြောလိုက်သဖြင့် မျက်နှာကလေးငယ်သွားသည်။ မိမိ စကားမှားသွားပြီဖြစ်ကြောင်း သိလိုက်၏။

'အင်းလေ... အစ်ကိုက ဒီလိုနေရတာကို သဘောကျရင် ညီမလေး မကန့်ကွက်တော့ပါဘူး။ အစ်ကို့စကား နားထောင်ပါ့မယ်။



နောက်နောင် ဖေဖေ့ကိုလဲ မကူညီတော့ပါဘူး'

လီရန်ကျိုသည် နောက်ဆုံးစကားကို လူဖေချော်ကြားနိုင်စေရန် အတွက် အသံကို မြှင့်ပြီးပြောလိုက်သည်။

ယီရိထုံးမှာ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချမိလေ၏။

'အစ်ကိုတို့ ပန်းပွင့်နီဂိုဏ်းက ကောင်းတယ်ဆိုရင် ညီမလေးလဲ ပန်းပွင့်နီဂိုဏ်းထဲ ဝင်လိုက်တော့မယ်'

လီရန်ကျိုသည် နုငယ်သော မိန်းကလေးဖြစ်သည်။ သူမသည် အချစ်၏ အရသာကို မခံစားခဲ့ဖူးပေ။ ယီရိထုံးနှင့် တွေ့သောအခါမှ အချစ်ဆိုသည့်အရာကို သိရှိခဲ့သည်။ ထိုအခါ သူမ၏အသည်းနှလုံး များ ကွဲကြေမတတ် ဖြစ်လာရတော့သည်။ သူမသည် ယီရိထုံးကို အသည်းနှင့်မတတ် ချစ်ခဲ့မိလေပြီ။ ထို့အတွက် ယီရိထုံးကို မခွဲရက် နိုင်အောင် ဖြစ်နေရတော့သည်။

'ငါ့အပေါ်မှာ မင်း ကျေးဇူးတွေ အများကြီးရှိပါတယ်ကွာ။ ကိုယ့် ဒဏ်ရာရထားတဲ့နေ့က မင်းသာ မကယ်ရင် ငါသေဖွယ်ရာ ရှိခဲ့မှာပါ။ အဲဒီ ကျေးဇူးတွေက ဆပ်မကုန်တဲ့ကျေးဇူးတွေပါ။ ဒီဘဝသက် ဆပ်မကုန်ရင်လဲ နောင်ဘဝ ဆက်တိုင်း ပေးဆပ်မယ်လို့ ငါ အဓိဋ္ဌာန် ပြုထားပါတယ်'

လီရန်ကျို ပြုံးစနဲ့ မတ်တတ်ထရပ်လိုက်သည်။ ယီရိထုံး၏ ကျေးဇူးစကားများကို ဒေါသထွက်သွားသည်။

'ရှင်... ရှင်... ကျွန်မကို စော်ကားလှချည်လား။ ကျေးဇူးအတင်ခံ ချင်လို့ ရှင့်ကို ကူညီခဲ့တာလို့ ရှင်ထင်နေသလား။ ရှင်ဟာ ကျွန်မရဲ့ မေတ္တာ စေတနာတွေကို အကြိမ်ကြိမ်စော်ကားခဲ့တာပဲ။ ရှင် ကျွန်မကို မချစ်ဘူးပေါ့။ မေတ္တာမရှိဘူးပေါ့။ ဘာလဲ... ရှင့်မှာ ကျွန်မထက် ချစ်ရသူ ရှိနေလို့လား'

လီရန်ကျီမှာ ကလေးဆန်သည့်မှလွဲ၍ ပြောစရာ အပြစ်ကင်းလောက်အောင် ချောမော လှပသူကလေးဖြစ်ပေသည်။ သို့သော် ချစ်ခြင်းမေတ္တာဟူသည် အလွန်ဆန်းကြယ်လှသော စိတ်ခံစားချက်တစ်ရပ် ဖြစ်ပေရကား ယီရီထုံး၏ စိတ်မှာ ချောပင်အပေါ်၌သာ ယိမ်းညွှတ်နေလေသည်။

ထို့ကြောင့် လီရန်ကျီအား သာမန်ခင်မင်ရင်းနှီးမှုသော မိန်းကလေးတစ်ဦးပမာသာ ဆက်ဆံနေခြင်း ဖြစ်ပေသည်။

လီရန်ကျီမှာမူ ယီရီထုံးကို တွေ့စကတည်းကပင် ချစ်စိတ်ဝင်ခဲ့ပေသည်။

မြစ်ငါးပြစ်ကမ်းတွင် ပြန်ဆုံကြသောအခါ ယီရီထုံး စိတ်ပျော်ရွှင်ကြည်နူးအောင် သူမအနေနှင့် တတ်နိုင်သမျှ စွမ်းဆောင်ခဲ့ပေသည်။

ထိုမှတစ်ဖန် ဟန်ကျုံးမြို့သို့ ရောက်ရှိလာသောအခါတွင် လီရန်ကျီ၏ စိတ်များမှာ အတားအဆီးမဲ့စွာ ယီရီထုံးအပေါ် ပုံပြချစ်ခဲ့မိလေသည်။

အကြောင်းမှာ သူမ၏ဖခင် တပ်ချုပ်ကြီးလီခေါင်လူ ကိုယ်တိုင်ကပင် ယီရီထုံးအပေါ်တွင် ချစ်ချင်စင်ခင် ဆက်ဆံခဲ့သောကြောင့်တည်း။ ထို့အတွက် လီရန်ကျီမှာ ကျေနပ်ဝမ်းသာခဲ့ရပေသည်။

သို့သော် ဝမ်းသာပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းကြေကွဲရခြင်းတို့မှာ လောကဓံတရားများဖြစ်သည့်အလျောက် တပ်ချုပ်ကြီး လီခေါင်လူ၏ အိမ်၌ တိုက်ပွဲကြီးဖြစ်သွားပြီးသောအခါ ယီရီထုံးမှာ ပန်းမွှင့်နီကိုကား၊ အုပ်စုနှင့်အတူ ပျောက်ကွယ်သွားခဲ့ရပေသည်။

ပျောက်ဆုံးသွားသည့် လီရန်ကျီမှာလည်း ပူဆွေးရာထုကြွယ် ဖြစ်ခဲ့ရပေသည်။

သူမသည် နေ့စဉ်နေ့တိုင်းပင် မြင်းတစ်ကောင်နှင့် တစ်မြို့လုံး အနှံ့လျှောက်သွားကာ ယီရီထုံး ရှာပုံတော်ဖွင့်ခဲ့ရှာသည်။



လီခေါင်လူမှာ တစ်ဘက်တာဝန်များ ပိုနေသဖြင့် သမီးဖြစ်သူကိုလည်း မျက်စိဒေါက်ထောက် ကြည့်မနေအားတော့ချေ။ လီရန်ကျီကို လွှတ်ထားလိုက်ရတော့သည်။

သူမ ယီရီထုံးကို ခြေရာကောက်မိခြင်းမှာ ချောပင်ကြောင့်ဖြစ်၏။

နယ်စားကြီး၏ ဂေဟာမှ ကျောက်စိမ်းရုပ်တုလာခိုးသော ချောပင်ကို တွေ့လိုက်ရသည်။ သူမနောက်မှ ခြေရာခံလိုက်လာခြင်းဖြင့် ယီရီထုံးရှိရာသို့ ရောက်လာခြင်း ဖြစ်တော့သည်။

လီရန်ကျီသည် အမှောင်ရိပ်၌ ခိုအောင်းပြီး ကင်းသမား စင်ရန်တို့အုပ်စုကို ကျောက်ခဲများဖြင့် လမ်းလွှဲလိုက်သည်။ သူမအနေဖြင့် ယီရီထုံး မည်သည့်အခန်း၌ရှိကြောင်း မသိပေ။

ကင်းသမားများအလစ်၌ အနောက်ဘက်ခြံဝင်းထဲသို့ ဝင်လာခဲ့သည်။

ထိုခြံဝင်းထဲသို့ရောက်သည်နှင့် လူဖေချင်းနှင့် ပက်ပင်းတိုးလေတော့၏။

'ဆရာ'

လီရန်ကျီက ဝမ်းသာအားရခေါ်လိုက်၏။ လူဖေချင်းမှာ မျက်မှောင်ကြုတ်သွားသည်။

'နင် ဘာလာလုပ်တာလဲ'

'အစ်ကိုလေး ယီရီထုံးနဲ့ တွေ့ချင်လို့ပါဆရာ'

လူဖေချင်းက ယီရီထုံးအခန်းကို လက်ညှိုးညွှန်ပြလိုက်သည်။ လီရန်ကျီသည် အပြေးကလေးထွက်သွားပြီး အဓောတကြီးတံခါးကို ခေါက်လိုက်သည်။

'အစ်ကို၊ အစ်ကို တံခါးဖွင့်ပါဦး'

သူမ၏နောက်မှ လိုက်လံရှာဖွေသူတို့ကလည်း ရှိနေသေးသည်

မဟုတ်ပါလား။

ယီရိုထုံးသည် ခပ်စောစောကပင် နိုးနေသူဖြစ်သည်။ ဆူညံသည့် အသံများကြားရသဖြင့် အကယ်၍ တစ်စုံတစ်ယောက်သော ရန်သူဝင်ရောက်လာခဲ့ပါက ရင်ဆိုင်နိုင်ရန် ပဆွကို အဆင်သင့်ပြင် ကိုင်ဆောင်ထားသည်။

လီရန်ကျိ၏ အသံကို မမျှော်လင့်ဘဲ ကြားရသောအခါ အံ့ဩသွားပြီး ချက်ချင်းတံခါးဖွင့်ပေးလိုက်သည်။

ရန်သူရှာဖွေသော ခြေသံများတဖြည်းဖြည်း နီးကပ်လာကြသဖြင့် ယီရိုထုံးမှာ မတတ်သာတော့ဘဲ သူ၏ဆောင်ထဲ၌ပင် လီရန်ကျိကို ပုန်းနိုင်းလိုက်ရသည်။

မီးတာကို ပေါက်ပြားဖြင့် ဖြတ်၍ ငြိမ်းသတ်လိုက်၏။ ထို့နောက် ပိုင်း၌ ဂိုဏ်းချုပ်ကြီးနှိုက်ကျန်းလောင်တို့ ရောက်ရှိလာခြင်းပေတည်း။

လီရန်ကျိမှာ ယီရိုထုံးထံမှ မည်သည့် တုံ့ပြန်စကားကိုမှ မကြားရသောအခါ ယီရိုထုံး၌ အမှန်တကယ်ပင် ချစ်သူရှိနေပြီဟု အထင်ရှိသွားလေ၏။

'အစ်ကိုက သူ့ကို သိပ်ချစ်တာပဲပေါ့၊ အစ်ကို ဒီလောက်အထိ ချစ်နေတယ်ဆိုရင် သူက ညီမထက် အများကြီးသာလို့ပဲပေါ့။ သူ့ကို ညီမ တွေ့ချင်တယ်၊ သူ ဘယ်မှာရှိသလဲ၊ ညီမကို ပြော'

ယီရိုထုံးမှာ စိတ်ညစ်သွားသည်။ သာမန်ရှင်းပြနေလျှင် ပိုမို၍ အချိန်ကြာလာတော့မည်ကို သိလာသည်။

သူသည် ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်ပြီး မျက်နှာတွင် ဖုံးအုပ်ထားသော အဝတ်စကို ရုတ်တရက် ဆွဲဖွင့်ပြလိုက်လေတော့သည်။

'ဟောဒီမှာ ကြည့်စမ်း။ ငါ့ရုပ်ကို ကြည့်စမ်း။ အရင်ကလို ဟုတ်သေးရဲ့လားဆိုတာ'



ယီရိုထုံး၏ မီးလောင်ကျွမ်းထားသော မျက်နှာကိုတွေ့လိုက်ရသောအခါ လီရန်ကျိမှာ လန့်ဖျပ်သွားတော့သည်။

မီးလောင်ဒဏ်ရာကြောင့် မျက်နှာမှာ အဖြူတစ်ကွက် အမည်းတစ်ကွက်ဖြင့် ကြောက်မက်ဖွယ်ရာ ရုပ်ရည်ဖြစ်နေသည်။ လီရန်ကျိမှာ မကြည့်ရဲတော့သဖြင့် မျက်နှာလွှဲထားလိုက်ရတော့၏။

'တွေ့တယ် မဟုတ်လား။ ငါလောက် အရုပ်ဆိုးတဲ့လူ ဒီလောကမှာ မရှိတော့ပါဘူးကွယ်။ အစကတော့ ခြေသလုံးအိမ်တိုင် သိုင်းသမားဖြစ်ပေမယ့် ရုပ်ရည်ကလေးအသင့်အတင့်ရှိသေးတယ်၊ အခုတော့ ဘာမှ မရှိတော့ပါဘူး။ မင်းသွားပါတော့၊ သွားပါတော့နော်'

လီရန်ကျိမှာ နဂိုက မိုးကျရွှေကိုယ်အလား ချောမောလှသော ယီရိုထုံးကို ကြောက်မက်စရာကောင်းလောက်သည့် ရုပ်ရည်နှင့် တွေ့လိုက်ရသဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့ချေ။

လီရန်ကျိတစ်ယောက် အဆွံ့ အ,အတစ်ယောက်အလား နှုတ်ဆိတ်သွားခြင်း၊ သူ့အား မကြည့်ရဲဘဲ မျက်နှာလွှဲသွားခြင်းတို့ကို တွေ့လိုက်ရသောအခါ ယီရိုထုံးမှာ ရင်ထဲ၌ နာကျင်သွားလေတော့၏။

လီရန်ကျိတစ်ယောက် သူ့ကို ကြောက်လန့်သွားပြီဖြစ်ကြောင်း ရိပ်မိလိုက်တော့၏။ သူသည် နာကျင်ကြေကွဲစွာ ရယ်မောလိုက်တော့သည်။

'ဟား.... ဟား.... ဟား.... ဒီလောက် ရုပ်ဆိုးတဲ့ သရဲမျက်နှာကို မြင်လိုက်လို့ မင်း ကြောက်လန့်သွားပြီ မဟုတ်လား။ ငါ့ကို တွေ့ဖို့ တကောက်ကောက်လိုက်ရှာရတာကို နောင်တရသွားပြီ မဟုတ်လား။ ဟား... ဟား... ဟား'

ယီရိုထုံးမှာ အရူးတစ်ယောက်ပမာဖြစ်နေရှာလေသည်။ စိတ်ထဲတွင် ဖြစ်ပေါ်လာသည့် အပူဒဏ်ကို မခံစားနိုင်တော့သဖြင့် အဆက်

မမြတ် ရယ်မောနေတော့သည်။

လီရှန်ကျိသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ထွက်ငိုကြွေး သွားလေတော့၏။ တဟားဟား အော်ဟစ်ရယ်မောနေသော ယီနီထုံး၏ မျက်စိမှိန်စိုမှုလည်း၊ မျက်ရည်များ တသွင်သွင် စီးကျလျက် ရှိနေလေ သည်တကား။

☆ ☆ ☆

အခန်း (၇၆)

# ချစ်ခြင်း ဆိုသည်မှာ

လီရှန်ကျိသည် မျက်နှာကိုအုပ်လျက် လူဝေချင်းကို ဖြတ်ကျော် ပြေးထွက်သွားတော့သည်။ ဆရာဖြစ်သူ လူဝေချင်းကိုပင် နှုတ်ဆက် စကား မဆိုနိုင်အားရှာတော့ပေ။

လူဝေချင်းကား၊ ဘဝတွေ့အကြုံရင့်ကျက်ခဲ့သူတည်း။ ခင်ဒုန်ချန် အော်သံဟစ်သံများနှင့် လီရှန်ကျိ ငိုရှိုက်ထွက်ပြေးပုံတို့ကို ဆက်စပ်ပြီး အခြေအနေကို အကဲခတ်နိုင်ပြီး ဖြစ်ပေသည်။

သူသည် တပည့်မဖြစ်သူကို လှမ်းမခေါ်မိချေ။ ယီနီထုံးကို နှစ်သိမ့်ရန်လည်း၊ စိတ်မကူးမိပေ။ ယခုအချိန်သည် နှစ်သိမ့်ရမည့် အချိန်အခါမဟုတ်ကြောင်း ဆရာကြီးလူဝေချင်း သိရှိပေသည်။

'ဒီကိစ္စကို ယန်မွှင်နီကိုစော်ကို ဖွင့်မပြောရင် အဝင်ခွဲခံရတော့မှာပဲ'

သူသည် ချိန်ကျွန်းလောင် အခန်းဆီသို့ ထွက်ခဲ့လေတော့၏။ ချိန်ကျွန်းလောင်မှာ အိပ်စက်အနားယူရန် ခုတင်ပေါ်၌ လှဲစဖြစ်၏။ တံခါးခေါက်သံ ကြားလိုက်ရသောအခါ အလျင်အမြန်ထပြီး တံခါးဖွင့်ပေးလေ၏။

'အိပ်တော့မလား ဂိုဏ်းချုပ်ကြီး'

'မအိပ်သေးပါဘူး ဆရာကြီး။ ဘာများ ပြောစရာရှိလို့လဲ'

'ကျုပ် ဝန်ခံစရာတစ်ခု ရှိလို့ပါ'

ချိန်ကျွန်းလောင် အံ့အားသင့်သွားသည်။ လူမေချင်းကို မျက်မှောင်ကြုတ် ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲဆရာကြီး။ နံပါတ်ဆယ့်လေးညီတော် ဘာဖြစ်လို့လဲ'

ချိန်ကျွန်းလောင်က ပြန်မေးသည်။

'ဘာမှမဖြစ်ပါဘူး။ သူ ကောင်းကောင်းမွန်မွန်ပဲ ရှိနေပါတယ်'

'ဒါဖြင့် ဘာများ ဝန်ခံမလို့လဲ'

လူမေချင်းက အခြေအနေကို ရှင်းပြလိုက်သည်။

'ဒီည ဒီကိုရောက်လာခဲ့တဲ့သူဟာ ကျုပ်ရဲ့တပည့်တစ်ယောက်ပါ။ သူဟာ ငယ်ရွယ်သူဖြစ်တော့ တစ်ခါတစ်လေ ခုလိုပဲ ထင်ရာ လျှောက်လုပ်တတ်ပါတယ်။ ဒီည ရွှစ်ထင်ဟုန်ရဲ့ မင်္ဂလာအခမ်းအနားကို လာရောက်နှောက်ယှက်သလို ဖြစ်သွားတာ ကျုပ် တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူး ဆရာကြီးရယ်။ သူ့ကိစ္စနဲ့သူ ရောက်လာတာ ဖြစ်မှာပေါ့။ ကျွန်တော်တို့ ဘယ်လိုမှ စွဲမယူပါဘူး။ ဒါနဲ့ အခု သူ ရှိသေးလား'

'ခုတော့ သူ ပြန်သွားပါပြီ။ နောင် တွေ့တဲ့အခါကျမှ ဂိုဏ်းချုပ်



ကြီးတို့ကို တောင်းပန်ခိုင်းပါဦးမယ်'

လူမေချင်း ထွက်သွားရန် ဟန်ပြင်လိုက်၏။ ချိန်ကျွန်းလောင်သည် ဟူချစ်မုံ၏စကားကို သတိရလိုက်၏။

ဆရာကြီး လူမေချင်း၏တပည့်အကြောင်း ဆရာကြီးလူမေချင်း ထံ စုံစမ်းပါဆိုသည့် အမှာစကားကိုပင်တည်း။ ချိန်ကျွန်းလောင်သည် လူမေချင်းအား ကပျာကယာတားသည်။

'ဆရာကြီးရဲ့တပည့်က စင်ကျန့်ပြည်နယ်ကို ရောက်ဖူးသလား'

'ရောက်ဖူးပါတယ်။ သူက ငယ်ငယ်ကတည်းက စင်ကျန့်နယ်စပ်မှာ ကြီးပြင်းလာခဲ့တာပဲ'

'ဒါကြောင့် သူ့ကို စင်ကျန့်အုပ်စုနဲ့ ရောရောနှောနှော တွေ့ရတာကိုး'

ချိန်ကျွန်းလောင်က သူ့အဓိပ္ပာယ်ဖြင့် သူပြောခြင်းဖြစ်သည်။ ဟူချစ်မုံသည် လီရှန်ကျိုနှင့် ရောရောနှောနှောနေခဲ့ဖူးသည်။ မိန်းမသားချင်းဖြစ်ကြောင်း၊ သူတို့သိထားကြသည်။

ချိန်ကျွန်းလောင်ကမူ လီရှန်ကျိုအား ယောကျာ်းကလေးတစ်ယောက်အဖြစ်သာ အောက်မေ့နေသည်။ ထိုအချက်ကို ဟူချစ်မုံ သိ၏။ ချိန်ကျွန်းလောင် စိတ်အနှောင့်အယှက် မဖြစ်စေရန် ဆရာကြီး လူမေချင်းထံ မေးမြန်းစုံစမ်းပါက လီရှန်ကျိုသည် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိသွားမည်ဖြစ်ပြီး၊ သူ၊(ဟူချစ်မုံ)အပေါ်တွင်လည်း အထင်အမြင်လွဲမှားခြင်း၊ ကင်းသွားပေလိမ့်မည်။

ချိန်ကျွန်းလောင်သည် လူမေချင်းအား မှင်မှင်လင်းလင်း မမေး မေး။ လူမေချင်းကလည်း၊ သူ့ 'တပည့်'ဟုသာ ပြောသည်။ တပည့်မ ဖြစ်ကြောင်း၊ လီခေါင်လူ၏သမီးဖြစ်ကြောင်း ဖော်ကာ ရှင်းမပြခဲ့ချေ။

အပေါ်ယံမေး အပေါ်ယံဖြေကြသဖြင့် ဟူချစ်မုံက ချိန်ကျွန်းလောင်အား သိစေလိုသော လီရန်ကျိုသည် မိန်းကလေးဖြစ်သည်ဆိုသည့် အချက်ကို ချိန်ကျွန်းလောင် သိခွင့်မရတော့ချေ။

လူမေချင်းသည် တစ်ချိန်က အဖြစ်အပျက်များကို ပြန်ပြောပြ၏။

'စင်ကျန်းအုပ်စုဟာ အထွတ်အမြတ်ကျမ်းစာအုပ်ကြီးအတွက် အတော်ကလေး ဒုက္ခရောက်ခဲ့တယ်၊ ကျုပ်တပည့်ကိုလဲ စင်ကျန်းအုပ်စုဟာ ပထမပိုင်းမှာ အထင်လွဲခဲ့ဖူးတာပဲ၊ တိုက်လား နိုက်လားတောင် ဖြစ်ကြသေးတယ်၊ နောက်တော့ ကျုပ်တပည့်ကလဲ ဝင်ကူတော့ သူတို့ချင်း ရင်းနှီးသွားကြတယ်'

လူမေချင်း၏ ရယ်ရယ်ပြုံးပြုံးပြောပြသည့် စကားများကား ချိန်ကျွန်းလောင်အား ပို၍ ကသိကအောက်ဖြစ်စေခဲ့ပေသည်၊ လီရန်ကျိုအား မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိမထားလေလေ လီရန်ကျိုနှင့် ဟူချစ်မုံတို့၏ ရင်းနှီးမှုက ချိန်ကျွန်းလောင်အား စိတ်ဒုက္ခရောက်စေလေလေပင်တည်း။ ထို့ကြောင့် ချိန်ကျွန်းလောင်၏ မျက်နှာ၌ စိတ်မသက်မသာမှုများ ပေါ်လာသည်။

လူမေချင်းက ချိန်ကျွန်းလောင်၏ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး အဓိပ္ပာယ်တစ်မျိုးကောက်သည်။ ယန်မှင့်နီဂိုဏ်းသည် ကျူးကျော်ဝင်ရောက်သည့် သာမန်လူတစ်ယောက်အား မဖမ်းမိလိုက်နိုင်ခြင်းကြောင့် စိတ် မခံချည့်မခံသာဖြစ်နေသည်ဟု ယူဆသည်။

ထို့ကြောင့် အားနာသည့်အကြောင်း၊ တောင်းပန်သည့် အကြောင်းများကို ချိန်ကျွန်းလောင်အား အထပ်ထပ်ပြောသည်။ သူ ထွက်သွားတော့မည်အပြုတွင် စင်ရန် ဝင်ရောက်လာပြန်တော့၏။

'ဆရာ... နံပါတ်ဆယ့်လေး အစ်ကို ယီရိုထုံက ဆရာ့ကို တွေ့ခွင့် တောင်းနေပါတယ်'



ချိန်ကျွန်းလောင်က ခေါင်းညိတ်ပြလိုက်သဖြင့် အခြားငယ်သား တစ်ယောက်သည် ယီရိုထုံအား တွဲမ တွဲယူပြီး အတွင်းသို့ ဝင်ရောက်လာတော့သည်။

'ကျုပ်ကို လှမ်းခေါ်လိုက်ရင် ရသားနဲ့ ငါ့ညီရယ်၊ ကျုပ်လာခဲ့မှာပေါ့၊ အခုတော့ ဒဏ်ရာတွေနဲ့ ဒီကိုလာရတာ ဘယ်သက်သာပါ့မလဲကွယ်'

ချိန်ကျွန်းလောင်က ယီရိုထုံကို ကရုဏာသက်စွာ ပြောသည်။

'ကျွန်တော် ဝန်ခံစရာရှိလို့ လာခဲ့တာပါ ဂိုဏ်းချုပ်ကြီး။ ခုနက ဂိုဏ်းချုပ်ကြီးတို့ လာတုန်းက ကျွန်တော့်စောင်ထဲမှာ လူတစ်ယောက် ဝင်ပုန်းနေခဲ့ပါတယ်။ ဒါကို ဂိုဏ်းချုပ်ကြီးတို့လဲ သိမှာပါ၊ ကျွန်တော့် မျက်နှာကို ထောက်ထားပြီး ဂိုဏ်းချုပ်ကြီး ဘာမှမပြောဘဲ ထွက်သွားတာ ကျွန်တော်သိပါတယ်၊ ဒီအတွက် ကျွန်တော်အများကြီး ကျေးဇူးတင်ပါတယ်။ အဲဒါကို ကျွန်တော် ဝန်ခံတာပါ'

'မလိုပါဘူးလေး၊ တို့တစ်တွေက ဂိုဏ်းတူညီအစ်ကိုတွေပဲ၊ ဂိုဏ်းကို ထိခိုက်နိုင်တဲ့ကိစ္စမဟုတ်ဘူးလို့ ယူဆတဲ့အတွက် ကျုပ်တို့ မျက်နှာလွှဲခဲ့တာပဲ၊ ညီတော့်ကိုလဲ ယုံတယ်လေ'

ချိန်ကျွန်းလောင်က ယီရိုထုံစိတ်သက်သာရာ ရအောင်ပြောသည်။

ယီရိုထုံက သူ့စကားကို ဆက်ပြန်၏။

'အဲဒီလူက ကျွန်တော့်ကို လိုက်ရှာနေတာပါ၊ သူနဲ့ကျွန်တော် နှစ်ယောက်တည်းသာ ဆိုင်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့် လာတွေ့တာပါ၊ အဲဒီ ကိုယ်ရေးကိုယ်တာကိစ္စကို ထုတ်ဖော်ပြောလိုက်ရင် သူ့သိက္ခာထိခိုက်စရာရှိလို့ ကျွန်တော်ဖွင့်မပြောတာပါ၊ အဲဒီအချက်ကိုတော့ ခွင့်လွှတ်ပါ'

'မပြောပါနဲ့၊ ကိစ္စမရှိပါဘူး။ တို့ညီအစ်ကိုတွေက နှုတ်လုံကြပါ

တယ်၊ ဒီအကြောင်းတွေ ပြန်ပြောပြမှာ မဟုတ်ပါဘူး။ ကဲ ကဲ၊ ငါ့ညီ သွားပြီ၊ အနားယူလိုက်ဦး။ စင်ရန့်က မင်းအစ်ကိုကို တွဲခေါ်လိုက်ပို့ လိုက်ပါ'

ယီရိုထုံးကလည်း၊ သူ့အပြစ်ကို ယေဘုယျသဘော ရှင်းပြပြီး ဝန်ချတောင်းပန်သည်။ ချိန်ကျန်းလောင်က ခွင့်လွှတ်သည်ဆိုသဖြင့် သူ့စိတ်ထဲ ပေါ့ပါးသွား၏။ သို့သော် ယီရိုထုံးက လူမရှင်းရှုပ်တပည့်မှာ သူ့ကိုချစ်နေသူ မိန်းကလေးဖြစ်ကြောင်း ရှင်းရှင်းပြောမပြခဲ့သဖြင့် ချိန်ကျန်းလောင်အဖို့မှ စိတ်မသက်မသာ ဖြစ်သွားခဲ့ရပေသည်။

နောက်တစ်နေ့နံနက်တွင် ပန်းယွင့်နီဂိုဏ်းသားများသည် ယမန်နေ့က တာဝန်ပေးထားသည့်အတိုင်း ကိုယ့်အုပ်စုနှင့်ကိုယ် ခရီးထွက်ကြလေတော့သည်။

အခြားသူများသည် ပထမ ခွဲဝေပေးထားသည့် တာဝန်အတိုင်း ထမ်းဆောင်ရန် ထွက်ခွာသွားကြသော်လည်း ကြုတ်ကြီးရှင်းကမူ သူ့တာဝန်အတွက် ပြင်ဆင်တောင်းဆိုသည်။

သူ့အနေဖြင့် ဖူးကျုက်ပြည်နယ် ရှောင်လင်ဂိုဏ်းဌာနချုပ်ရှိရာသို့ သွားလိုပါသည်ဟု ပန်ကြားလေ၏။

'ရှောင်လင်ဂိုဏ်းက ကျွန်တော်တို့ သိုင်းသမားတွေလေးစားတဲ့ သိုင်းပညာဖြန့်ဖြူးရာ ကျောင်းတော်ကြီးဆိုတော့ အဘကြုတ်သွားတာ သင့်တော်ပါတယ်၊ ကျွန်တော်တို့ရဲ့ ဦးတည်ချက်ကို ပြောပြပြီး ရှောင်လင်ဂိုဏ်းက ကူညီပံ့ပိုးမှုရမယ်ဆိုရင်တော့ ကျွန်တော်တို့အဖို့ အင်အား တိုးလာတာပေါ့'

ချိန်ကျန်းလောင်က ခွင့်ပြုပြီး မှာစရာရှိသည်တို့ကို ထပ်မံမှာကြားသည်။ ထို့နောက် ကြုတ်ကြီးရှင်းတို့ ဇနီးမောင်နှံ၊ တပည့် မှန်ကျောက်ရှုန့် အန်ကျောက်ကန်တို့သည် ဖူးကျုက်ပြည်နယ်ဘက်သို့ ဦးတည်



ထွက်ခွာရန် ပြင်ဆင်ကြလေတော့သည်။

ခွဲခွာခါနီးတွင် ကြုတ်ချစ်၏မိခင်က ကြုတ်ချစ်အား ကလေးမဆန်ဖို့အကြောင်း၊ မဆင်မခြင် မစဉ်းမစားဘဲ တဇွတ်ထိုးမလုပ်ဖို့အကြောင်း၊ ဒေါသစိတ်ကို ထိန်းချုပ်ပြီး ရန်မလိုဖို့အကြောင်းများကို အတန်တန် အထပ်ထပ် မှာကြားခဲ့လေသည်။

ကြုတ်ကြီးရှင်းသည် သမီးဖြစ်သူအား မှာကြားစရာရှိသည်တို့ကို မှာကြားဆုံးမပြီးနောက် ရှစ်ထင်ဟုန်အား

'မင်းညီမက ပွင့်ပွင့်လင်းလင်း၊ ဟောဟောဒိုင်းဒိုင်းလုပ်တတ်တယ်၊ စိတ်ကလဲ ကလေးစိတ်ဆိုတော့ လူမှုရေးတွေဘာတွေ သိပ်နားမလည်ရှာဘူး။ စိတ်ထက်သလို လျှောက်လုပ်တတ်တာ၊ ဒီတော့ ငါ့သားက ချော့သင့်တဲ့ နေရာမှာချော့ပြီး ခြောက်သင့်တဲ့နေရာမှာ ခြောက်ပေး၊ သိပ်ပြီးအလိုလိုက်မနေနဲ့'

ကြုတ်ကြီးရှင်းက မှာကြားနေသည်ကို ကြည့်ပြီး ကြုတ်ချစ်မှာ ရှူရှူအောင့်အောင့် ဖြစ်သွားသည်။

'ဖေဖေကလဲ သူ့ဘက်ပါနေပြီ၊ သမီးက မကောင်းလို့လား'

'ဟား… ဟား…ဟား၊ အဲဒါပဲ ကြည့်တော့ ရှစ်ထင်ဟုန်၊ မင်း သတိကောင်းကောင်းထားပေါ့'

ကြုတ်ကြီးရှင်းတို့အုပ်စု ထွက်ခွာသွားပြီးနောက် ချိန်ကျန်းလောင်၊ ဝင်ထိုက်လိုက်၊ ရှောယင်၊ ကျန်ကျွင်၊ ယီရိုထုံး၊ ရှစ်ထင်ဟုန်၊ ကြုတ်ချစ်နှင့် စင်ရန့်တို့ ရှစ်ယောက်သည်လည်း စင်ကျန်ပြည်နယ်ဘက်ဆီသို့ ဦးတည် ခရီးထွက်ခဲ့ကြတော့သည်။

ချိန်ကျန်းမြို့တွင်းကို ကျော်လွန်သည်နှင့် တောင်ဦးပေါက်ရာသီ၏ အအေးဓာတ်ကို စတင်ခံစားရတော့သည်။

ဝင်ထိုက်လိုက်မှာ လူကောင်းသကာထိန်းမပါ၊ မြို့နေပြီးဖြစ်၍ တကယ်

တစ်ထိုက်နိုက်လျှင် ဝင်ထိုက်လိုက်အနေဖြင့် ကူညီနိုင်မည်မှာ သေချာနေသည်။

ယိမ်ရိုးတုံးမှာလည်း ရောဂါတစ်ဝက်ခန့် သက်သာခဲ့ရပေသည်။ ရေမြေရာသီဥတုက ရောဂါဝေဒနာများကို ကုစားလိုက်ခြင်းပင်တည်း။

ချိန်ကျွန်းလောင်တို့အုပ်စု အနောက်မြောက်ဘက်သို့ ဆက်လက်ခရီးထွက်ခဲ့ရာ၊ ရာသီဥတုမှာ တစ်စထက်တစ်စ အေးချမ်းမှု ပိုကဲလာလေသည်။ ဆောင်းဦးပေါက်ရာသီဖြစ်သဖြင့် သစ်ပင်ပန်းမန်တို့မှာ စိမ်းလန်းစိုပြည်နေသည်။

သူတို့ နိုင်ဖုန်းမြို့ကြီးကို ကျော်ဖြတ်လာခဲ့ကြသည်။ လူရှစ်ယောက်-မြင်းရှစ်ကောင်အနက် ဝင်ထိုက်လိုက်စီးသော မြင်းဖြူကြီးမှာ ပြေးအားကောင်းလှသဖြင့် ရှေ့ဆုံးမှ ဦးဆောင်နေလေသည်။

ခဏအတွင်းမှာပင် ချိန်ကျွန်းလောင်တို့အုပ်စုကို နောက်၌ အပြတ်ချန်ရစ်ခဲ့ပေသည်။

ဝင်ထိုက်လိုက်သည် ရွာတစ်ရွာရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ပြီး အစားအသောက်များကို မှာကြားကာ နောက်လူများကို စောင့်နေရတော့သည်။

ထိုထမင်းဆိုင်မှ ထောင့်တစ်ထောင့်တွင် လူ တစ်ယောက်ထိုင်နေကြောင်း သာမန်သတိပြုမိလိုက်၏။ သူ့ကို အကဲခတ်သလိုဖြစ်နေသဖြင့် ပြန်ကြည့်လိုက်ရာ ထိုလူသည် တစ်ဘက်သို့ ခေါင်းလှည့်သွားလေတော့သည်။ ထိုအပြုအမူက ဝင်ထိုက်လိုက်၏ သံသယကို နှိုးဆွသလို ဖြစ်သွားသည်။

မကြာမီ ချိန်ကျွန်းလောင်တို့အုပ်စု ရောက်ရှိလာကြသည်။ ကိုယ်လက်ဆေးကြောပြီး အစားအသောက်များ မှာယူစားသောက်နေစဉ် ဝင်ထိုက်လိုက်က စောစောက လူအကြောင်း တီးတိုးသတင်းပေးလိုက်၏။



ရှစ်ထင်ဟုန်က ဝင်ထိုက်လိုက်ထံမှ ထိုသတင်းကို ကြားရလျှင် အရှေ့ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ တစ်စုံတစ်ရာ ရှာဖွေနေဟန်တူသော မျက်လုံးတစ်စုံကို ရှစ်ထင်ဟုန် လှမ်းတွေ့လိုက်ရသည်။

ရှစ်ထင်ဟုန်နှင့် အကြည့်ချင်းဆုံသောအခါ ထိုသူသည် မျက်လွှာချကာ ချက်ချင်းပင် ခေါင်းငုံ့သွားတော့သည်။

ချောပင်က ထင်မြင်ချက်ပေးသည်။

'ကျွန်မတို့ကို ချောင်းကြည့်နေတာ ဖြစ်ရမယ်'

'စင်ရန်၊ မင်း သွားကြည့်လိုက်စမ်း။ ဘာကိစ္စလဲ မသိဘူး။ ငွေရေးကြေးရေး အဆင်မပြေလို့ဆိုရင် နည်းနည်းထောက်ပံ့လိုက်ပေါ့ကွာ'

ချိန်ကျွန်းလောင်က စင်ရန်ကို တာဝန်ပေးလိုက်သည်။

စင်ရန်က ခေါင်းညိတ်ပြီး ထိုခုံအနီးသို့ သွားသည်။ ထိုလူနှင့် မနီးမဝေးတွင်ထိုင်ပြီး သိုင်းလောကသားများ ပြောတတ်ကြသည့် စကားတစ်ခွန်းကို အော်လိုက်သည်။

ထိုစကားတစ်ခွန်းကိုကြားလျှင် မည်သည့် သိုင်းဂိုဏ်းမဆို မိမိ၏ ဂိုဏ်းအမည်ကိုပြောပြီး လိုရာအကူအညီကို တောင်းခံနိုင်သည်။

စင်ရန်က စကားရက်အော်ပြီးသည့်တိုင် တစ်ဘက်မှ တုံ့ပြန်လာခြင်း မရှိခဲ့ပေ။

ထို့ကြောင့် စင်ရန်နောက်တစ်ကြိမ် ထပ်မံအော်ဟစ်လိုက်ပြန်သည်။

စင်ရန်၏ အော်သံဆုံးသောအခါ အခန်းတစ်ခုမှ တံခါးပွင့်လာပြီး အနက်ရောင်ဝတ်စုံကို ဝတ်ထားသူ တစ်ယောက်သည် မြက်ဦးထုပ်ကြီးတစ်လုံးကို မျက်နှာတစ်ခြမ်းဖုံးလောက်အောင် ခပ်ငိုက်ငိုက်ဆောင်းလျက် ထွက်လာတော့သည်။ ထိုသူက စာရွက်ခေါက်ကလေးတစ်

ခေါက်ကို စင်ရန်အား လှမ်းပေးပြီး....

'နံပါတ်ဆယ့်လေးခေါင်းဆောင်ကို ပေးလိုက်ပါ'

ထိုသူသည် စကားဆုံးသည်နှင့် ဆိုင်ပြင်သို့ ထွက်သွားတော့၏။ ဆိုင်ရှေ့မှ မြင်းတစ်ကောင်ပေါ်သို့ လွှားခနဲ ခုန်တက်ကာ ထွက်ခွာသွားတော့သည်။

'နံပါတ်ဆယ့်လေးအစ်ကိုကြီးကို ဟိုလူက ဒီစာပေးလိုက်တယ်'

'ခရီးထက်ကြပ်မကွာ အမြဲသာလိုက်မှာ'

မိန်းကလေးလက်ရေး သေးသေးကွေးကွေးစာလုံးများကို တွေ့လိုက်ရသည်။

ခေါင်းစဉ်မရှိသလို အောက်တွင်လည်း လက်မှတ်လည်း ရှိမနေချေ။

သို့သော် မည်သူရေးပေးသည်ကို ယီရိထုံး သိပါသည်။ စာကို ချိန်ကျုန်းလောင်အား ပေးလိုက်သည်။ ချိန်ကျုန်းလောင် ဖတ်ကြည့်သည်။ နားမလည်ပေ။

ထို့ကြောင့် ယီရိထုံးအား လှမ်းကြည့်သည်။ မင်းရှင်းမြို့မှ ငါးရှားလည်မှာဆိုသည့် သဘောပေတည်း။

'ဒီလူက ကျွန်တော့်ကို အမြဲတမ်းလိုက်ပြီး စောင့်ယှက်နေတယ်၊ အခုလဲ သူရှေ့ကသီးပြီး စောင့်နေမှာ အသေအချာပဲ၊ ကျွန်တော် သူ့ကို ရှောင်ချင်တယ်၊ ဒီတော့ သွားရိုးသွားစဉ်အတိုင်း မသွားဘဲ ရေလမ်းက သွားချင်တယ်'

ယီရိထုံးက သူ့ဆန္ဒကို ပြောသည်။

ကျုန်ကျွင်က ခေါ်သံတကြိမ်မြင့် ဝင်ပြော၏။

'ဟိုက အုပ်စုနဲ့ပဲ၊ ကြောက်စရာမလိုပါဘူး၊ ဘာလို့ရှောင်ရမလဲ၊ သူ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ စမ်းကြည့်ကြရတာပေါ့၊ ပန်းမှုင့်နီကိုထီးက ရှောင်ပေးရတယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့'



'ကြောက်စရာ မလိုပါဘူး၊ ကျွန်တော် အဲဒီလူနဲ့ မျက်နှာချင်း မဆိုင်ချင်လို့ပါ'

'ဒီလိုဆိုရင် တို့ သူ့ကို ပညာပေးလိုက်ကြတာပေါ့၊ အဲဒီကျရင် ဒီကောင် နောက်ဆုတ်သွားလိမ့်မယ်'

ယီရိထုံးမှာ အကျဉ်းအကျပ် တွေ့သွားသည်။ လိုရန်ကျိုကို ဖော်ရေအနာတရတော့ မရစေလိုပေ။

ချိန်ကျုန်းလောင်သည် ပထမအကြိမ်ကပင် ယီရိထုံးအတွက် ညှာညှာတာတာတွေးခဲ့သူဖြစ်၍ ယခု ယီရိထုံးစိတ်ညစ်နေသည်ကို မြင်ရပြန်သောအခါ ကရုဏာသက်သွားပြန်သည်။

ထို့ကြောင့် ချိန်ကျုန်းလောင်က....

'ဒါဆို လှေစီးပြီး ရေလမ်းကသွားချင်တယ်ဆိုရင်လဲ သွားပေါ့၊ ကောင်းပါတယ်၊ ရေလမ်းခရီးက လူသက်သာတယ်၊ မြင်းဆိုတာက တော့ ခုန်ပေါက်နေတော့ အနေအထိုင် ကြမ်းတယ်၊ စင်ရန် မင်း သူနဲ့လိုက်သွား အဖော်အဖြစ် စောင့်ရှောက်လိုက်'

စင်ရန်မှာ ခေါင်းသာညိတ်လိုက်ရသော်လည်း စိတ်ထဲတွင် မပျော်ရွှင်လှပေ။

လှေဝမ်းထဲတွင် ငြိမ်ငြိမ်ဆိမ်ဆိမ်ထိုင်ပြီး လိုက်ပါသွားရသည်မှာ မြင်းစီးပြီးခွေ့မှယ် ကောင်းပေသည်။

မြင်းစီးခရီးထွက်ခြင်းမှာ အသစ်အဆန်းများစွာနှင့် ကြုံရသဖြင့် ပျော်ရွှင်စရာကောင်းသည်ဟု သူ ယူဆသည်။

ထို့ကြောင့် ချိန်ကျုန်းလောင် အမိန့်ပေးလိုက်သောအခါ ခေါင်း ညိတ်လိုက်ရသော်လည်း မျက်နှာမသာမယာဖြစ်သွားသည်။ ယီရိထုံးက အဖော်နှင့်မသွားလိုကြောင်း၊ သူ့ကိုယ်သူ ကာကွယ်နိုင်ကြောင်း၊ သူ့ အဓိက ခရီးရာမှာ မျက်နှာချိုသာဖြစ်ကြောင်း၊ ခြေလက်များ ကောင်း

သဖြင့် ရန်သူများကို ခုခံနိုင်ကြောင်း ပြောလျက် တစ်ဦးတည်း ခရီးထွက်ခွင့်ပြုရန် အကြောက်အကန် တောင်းပန်လေတော့သည်။

ယင်းသို့ဖြင့် ဝုမ်ဟိုမြစ်ကမ်းပါးသို့ ရောက်သောအခါ လှေတစ်စင်းကို ငှားလုံးငှားပြီး ယီရိုထုံးအား တင်ပေးလိုက်ကြသည်။

သူတို့နှင့် ယီရိုထုံး တုံကွမ်မြို့တွင် ပြန်လည်ဆုံတွေ့ကြမည်ဖြစ်ကြောင်း ချိန်ကျန်းယောင်က သတိမှတ်ပေးလိုက်၏။

ယီရိုထုံး ပါသွားသောလှေ လှော်ခတ်ထွက်သွားပြီးနောက် ကျွန်ကျင်က မကျေမနပ် တတွတ်တွတ် ရေရွတ်နေတော့သည်။

'ဒီကောင် ဘာလုပ်မှန်းကို မသိဘူး။ ကျောသမား တသမားနဲ့လား မသိဘူး။ သူလုပ်တာကို ကျုပ်တော့ ဘာမှ နားမလည်တော့ဘူး'

'သူက သူ့မျက်နှာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတော့ စိတ်မကောင်းဖြစ်နေမှာပေါ့။ စိတ်အေး ကာယောင်ချောက်ချားဖြစ်ပြီး လုပ်ပုံကိုင်ပုံမမှန်တာတွေ ဖြစ်ချင်လဲ ဖြစ်နေမှာပေါ့။ ဘာပဲဖြစ်ဖြစ် သူစိတ်ချမ်းသာအောင် ငါတို့ လိုက်လျောသင့်ပါတယ်။ သူ တို့တစ်တွေကို သူ့ရုပ်အပျက်ခံပြီး သူကယ်ထားတာပဲ'

ချောပင်က ပြေပြေလည်လည်ဖြစ်အောင် ပြောသည်။

'အင်း... ဒီကောင် မိန်းကလေးတစ်ယောက်နဲ့ အရင်တုန်းက အတူတူ လျှောက်သွားခဲ့ဖူးတယ်လို့ ပြောတယ်၊ နောက်ပြီး ဟန်ကျုံးမြို့ကို ဘယ်ကနေဘယ်လို ရောက်သွားရပြန်သလဲ မသိဘူး။ ကျွန်—အခု အရှုပ်အရှင်းဖြစ်နေတာ၊ အဲဒီမိန်းမကြောင့်များလား မသိဘူး။ ကျောသမား တသမားတွေဟာ စိတ်နုတော့ ဖြစ်ချင်ရာတွေ လျှောက်ဖြစ်တတ်တာပဲ'

ကျွန်ကျင်က တတွတ်တွတ်ပြောသဖြင့် ဝင်ထိုက်လိုက်က လေသံမာမာဖြင့် တားမြစ်လိုက်သည်။



'ကျွန်ကျင် ဒီလိုထင်ရာမြင်ရာတွေလျှောက်ပြောမနေနဲ့၊ ကိုယ့်ညီတော်တစ်ယောက် သိက္ခာကျတာကို သူများ ကြားစေချင်လို့လား'

ကျွန်ကျင်မှာ ဝင်ထိုက်လိုက်၏ စိတ်လိုက်မာန်ပါ လေသံကြောင့် ဘာမှ မပြောနိုင်ဘဲ ငြိမ်သွားရတော့သည်။

ထို့နောက် ပန်းရှင်းနိုင်ဂိုဏ်းသားများသည် စကားမပြောကြတော့ဘဲ အတွေးကိုယ်စီဖြင့် ခရီးဆက်ကြလေတော့သည်။

☆ ☆ ☆

## အခန်း (၇၇)

# ရန်သူဟောင်းနှင့် ကြုံကြိုက်ခြင်း

ငါးရက်ခန့် ခရီးဆက်ပြီးသည့်အထိ လီရန်ကျိုး၏ အရိပ်အယောင်ကို မတွေ့ရသဖြင့် ယီရိုထုံး စိတ်အေးသွား၏။ သူသည် လီရန်ကျိုးကို စိတ်မဆင်းရဲစေလိုပေ။ တစ်ကိုယ်တော်သာ နေလိုတော့သည်။

ရေသူကြီးနှင့် ရေထိုးသားတို့မှာလည်း တာဝန်ကျေပွန်လှ၏။ ယီရိုထုံးအတွက် အစစအရာရာ ဆောင်ရွက်ပေးကြသည်။ မျက်နှာကို အဝတ်ဖြင့် အုပ်ထားသော လူထူးလူဆန်းသည် အလွန်တရာ အေးဆေးလှသဖြင့် သူတို့များမှာ စိတ်ချမ်းသာနေကြသည်။

ယီရိုထုံးတို့သည် ညအချိန်၌ ဆိပ်ကမ်းတစ်ခုတွင် ဝင်ကပ်သည်။

သူသည် မျှင်းမျှင်းနှင့် ပလွေမှုတ်မိလေတော့၏။

'ကောင်းလိုက်တဲ့ ပလွေသံပါလား'



ရုတ်တရက် နောက်ကျောဘက်ဆီမှ ကောင်းချီးပြသံပေးလိုက်သံကြောင့် ယီရိုထုံး လှည့်ကြည့်မိ၏။

လရောင်အောက်တွင် လူသုံးယောက် ကမ်းစပ်ဆီသို့ ကပ်လာနေသည်ကို သူတွေ့ရှိလိုက်ရ၏။

တစ်ယောက်သောသူက—

'ကျုပ်တို့ ခရီးသွားတွေပါ၊ ပလွေသံကြားရလို့ ဒီဘက် လှည့်လာကြတာပါ။ အနှောင့်အယှက် ဖြစ်သွားရင် ခွင့်လွှတ်ပါဗျာ'

ခရီးသွားလူစိမ်းတို့၏ ယဉ်ကျေးသော စကားသံကြောင့် ယီရိုထုံးကလည်း ကောင်းမွန်စွာ ခရီးဦးကြိုပြုလိုက်ရသည်။

'ခြော်... ခရီးသည်ချင်းတွေပဲ ကိစ္စမရှိပါဘူးခင်ဗျာ၊ ကိစ္စမရှိပါဘူး။ ဒီလောက်သာယာလှပတဲ့ ညချမ်းမှာ ကျွန်တော့်ရဲ့ မသာယာတဲ့ ပလွေသံနဲ့ ရှုရှုည့်ည့် ဖျက်ဆီးနှောက်ယှက်မိတာကိုသာ ခွင့်လွှတ်ဖို့ တောင်းပန်ရမှာပါ'

ယီရိုထုံး၏ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံပုံကြောင့် ထိုသုံးဦးမှာ ယီရိုထုံးအား ဓာတ်ပေတတ် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ကြောင်း နိုင်းဆိသိရှိသွားကြသည်။

ယီရိုထုံးက ဖိတ်ခေါ်လိုက်၏။

'ညကြီးမင်းကြီး ခရီးဆက်ဖို့ မသင့်တော်တော့ပါဘူး။ ကျွန်တော့် လှေပေါ်တက်ခဲ့ပါလား။ အရက်သောက်ပြီး စကားလေးဘာလေး ပြောကြတာပေါ့'

'ဟာ... သိပ်ကောင်းတာပေါ့ဗျာ၊ အခုလို ဖိတ်ခေါ်တာကို ကျေးဇူးတင်လှပါတယ်'

ထိုလူသုံးယောက်သည် ဝမ်းသာအားရပြောပြီး ကမ်းစပ်မှနေ၍ လှေပေါ်သို့ ပြိုင်တူခုန်ချလိုက်ကြလေ၏။

ကမ်းပါးမှနေ၍ လှေပေါ်သို့ ခုန်ချလိုက်သော်လည်း ကျမ်းကျင်သောသူဖြစ်၍ လှေမှာ အနည်းငယ်သာ လှုပ်သည်။

ထိုသုံးဦး၏ ထက်မြက်သော ကိုယ်ဖော့ပညာကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားတော့သည်။

သို့ရာတွင် သူ့အနေဖြင့် သိုင်းပညာမတတ်ပါဟုသာဟန်ဆောင်ပြသလိုသဖြင့် လှေနံများကို ကြောက်လန့်တကြား ကိုင်ပြရလေ၏။

ပထမဦးစွာ လှေပေါ်သို့ ခုန်ပျံရောက်ရှိလာသူမှာ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အင်္ကျီရှည်ကြီးဝတ်ဆင်ထားသည်။

ထိုအင်္ကျီ၏ အပေါ်တွင် ငှက်တောင်ပါဝတ်ရုံကို လွှမ်းခြုံထားသဖြင့် ကျေးလက်တောရွာမှ သူဌေးတစ်ဦး မြို့တက်လာသကဲ့သို့ ရှိနေလေ၏။

ဒုတိယရောက်ရှိလာသူမှာ ပါးမြိုင်းမွေးအပြည့်ဖြင့် မျက်နှာတစ်ပြင်လုံး မည်းကြုတ်နေပြီး တတိယရောက်ရှိလာသူမှာ မှန်ကိုတစ်ယောက်ဖြစ်ကြောင်း သိသာသည်။

ဆိတ်သားရေဖြင့် ပြုလုပ်ထားသော အင်္ကျီကို ရင်ဘတ်၌ လှန်၍ ဝတ်ဆင်ထား၏။

ရဲရင့်မျက်လတ်သော သွင်ပြင်ရှိသူ့နောက်က ရဲမက်ကောင်းတစ်ဦးနှင့်အစေခံကလေး တွေ့လေ၏။

ယီရီထုံးသည် ထိုသူသုံးယောက် လှေဝမ်းထဲသို့ ရောက်သည်နှင့် အရက်နှင့်အစားအသောက်အချို့ ပြင်ဆင်ပေးပါရန် လှေသူကြီးကို မေတ္တာရပ်ခံ၏။

လှေသူကြီးမှာ သူစိမ်းများကို မလိုလားသော်လည်း ငွေးရမ်းထားသူ၏ ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် တတ်နိုင်သမျှ ပြင်ဆင်ပေးရလေ၏။

ထို သုံးယောက်အနက် ထောင်ထောင်မောင်းမောင်းနှင့်လူသည်



ခေါင်းဆောင်ဖြစ်ဟန် တူသည်။

'ညဉ့်နက်သန်းခေါင် အချိန်မတော်မှာလာပြီး ဖုကွပေးမိတာကို အားနာလိုက်တာဗျာ'

'အို.... ရပါတယ်ဗျာ.... ရပါတယ်၊ ဧည့်သည် အချင်းချင်းပဲ၊ ရိုင်းပင်းကူညီရမှာပေါ့၊ အားနာစရာမလိုပါဘူး'

'ဒါနဲ့ မိတ်ဆွေနာမည်က ဘယ်လိုခေါ်ပါသလဲ၊ သိခွင့်ရှိရင် သိပါရစေ'

'ဟုတ်ကဲ့.... သိနိုင်ပါတယ်၊ ကျွန်တော့်နာမည်က ယီရီထုံးလို့ ခေါ်ပါတယ်၊ ငယ်ငယ်ကတည်းက စာပေပညာကို ဝါသနာပါလွန်းလို့ ဆယ်နှစ်ဆယ်မိုး ဆည်းပူးလေ့လာ လိုက်စားခဲ့မှုပါတယ်၊ ဟဲ ဟဲ၊ ရည်ရွယ်ချက်ကတော့ မင်းမှုထမ်း အရာရှိတစ်ယောက်ဖြစ်ချင်လို့ပေါ့ဗျာ၊ ကြိုးစားတော့ ကြိုးစားတာပါပဲ၊ ဒါပေမယ့် မအောင်မြင်ပါဘူးဗျာ'

ယီရီထုံးက သူ့နာမည်ရင်းကို မပြောဘဲ လိမ်လည်၍ပြောလိုက်၏။ ဘဝဖြစ်စဉ်ကိုလည်း လိမ်ညာ၍ ပြောလိုက်သည်။

'ကြော်.... ပညာတတ် တစ်ယောက်ကို။ ဂုဏ်ယူရစေပါ့ဗျာ'

ယီရီထုံးက သူ့လုပ်ဇာတ်ကို ဆက်ပြောပြန်သည်။

'အဲဒီလို မင်းမှုထမ်းတစ်ယောက် မဖြစ်နိုင်လို့ စိတ်ဓာတ်ကျပြီး နေချိန်မှာပဲ၊ ကျွန်တော့်အိမ်ကို မီးလောင်ပါလေရောဗျာ၊ အဲဒီမီးက အိမ်တင်မကဘဲ ကျွန်တော့်ကိုပါ လောင်သွားလို့ မျက်နှာလဲ မီးဒဏ်ရာကြောင့် ရုပ်ပျက်ဆင်းပျက်ကို ဖြစ်သွားရတာပါပဲ၊ အင်း.... အကုသိုလ်များ တစ်ယောက်တည်းမလာဘဲ အဖော်နဲ့ အပေါင်းနဲ့ လာတတ်တယ်ဆိုတာ တကယ်မှန်တာပါပဲလားဗျာ၊ ကျုပ်မှာ မင်းမှုထမ်းမဖြစ်ရလို့ စိတ်ညစ်ရတဲ့အထဲ တစ်မှုပေါ်နှစ်မှုဆင့်ပြီး ကံဆိုးခဲ့ရတယ်၊ အခု ကျွန်တော့်မှာ ဘာမှ မရှိတော့လို့ ကျွန်တော့်ဦးရီးတော်တစ်ယောက်

ဆီမှာ ဗိုဗိုနေထိုင်ဖို့ ထွက်လာခဲ့တာပါပဲဗျာ'

ယီရိုတုံးက သူ့အကြောင်းကို စီကာပတ်ကုံး ပြောပြနေသည်။

ထိုသူသုံးယောက်မှာ အမှန်တကယ်ပင် ယုံကြည်သွားကြသည်။

'စိတ်ခဏ ကျမနေစမ်းပါနဲ့လေ၊ ကံတရားဆိုတာ အမြဲတမ်း ဆိုးမနေသလို အမြဲတမ်းလဲ ကောင်းနေနိုင်မှာ မဟုတ်ပါဘူး။ လုံးဝမ်း လာတာသာ မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရဘူးလို့ ဆိုရိုးစကား ရှိတယ်မဟုတ်လား။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ခင်ဗျားကံကောင်းချင် ကံကောင်းလာမှာပေါ့ဗျာ'

'မိတ်ဆွေတို့သုံးယောက်ရဲ့နာမည်ကိုလဲ မသိရဘူးလားဗျာ။ သိခွင့် ရှိရင် သိပါရစေ'

'သိရပါတယ်ဗျာ။ ကျုပ်နာမည်က တိမ်ရိုလွင်၊ သူက ကူကျင် ပြောင်၊ သူ့နာမည်ကတော့ ဟာယိုတိုင်တဲ့'

အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း မုတ်ဆိတ်က ကျန်ပါး ခြင်းမွေးထူရုပ်လူနှင့် မှန်ဘီးအဝတ်အစား ဝတ်ထားသူတို့ကို လက်ညှိုး ညွှန်ပြ မိတ်ဆက်ပေးသည်။

ယီရိုတုံးက လက်သီးနှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။ ပြန်လည်၍ ဂါရဝပြုကြသည်။

ယီရိုတုံးက...

'မိတ်ဆွေတို့ ညည်နက်သန်းခေါင် ခရီးသွားနေရတာ အန္တရာယ် များလှပါတယ်'

'ဘာတွေများ အန္တရာယ် ရှိလို့လဲ'

'လမ်းခရီးက သိပ်ပြီး စိတ်ချရတာ မဟုတ်ဘူး။ ဘာမှလုံခြုံမှုလဲ မရှိဘူး။ ဓားပြအုပ်စုတွေက နေရာတကာမှာ ရှိနေတော့ အသွားမတော် တစ်လှမ်းဆိုသလို အချိန်မရွေး အချိန်ရှိ ပျောက်သွားနေရင် ခုက္ခရောက်



သွားနိုင်ပါတယ်'

ယီရိုတုံးက ကြောက်ကြောက်ရွံ့ရွံ့ပုံစံဖြင့် ပြောနေသည်ကို သုံး ယောက်သား တဟားဟားအော်ဟစ် ရယ်မောကြလေတော့၏။ သူတို့ ၏ပုံစံက မည်သည့် သူခိုးဓားပြကိုမျှ သူတို့ဂရုမစိုက်ပါဟု ဖော်ပြနေ သယောင် ရှိပေသည်။

ဆေးသူကြီးက အစားအသောက်နှင့် အရက်များ လာရောက် တည်ခင်းဧည့်ခံသောအခါ တိမ်ရိုလွင်တို့သုံးယောက်စလုံး အားရပါးရ စားသောက်ကြလေတော့၏။

'ငါ့ညီက ပဆွေမှတ်တာ သိပ်တော်တာပဲ၊ သီချင်းတစ်ပုဒ် လောက် ထပ်ပြီး မှုတ်ပြပါလား'

တိမ်ရိုလွင်သည် စားသောက်ပြီးသည်နှင့် ယီရိုတုံးအား ပလွေ မှုတ်ပြရန် ပြော၏။ သူ့ရွေးပလွေသည် သူ့အမှတ်တံဆိပ်ပင်ဖြစ်ရာ ရွှေပလွေကိုမြင်ပြီး သူ့စာတိရုပ်ကို ဖော်ထုတ်သွားနိုင်မည်ကို စိုးရိမ်ပြီး ယီရိုတုံးသည် အကြောင်းအမျိုးမျိုးပြလျက် ငြင်းဆန်ရလေတော့၏။

တိမ်ရိုလွင်တို့သုံးယောက်သည် စားသောက်ပြီးစီးကြသည့်အခါ ပြန်ရန် နှုတ်ဆက်ကြသည်။

'လေ့ထဲမှာပဲ အနားယူလိုက်ကြပါလား ခင်ဗျာ၊ မနက်မိုးလင်းမှ ပဲ ခရီးဆက်ကြတာပေါ့'

ယီရိုတုံးက ဧည့်ဝတ်ကျေပွန်စွာ ဖိတ်ခေါ်လိုက်၏။

'ကောင်းတော့ ကောင်းတဲ့အစီအစဉ်ပါပဲ၊ ဒါပေမယ့် ခုက္ခပေးတာ များလို့ အားနာပါပြီဗျာ'

'ရပါတယ်ဗျာ ကိစ္စမရှိပါဘူး။ ခရီးသွားချင်းအတူတူတွေပဲ'

တိမ်ရိုလွင်တို့က ယီရိုတုံး၏ ဖိတ်ခေါ်မှုကို မငြင်းတော့ပေ။

ယီရိုတုံးက လေ့ဝမ်းထဲသို့ ဖိတ်ခေါ်သော်လည်း တိမ်ရိုလွင်တို့

သည် လေ့ဦး၌ အင်္ကျီအဝတ်အစားများ မလဲလှယ်ဘဲ လဲလျောင်း၊ အိပ်စက်လိုက်ကြလေတော့သည်။

ယီရိုတုံးမှာ ထိုသုံးဦးအပေါ်တွင် ယုံကြည်စိတ်ချခြင်းမရှိသည့်အတွက် ပေါက်သံ့ပြေဆိုး အိပ်ပျော်ဟန်ဆောင်နေလေ၏။

တိမ်ရိုလွှင်တို့ ဘာပြောမည်ကိုမူ နားစွင့်နေသည်။ မကြာမီပင် သူ့ခန့်မှန်းထားသည့်အတိုင်း ထိမ်ရိုလွှင်တို့ထံမှ စကားသံများထွက်ပေါ်လာလေတော့၏။

'ဒီကောင့်ကြည့်ရတာ လူကောင်းတစ်ယောက်နဲ့ တူပါတယ်'

'ကျုပ်တို့ မနက်ဖြန်ကျရင် လော့ရှန်မြို့ကို ရောက်နိုင်ပါ့မလား'

ဟာဟိုထိုင်က တိမ်ရိုလွှင်၏ စကားကို မည်သို့မျှ ထင်မြင်ချက်မပေးဘဲ သူ့ အိုလိုရာကိုသာ မေးသည်။

တိမ်ရိုလွှင်က ပြန်ဖြေသည်။

'နက်ဖြန် မြင်းစယ်ပြီး ခရီးပြင်းနှင်မယ်ဆိုရင်တော့ ရောက်နိုင်ပါလိမ့်မယ်'

ကူကျင်ပြောင်က ညည်းညည်းညူညူဖြင့်....

'အင်း၊ အစ်ကိုကြီး၊ ဟန်ဝင်ကျူး အိမ်မှာရှိမနေရင်တော့ ခုကွယ်၊ အလကား ငွေကုန်လူပန်းတွေ ဖြစ်ကုန်လိမ့်မယ်'

'ကိစ္စမရှိပါဘူး။ သူ့ကို မတွေ့တော့လဲ ကျုပ်တို့သုံးယောက်ပဲ ပန်းမွှင့်နီကိုတ်ကျောနချုပ်ကိုသွား၊ မြေလှန်ပစ်လိုက်တာပေါ့'

ဟာဟိုထိုင်၏စကားကြောင့် ယီရိုတုံးမှာ အံ့အားသင့်သွားရတော့သည်။

လက်စသတ်တော့ ပန်းမွှင့်နီကိုတ်ရဲ့ ရန်သူတွေပါလား။ တော့ရှန်ကိုသွားပြီး ဟန်ဝင်ကျူးကို သွားရှာမလို့ဆိုပဲ။ ယီရိုတုံးသည် ပေါက်သံဆက်ပေးကာ အိပ်ပျော်ဟန်ဆောင်လေ၏။



တိမ်ရိုလွှင်....

'ပန်းမွှင့်နီကိုတ်မှာ သိုင်းပညာထက်မြက်တဲ့လူတွေ များသတဲ့၊ အခုတက်လာတဲ့ ဂိုဏ်းချုပ်သစ်ကလဲ သိုင်းပညာမှာ မခေဘူးဆိုပဲ'

'ဒါတွေကို ထည့်တွက်နေရာ မလိုပါဘူး။ ကျုပ်တို့ ကွမ်တုံသူရဲကောင်းခြောက်ယောက်က မဟာအုတ်တံတိုင်းကြီးရဲ့အပြင်ဘက်မှာ ကျက်စားနေပေမယ့် သိုင်းလောကမှာ နာမည်ရှိတဲ့လူတွေပဲဗျ။ ဒီလို နာမည်ရှိနေလျက်နဲ့ ကျုပ်တို့ရဲ့ နံပါတ်ခြောက် အသတ်ခံလိုက်ရတာကတော့ ကျုပ်တို့ကို သက်သက် သိက္ခာချတာပဲ၊ ဒီတော့ ဘယ်သူ့ကိုမဆို ကျုပ်တို့ရင်ဆိုင်ရမယ်'

ကူကျင်ပြောင်၏အသံက ဒေါသအပြည့် ပါသည်။

'အင်း.... ကွမ်တုံ ဘီလူးခြောက်ကောင်ပါလား။ နံပါတ်သုံး ချောက်ဝင်ချင်းနဲ့ နံပါတ်ခြောက် ဟိုရှစ်ကျန်က ဦးနီးတော်လူမေချင်းရဲ့ လက်ချက်နဲ့ သေသွားခဲ့ရတယ်။ တို့ပန်းမွှင့်နီကိုတ်နဲ့ ဘာမှ မပတ်သက်ဘူး။ သူတို့ အလကား အထင်မှားနေတာပဲ'

ယီရိုတုံးသည် ကျိတ်၍ တွေးတောနေ၏။

ကွမ်တုံဘီလူးခြောက်ယောက်အနက် အစ်ကိုအကြီးဆုံးတိမ်ရိုလွှင်မှာ တရုတ်ပြည် မဟာအုတ်တံတိုင်းကြီးမြောက်ဘက်ရှိ ကျိုးလင်ပြည်နယ်မှ သူဌေးသူကြွယ်တစ်ယောက် ဖြစ်သည်။

သူသည် ဆိတ်၊ မြင်း၊ ကုလားအုတ်များ မြောက်မြားစွာကို မွေးမြူပြီး တစ်ဘက်မှာလည်း ရွှေတွင်းများ တူးဖော်သည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။

ဒုတိယအစ်ကိုဖြစ်သူ ကူကျင်ပြောင်မှာ နာမည်ကြီး မြင်းသူခိုးတစ်ယောက်ဖြစ်၏။

ဟာဟိုထိုင် နံပါတ်လေးမှာလည်း မွန်ဂိုလူမျိုးဖြစ်ပြီး ရဲရင့်ကြမ်း

တမ်းသော ဓားပြတစ်ဦးဖြစ်ပေသည်။

သူတို့သည် ချောက်ဝင်ချင်းတစ်ယောက် ပန်းမွှင့်နီဂိုထီး၏ လက်ချက်ဖြင့် သေဆုံးရသည်ဟူသော ကောလဟာလသတင်းကို ကြားသိကြရသည်။

ထို့ပြင် ဟိုရှစ်ကျွန်နှင့် ဟိုရှစ်ကျေညီအစ်ကိုနှစ်ယောက်သည်လည်း ပန်းမွှင့်နီဂိုထီးနှင့် မရှင်းမလင်းဖြစ်ကော သေဆုံးရပြန်သည်ဟု ကြားသိရပြန်သည်။

ထို့ကြောင့် သူတို့သုံးယောက်မှာ လော့ရန်မြို့သို့သွားပြီး ဟန့်ဝင်ကျူးနှင့် တွေ့ဆုံကာ အဖြစ်မှန်များကို မေးမြန်းရန် ရောက်လာကြခြင်းဖြစ်ပေသည်။

တိမ်ရိုလွှင်တို့သည် နောက်ထပ်စကားမပြောဘဲ အိပ်သွားကြသည်။

ယိရိထုံးမှာမူ အိပ်မပျော်တော့ချေ။ သို့သော် မိုးလင်းခါနီး၌ မှေးခနဲ အိပ်ပျော်သွား၏။

အိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေစဉ် လူသံသူသံများ ဆူညံညံ ကြားလိုက်ရသဖြင့် ယိရိထုံးမှာ အိပ်ရာမှ လန့်နိုးလာတော့သည်။

ရှုစင်းသည့်အနေဖြင့် လှေဝမ်းအတွင်း ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။

အစီးငါးဆယ်မျှရှိသော လှေများတန်းစီ၍ လာနေသည်ကို ယိရိထုံး တွေ့လိုက်ရလေ၏။

ပထမဦးဆုံး ရှေ့ဆုံးမှ လှေဦးထိပ်တွင် မန်ချူးအလံတစ်ခု ထောင်ထားပြီး အလံပေါ်တွင် 'ရှေ့တန်း ရိက္ခာအဖွဲ့' ဟူသော စာတန်းကြီး ရေးထိုးထားသည်။ တပ်ချုပ်ကြီး ကြောင်ဖိုး၏ တပ်အတွက် ရိက္ခာပို့လှေကြီးဖြစ်လေသည်။



နောက်မှ လှေများတွင်လည်း မန်ချူးရဲမက်များအပြည့်ပါလာ၏။ သူတို့သည် မြစ်ကြောင်းတစ်လျှောက် လုယက်လာကြသဖြင့် သူတို့ လှေများတွင် ပစ္စည်းများ ပြည့်မောက်နေပေသည်။

ယိရိထုံး၏ လှေသူကြီးသည် မန်ချူးများနှင့်ရင်ဆိုင်တွေ့တိုင်း အနိုင်ကျင့်ခံရသဖြင့် ကမ်းပေါ်တက် ရှောင်တိမ်းရန် စီစဉ်သည်။ သို့သော် သူ ကမ်းပေါ်မရောက်မီ ရဲမက်များက လှေပေါ်ရောက်ရှိလာပြီး လှေသူကြီး၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်လေတော့၏။ ယိရိထုံးသည် အခြေအနေအရ ငြိမ်ကုတ်၍နေလိုက်သည်။

ဟာဟိုထိုင်မှာမူ စိတ်မြန်လက်မြန် ရဲတင်းသောလူတစ်ဦးဖြစ်၍ မန်ချူးများကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် တိမ်ရိုလွှင်က လက်ကို လှမ်းဆွဲပြီး ထိန်းထားလိုက်သဖြင့် ရုတ်ရုတ်သဲသဲ မဖြစ်တော့ချေ။

ရဲမက်များသည် လှေဝမ်းအတွင်းသို့ ဝင်ရောက်လာကြပြီး ယိရိထုံးကိုတွေ့သည်နှင့် ဟိန်းဟောက်လေတော့၏။

'အားလုံး လှေဦးမှာသွားနေကြစမ်း။ ငါတို့လှေဝမ်းကို ယူလိုက်ပြီ'

ဟာဟိုထိုင်မှာ တိုက်ခိုက်ချင်သော်လည်း တိမ်ရိုလွှင်က တားမြစ်ထားသဖြင့် သည်းခံနေရသည်။ ယိရိထုံးကလည်း ဟာဟိုထိုင်ကို ဝင်တားသည်။

လှေပေါ်မှ ရဲမက်တို့သည် နောက်ထပ်ရောက်လာသော လှေငယ်တစ်စင်းပေါ်မှ လူလေးငါးယောက်ကို ကြိုဆိုကြသည်။

'ဦးလေးရှန်၊ ဒီလှေက သန့်ရှင်းတယ်။ ဦးလေးရှန် စိတ်တိုင်းကျဖြစ်မှာပါ'

ဦးလေးရှန်ဆိုသူက လှေပေါ်သို့ ခုန်တက်လာသည်။

'အင်း.... ဒီလှေက တော်တော်ကောင်းတယ်'

ယိမိုထုံးသည် ဦးလေးရန်ဆိုသူကိုတွေ့သည်နှင့် ထိတ်ခနဲ ဖြစ်သွား၏။ ဦးလေးရန်ဆိုသူမှာ သမ္ဘာနုလုံးသားကျေးရွာသို့ လိုက်ပါခဲ့သော ရန်ပယ်ကာန်ဖြစ်ပေသည်။

ရန်ပယ်ကာန်သည် သမ္ဘာနုလုံးသားကျေးရွာသို့ မရောက်မီ တည်းခိုမိုဝ်သာတစ်ခု၌ ယိမိုထုံးနှင့်တွေ့ဆုံခဲ့ပြီး ယိမိုထုံး၏လက်နက် ပုန်းများအထဲကြောင့် မျက်လုံးတစ်လုံး ထိမှန်ပျက်စီးသွားခဲ့ရပေသည်။

ယခု သူလိုက်ပါလာခြင်းမှာ တပ်ချုပ်ကြီး ကြောင်ဝိုးထံ၌ အဆင့်မြင့်ရာထူးတစ်ခုတောင်းခံရန် ဖြစ်ပေသည်။ ယခုသူသည် သူ့ရန်သူ တော်ဟောင်း၏ လှောဝမ်းထဲသို့ အမှတ်မထင် ရောက်ရှိနေခဲ့လေပြီ။

☆ ☆ ☆

အခန်း (၃၈)

# မဟုတ်မခံ၊ ဟန်ထံခွန်

ရန်ပယ်ကာန်သည် မျက်နှာပေါ်တွင် အဝတ်ပြုစည်းထားသော ယိမိုထုံးကို မသက်ာရေ။ အဘယ်ကြောင့် မျက်နှာကို အဝတ်ဖြင့် စည်းနှောင်ထားရသနည်း။ ထိုအချက်ကို သူ သိလိုသည်။

ရန်ပယ်ကာန်သည် စကားပြောနေစဉ် ရုတ်တရက် မြေမနိုင် ဟန်ဖြင့် လဲချင်ဟန်ဆောင်လိုက်သည်။ သူ၏ ညာဘက်လက်မှာလည်း မြှောက်ယမ်းသွားပြီး ယိမိုထုံး၏ မျက်နှာပေါ်တွင် စုံးအုပ်ထားသော အဝတ်ပြုစကို မတော်တဆ ဆွဲမိဟန်ဖြင့် လှမ်းဆွဲလိုက်သည်။

သူ့လဲကျမည့်ဘက်မှာ ကူကျင်ပြောင်ရှိရာဘက်သို့ ဦးတည်နေ၏။ ကူကျင်ပြောင်သည် လျှင်မြန်ဖျတ်လတ်စွာ ရှောင်တိမ်းလိုက်၏။

ဤသို့ ရှောင်တိမ်းနိုင်မှုကြောင့် ရန်ပယ်ကာန်နှင့် ကူကျင်ပြောင် တို့သည် တစ်ယောက်ကိုတစ်ယောက် သိုင်းပညာထူးချွန်ထက်မြက် ကြောင်း၊ သိရှိသွားကြလေတော့သည်။

ယီရိုတုံးသည် သဘတိရှိ၏။ ရန်ပယ်ကန်း၏ဆင်ကွက်ကို သိသည်။ ထို့ကြောင့် ရှောင်တိမ်းခြင်းမရှိဘဲ ငြိမ်ခံလိုက်သည်။ မျက်နှာပေါ်မှ အစက်စလည်း ပါသွားသည်။

သူ၏ ကြောက်မက်ဖွယ်ရာ ရုပ်ရည်လည်း၊ လျှပ်တစ်ပြက်ပေါ် လာတော့သည်။ ရန်ပယ်ကန်း၏ မျက်လုံးတစ်ဘက် ကန်းအောင် ပြုလုပ်ခဲ့သော သနားကမားချောမောလှပသော ရုပ်ရည်မျိုးတော့ မဟုတ်ချေ။

ရန်ပယ်ကန်းမှာ ယီရိုတုံး၏ မျက်နှာကိုမြင်ပြီး ထိတ်လန့်သွား၏။ သံသယလည်း ပျောက်ကွယ်သွားလေတော့၏။

‘လှေယိမ်းချိုး ဟန်ချက်မထိန်းနိုင်လို့ အခုလိုဖြစ်သွားရတာကို ခွင့်လွှတ်ပါနော်’

ရန်ပယ်ကန်းက အောက်ကျသွားသော အဝတ်ခြုံကို ပြန်ကောက် ပေးသည်။ ယီရိုတုံးက ဘာမျှမပြောဘဲ အဝတ်စကို မျက်နှာ၌ ပြန်ပတ် လိုက်၏။

ရန်ပယ်ကန်းက ကူကျင်ပြောင်သို့ ဦးတည်ဖိတ်ခေါ်လိုက်၏။

‘ခင်ဗျားတို့ကလဲ သိုင်းသမားတွေပဲ၊ လာပါ၊ လှေဝမ်းထဲကို ဝင်ထိုင်လို့ ရပါတယ်’

ရန်ပယ်ကန်း ကိုယ်တိုင်က ဖိတ်ခေါ်နေသဖြင့် ထိမ်ရှိုလွှင်တို့ သည် လှေအတွင်းသို့ ဝင်ထိုင်ကြတော့သည်။ တစ်ဦးနှင့်တစ်ဦး မိတ် ဆက်ကြရာမှ သိုင်းလောက၌ အတော်အတန် နာမည်ရှိသော ရန်ပယ် ကန်းဖြစ်ကြောင်း သိရှိရလေတော့သည်။

ကွမ်တုံဘီလူးကြောက်ယောက်မှာလည်း သိုင်းလောက၌ နာမည် ရှိသူများဖြစ်၍ အကြောင်းအပေါင်းသင့်ကာ လေးယောက်စလုံး လေ ပေးဖြောင့်သွားကြတော့၏။ ယီရိုတုံးသာလျှင် လှေဦးတွင် တစ်ယောက်



တည်းကျန်ရစ်ခဲ့ပေ၏။

ရန်ပယ်ကန်းနှင့် ကွမ်တုံဘီလူးများ ရင်းနှီးသွားခြင်းသည် မိမိ အတွက် ဘေးအန္တရာယ်ပိုကြီးလာခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သဖြင့် ယီရိုတုံးမှာ ပို၍သတိဝီရိယဖြင့် နေနေရလေတော့၏။

စားသောက်ချိန်ကျရောက်သောအခါ ယီရိုတုံးက သူ့လှေပေါ်တွင် ပါလာသောအစားအသောက်အချက်များဖြင့် ဧည့်ခံသည်။ ရန်ပယ်ကန်း နှင့် သူ့လူများသည်လည်းကောင်း၊ ထိမ်ရှိုလွှင်တို့သည်လည်းကောင်း၊ ကိုယ့်ပစ္စည်းမဟုတ်တိုင်း တနင့်တပိုးစားသောက်ကြလေ၏။

အရက်သောက်ပြီး ပေါက်တတ်ကရစကားများကို ပြောကာဝို၍ လေပေးဖြောင့်လာကြသည်။ ညဘက်အိပ်စက်ကြသောအခါ ထိမ်ရှိုလွှင် တို့သုံးဦးသည် မူလအတိုင်း လှေဦးတွင်ပင် အိပ်စက်ကြသည်။

ယခုအကြိမ်တွင် ရန်ပယ်ကန်းက လှေဝမ်းထဲနေရာဝင်ယူထား သဖြင့် ယီရိုတုံးမှာလည်း လှေဦးရှိ နေရာလွတ်တစ်နေရာ၌ ဝင်အိပ် ရ၏။

ည သန်းခေါင်ယံသို့ ရောက်သောအခါ ဟာယိုတိုင် နိုးလာ၏။

‘သွားကြရအောင် အစ်ကိုကြီး’

‘တိုးတိုးလုပ်ပါ၊ ဟိုကောင် တရှူးပေရှူး နိုးသွားဦးမယ်’

ထို့နောက် သုံးယောက်သားမှာ ဖြည်းညင်းစွာထလိုက်သည်။ ထိုစဉ် သမ်းဝေသံတစ်သံနှင့်အတူ ရေကူးသံတဖြန်းဖြန်းကိုပါ ကြားလိုက်ရ သည်။

လှေနောက်ဘက်သို့ လှည့်ကြည့်လိုက်လျှင် ယီရိုတုံးဖြစ်နေသည် ကို တွေ့လိုက်ရ၏၊ ထိမ်ရှိုလွှင်တို့မှာ အလျှင်ရှားရဲတော့ဘဲ ငြိမ်နေလိုက် ရတော့သည်။

ထိုစဉ်အခြားလှေတစ်စင်းမှ ကြောက်မက်ဖွယ်ရာအော်သံများ

သည့် တိတ်ဆိတ်သော ညဥ့်ယံကို ထွင်းဖောက်ပေါ်ထွက်လာလေတော့၏။ ကယ်ပါယူပါတစာစာအော်သော မိန်းမသံများကိုပါ ကြားလိုက်ကြရသည်။

'ချမ်းသာပေးပါရှင်၊ ချမ်းသာပေးပါ'

ယီရီထုံးမှာ လွန်စွာ စိတ်ဆင်းရဲသွားသည်။ မန်ချူးရဲမက်များက စော်ကားရန် ကြိုးစားနေခြင်းဖြစ်ကြောင်း သူသိသည်။

မန်ချူးရဲမက်များ ရောက်လေရာအရပ်ရပ်တွင် လူသတ်သည်။ ပစ္စည်းလုသည်။ မုဒိမ်းကျင့်သည်။ သူ မည်မျှ စိတ်ဆင်းရဲသော်လည်း မန်ချူးများကိုရွှံ့ ဝင်မရှက်ပုံချေ။ အခြေအနေအရ သူမှာ တစ်ယောက်တည်း ဖြစ်နေရသည် မဟုတ်ပါလော။

'တပ်မိုလ်ကြီးရယ်... ချမ်းသာပေးပါ။ ချမ်းသာပေးပါ။ ကျွန်မကို သနားပါရှင်၊ မသင့်တော်ပါဘူး'

'မေမေ.... မေမေ.... အီး.... မေမေ'

ရင်နှင့်မှယ်ကောင်းသော မိန်းမတစ်ဦး၏ တိုးလျှိုးတောင်းပန်သံနှင့် ကလေးငယ်၏ ငိုယိုသံကလည်း ထွက်ပေါ်လာလေသည်။

ယီရီထုံး စိတ်မထိန်းနိုင်တော့ပေ။ သူ့အသက်ကို သူသည် တကယ်ပင် မက်မက်ရက်ရက် ခင်တွယ်ခဲ့ပါသလော။ သူသည် သူရဲကောင်းစိတ်ရှိသူ ဖြစ်သည်။ အားကိုးရာမဲ့ ဒုက္ခဖြစ်နေသူများကို သူ ဥပေက္ခာမပြုရက်တော့ပေ။

'နှင်ပြောလို့မရဘူးလား။ ငါ့ကို အာကောင် အောက်မေ့နေသလဲ။ နင့်သားကို သတ်ပစ်လိုက်မယ် သိလား'

ရဲမက်၏ အော်ဟစ်ပါန်မောက်သည့်အသံနှင့်အတူ အမျိုးသမီး နာကျင်စွာအော်ဟစ်လိုက်သံ၊ ရဲမက်များ၏ ပျော်ရွှင်စွာ ဟားတိုက်ရယ်မောလိုက်သံတို့ အဆက်မပြတ် ထွက်ပေါ်လာပြန်သည်။



'ကျုပ်တို့ သွားကြည့်ကြရအောင်'

ဟာဟိုထိုင်သည် ဓားပြတစ်ဦးဖြစ်သော်လည်း ဤမျှတော့ မယုတ်မာပေ။ သူသည် ပစ္စည်းသာ လုသည်။ ယုတ်မာသော နိမ့်ကျသော အပြုအမူများကို ပြုလေ့မရှိပေ။

'သွားမရှုပ်နဲ့ ငါ့ညီ၊ ရန်ပယ်ကန်းရဲ့အခြေအနေကို သေသေချာချာ သိရသေးတာ မဟုတ်ဘူး။ သူ့ကို မန်ချူးရဲမက်တွေက နေရာပေးထားတာကွ၊ သတိထားစမ်းပါလား'

ယီရီထုံးမှာ ထိမ်ရီလွင်တို့၏စကားများကို ဆက်၍နားမထောင်တော့ပေ။ ကိုယ်ဖော့ပညာဖြင့် အားကိုးရာမဲ့နေသော အမျိုးသမီးအသံကြားရာ လေ့ဆီသို့ ခုန်ကူးသွားလေတော့၏။ ထိုအချင်းအရာကို ဟာဟိုထိုင်တို့မြင်သည်။

သူတို့ အံ့အားသင့်သွားသည်။ သူတို့သိထားသည်မှာ တရုံပေရှူး သိုင်းပညာမတတ်သော ဘာမနိကျောင်းတစ်ယောက်သာ ဖြစ်သည်ဟူ၍ သာ။

ယခုမူ ထက်မြက်သော ကိုယ်ဖော့ပညာဖြင့် တစ်ဘက်သို့ ခုန်ကူးသွားခဲ့လေပြီ။

ထိုစဉ် ရန်ပယ်ကန်းနှင့် ညီတော်သူ ဖုန်စန်ချန်တို့လည်း နိုးလာကြသည်။

ယီရီထုံးတစ်ယောက် အခြားလေ့ပေါ်သို့ ခုန်တက်သွားသည်ကို တွေ့လိုက်ရသဖြင့် သူတို့သည် လက်နက်ကိုယ်စီအသင့်ကိုင်ပြီး မိမိတို့၏ လှေဦး၌ ရပ်နေကြတော့၏။ သူတို့သည် မန်ချူးနောက်လိုက် ခွေးများပင် မဟုတ်ပါလော။

ယီရီထုံး အလွန်တရာ ဒေါသထွက်သွား၏။

မန်ချူးရဲမက်ငါးယောက်သည် အမျိုးသမီးတစ်ယောက်ကို

ခွေးသေလောင်းတဆွဲသကဲ့သို့ အဓမ္မတွန်းလှဲနေကြ၏။

အခြားအမျိုးသမီးတစ်ယောက်မှာ ကလေးတစ်ယောက်ကို အတင်းဖက်ထားတွယ်ထား၏။ သူ့သားဖြစ်ဟန်တူသည်။ ရဲမက်နှစ်ယောက်က ထိုအမျိုးသမီးလက်ထဲမှ ကလေးငယ်ကိုဆွဲလုနေသည်။

ပန်းမွှင့်နိုဂိုတ်က မန်ချူးများအား တော်လှန်ရန်ကြိုးစားနေခြင်းမှာ ထိုအချက်များကြောင့် ဖြစ်သည်။ မန်ချူးများသည် ဟန်တရုတ်များကို ကျွန်သဘောက်သဖွယ် သဘောထားကာ လုယက် သတ်ဖြတ်ကြသည်။ စိတ်ထင်တိုင်း ရမ်းရမ်းကားကား ပြုမိကြသည်။ သူတို့က ဤသို့ပြုမူလေ ဟန်တရုတ်များ၏ မျိုးချစ်စိတ်ဓာတ်က ထကြွနိုးကြားလေဖြစ်လာပေသည်။

ဟာဟိုထိုင်က တိမ်ရိုလွှင်ကို ပြောနေ၏။

'အစ်ကိုကြီး...၊ ဒါမျိုးကို ကျုပ်ခွင့်မလွှတ်နိုင်ဘူးဗျာ'

'မဖြစ်ဘူး။ ခွင့်မလွှတ်တာ ခွင့်လွှတ်တာ နောက်ထား။ ဘာမှ မလုပ်နဲ့'

တိမ်ရိုလွှင်က တားမြစ်သည်။

ယင်းသို့ ရှိနေစဉ် ရဲမက်တစ်ယောက်မှာ အမျိုးသမီး၏ရင်ခွင်ကြားတွင် ထွေးပွေ့ထားသော ကလေးငယ်ကို အတင်းဝင်ရောက် လုယူပြီး ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်သည်။

ကလေးငယ်မှာ ကြောက်လန့်တကြား အော်ငိုလေတော့၏။ ကလေးအမေသည် သားဖြစ်သူကို ပြေးပွေ့ရန်ကြိုးစားသည်။ မန်ချူးနှစ်ယောက်က ကလေးအမေကို ဖမ်းဆွဲလိုက်၏။ ကလေးအမေက သွေးပျက်လုမတတ် ရုန်းကန်အော်ဟစ်သည်။ ရဲမက်နှစ်ယောက်သည် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောကြပြီး အမျိုးသမီး၏ အင်္ကျီကို ဆွဲဆုတ်ဖြဲလေတော့၏။



'ခွေးကောင်တွေ'

ယီရိုတုံး စိတ်မထိန်းနိုင်တော့ဘဲ အသံနက်ကြီးဖြင့် အော်ဟစ်ကာ လှောဝမ်းထဲသို့ ခုန်ဝင်သွားသည်။ သူ၏ ခြေလက်များသည် စက်ရဟတ်ကဲ့သို့ တရိပ်ရိပ်လှုပ်ရှားနေ၏။ ထိုးလိုက်၊ ရိုက်လိုက်၊ တံတောင်ဖြင့် ထောင်းလိုက်၊ ကန်လိုက်၊ နှက်လိုက်ဖြင့် စိတ်ရှိတိုင်း တိုက်ခိုက်တော့သည်။ သူ၏ တိုက်ခိုက်ပုံမှာ သိုးအုပ်ကြား ကျားဝင်ကိုက်သကဲ့သို့ ရှိလေ၏။

ရဲမက်များမှာ မထင်မှတ်ဘဲ အတိုက်အခိုက်ခံကြရသဖြင့် အလူးအလဲခံကြရသည်။ ထိုအချိန်မှာပင် ယီရိုတုံးသည် ဘယ်လက်ဖြင့် ရဲမက်တစ်ယောက်၏ လည်ပင်းကို တင်းမံသိမ်ညှစ်ပြီး ဖြစ်နေ၏။ ရဲမက်များမှာ အသံပင် မထွက်နိုင်တော့ချေ။

ယီရိုတုံး၏ တိုက်ခိုက်မှုကြောင့် မန်ချူးရဲမက်ငါးယောက် ပွဲချင်းပြီး သေဆုံးသွားကြ၏။

ရဲမက်နှစ်ယောက်မှာလည်း လှောဝမ်းထဲမှ ထွက်ပြေးပြီး ရေထဲသို့ ခုန်ချသွားတော့သည်။

ယီရိုတုံးသည် ကြမ်းပေါ်တွင် လဲကျနေသော အမျိုးသမီးနှစ်ယောက်ကို ဆွဲထူပေးလိုက်သည်။

'ပြေးပေတော့၊ မြန်မြန်သာ ပြေးပေတော့'

အမျိုးသမီးနှစ်ယောက်သည် အကြောက်လွန်နေသဖြင့် စကားပင် မပြောနိုင်ဘဲ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေလေသည်။

ယီရိုတုံးက ကလေးငယ်ကို ကောက်ချီပြီး အမျိုးသမီး၏ရင်ခွင်ထဲသို့ ထိုးထည့်ပေးလိုက်၏။

'ကုန်းဘောင်ထိုးထားတယ်၊ အဲဒီကနေ ကမ်းပေါ်တက်ပြေးပေတော့၊ မြန်မြန်ပြေးကြ'

မန်ချူးရဲမက်များ၏ သေနတ်ဖျက်လုံးမန်းအောင်ဟစ်သံကြောင့် အခြားမန်ချူးများ၏လှေများသည် ယီရိတုံးလှေရှိရာသို့ လှော်ခတ်လာနေကြ လေပြီ။

ဟာဟိုထိုင်မှာ လှေဝမ်းထဲသို့ ခုန်ဝင်လာပြီး....

'ငါ့လူက ဘယ်ဆိုးလို့တုန်း။ ကဲ... ဟိုခွေးကောင်တွေမလာခင် ပြေးပေတော့'

အမျိုးသမီးနှစ်ယောက်ကား ပြေးထွက်သွားလေပြီ။ ယီရိတုံးကမူ မပြေးသေးပေ။

ကမ်းပေါ်ခုန်တက်ပြီး အခြေအနေ စောင့်ကြည့်နေလေ၏။ ဟာဟိုထိုင်လည်း ယီရိတုံးအနီးသို့ ခုန်တက်လာ၏။

ကူကျင်ပြောင်က သူ့လက်နက်ကို အသင့်ထုတ်လိုက်ပြီး ကမ်းပါးပေါ်တွင် 'မတ်တတ်ရပ်ကာ အခြေအနေကို အကဲခတ်နေလေ၏။

တိမ်ရီလွှင်ကမူ ယီရိတုံးတိုက်ခဲ့သည့် လှေဝမ်းကို ဖောက်ပစ်လိုက်၏။

လှေဝမ်းထဲသို့ ရေများတရှောဟာ ဝင်လာသည်။ ထို့နောက် တိမ်ရီလွှင်လည်း ကမ်းပေါ်သို့ ခုန်တက်လာလေ၏။

'ကဲ... လစ်ကြစို့၊ မန်ချူးတွေ လိုက်လာမှာ စိုးရိမ်ရတယ်၊ တစ်ယောက်နှစ်ယောက်ဆိုရင်တော့ ကြောက်စရာ မရှိပါဘူး။ သူတို့က တပ်ကြီး ချီလာတာဆိုတော့ ကြောက်ရတယ်'

သူတို့သည် သစ်ပင်ချုံပုတ်များ ထူထပ်ရာကိုသာ ရွေးချယ်ပြီး ပြေးလွှားဝင်ရောက်ခဲ့ကြသည်။

သူတို့နောက်မှ မည်သည့် ရဲမက်များမျှ လိုက်မလာခြင်းမရှိဟု သေချာသောအခါမှ အပြေးရပ်လိုက်ကြသည်။

'မိတ်ဆွေတို့သုံးယောက်ကို ကျေးဇူးတင်ပါတယ်'



ယီရိတုံးသည် ကျေးဇူးတင်စကား ပြောပြီးသည်နှင့် ပြေးထွက်လိုက်သည်။

ခြေလှမ်းဆယ်လှမ်းခန့် လှမ်းရောက်သွားစဉ် အမှောင်ထုအတွင်းမှ လူရိပ်တစ်ရိပ် ခုန်ပျံထွက်လာလေတော့၏။

ယီရိတုံးအသေအချာ စိုက်ကြည့်မိသည်။

ရှန်ပယ်ကန်းပင်တည်း။

ရှန်ပင်ကန်း၏နောက်တွင် ဖုန်စန်ချန် လိုက်ပါလာသည်။ သူ့လက်ထဲတွင် နံချပ်ကူပါသည်။

ထိုအခါမှသာ တိမ်ရီလွှင်တို့လည်း ရောက်ရှိလာကြ၏။ ရှန်ပယ်ကန်းကို တွေ့မြင်လိုက်သောအခါ အံ့အားသင့်သွားကြသည်။

'နောက်မှပဲထပ်ပြီး တွေ့ကြသေးတာပေါ့'

ယီရိတုံးက လက်ဖမိုးယှက် နှုတ်ဆက်ပြီး တိမ်ရီလွှင်နှင့် ကူကျင်ပြောင်တို့နှစ်ယောက်ကြားမှ လျှိုထွက်လိုက်သည်။

'ဟိုး....'

ဖုန်စန်ချန်က ယီရိတုံး၏ အောက်ပိုင်းကို နံချပ်ကူဖြင့် လှမ်းရိုက်လိုက်သည်။

ယီရိတုံး ရှောင်တိမ်းပေးလိုက်ရာ နံချပ်ကူသည် ကူကျင်ပြောင်ထံသို့ တိုးဝင်သွားသည်။

ကူကျင်ပြောင်အား ရိုက်မိပါက ပြဿနာတက်သွားမည်ဖြစ်သဖြင့် ဖုန်စန်ချန်က ကမန်းကာတန်း နံချပ်ကူကို ရုပ်သိမ်းလိုက်ရ၏။

ထို့နောက် ယီရိတုံး၏ နောက်ကျောတည့်တည့်ကို ပေါက်ချလိုက်သည်။

ယီရိတုံး ကိုယ်ကိုရှေ့သို့ တစ်ပတ်ကျွမ်းထိုးရှောင်တိမ်းလိုက်၏။ ချက်ချင်းထပြေးသည်။

'ရှမ်း…ရှမ်း'

ထိုစဉ် အမှောင်ရိပ်ထဲမှ လျှပ်ပြက်သကဲ့သို့ ဓားလင်းရောင်တန်းများ ပေါ်လာ၏။ မှောင်ရိပ်ထဲမှ ဓားနှစ်လက်၏ တိုက်ခိုက်မှုပင်တည်း။

ရန်ပယ်ကာန်း၏ တပည့်ဖြစ်သော ဝုန်ထင်ပေါက်နှင့် ကျန်ဝင်ချီတို့ ကြားညှပ်တိုက်ခိုက်လာခြင်းပေတည်း။

ယိချိုထုံမှာ အရင်သုံးမျက်နှာမှ ဝိုင်းဆို့တိုက်ခိုက်ခြင်းကို ခံလာရသဖြင့် ရှောင်လွှဲမထုတ်ဘဲ နေ၍မရတော့ပေ။ ရှောင်လွှဲဖြင့် ခုခံကာကွယ်ရတော့သည်။

'ထန်း…. ထန်း'

သံသံချင်း ထိသံတို့ ဆူညံသွားသည်။

ယိချိုထုံက ဓားရည်ကို ကာကွယ်နေစဉ် ဖုန်စန်ချန်က တိုက်စစ်ဆင်ရန် ဟန်ပြင်လိုက်သည်။

'ဟေ့…. မရှက်ဘူးလား။ သုံးယောက်နဲ့ တစ်ယောက် တိုက်ပွဲဆိုတာ ဘာမှ ဂုဏ်ယူစရာမရှိပါဘူးကွ'

ဟာဟိုထိုင်၏ အော်သံကြောင့် ဖုန်စန်ချန် ကြောင်သွားသည်။

ယင်းအခိုက် ဟာဟိုထိုင်က ဖုန်စန်ချန်လက်ထဲမှ နံချပ်ကျူကို လှမ်းဆွဲလိုက်သည်။

ဖုန်စန်ချန်က ပြန်ဆွဲလုသည်။ သို့နှင့် တစ်ယောက်နှင့်တစ်ယောက် မလွှတ်တမ်း အပြိုင်ဆွဲနေကြတော့သည်။

ထိုစဉ် ဖုန်စန်ချန်က ရှေ့သို့ခြေလှမ်းတစ်လှမ်းတိုးပြီး ကိုင်ထားသော နံချပ်ကျူ အဆက်တစ်ဆက်ကို ဆတ်ခနဲ လှမ်းကိုင်ကာ ကျန်တစ်ဆက်ဖြင့် ဟာဟိုထိုင်ကို ရိုက်ချသည်။

'ဖုန်း—'

ဟာဟိုထိုင်၏ ပခုံးကို မှန်မိသွားသည်။



'ဝုန်း….'

ဟာဟိုထိုင်မှာ ဒေါသထွက်လွန်းသဖြင့် ဖုန်စန်ချင်ထံ အနီးကပ်တိုးဝင်ကာ မွန်ဂိုတို့၏ နည်းပညာဖြင့် ဖုန်စန်ချန်၏ခေါင်းကို ဖမ်းကိုင်လိုက်သည်။

ဖုန်စန်ချန်ရှောင်သော်လည်း မလွတ်တော့ပေ။ အဖမ်းခံလိုက်ရသည်။ ဟာဟိုထိုင်က ဖုန်စန်ချန်ကို ကိုင်ပေါက်ပစ်လိုက်သည်။

ဖုန်စန်ချန် ဘော်ဘော်နှင့် မထနိုင်တော့ပေ။

'တော်ပြီဟေ့၊ သွားကြမယ်… သွားကြမယ်'

တိမ်မိုလွင်က ဟာဟိုထိုင် အနိုင်ရလိုက်သဖြင့် ပွဲသိမ်းရန် နှိုးဆော်သည်။ ရန်ပယ်ကာန်း အံ့ကြီးအကျယ် ဒေါသထွက်သွားရသည်။

'သိပ်ကောင်း…. သိပ်ကောင်း။ ကွမ်တုံဘီဘူးခြောက်ယောက်က ပန်းမှုံ့နီကိုထိအောင် အကူအညီပေးပြီး ကျုပ်တို့ကို တိုက်တာ သိပ်ကောင်းတာပေါ့'

ရန်ပယ်ကာန်း၏ စကားကြောင့် ကူကျင့်ပြောင်က ဒေါသတကြီးဖြင့်…

'ကျုပ်တို့က ဘယ်က ပန်းမှုံ့နီကိုထိအောင်သားကို အကူအညီပေးနေလို့လဲ'

ရန်ပယ်ကာန်းက ယိချိုထုံအား လက်ညှိုးထိုးပြလေ၏။

'သူက ပန်းမှုံ့နီကိုထိအောင်ကလား'

ကူကျင့်ပြောင် အံ့အားသင့်သွား၏၊ ရန်ပယ်ကာန်းမှာမူ ကူကျင့်ပြောင် အားဆက်၍ ရှင်းပြမနေနိုင်တော့ပေ။

ရှုံးနိမ့်လုဆဲဆဲဖြစ်နေသည့် သူ့တပည့် ဓားသမားနှစ်ယောက်အား ဝင်ကူရတော့သည်။

ယိချိုထုံကလည်း သူ့ရှောင်လွှဲဖြင့် ခုခံကာကွယ်သည်၊ မခံနိုင်စွင့် ရန်ပယ်ကာန်း၏ သံကွင်းဆိုပ်တို့မှာ တဝိုးဝိုးလွှင့်မိုးနေတော့၏။

'ရပ်လိုက်'

တိမ်ရိုလွင်က တိုက်ပွဲကို အော်ဟစ်တားမြစ်သည်။

သို့သော် ရန်ပယ်ကန်က ခွာ့မျက်လုံးတစ်ဘက်ကန်းအောင် ယိမ်ရိုထုံးက လုပ်ခဲ့သည့်အချက်ကို မမေ့ခဲ့ပေ။ ဤရွှေပလွေကို သူကောင်းစွာ သိသည်။

ရွှေပလွေသည် ပန်းမှုင့်နီကိုတ်းမှ နံပါတ်ဆယ့်လေး၏ အမှတ်တံဆိပ်ဖြစ်သည်။

တိမ်ရိုလွင်မှာ စိတ်မထိန်းနိုင်တော့ဘဲ သံမဏိဖြင့် ပြုလုပ်ထားသော လူရုပ်လက်နက်ကိုရိုက်ယူ၍ ယိမ်ရိုထုံးတို့နှစ်ယောက်အကြားသို့ ခုန်ဝင်လိုက်သည်။

'ထန်း.... ထန်း....'

သံမဏိလူရုပ်လက်နက်သည် ရန်ပယ်ကန်း၏ သံကွင်းနှင့် ယိမ်ရိုထုံး၏ ရွှေပလွေတို့ကို ရိုက်ထုတ်ပစ်လိုက်သည်။

တိမ်ရိုလွင်၏ အတွင်းအားကောင်းမှုကြောင့် ရန်ပယ်ကန်းရော ယိမ်ရိုထုံးပါ လက်မောင်းများ ထုံကျဉ်သွားသည်။ နှစ်ယောက်စလုံး နောက်ဆုတ်သွားကြရသည်။

☆ ☆ ☆

အခန်း (၇၉)

# ရန်သူထဲမှ မိတ်ဆွေ

တိမ်ရိုလွင်က အတွင်းအားထုတ်၍ အော်ဟစ်လိုက်လေ၏။

'ရပ်လိုက်ကြပါ၊ ကျွန်တော့ကို ခဏလောက် နားထောင်ကြပါ'

နားမထောင်ချင်၍လည်း မရပါ။

ရန်ပယ်ကန်းနှင့် ရွှေပလွေရှင် ယိမ်ရိုထုံးတို့ လှုချင်းကွဲသွားခဲ့ပြီ။ တိမ်ရိုလွင်နှင့် ထိပ်တိုက်တိုးမည်မှာ သေချာသည်။

တိမ်ရိုလွင်က ယိမ်ရိုထုံးကို လှမ်းမေးလေ၏။

'ငါညီက ပန်းမှုင့်နီကိုတ်း အဖွဲ့ဝင်တစ်ယောက်လား'

ယိမ်ရိုထုံးက မဖြေပါ။ အမှောင်ရိပ်ထဲသို့ ခုန်ဝင်သွားတော့၏။

စုန်ထင်းပေါက်က ယိမ်ရိုထုံးနောက်သို့ တရှည်ကိုင်ကာ လိုက်ပါသွားသည်။

ယိမ်ရိုထုံးသည် သူ့နောက်မှ စုန်ထင်ပေါက်လိုက်လာသည်ကို သိသဖြင့် ရှေ့သို့ ပြေးနေရာမှ ရုတ်တရက် ရပ်လိုက်ပြီး နောက်သို့ လှည့်ကာ ပလွေကို မှုတ်ထုတ်လိုက်သည်။

'ရှပ်....'

ပလွေထိပ်ဝမှ မြားတံတစ်ချောင်း ဝှစ်ခနဲ ထွက်လာပြီး စုန်ထင် ပေါက်၏ နဖူးတည့်တည့်သို့ စိုက်ဝင်သွားလေသည်။ ဝုန်းခနဲ လဲကျ သွားသည်။

တိမ်ရိုလွင်နှင့် ရန်ပယ်ကန်းတို့က ယီရိုထုံးနောက်မှ ပြေးလိုက် လာကြသော်လည်း ယီရိုထုံး၏ ပလွေထိပ်မှ လက်နက်ပုန်းမြားတံကို ကြောက်၍ပြီး အနီးသို့ မကပ်ရဲကြချေ။

ယီရိုထုံးသည် အမှောင်ထုသို့ ပြေးသွားတော့သည်။

သူ၏ ဦးတည်ချက်မှာ သူ ပြေးထွက်လာခဲ့သည့် ဆိပ်ကမ်းဘက် သို့ပင်ဖြစ်သည်။

'ရိကျွာတင်လှေပေါ်မှာ တက်ပုန်းနေရင် စိတ်ချရမယ်၊ မိုးလင်း တာနဲ့ လှေထွက်မှာ သေချာတယ်၊ သူတို့ ရှာမှာမဟုတ်ဘူး....'

ယီရိုထုံးသည် ချုံပုတ်များကို ပလွေဖြင့် ရှင်းပြီး မှောင်မိုက်များ အတွင်း ပြေးသည်။ ထိုတခဏ်မှာပင် အမျိုးသမီးနှစ်ဦး၏ အော်ဟစ် တောင်းပန်သံ၊ ကလေးငယ်တစ်ဦး၏ ငိုကြွေးသံတို့ကို ကြားလာရပြန် လေ၏။

ယီရိုထုံး သိလိုက်ပြီ။ သူ ကယ်တင်ခဲ့သော အမျိုးသမီးနှစ်ဦးတို့ ပုန်းအောင်းနေသည့်နေရာသို့ သူ ပြန်ရောက်ခဲ့ပြီဆိုသည့် အချက်ကို တည်း။

ယီရိုထုံး ဘာမျှ မလှုပ်ရှားဘဲ ငြိမ်သက်စွာ ဝပ်နေလိုက်သည်။ အမှောင်ထဲသို့ ခေါင်းထောင်ကြည့်လိုက်၏။ လူများ တရိပ်ရိပ် လှုပ်ရှား နေသည်ကို တွေ့ရသည်။

ရှုန်းရင်းဆန်ခတ်ဖြစ်နေသည်။ ထိုအဖြစ်အပျက်ကို သေချာစွာ မတွေ့ရသော်လည်း ယီရိုထုံး မှန်းဆ၍ ရနိုင်ပါသည်။ သူတို့အား



လိုက်ရှာနေသော မန်ချူးရဲမက်များသည် ပုန်းအောင်းနေသော အမျိုး သမီးနှစ်ယောက်အား တွေ့သွားပြီ၊ အဓမ္မကျင့်ရန် ကြိုးစားနေခြင်းပင် ဖြစ်ရပေမည်။

မတရားမှုကို မကြည့်ရက်သော ယီရိုထုံးသည် ဝုန်းခနဲခုန်ထလိုက် ၏။ ရှေ့သို့ တိုးကပ်သွားပြီး သူ့ပလွေကို မြှောက်ချိန်လိုက်သည်။

'ရှပ်....'

မြားတံတစ်ချောင်းသည် ရဲမက်၏နောက်စေ့ကို ထိုးဖောက် စိုက် ဝင်သွား၏။ အသံမထွက်နိုင်ဘဲ မှဲ့ချင်းပြီး သေဆုံးသွားသည်။

နောက်တစ်ချောင်း။ နောက်တစ်ယောက်။

ရဲမက်နှစ်ယောက်ကို ရှင်းပြီးသည်နှင့် ယီရိုထုံးသည် ဘက်သက် သို့ ချိုးကွေ့ပြေးသည်။

'ဗိုး'

ကူကျင်ပြောင်က သုံးမြှောင့်လှံတံ၏ထိပ်မှ အချွန်သုံးခုရှိသော လှံရှည်ဖြင့် ထိုးနက် တိုက်ခိုက်လာ၏။ ယီရိုထုံးမှာ ရွှေပလွေဖြင့် ခုခံလိုက်ရသည်။ ကူကျင်ပြောင်သည် ထိပ်သီးသိုင်းသမား တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် သာမန်မန်ချူးရဲမက်များကို အနိုင်ယူသလို လွယ်လွယ်အနိုင်မယူနိုင်ချေ။ အပြန်အလှန် တိုက်ခိုက်နေရသည်။

'ဒိုး'

ကူကျင်ပြောင်သည် ယီရိုထုံး ထွက်မပြေးနိုင်အောင် ဖိ၍တိုက် ထားပြီ။ သူ့လူများကိုလည်း လေချွန်အချက်ပေးရသေးသည်။ သူ တစ်ယောက်တည်းဖြင့် ယီရိုထုံးကို မနိုင်နိုင်မှန်း သူသိပေသည်။

ယီရိုထုံးကလည်း လူပါးပင်။ နောက်မှ စစ်ကူများ ရောက်လာ လျှင် သူ ပြေးလွတ်တော့မှာမဟုတ် သိထား၏။ ထို့ကြောင့် ကူကျင်ပြောင် ကို အပြတ်ရှင်းရန် ကြိုးစားသည်။

သို့သော် အချိန်မမီတော့ပေ။ ကျူကျင်ပြောင်၏ စစ်ကူများ ရောက်ရှိလာပေပြီ။

ယီရိုထုံး၏ တိုက်ကွက်ကို ကျူကျင်ပြောင်က သုံးမြောင့်လှံတံဖြင့် ကာလိုက်ပြီး နောက်သို့ ဆုတ်ပေးလိုက်ရသည်။ ထိုစဉ်မှာပင် ဖုန်စန်ချန် ရောက်ရှိလာပြီး ယီရိုထုံးကို နံချပ်ကူဖြင့် ဝင်တိုက်လေတော့၏။

'ထန်း'

ရွှေပလွေနှင့် နံချပ်ကူတို့ ထိခတ်သွားကြသည်။ ယီရိုထုံးမှာ ဖုန်စန်ချန်၏ ရိုက်ချက်ကို မည်သို့မျှ မရှောင်တိမ်းနိုင်တော့သဖြင့် သူ၏ ရွှေပလွေနှင့် ကာပေးလိုက်ခြင်းဖြစ်သည်။

ထိုစဉ်မှာပင် တိမ်ရီလွင်၊ ရန်ပယ်ကန်းနှင့် ကျန်ထင်ချီတို့လည်း ရောက်ရှိလာကြ၏။ ယီရိုထုံးအား ဝိုင်းဝန်းတိုက်ကြလေတော့သည်။

☆ ☆ ☆



ဟာဟိုထိုင်က ဖမ်းချုပ်ထားသော ယီရိုထုံးကို တစ်ဘက်သို့ ဆွဲဖယ်လိုက်သည်။ ယီရိုထုံးက ခေါင်းကို တစ်ဘက်သို့ တိမ်းရှောင် ပေးလိုက်ပြီး ညာခြေဖြင့် စုန်ထင်ပေါက်၏ ဘယ်ဘက်ရင်ဘတ်ကို ကန်ပစ် လိုက်၏။

စုန်ထင်ပေါက် ဝုန်းခနဲ လဲကျသွားတော့သည်။ သူ့လူခံလိုက်ရ သဖြင့် ဖုန်စန်ချန်က ဝင်ရောက် တိုက်ခိုက်မည်အပြုတွင် ဟာဟိုထိုင်က လှမ်းတားလိုက်သည်။

'ဟေ့.... ရပ်၊ တော်ပြီ၊ ချုပ်ထားတဲ့လူကို မတရား မတိုက်ပါနဲ့'

'တောက်.... ထူပါးဝလို့ သူနဲ့မချင် နှင်နဲ့ အရင်ချမယ်'

ဖုန်စန်ချန်က ဟာဟိုထိုင်အား တိုက်ရန် ဟန်ပြင်သည်။ ရန်ပယ်ကန်းက လှမ်းတားလိုက်မှ ငြိမ်သွားသည်။

တိမ်ရီလွင်က ယီရိုထုံးအား မေး၏။

'ကျုပ်တို့ညီအစ်ကိုတွေထဲက သုံးယောက်ကို ပန်းမှုင်းနီဂိုဏ်းက သတ်ပစ်လိုက်တယ်လို့ ပြောတယ်၊ အဲဒါ ဟုတ်မဟုတ် မင်းပြောပြ နိုင်မလား၊ ဒီကိစ္စကို ဘယ်သူက ဦးဆောင်လှုပ်ရှားတာလဲ၊ ဘယ်သူ့ ညွှန်ကြားချက်ကြောင့် သတ်ရတာလဲ၊ မင်းပြောပြ၊ အတိအကျသိရ ရင် ဒီကိစ္စကို တို့ကိုယ်တိုင် သွားရှင်းပါ့မယ်၊ မင်းနဲ့ မပတ်သက်စေရ ဘူး'

ယီရိုထုံးက ဣန္ဒြေရရပင် ပြောသည်။ သူ့လက်နှစ်ဘက်မှာ နောက်ကျောသို့ အချုပ်ခံနေရသည်။ ဟာဟိုထိုင်သည် အဖမ်းအချုပ် ကျွမ်းကျင်သော မွန်ဂိုစပန်းကျော် ဖြစ်ပေသည်။

'ကျုပ် ပြောပြီးပြီပဲ၊ ကျုပ်တို့ ပန်းမှုင်းနီဂိုဏ်းဟာ ဒီကိစ္စမှာ လုံးဝ မပတ်သက်ပါဘူး'

ဟာဟိုထိုင်က ယီရိုထုံးအား လေးလေးစားစား မေးမြန်းသည်။

'ခင်ဗျား ပျောက်ချင်းပီသတယ်ဆိုတာ ကျုပ်တို့သိပါတယ်၊ သေရမှာကို မကြောက်တဲ့ သူ့ရဲကောင်းစိတ်ဓာတ် ရှိတာလဲ ကျုပ်နားလည်ပါတယ်။ ကျုပ် သိချင်တာက ကျုပ်တို့ ညီအစ်ကိုသုံးယောက်ဟာ ဘယ်သူ့လက်ချက်ကြောင့် သေသွားခဲ့ရသလဲဆိုတာကိုပါ'

ယီရိုထုံးမှာ ဟာဟိုတိုင်ကိုမှ အနည်းငယ် လေးစားသဖြင့် ကောင်းမွန်စွာ ပြန်ဖြေသည်။

'ကျုပ် ရှင်းရှင်းပဲပြောမယ်။ ဘယ်သူသတ်တယ်ဆိုတာကိုလဲ ကျုပ် အားလုံးသိတယ်၊ အဲ... ခင်ဗျားသိထားဖို့ကတော့ ခင်ဗျားတို့ ညီအစ်ကိုတွေကို သတ်တာ ကျုပ်တို့ပန်းမွှင့်နီဂိုဏ်းသားထဲက မဟုတ်ဘူးဆိုတာကိုပဲ'

'ပြောပြပါ၊ ခင်ဗျားပြောပြရင် ကျုပ်တို့ ခင်ဗျားကိုလွှတ်ပေးလိုက်ပါ့မယ်'

ကုကျုင်ပြောင်က ဝင်ပြောသည်။

ယီရိုထုံးက မှဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်နားမည် ယီရိုထုံးတဲ့၊ သိုင်းလောကမှာ ကျုပ်ဟာ ဘာမှ မဟုတ်သေးပါဘူး။ ဒါပေမယ့် ခင်ဗျားတို့သတ်မှာကြောက်ပြီး ကျုပ်မှန်ပြောလိမ့်မယ်လို့လဲ မထင်နဲ့ ခင်ဗျားတို့ ညီအစ်ကိုတွေ သေသွားတယ်၊ သိုင်းလောကထဲမှာ ဝေါဟာရလေးတွေ ပေါ်လာတယ်၊ ပန်းမွှင့်နီဂိုဏ်းက သတ်သတဲ့၊ ကျုပ်ပြောချင်တာကတော့ အဲဒီဝေါဟာရလေးတွေ မမှန်ဘူးဆိုတာပဲ၊ ကျုပ် ဒါပဲပြောနိုင်တယ်၊ ခင်ဗျား ညီအစ်ကိုတွေ သတ်တဲ့လူတွေရဲ့ နာမည်ကိုတော့ ကျုပ် မပြောရေးချမပြောဘဲ...'

ကုကျုင်ပြောင်က သူ့လက်နက်ဖြင့် ယီရိုထုံး၏ ရင်ဝကို တေ့ထောက်ထားပြီး ဟိန်းဟောက်လိုက်သည်။

'မပြောရင် သတ်ပစ်လိုက်မယ်'





ယီရိုထုံးက ရယ်လိုက်၏။

'ဟား.... ဟား.... ဟား.... သတ်လိုက်စမ်းပါ၊ ကျုပ်ကို သတ်လိုက်တော့ ခင်ဗျားတို့ မျက်နှာသစ်တိုင်း ခေါင်းကို အရှင်စမ်းရလိမ့်မယ်၊ ပန်းမွှင့်နီဂိုဏ်းဟာ သူ့ညီအစ်ကိုတွေကို ထိလို့ကတော့ ဆယ်သက်ဆယ်ကျွှာ မကြေထဲကပဲ၊ ကိုယ့်ရန်သူ ဘယ်သူလဲဆိုတာ ခုထိ မသိတာ ခင်ဗျားတို့ ဘယ်လောက်ညံ့တယ်ဆိုတာ ဖော်ပြနေတာပဲ'

ကုကျုင်ပြောင်မှာ အနာပေါ်တုတ်ကျသည့်အလား ဆတ်ဆတ်ခါ ဖြစ်သွားသည်။ စိတ်ဆိုးမာန်ဆိုး ဆဲဆိုရေရွတ်တော့သည်။ သူက ထိုးသတ်ရန် ဟန်ပြင်စဉ် ဟာဟိုတိုင်က ယီရိုထုံးကို နောက်သို့ ဆွဲယူလိုက်၏။

ဟာဟိုင်တိုင်က....

'ကျုပ်ကို မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုတယ်ဆိုရင် ကျေးဇူးပြုပြီး ပြောပြပါလားခင်ဗျာ'

ယီရိုထုံးသည် တိမ်ရိုလွှင်တို့ သုံးယောက်ထဲ၌ ဟာဟိုတိုင်၏ စိတ်သဘောထား နူးညွှတ်သည်ဟု ယုံကြည်၏၊ ထို့ကြောင့် ကောင်းမွန်စွာ ဆက်ဆံသည်။

ယီရိုထုံးက....

'ကျုပ်ပြောတာ မယုံရင် ဟန်ဝင်ကျူးကို သွားမေးကြည့်ပေတော့၊ ဒါပေမယ့် သူက လောရန်မြို့မှာတော့ မရှိဘူး၊ ဝမ်စေရန်နဲ့အတူ ဟန်ကျိုးမြို့မှာ ရှိနေတယ်'

'ဩ.... တကယ်ပဲလား'

တိမ်ရိုလွှင်က မယုံသင်္ကာသလို မေးသည်။

'ခင်ဗျားတို့ကို ကျုပ်က ညာနေရမှာလား'

ယီရိုထုံးက ပြန်ဖော်လိုက်၏၊ သူသည် လုံးဝ မကြောက်ရွံ့ပေ။

သူမကြောက်သဖြင့် တိမ်ရိုလွှင်နှင့် ရန်ပယ်ကန်းတို့မှာ မခံချိမခံသာ ဖြစ်ကြရသည်။

ဟာပဂိုထိုင်မှာ ယီရိုထုံး၏ ရဲရင့်သတ္တိရှိမှုကို ကြည့်ပြီး ဝမ်းမြောက် လေးစားလာရသည်။ ထို့ကြောင့် တိမ်ရိုလွှင်ဘက်သို့ လှည့်ပြီး...

'အစ်ကိုကြီး၊ ကျုပ်မေးလို့ရတော့မှာ မဟုတ်ပါဘူး။ သူ့ကို လွှတ်လိုက်ပါတော့'

'လွှတ်လိုက်... ဟုတ်လား၊ ဘယ်ဖြစ်မလဲ၊ သိုင်းလောကမှာ ငါတို့က ပုန်းမှုန်နိုကိုထုံးကို ကြောက်သွားပြီလို့ အပြောခံရတော့မပေါ့၊ သတ်ပစ်လိုက်တာပဲ အေးတယ်'

ကူကျင်ပြောင်က အကြံပေးသည်။

တိမ်ရိုလွှင်က....

'သတ်ပစ်လို့လဲ အလကားပဲ၊ တို့တစ်တွေ ဟန်ကျိုးမြို့ကို သွားပြီး ဟန်ဝင်ကျူးကို သွားရှာကြမယ်၊ သူ့ကိုလဲ ဓားစာခံအနေနဲ့ ခေါ်သွားရမယ် ဒီကြားထဲ လမ်းမှာ လိုရင်လိုသလို စစ်ဆေးမေးမြန်းလို့ ရတာပေါ့၊ အကြောင်းစုံသိရလို့ သူနဲ့ မသက်ဆိုင်ဘူးဆိုရင်တော့ လွှတ်ပေးလိုက်မယ်၊ သက်ဆိုင်နေရင်တော့ အပြတ်ရှင်းလိုက်ရုံပဲ'

တိမ်ရိုလွှင်၏ စဉ်းစားဆင်ခြင်မှုက မျှတမှု ရှိပေသည်။

'ကောင်းတယ်... ကောင်းတယ်၊ ဒီအစီအစဉ် သိပ်ကောင်းတယ်'

ကူကျင်ပြောင်က ထောက်ခံ၏။

တိမ်ရိုလွှင်က ယီရိုထုံးဘက်သို့ ပြန်လှည့်လိုက်ပြီး...

'တို့ အခုမင်းကို ဟန်ကျိုးမြို့ကို ခေါ်သွားမယ်၊ ဟန်ဝင်ကျူးနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး မေးမယ်၊ တကယ်လို့ မင်းပြောတာ မှန်နေခဲ့ရင် မင်းကို ချက်ချင်း လွှတ်ပေးလိုက်မယ်'

ယီရိုထုံး ခေါင်းညိတ်ပြလိုက်သည်။ မည်သည့်နည်းနှင့်မဆို

F-10-B



လမ်းတွင် လွတ်လမ်းတွေ့နိုင်မည်ဟု ယုံသည်။ ဟာပဂိုထိုင်၏ အကူအညီကိုလည်း ရနိုင်သည်ဟု တွေးသည်။

တိမ်ရိုလွှင်က ရန်ပယ်ကန်းကို လက်ပြနှုတ်ဆက်လိုက်ပြီး

'ကျုပ်တို့ နောက်မှပဲ ပြန်ဆုံကြတာပေါ့'

သူတို့ လေးယောက် ထွက်ခွာရန် ဟန်ပြင်လိုက်၏။ ရန်ပယ်ကန်း က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး လှမ်းတားထားလိုက်သည်။

'ဖြည်းဖြည်းပေါ့ဗျာ၊ ဒီကောင်က ကျုပ်တို့နဲ့ ပတ်သက်နေသေး တယ်လေ၊ ဒီလို လွယ်လွယ်နဲ့ ခေါ်သွားလို့ ဘယ်ရမလဲ'

ဟာပဂိုထိုင်က ဒေါသထကြီးဖြင့်

'ခင်ဗျားက ဘယ်လိုဖြစ်စေချင်လို့လဲ'

ရန်ပယ်ကန်း စဉ်းစားလိုက်သည်။ မိမိတို့မှာ လူအင်အား လေးယောက် ရှိနေသော်လည်း တိမ်ရိုလွှင်တို့ သုံးယောက်မှာ သိုင်းပညာ ထက်မြက်နေသဖြင့် ရင်ဆိုင်တိုက်ခိုက်၍ အနိုင်မရနိုင်ပေ။ ထို့ကြောင့် တိမ်ရိုလွှင်တို့ဘက်က လက်ခံနိုင်သော အပေးအယူကို ပြောသည်။

'ကျုပ် မျက်လုံးတစ်ဘက်ကန်းအောင် သူ လုပ်ခဲ့သလို၊ ကျုပ်က သူ့မျက်လုံးနှစ်ဘက်ကို ထိုးဖောက်ပစ်လိုက်မယ်၊ ပြီးရင် ခင်ဗျားတို့ သူ့ကို ကြိုက်သလို လုပ်ပေါ့'

တိမ်ရိုလွှင်နှင့် ကူကျင်ပြောင်တို့ တွေဝေသွားကြသည်။

ယီရိုထုံးကို ဖမ်းဆီးရာတွင် ရန်ပယ်ကန်းတို့လည်း ပါဝင်နေသည်။

ထို့ပြင် သူတို့မှာ မင်းမှုထမ်း အရာထမ်းများလည်း ဖြစ်နိုင်ဟန် ရှိချေသည်။ ထို့ကြောင့် အတိုက်အခံမဖြစ်လိုသဖြင့် ယီရိုထုံး၏ မျက်လုံး ကို ထိုးဖောက်ခွင့် ပြုလိုက်ချင်သည်။

ယင်းသို့ မျက်လုံးကန်းသွားလျှင် ယီရိုထုံး ထွက်ပြေးရန် လွယ်ကူ

တော့မည် မဟုတ်ပေ။ လမ်းဒေါင့်တွင် ထိန်းရသိမ်းရ လွယ်ကူပြီး ဘေးမှ အသာအယာ စောင့်ကြည့်နေရုံသာရှိမည်ဟု တွက်ဆထားကြသည်။ ထို့ကြောင့် ဘာမျှငြင်းဆိုခြင်းမပြုဘဲ ငြိမ်နေလိုက်ကြသည်။

'အဓိပ္ပာယ်မရှိဘူး အစ်ကိုကြီး။ ကျုပ် သဘောမတူဘူး'

ဟာဟိုထိုင်က ချက်ချင်း ကန့်ကွက်၏။ တိမ်ရိလွင်က ချော့ချော့မော့မော့လေသံဖြင့် ပြော၏။

'အသာနေစမ်းပါ ညီလေး။ သူတို့ကိစ္စ သူတို့ဘာသာ ရှင်းပါစေ'

'ဘာဖြစ်လို့ ရှင်းရမှာလဲ၊ သူ ဖမ်းမိထားရင်တော့ ဟုတ်တာပေါ့၊ အခုဟာက သူ့ကို ကျုပ်တို့ ဖမ်းမိထားတာ'

'ညီလေး အသာနေစမ်းပါ။ ပေး... ငါ ဖမ်းချုပ်ထားမယ်'

တိမ်ရိလွင်သည် ဟာဟိုထိုင်လက်ထဲမှ ယိရှိထုံးကို ဆွဲယူလိုက်သည်။

'ကျွန်တော် သဘောမတူ...'

'နေစမ်းပါ ညီလေးရာ'

တိမ်ရိလွင်က ယိရှိထုံးကို နောက်ကျောမှချုပ်ကိုင်ပြီး ရှေ့သို့ တွန်းပို့လိုက်၏။

ရန်ပယ်ကန်းသည် လက်ညှိုးနှင့် လက်ခလယ်ကို ဆန့်ထုတ်ပြီး ယိရှိထုံး၏ မျက်လုံးကို ထိုးဖောက်ရန် ဟန်ပြင်လိုက်သည်။ ယိရှိထုံး ခြေတစ်လှမ်း နောက်ဆုတ်သော်လည်း တိမ်ရိလွင်က တွန်းထားသဖြင့် ဆုတ်၍ မရတော့ပေ။

ထိုစဉ် ကုကျင်ပြောင်က ယိရှိထုံး၏နောက်စေ့ကို လက်ဝါးဖြင့် တွန်းပေးထားပြန်လေ၏။ ရန်ပယ်ကန်း၏ လက်ညှိုး လက်ခလယ်တို့သည် ယိရှိထုံး၏ မျက်လုံးနှစ်လုံးဆီသို့ နီးကပ်လာလေတော့သတည်း။

☆ ☆ ☆



ထိုစဉ် ဟာဟိုထိုင်သည် ရန်ပယ်ကန်း၏ အင်္ကျီကို နောက်ကို ဆောင့်ဆွဲလိုက်လေတော့၏။

ရန်ပယ်ကန်းမှာ ထိတ်လန့်တကြားဖြစ်သွားပြီးနောက် လက်ဝါး ရိုက်ချက် တစ်ချက် ရိုက်ထုတ်လိုက်သည်။

'ဖြန်း'

ရန်ပယ်ကန်း၏ ရိုက်ထုတ်ချက်မှာ ဟာဟိုထိုင်၏ ညာဘက်လက်ကို ရိုက်မိသွားသဖြင့် ဟာဟိုထိုင်မှာ အင်္ကျီစကို လွှတ်လိုက်ရတော့သည်။

ထို့နောက် နှစ်ယောက်သား မျက်နှာချင်းဆိုင်လိုက်ကြတော့သည်။

တိမ်ရိလွင်က ဟာဟိုထိုင်နှင့် ရန်ပယ်ကန်းတို့ နှစ်ယောက်အကြားသို့ ခုန်ဝင်လိုက်ပြီး လက်ထဲမှ သံဖော်လူရုပ်ကို ကိုင်မြှောက်ကာ ဟန့်တားလေတော့သည်။

'မလုပ်ကြနဲ့ ကျုပ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေတွေပဲ။ ရန်ဖြစ်နေကြဖို့ မလိုဘူး'

ဟာဟိုထိုင်က ရန်ပယ်ကန်းအား လေသံမာမာဖြင့်....

'ခင်ဗျား ကလဲ့စားချေတာ ကျုပ်တို့ကိစ္စတွေပြီးမှချေ၊ ကျုပ်တို့ ဘယ်ဘက်ကမှ အကူအညီမပေးဘူး။ အခု ဒီလိုမတရားလုပ်လာတော့ ကျုပ် သဘောမတူနိုင်ဘူး'

တိမ်ရိလွင်မှာ အကျဉ်းအကျပ် ကျသွားသည်။ ဟာဟိုထိုင်သည် လွန်စွာရဲရင့်သူဖြစ်ပြီး သူမှန်သည်ထင်လျှင် တစွတ်ထိုး လုပ်တတ်သူ ဖြစ်၏။

ဟာဟိုထိုင် မြေသနာလုပ်လျှင် မီးနီးကြက်လျှောက် မအေး မချမ်းဖြစ်တော့မည်ကို တိမ်ရိလွင် သိသည်။ ထို့ကြောင့် နောက်ဆုံး၌ ဟာဟိုထိုင်၏စကားကို လက်ခံကာ ရန်ပယ်ကန်းအား ခပ်မာမာ လှမ်း

ကြည့်ရတော့သည်။

ရန်ပယ်ကန်းမှာ သိုင်းပညာချင်းယှဉ်လျှင် ဟာဟိုထိုင်ကို မည်သည့်နည်းနှင့်မျှ အနိုင်မယူနိုင်သည်ကို သိ၏။ အုပ်စုချင်းယှဉ်လျှင်လည်း သူတို့ ခံရမည်ကို သိ၏။

ထို့ကြောင့် မကျေမနပ်ဖြစ်သော်လည်း မနိုင်၍ သည်းခံခြင်းမျိုးဖြင့် သည်းခံလိုက်လေ၏။

'ဟင်း... ဒီကောင့်မျက်လုံးကို တစ်နေ့နေ့မှာ ဖောက်ကို ဖောက်ပစ်လိုက်ဦးမယ်'

'ရတယ်၊ အခုမဖောက်နဲ့ နောက်ကျမှ ခင်ဗျားဘာသာခင်ဗျား ဖမ်းပြီး ကြိုက်သလိုဖောက်'

ဟာဟိုထိုင်က တည်တည်ငြိမ်ငြိမ်ပြောဆိုပြီး ယီရိုတုံအား ခေါ်ထွက်သွားတော့သည်။

ရန်ပယ်ကန်းသည် မကျေမနပ်ဖြင့် နောက်မှ နောက်ယောင်ခံလိုက်သွားသည်။

ညနေစောင်းသို့ရောက်သောအခါ ဇိမ်ရိုလွင်တို့အုပ်စု မုန်ကျွန်းဆိပ်ကမ်းမြို့ကလေးသို့ ရောက်လာကြသည်။

ထို့နောက် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ပြီး အရက်နှင့် အစားအသောက်များကို မှာယူ စားသောက်ကြသည်။

ထိုအချိန်မှာပင် မြို့စောင့်တပ်သားရှစ်ယောက်နှင့် လူကုံထံ အဘိုးကြီးတစ်ယောက်တို့ စားသောက်ဆိုင်ထဲသို့ ဝင်လာကြပြန်သည်။

လူကုံထံသူဌေးကြီး၏အမည်မှာ စွန်မြစ်၏။ သူဌေးကြီးစွန်ဟု အများက ခေါ်ကြသည်။

သူတို့နှင့် မရှေးမနှောင်းမှာပင် ဆိုင်အတွင်းသို့ လူလေးယောက် ဝင်လာကြပြန်သည်။



ထိုလူလေးယောက်ကား ရန်ပယ်ကန်းတို့ ဆရာတပည့်အုပ်စုပင်တည်း။

ယီရိုတုံကမူ ရန်ပယ်ကန်းကို မမြင်မတွေ့ဟန်ဖြင့် အရက်ကို ခပ်တည်တည်သောက်နေလိုက်သည်။

'ဟာဟိုထိုင် မင်းကတော့ကွာ တကယ့်ကို ခွကျတဲ့ကောင်ပဲ၊ တို့ညီအစ်ကိုတွေအတွက် ကယ်ပဲ့ထားချေးထွက်လာတဲ့ကိစ္စမှာ မင်းကဘာကြောင့် သူ့ကို အကာအကွယ်ပေးနေရတာလဲကွာ၊ တွေ့လား ဟိုကောင်တွေ လိုက်လာတာ၊ ဒီကောင်တွေက ပြဿနာပေးမယ့်ကောင်တွေကွ'

ဇိမ်ရိုလွင်သည် အရက်တစ်ခွက်လုံး မော့သောက်ပြီး ဟာဟို ထိုင်အား ခပ်တိုးတိုး အပြစ်တင်လိုက်၏။

ဟာဟိုထိုင်သည် ရန်ပယ်ကန်းတို့အား တစ်ချက်စွေကြည့်လိုက်ပြီး....

'အကာအကွယ်ပေးတာ မဟုတ်ပါဘူး အစ်ကိုကြီးရေ၊ ဟိုတစ်ဘက်ကန်း မတရားလုပ်တာကို တားဆီးတာပါ၊ ကျုပ်တို့ဟာ လူကောင်းတွေမဟုတ်ဘူး။ ဒါပေမယ့် လူယုတ်မာတွေလဲ မဟုတ်ဘူး။ ဒီလူဟာ သတ္တိရှိတယ်၊ သတ္တိရှိတဲ့လူတစ်ယောက် အကျိုးမဲ့ သေဆုံးမှာတော့ ကျုပ် မလိုလားဘူးဗျာ၊ သူတို့ ပန်းမွှင့်နီဂိုဏ်းက ကျုပ်တို့ ညီအစ်ကိုတော်တွေကို သတ်တယ်ဆိုရင် ဒီလူခေါင်းကို ကျုပ်ကိုယ်တိုင် ဖြတ်ပါ့မယ်'

'အင်း... ငါတို့ အခုရောက်နေတဲ့နေရာက ဟန်ကျိုးနဲ့ အလှမ်းဝေးနေသေးတယ်။ ဟိုကောင်တွေကလဲ သိပ်ပြီး စိတ်ကျေနပ်ကြသေးတာ မဟုတ်ဘူး။ နောက်က တကောက်ကောက်နဲ့ဆိုတော့ သွားရလာရ မဖြောင့်ဘူး။ ငါ့အလိုအရတော့ သူတို့ မျက်လုံးဖောက်ချင်တာ ဖောက်ပ

စေပေါ့ကွ၊ သူ့ကို ငါတို့ ထိန်းရတာလဲ သက်သာသွားတာပေါ့’

ကူကျင်ပြောင်က ထပ်မံ အကြံပေးပြန်၏။ ဟာဟိုထိုင်က လက်မခံချေ။ အချေအတင်ငြင်းခုံရာမှ ပြင်းထန်လာသောအခါ ခုံထု စားပွဲထု ဖြစ်လာကြ၏။

တိမ်ရှီလွှင်နှင့် ကူကျင်ပြောင်တို့က သဘောချင်း တူညီကြသည်။ ဟာဟိုထိုင်က သူ့တို့ကို ဆန့်ကျင်သည်။ နောက်ဆုံး၌ ဟာဟိုထိုင် ဒေါသထွက်လာပြီး ထရပ်လိုက်၏။

‘အစ်ကိုကြီး။ ကျုပ် အရင်သွားနှင့်တော့မယ်၊ ခင်များတို့နဲ့ ကျုပ် မျက်စိရှေ့မှာတော့ ဒီလူကို ဘယ်လိုမှ အနိုင်ကျင့်မခံနိုင်ဘူး။ ကျုပ် ကွယ်ရာမှာ ခင်များတို့ လုပ်ချင်သလို လုပ်ပေတော့၊ နောင်ဖြစ်လာ သမျှ အကျိုးအပြစ်ဟာ ခင်များတို့ကြောင့်ပဲ ကဲ.... ကျုပ်သွားပြီ’

ဟာဟိုထိုင်သည် အစားအသောက်ပင် မစားတော့ဘဲ စိတ်ဆိုး မာန်ဆိုးဖြင့် ထွက်ခွာသွားလေတော့သည်။

ကူကျင်ပြောင်က ဟာဟိုထိုင် စိတ်ဆိုးပြီး ထွက်သွားသဖြင့် နောက်မှလိုက်ပြီး လက်ကို လှမ်းဆွဲလိုက်သည်။ ဟာဟိုထိုင်က သူ့လက် ကို ခါချလိုက်ရာ ကူကျင်ပြောင်မှာ လဲကျသွားမတတ် ယိုင်ထိုးသွား သည်။

ဟာဟိုထိုင်က ကူကျင်ပြောင်ကို လဲကျသွားစေရန် ပြုလုပ် လိုက်သည်မဟုတ်ပေ။ မွန်ဂိုတို့သည် ငယ်စဉ်ကပင် အသက်အရုတ် ကျွမ်းကျင်ကြသဖြင့် သူတို့ လှုပ်ရှားမှုများသည် သူတစ်ပါးအတွက် တိုက်ကွက်တစ်ခုကဲ့သို့ ထိခိုက်တတ်သည်။

‘ကူကျင်ပြောင် သူ့ကို ဂရုစိုက်မနေစမ်းပါနဲ့၊ အလကား နွားလို ကောင်၊ သွားပါစေ၊ လာစမ်း... မင်း ဒီကောင့်ကို စောင့်ကြည့်ထား စမ်း’



တိမ်ရှီလွှင်က လှမ်းပြောလိုက်၏။ ယီရိုထုံမှာ လက်ပြန်ကြိုး တုပ်ခံထားရသဖြင့် ငြိမ်ငြိမ်ပင် ထိုင်နေသည်။

ကူကျင်ပြောင်က တိမ်ရှီလွှင်ဘေး၌ ထိုင်ပြီး....

‘ထွက်ပြေးမယ်တော့ မကြံနဲ့၊ ဒီမှာ တွေ့လား၊ ထုတ်ချင်းပေါက် သွားမယ်’

ကူကျင်ပြောင်က ခြိမ်းခြောက်သော်လည်း ယီရိုထုံက ဂရုမစိုက် ပေ။ ဣန္ဒြေမပျက်သော ထိုင်နေသည်။ တိမ်ရှီလွှင်သည် ရန်ပယ်တန်း၏ စားပွဲဆီသို့ ထသွားပြီး နှုတ်ဆက်စကားပြောဆိုနေသည်။

ယီရိုထုံမှာ ဟာဟိုထိုင် ထွက်သွားကတည်းက သူ့အတွက် မလွယ်တော့ကြောင်း ရိပ်မိပြီဖြစ်၏။ ထို့ကြောင့် တိမ်ရှီလွှင်တို့ လက်ထဲမှ လွတ်မြောက်ရန် ကျိတ်၍ကြံစည်နေရလေတော့၏။

ယီရိုထုံ သောပတ်ဝန်းကျင်ကို ကြည့်ပြီး အခြေအနေသုံးသပ် လိုက်သည်။

စားပွဲထိုးတစ်ယောက်က ငါးပါငါးဝိကောင်လုံးကြော်တစ်ပွဲ လာချ ပေးသည်။ ယီရိုထုံ၏ စိတ်ထဲ၌ ယက်ခနဲ အကြံတစ်ခုပေါ်လာ၏။

ငါးကောင်လုံးကြော်မှာ ဆီများရွှဲအိနေပြီး အငွေ့တထောင်း ထောင်း ထကာ မွှေးကြိုင်နေသည်။ ကူကျင်ပြောင်မှာ သွားရည် တမြားမြားဖြစ်ပြီး ယီရိုထုံကို မေ့သွားကာ ဟင်းကိုကောက်မြည်းကြည့် လိုက်သည်။

‘အားပါး.... မဆိုးဘူး၊ ငါးက လတ်ဆတ်သားပဲ’

ကူကျင်ပြောင်က ဥဒါန်းကျူးရင့်လိုက်၏။

သူတို့ ဆာလောင်နေကြပြီ မဟုတ်ပါလား။

ယီရိုထုံသည် မျက်စိတစ်ချက် ကစားလိုက်၏။ မြို့စောင့်ရဲမက် ရှစ်ယောက်ခြံရံလျက် ခန့်ခန့်ညားညား စားသောက်နေသော သူဌေးကြီး

စွန် ကို တွေ့လိုက်ရ၏။

အစားအသောက် မက်နေသော ကူကျင်ပြောင် အလစ်၌ ထခုန်ပြီး သူဌေးကြီးစွန်အား ပြေးကန်လိုက်သည်။

'ဝှန်း.... နိုင်း.... ဂျလောင်း'

'ဟာ... အို... ဟင်'

'ဘယ်လို လုပ်လိုက်တာလဲ'

'ဖမ်းစမ်း။ ဒီကောင့်ကို ဖမ်းစမ်း'

ခဲမက်များက လျှင်သည်။ ရာရှာသသ အကျဉ်းသားဖြစ်နေသည့် လူရှုပ်ဆိုးက သူဌေးကြီးစွန်ကိုများ စော်ကားရသလားဟု အမျက်ထွက်ပြီး ချက်ချင်း ဝိုင်းဖမ်းသည်။ ထုထောင်းရိုက်နှက်သည်။ သူဌေးကြီးစွန်သည် မသက်မသာ ထရပ်ပြီး...

'ဟေ့... ဟေ့... အသေမသတ်နဲ့ဦး။ ဒီကောင့်ကို စစ်ရဦးမယ်။ ဘာလို့ ငါ့ကို အသားလွတ် ကန်ရတာလဲလို့'

စားသောက်ဆိုင်တစ်ဆိုင်လုံး ရုတ်ရုတ်သဲသဲဖြစ်သွား၏။ ထွက်ပြေးသူက ထွက်ပြေးသည်။

တိမ်ရိုလွှင်၊ ကူကျင်ပြောင်နှင့် ရန်ပယ်ကန်းတို့မှာ အခြေအနေကို သဘောမပေါက်ဘဲ ရှိနေကြသည်။

ဘာဖြစ်သွားသနည်း။

ယီရိုထုံး ဘာကြောင့် ဤသို့ ထလုပ်သနည်း။

ဘာစိတ်ရှုပေါက်သွားသနည်း။

မြို့စောင့်ခဲမက်ရှစ်ယောက်ကြား၌ မလှုပ်သာအောင်ဖြစ်နေသည့် ယီရိုထုံးက တိမ်ရိုလွှင်တို့ကို လှမ်း၍ အကူအညီတောင်းသည်။

'အစ်ကိုကြီးနဲ့ အစ်ကိုလေး... လာကြပါဦး။ ဒီမှာ ကျုပ်ကို ဖမ်းချုပ်ထားကြပြီ။ ကျုပ်ကို ကယ်ကြပါဦး'



မြို့စောင့် ခဲမက်များသည် စားရှည်များကို တရှမ်းရှမ်းဆွဲထုတ်လိုက်ကြ၏။ ခဲမက်တစ်ယောက်က လေချွန်အချက်ပေးလိုက်ရာ မကြာမီ စားသောက်ဆိုင်တစ်ခန်းလုံးပြည့်မတတ် မြို့စောင့်ခဲမက်များ အပြေးအလွှား ရောက်ရှိလာလေတော့သည်။

သူဌေးကြီးစွန်က အော်ဟစ်အမိန့်ပေးသည်။

'ဒီကောင့်ကို မလွှတ်စေနဲ့ သူ့အစ်ကိုဆိုတဲ့လူတွေကိုပါ ဖမ်းစမ်း။ အဲဒီကောင်တွေကိုပါ ခေါ်စစ်မယ်'

တိမ်ရိုလွှင်၊ ကူကျင်ပြောင်နှင့် ရန်ပယ်ကန်းတို့မှာ သူတို့ကို ဖမ်းဆီးမည့် ခဲမက်များကို ခုခံလေတော့၏။ ထိုအခါ တစ်ဆိုင်လုံး ရုတ်ရုတ်သဲသဲဖြစ်သွားလေတော့၏။

တိမ်ရိုလွှင်သည် မြို့စောင့်တပ်နှင့် ပြဿနာဖြစ်လျှင် ရှင်းရမလွယ်ကြောင်း သိသည်။ ထို့ကြောင့် ကူကျင်ပြောင်အား သတိပေး၏။

'ကူကျင်ပြောင်.... အရမ်း မလုပ်နဲ့ ဆုတ်... မြန်မြန်ဆုတ်။ ဟိုကောင့်ကို ပြန်လုဖို့ မကြိုးစားနဲ့ မရဘူး'

တိမ်ရိုလွှင်သည် အော်ဟစ်ပြီး၊ ဆိုင်ပြတင်းပေါက်မှ ခုန်ထွက်ပြေးသွားတော့၏။

ရန်ပယ်ကန်းမှာလည်း၊ သူ့တပည့်များကို အတင်းဆုတ်ခိုင်းရသည်။

'ခွေးကောင်တွေ... ဘာနေးနေတာလဲ၊ ဟေ့... ဖုန်စန်ချွန်း မင်းအင်မတန် ရိုက်တာပဲ၊ ဘာဖြစ်လို့ နံချပ်ကူကို သုံးနေရတာလဲ၊ ပြေးစမ်း.... ဟိုကောင်တွေတောင် ပြေးကုန်ပြီ၊ မတွေ့ဘူးလား'

ရန်ပယ်ကန်းတို့အုပ်စုလည်း၊ ထွက်ပြေးလွတ်မြောက်သွားကြသည်။ မြို့စောင့်ခဲမက်များက ဆက်မလိုက်ကြပေ။ ယီရိုထုံးကိုသာ ဖမ်းဆီးလိုက်ကြ၏။

ယိဒိုတုံးသည် သူ့ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်သွားသဖြင့် ကျိတ်၍ ပြုံးမိလိုက်၏။ တိမ်ရိုလွှင်၏လက်ထဲ၌ ရှိနေလျှင် သူ့မျက်လုံးနှစ်လုံး နှစ်ဘက်ကန်းရန် သေချာသလောက်ရှိနေပြီ မဟုတ်ပါလား။

ဤမြို့စောင့် ရဲမက်များလက်ထဲမှ လွတ်မြောက်ရန် တစ်နည်းနည်းဖြင့် ကြံနိုင် ဖန်နိုင်သေးသည် မဟုတ်ပါလား။

ရန်ပယ်ကန်းတို့အုပ်စုသည် မြို့ပြင်အထိ ထွက်ပြေးလာကြ၏။

'ဗျို့... မြသသနာပဲ၊ ဒီကောင် တကယ် မြသသနာရှာတဲ့ကောင်ပဲ'

ဖုန်စန်ချင်က လေမှုတ်ထုတ်ကာ ယိဒိုတုံးအား ဆဲဆိုလေ၏။

ရန်ပယ်ကန်းက

'ညကျရင် ငါတို့ ဒီကောင့်ကို သွားထုတ်မယ်၊ ဒီကောင့်ကို လက်စားမချေရလို့ကတော့ မကျေနပ်နိုင်ဘူး'

'ဆရာက ထောင်ထဲသွားထုတ်မလို့လား။ အစောင့်တွေ ဒီလောက်များနေတာ ဘယ်လိုလုပ် ထုတ်လို့ရမလဲ'

'ဒီမြို့မှာ အကျဉ်းထောင် မရှိဘူးကွ၊ အချုပ်ခန်းပဲ ရှိတယ်။ ဒီကောင့်ကို ထုတ်ဖို့ မခက်ပါဘူးကွ၊ နေနှင့်ဦးပေါ့ကွာ။ ဒီကောင့်ကို ထုတ်လို့ရမှ အသားတစ်ထစ်ချင်းလှီးပြီး ငံးဟာစာကျွေးမယ်။ မသေမရှင်ထားပြီး နေလှန်းမယ်၊ ဆားဖြူးမယ်'

ရန်ပယ်ကန်းက တောက်တခေါက်ခေါက်နှင့် ကြိမ်းဝါးနေ၏။

ဖုန်စန်ချင်မှာ အကျဉ်းစခန်းကို ဝင်စီးမည့်အစီအစဉ်ကို ကြားသိရသဖြင့် တွေဝေသွားသည်။ ရန်ပယ်ကန်း၏ ဆန္ဒကိုလည်း မလွန်ဆန်ခဲ့၍သာ လိုက်ပါရပေမည်။ တကယ်တော့ မလိုက်ချင်ပေ။ မြို့စောင့်ရဲမက်အများအပြား အစောင့်ချထားလျှင် သူတို့ ဒုက္ခပင်တွေ့နိုင်သည်။

ရန်ပယ်ကန်းကမူ လုံးဝ မတွေ့ဝေချေ။ သူ့လူများအား မျက်နှာထုံး



ကိုယ်စီစွပ်စေပြီး အကျဉ်းစခန်းရှိရာ မြို့မြောက်ဘက်သို့ ထွက်ခွာသွားလေတော့၏။

ည... ။

အကျဉ်းစခန်းအနီး... ။

ရန်ပယ်ကန်းတို့သည် လူရိပ်နှစ်ရိပ်တွေ့လိုက်ရသဖြင့် မှောင်ရိပ်၌ ကိုယ်ရှိန်သတ်လိုက်ကြ၏။ ထိုလူရိပ်များသည် အလျှင်လျင်မြန်မြန်ဖြင့် သူတို့အနီးသို့ ရောက်ရှိလာ၏။

'နောင်ကြီး ရန်ပယ်ကန်းလား'

အကျဉ်းစခန်းနံရံပေါ်သို့ ခုန်တက်မည်ဟန်ပြင်စဉ် မေးမြန်းသံ တစ်သံက တီးတိုးထွက်ပေါ်လာသည်။ တိမ်ရိုလွှင်နှင့် ကူကျင်မြောင်တို့ကို ရန်ပယ်ကန်းတွေ့လိုက်ရသည်။

'ကျုပ်တို့ ဘဝတူတွေပဲ ညှိနှိုင်းပြီး သင့်သင့်မြတ်မြတ်လုပ်ကြရရင် မကောင်းဘူးလား'

တိမ်ရိုလွှင်က ပူးပေါင်းရန် စကားကမ်းလှမ်းသည်။ ကူကျင်မြောင်ကလည်း မဆိုင်းမတွ...

'ကျုပ် ဒီကောင့်ကို အခဲမကျေဘူးဗျ။ ဒီကောင့်ကို မြန်ဖမ်းမယ်'

ကူကျင်မြောင်သည် ယိဒိုတုံး လှုလည်လုပ်သွားသည်ကို မကျေနပ်ချေ။ ဒေါသတကြီး ဖြစ်နေသည်။ ရန်ပယ်ကန်းက ဘာမျှ ပြန်မပြောသေးဘဲ တိမ်ရိုလွှင်တို့နှင့် ပူးပေါင်းရကောင်းနိုးနိုး စဉ်းစားနေသည်။

'ကျုပ်တို့ ညီအစ်ကိုနှစ်ယောက် အောက်ကနေ ကင်းစောင့်ပေးမယ်။ အစောင့်တွေလာရင် ကာကွယ်တားဆီးပေးထားမယ်၊ ခင်ဗျားတို့သာ ဒီကောင့်ကိုရအောင် ခေါ်ထုတ်ခဲ့ပါ'

တိမ်ရိုလွှင်က အကြံပေးသည်။

'ကောင်းတယ်၊ ဒီလိုပဲ လုပ်ကြတာပေါ့'

ရန်ပယ်ကန်းက သဘောတူ လက်ခံလိုက်သည်။ ထို့နောက် တိမ်နီရွှင်နှင့် ကုကျင်ပြောင်တို့အား နောက်ချန်အစောင့်အဖြစ် ထားခဲ့ပြီး သူတို့လေးယောက်ကမူ အကျဉ်းစခန်းနံရံပေါ်သို့ ခုန်တက်သွားကြလေတော့၏။

☆ ☆ ☆

ချိန်ကျွန်းလောင်တို့သည် ယီရိုထုံးကိုလှေပေါ်သို့ တင်ပေးပြီးနောက် အနောက်ဘက်အရပ်သို့ ဦးတည်၍ ထွက်ခွာလာခဲ့ကြသည်။

ငါးရက်ကြာသောအခါ သူတို့သည် ယီရိုထုံးနှင့် ချိန်းဆိုထားသော တုံကွမ်းမြို့သို့ ရောက်ရှိလာကြသည်။ မြို့တွင်းသို့ ရောက်သည်နှင့် မြို့စန်းနံရံများ၊ သစ်ပင်များတွင် ယီရိုထုံး ရေးမှတ်ထားမည့် လျှို့ဝှက် သင်္ကေတအဆက်အသွယ်စာများကို ရှာဖွေကြည့်ကြသည်။ မည်သည့် အမှတ်အသားမျှ မတွေ့ကြရမှု ယီရိုထုံး မရောက်သေးဟု ယူဆလိုက်ကြသည်။

ချိန်ကျွန်းလောင်တို့မှာ တည်းခိုရိပ်သာတစ်ခုတွင် အနားယူပြီး စောင့်ဆိုင်းနေကြသည်။ သုံးရက်တိတိကြာသည့်တိုင် ယီရိုထုံး ရောက်လာနိုင်ခြင်း မရှိသောအခါ စိတ်ပူလာကြသည်။

ရှစ်ထင်ဟုန်နှင့် ကျန်းကျင်တို့နှစ်ယောက် မြို့ထဲသို့ ထွက်ပြီး သွားရောက် စုံစမ်းစနည်းနာကြသည်။ မည်သည့်သတင်းအစအနကိုမျှ မရရှိခဲ့ကြချေ။

ဤခရီးလမ်းမှာ ဤမျှမကြာမြင့်နိုင်ဟု ချိန်ကျွန်းလောင်သိ၏။ ကြာနေခြင်းက ပြဿနာတစ်ခုခု ဖြစ်နေပြီကို ဖော်ညွှန်းပေသည်။

ချိန်ကျွန်းလောင်သည် ပန်းမွှင့်နီကိုထံမှ ယောသားနှစ်ယောက်ကို



ရေလမ်းအတိုင်း ပြန်လည်၍ ဆန်တက်သွားနိုင်သည်။ လမ်းတွင်ရှိသော မြို့ ရွာ မှန်သမျှကို တက်ရောက်စုံစမ်းနိုင်သည်။

တတိယမြောက်ညတွင် ယောသားတစ်ယောက် ပြန်လည်ရောက်ရှိလာသည်။ ထိုယောသားထံမှ မုန်ကျန်မြို့ရှိ အရက်ဆိုင်တစ်ဆိုင်တွင် အရုပ်ဆိုးဆိုးလူငယ်တစ်ယောက်က အခြားသူများနှင့် ရိုက်ပွဲဖြစ်ပြီး ရှန်းရင်းဆန်ခတ်ဖြစ်သွားကြောင်း၊ ထိုသတင်းကို မိမိပြန်ပို့ပါက ခေါင်းဆောင်များအနေဖြင့် တစ်စုံတစ်ရာ ဆောင်ရွက်နိုင်လိမ့်မည် ယူဆ၍ မိမိပြန်လာခြင်းဖြစ်ကြောင်း၊ သတင်းပေးသည်။

ချိန်ကျွန်းလောင်တို့သည် အရုပ်ဆိုးဆိုးလူငယ်ကို ယီရိုထုံးအဖြစ် သံသယရှိလာသည်။ ထို့ကြောင့် ချက်ချင်းပင် လှေကို စင်းလုံးငှားပြီး မုန်ကျန်မြို့သို့ သွားကြ၏။

လှေကမ်းကပ်သည်နှင့် ဝင်ထိုက်လိုက်က မြင်းမြန်ကြီးဖြင့် သတင်းရရှိခဲ့ရာ အရက်ဆိုင်သို့ သွားသည်။ ချိန်ကျွန်းလောင်တို့က ဆိပ်ကမ်း၌ စောင့်ကျန်ခဲ့သည်။

မကြာမီပင် ဝင်ထိုက်လိုက် ပြန်လည်ရောက်ရှိလာသည်။ ရုပ်ဆိုးဆိုးလူငယ်တစ်ယောက်ဆိုသော်လည်း ယီရိုထုံး၏ ရုပ်ရည်မျိုး မဟုတ်ကြောင်း ရှင်းပြသည်။

ယီရိုထုံးမဟုတ်နိုင်ဆိုသဖြင့် သဲလွန်စပျောက်သွားပြန်ရကာ အားလုံး စိတ်ပျက်ကြရပြန်တော့သည်။

'ကဲ... အစ်ကိုကြီး၊ ဝင်ထိုက်လိုက်၊ အဲဒီအရက်ဆိုင်ကို ကျုပ်တို့ ပါ လိုက်မယ်'

ချိန်ကျွန်းလောင်တို့ တုံ့ဆိုင်းမနေတော့။ အရက်ဆိုင်သို့ အလျင်အမြန် ထွက်ခွာသွားကြသည်။

အရက်ဆိုင်ရှင်သည် ပန်းမွှင့်နီကိုထံ၊ချုပ်ကြီးကို မျှမျှငှာငှာ

ကြိုဆိုသည်။

ချိန်ကျန်းလောင်က–သူသိလိုသည့် အချက်များကိုသာ အဓိက ထားမေးမြန်းသည်။ သို့သော် သူကြားသိရသောအချက်အလက်များမှာ ဝင်ထိုက်လိုက် စုံစမ်းသိရှိရသော အချက်အလက်များထက် ဘာမျှ မပိုချေ။

ဆိုင်ရှင်က နှိပ်ပါတွင် ထင်ကျန်ရစ်ခဲ့သော စာချက်များကိုသာ သက်သေအဖြစ် လက်ညှိုးထိုးပြနိုင်တော့သည်။

ချိန်ကျန်းလောင်သည် စာအသောက်ဆိုင်ပိုင်ရှင်ထံမှ ထူးခြားသော အဖြေကို မရရှိပေ။ ပိုင်ရှင်အနေဖြင့်လည်း ဤသို့သောရန်ပွဲများကို မကြာခဏ ကြုံခဲ့ရသဖြင့်သူ့အတွက် ထူးခြားမှု မရှိတော့ပေ။ တစ်ခုပဲ ရှိသည်။ မြို့စောင့် ရဲမက်အဝေါ်များများ ပါဝင်ပတ်သက်ခြင်းနှင့် သူဌေးကြီးစွန် ပါဝင်ပတ်သက်ခြင်းတို့ပင် ဖြစ်သည်။

သူဌေးကြီးစွန်ဆိုသည်ကား အဘယ်သို့သော သူဌေးမျိုးနည်း။ ချိန်ကျန်းလောင်က သူဌေးကြီးစွန်၏ အခြေအနေကို စုံစမ်းသည်။

သူဌေးကြီးစွန်ကား ရိုးသား ကြိုးစားသောသူ မဟုတ်။ မတရား သဖြင့် ကြီးပွားချမ်းသာလာသူသာ ဖြစ်၏။ ထိုဒေသတစ်ဝိုက်ရှိ လယ်သမားယာသမားများအပေါ် ခေါင်းစုတ်ချယ်လှယ်လျက် ကြီးပွား ချမ်းသာလာသူ ဖြစ်ပေ၏။

သို့သော် သူသည် အများအမြင်ကောင်းသည့် အလှူဒါနပြုမှု များကိုတော့ အစဉ်အမြဲ ပြုလုပ်လေ့ရှိသည်။ အာဏာရှိသူ အသိုင်း အဝန်းများကိုလည်း အပေါင်းအသင်း ရက်ရောသည်။ ထို့ကြောင့် သူဌေးကြီးစွန်၏ နာမည်သည် ကျော်ကြားနေခြင်းဖြစ်ပေသည်။

ချိန်ကျန်းလောင်သည် ဆိုင်ရှင်၏ ပြောစကားများအရ ရုပ်ဆိုးဆိုး လူငယ်သည် ယီရိုထုံးမဖြစ်နိုင်ဟု ယူဆရနိုင်သော်လည်း ထိုသူဌေးကြီး စွန်ထံ သွားရောက်တွေ့ဆုံမေးမြန်းခြင်းဖြင့် အကျိုးမယုံနိုင်ဟု ယူဆဆုံး ဖြတ်သည်။

ငိုက်ဖျောင်ကြီးချိန်ကျန်းလောင်က သူဌေးကြီးစွန်ထံ သွားရောက် တွေ့ဆုံသည်။ စာအသောက်ဆိုင်ထဲ၌ ဖြစ်ပျက်ခဲ့သည်တို့ကို မေးမြန်း သည်။ ရုပ်ဆိုးဆိုးလူငယ်၏ ပုံသဏ္ဍာန်သည် ယီရိုထုံးဖြစ်သည်ဟု မှတ်ယူ လာနိုင်ပြန်သည်။

သူဌေးကြီးစွန်က....

'ကျုပ်ဟာ အသက်အရွယ်လဲ ကြီးရင့်လာပါပြီ။ ဒီနေ့ဒီအချိန် အထိ ဘယ်သူ့ကိုမှ စော်ကားခြင်း၊ ရန်ပြုဖွဲ့ခြင်း မရှိခဲ့ပါဘူး။ သိုင်း လောကသားတွေကိုလဲ အမြဲတမ်းလေးစားခဲ့ပါတယ်၊ သူတို့မှာ ငွေရေး ကြေးရေး မပြေလည် အခက်အခဲရှိနေရင်လဲ အမြဲတမ်းပဲ ကူညီ ထောက်ပံ့ပေးခဲ့ပါတယ်ဗျာ'

'ဒါဖြင့် အဲဒီလူက အသက်ကို ဘာကြောင့် ရန်လိုရတာလဲ၊ အကြောင်းမရှိဘဲနဲ့ တိုက်ခိုက်တာဆိုရင်တော့ အတော့်ကို ထူးဆန်းတော့ တာပဲ'

'ကြည့်ရတာ ငြိမ်ပေးဆွဲမလို့နဲ့ တူပါတယ်'

ချိန်ကျန်းလောင်မှာ နည်းမလည်နိုင်အောင် ဖြစ်သွားရသည်။ သူဌေးကြီးစွန် ပြောခဲ့သည်များကို ပြန်လည် သုံးသပ်ပြီး စဉ်းစားနေမိ သည်။

ဤအပြုအမူမှာ 'ယီရိုထုံး၏ အပြုအမူတော့ မဟုတ်ပေ။ ယီရိုထုံးသည် ရန်မလိုပေ။ ငြိမ်ပေးဆွဲခြင်း၊ လုယက်ခြင်းတို့ကိုလည်း ပြုမူလေ့မရှိပေ။ မြို့စောင့် ရဲမက်များ တစ်လှေကြီးရှိနေသောဆိုင်ထဲ၌ ဤသို့ပြုမူလုပ်ရှားခြင်းမှာ ယွန်းရွာအုံခြံဖြစ်ရာကောင်းနေသည်။

အကယ်၍ ယီရိုထုံး လှုပ်ရှားခဲ့လျှင်လည်း ထူးခြားသော

အကြောင်းတစ်ချက် ရှိရမည်ဟု ချိန်ကျန်းလောင် စဉ်းစားသည်။

ချိန်ကျန်းလောင်က မေးလိုက်၏။

'ဒါဖြင့်ရင် အဘရယ်၊ ကျွန်တော်တို့ အကျဉ်းစခန်းထဲကို သွားပြီး အဲဒီလူငယ်ကို တွေ့ချင်ပါတယ်၊ တွေ့ခွင့်ရနိုင်ပါ့မလား'

'ဟင်.... ဒါတွေ ခင်ဗျားတာမှ မကြားရသေး ဘူးလား။ အဲဒီလူငယ် ညတွင်းချင်းပဲ အပြင်ကလူ အကူအညီနဲ့ အကျဉ်းစခန်းဖောက်ထွက်ပြေးသွားပြီလေ'

'ဗျာ'

ချိန်ကျန်းလောင် အံ့သြသွားသည်။ အကျဉ်းသားဖောက်ထွင်းထွက်ပြေးသွားပြီဆိုခြင်းကို သိလိုက်ရသဖြင့် ပို၍ စိတ်ဝင်စားသွားသည်။ ထူးခြားမှုတစ်ခုခုရှိနေပြီဖြစ်ကြောင်း ရိပ်စားမိလာလေတော့၏။

သူသည် သူ့ဓားကြီးစွန်ကို ဂါရဝပြုနှုတ်ဆက်ကာ ပြန်လာခဲ့တော့၏။

တည်းခိုခန်းသို့ ပြန်ရောက်လျှင်ရောက်ချင်း သူ့ဓားကြီးစွန်ပြောသည့်အချက် မှန်မမှန်ကို စုံစမ်းဆိုင်းလိုက်သည်။ မှန်ပေသည်။

အကျဉ်းသားလူငယ်သည် ညတွင်းချင်းပင် အကျဉ်းစခန်းဖောက်ကာ အပြင်မှလူ အကူအညီဖြင့် ထွက်ပြေးသွားကြောင်း၊ အကျဉ်းစခန်းစောင့် လေးငါးယောက်ပင် ဒဏ်ရာရသွားသောကြောင်းတို့ကို ကြားသိရသည်။

ချိန်ကျန်းလောင်နှင့် ပန်းပွင့်နီခေါင်းဆောင်များသည် ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ စဉ်းစားဆွေးနွေးကြ၏။ သို့သော် မည်သူကမျှ တိကျပြတ်သားသော ကောက်ချက်ကို မဆွဲနိုင်ကြပေ။

ထို့ကြောင့် ချိန်ကျန်းလောင်က ဆုံးဖြတ်ချက်တစ်ခု ချပေးလိုက်၏။



'ကဲ.... ဒီလိုလုပ်ကြစို့ စားသောက်ပြီးတာနဲ့ အကျဉ်းစခန်းကို သွားပြီး စစ်ဆေးကြည့်ကြမယ်၊ နံပါတ်ဆယ့်လေးညီတော် ရှိယိုတုံးသာ အမှန်တကယ်ဖြစ်ရင်တော့ တွေ့ရမှာ သေချာတယ်'

ချိန်ကျန်းလောင်သည် စားသောက်ပြီးသောအခါ အကျဉ်းစခန်းနံဘေးပတ်လည်သို့ စနည်းနာထွက်ကြ၏။ ထိုစဉ် ချောပင်က တစ်နေရာသို့ လက်ညှိုးထိုးပြပြီး ဝမ်းသာအားရ အော်ဟစ်လေ၏။

'ဟိုမှာ.... ဟိုမှာ.... ကြည့်ကြစမ်း'

ချောပင်ပြရာသို့ အားလုံးဝိုင်းကြည့်လိုက်ကြသည်၊ မြင်လိုက်ရသော အမှတ်အသားတစ်ခုကြောင့် အားလုံးဝမ်းသာသွားကြသည်။

အကျဉ်းစခန်းဖောက်ပြေးသော လူငယ်မှာ ယိရှိုထုံးဖြစ်ကြောင်း သိလိုက်ကြရလေပြီ။

ကြုတ်ချစ်မှာ ယခင်က ပန်းပွင့်နီဂိုဏ်းသားမဟုတ်ခဲ့သဖြင့် လျှို့ဝှက်သင်္ကေတများကို နားမလည်ချေ။ သူမက မေးမြန်းသဖြင့် ရှစ်ထင်ဟုန်က အဓိပ္ပာယ်ဖော်ကာ ရှင်းပြရ၏။

'သူ ရန်သူနဲ့တွေ့လို့ အနောက်ဘက်ကိုပြေးနေတယ်လို့ နံပါတ်ဆယ့်လေး ညီတော်က ရေးခဲ့တယ်လေ'

ကျွန်ကျင်က မျက်မှောင်ကုတ်စဉ်းစားပြီး ခပ်တိုးတိုးပြောလေ၏။

'ဘယ်လိုရန်သူမျိုးများပါလိမ့်၊ သူ့နောက်ကို အမြဲလိုက်နေတဲ့ လူပဲနဲ့တူတယ်'

'မဖြစ်နိုင်ဘူး။ အဲဒီလူက သိုင်းပညာမှာ ယိရှိုထုံးလောက် မကောင်းဘူး။ သူလိုက်လို့ ထွက်ပြေးတာ မဖြစ်နိုင်ဘူး။ တခြားအကြောင်းတစ်ခုခု ရှိလိမ့်မယ်'

ရှစ်ထင်ဟုန်က တွေးတွေးဆဆ ပြောသည်။

'ကဲ...ကျုပ်တို့ လိုက်သွားကြရအောင်၊ အချိန်ဖြုန်းနေလို့မဖြစ်ဘူး'

ဝင်ထိုက်လိုက်၏ခေါသံက စိတ်မရှည်သံပါနေသည်။ သူတို့အားလုံး အနောက်ဘက်သို့ စတင်ခရီးထွက်ကြတော့၏။ သူတို့အားတက်သွားကြပြန်သည်။

မြို့ပြင် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်၌ ယိမ်ရိုထုံးရေးသားခဲ့သည့် အမှတ်အသားတစ်ခုကို တွေ့ရသောကြောင့်ပေတည်း။ တစ်ခုခုတော့ ရှိသည်။ အမှတ်အသားမှာ မပီမသဖြစ်နေသည်။ အရေးတကြီး အလျင်စလို ရေးသားခဲ့ပုံရကြောင်း ပေါ်လွင်သည်။

'ခပ်သွက်သွက်လိုက်ကြဟေ့'

ချိန်ကျွန်းလောင်က အမိန့်ပေးလိုက်၏။ သူတို့သည် သစ်ပင်စုစုအုပ်အုပ်တစ်နေရာကို ဖြတ်ကျော်လာ၏။ ထိုနေရာမှ ဖြတ်ကျော်လာသောအခါ လျှိုမြောင်များ၊ ဂူပေါက်များဖြစ်ပေါ်နေသည့် မြေအနေအထားကို တွေ့မြင်ရသည်။

တောင်ကြားလမ်းလိုလို လမ်းကလေးရှိ သစ်ပင်တစ်ပင်၏ ပင်စည်တွင် အမှတ်အသား ရှိသည်ဆိုရုံ အမှတ်အသားကလေးတစ်ခု တွေ့ကြရ၏။

ပန်းပွင့်နီကိုထီးသားအားလုံးသည် ထိုလမ်းကလေးထဲသို့ ပြေးဝင်သွားကြလေတော့၏။

ဝင်ထိုက်လိုက်နှင့် ကျန်ကျင်တို့နှစ်ယောက်ကား ရှေ့ဆုံးမှ ဦးဆောင်ပြေးသွားကြ၏။

ကျန်ကျင်သည် သစ်ပင်ကလေးတစ်ပင်၌ စိုက်ဝင်နေသော မြားတံတိုကလေးတစ်ချောင်းကို တွေ့ရှိ နုတ်ယူလိုက်သည်။

ဝင်ထိုက်လိုက်နှင့် ရှစ်ဝင်ဟုန်တို့သည် ထိုမြားတံတိုကလေးကို တွေ့လိုက်ရသောအခါ အရွန်တရာ အံ့သြသွားကြ၏။ ထိုဝါးခြမ်း မြှလုပ်ထားသော လက်နက်ပုန်းမြားတံကလေးမှာ ရန်ပယ်ကန်း တစ်ယောက်



တည်းသာ အသုံးပြုတတ်သည်ကို သူတို့သိရှိထားသောကြောင့် ပေတည်း။

'တောက်... ဒီခွေးသူတောင်းစားကို။ ဒါကြောင့် ယိမ်ရိုထုံး ဒီလောက် ကသောအမျော ရှောင်ပြေးနေရတာပဲ'

ဝင်ထိုက်လိုက်မှာ နေပြည်တော်မှ အပြေးတွင် ချန်ကြောင်ကျူးနှင့် ရန်ပယ်ကန်းတို့၏ အမဲလိုက်ခံရသကဲ့သို့ ကမ္ဘာရှုံးထိုး ပြေးခဲ့ရသည်။

ရန်ပယ်ကန်းတစ်ယောက်တည်းမှာ ကြောက်စရာမဟုတ်ပေ။ အဖွဲ့၊ လူရ၊ လူအုပ်နှင့်ဖြစ်သည်က တစ်ကြောင်း၊ သူကိုယ်တိုင် ဒဏ်ရာရခဲ့သည်ကတစ်ကြောင်းတို့ကြောင့် ရန်ပယ်ကန်းတို့အစွယ်မှာ မှလောက်စရာဖြစ်ခဲ့ရပေသည်။

အခုလည်း ထိုအတူပင်.... ။ ယိမ်ရိုထုံးအနေဖြင့် စီးလောင်းဒဏ်ရာရထားပေရာ လူကောင်းတစ်ယောက်ကဲ့သို့ သတ်မှတ်၍ မရပေ။

ရန်ပယ်ကန်းက အုပ်စုနှင့်ဖြစ်နေလျှင် ယိမ်ရိုထုံးအနေဖြင့် ခွေးပြေးဝက်ပြေးပြေးရမည်မှာ သေချာပေသည်။

'ဒီမှာကြည့်စမ်းပါဦး။ ဒါက ဘာတွေလဲ'

ကြွတ်ချစ်၏ အလန့်တကြား ပြောဆိုသံကြောင့် အားလုံး ကြည့်လိုက်မိကြသည်။

အနည်းငယ် ခြောက်စပြုနေသော သွေးစက်ကလေးများဖြစ်ပေသည်။

ထိုသွေးစက်အတိုင်း နောက်မှဆက်လိုက်သွားရာ တောင်နံရံကို ထွင်းဖောက်ထားသော ဂူကလေးတစ်လုံးကို တွေ့လိုက်ကြရသည်။

ဂူမှာ ခေါ်ကျဉ်းကျဉ်းမြင်၊ အရှည်မှာ ဆယ်ပေခန့်ရှိသည်။ ဂူရှေ့တွင်မူ ဝါးမြားတံများ၊ ပေါက်မြားများ၊ ကတော့ပုံသဏ္ဌာန်မြားများ၊ ပါးရွှာသော သံပြားပိုင်းကလေးများ၊ ကျောက်စရစ်ခဲကလေးများ၊

ချွန်ထက်သော သံမဏိနှစ်ခုဆင့် မြှားစသည့် လက်နက်ပုန်းကလေးများ စွာကို တွေ့ရှိကြရသဖြင့် ဤဂူဝ၌ ယီရိုထုံးနှင့်ရန်သူသည် အပြင်းအထန် တိုက်ခိုက်ခဲ့ကြကြောင်း ခန့်မှန်း၍ ရပေ၏။

ထို့ကြောင့် ယီရိုထုံး၏ အသက်အန္တရာယ်ကို လွန်စွာစိုးရိမ်စိတ် ဖြစ်ပေါ်လာကြလေတော့၏။

☆ ☆ ☆

တိမ်ရိုလွှင်နှင့် ကူကျောင်ဖြောင်တို့သည် ရန်ပယ်ကန်းတို့နှင့်အတူ အုတ်နံရံကို ကျော်လွှားပြီး အကျဉ်းစခန်းအတွင်းသို့ ဝင်ရောက်လိုက်ကြသည်။

အုတ်နံရံမှာ လူတစ်ရပ်အမြင့်လောက်သာရှိ၍ သူတို့အဖို့ ခက်ခဲသော အတားအဆီး မဟုတ်ပေ။ အကျဉ်းစခန်းမှာလည်း တစ်ထပ် အဆောက်အအုံများသာ ဖြစ်၏။

အကျဉ်းစခန်း၏ ပထမဆုံးသော တံခါးပေါက်တွင် လူတစ် ယောက် ကြိုးတုပ်ခံရပြီး လဲနေ၏။

ထိုသူမှာ အစောင့်ဖြစ်ဟန်ရှိသည်။ သူ့ပါးစပ်ထဲတွင်လည်း လက်ကိုင်ပဝါတစ်ထည် ဖိတ်ဆို့ထားသည်။ ရန်ပယ်ကန်း ဆွဲထုတ်ယူ လိုက်ရာ မိန်းမကိုင်လက်ကိုင်ပဝါတစ်ထည်ဖြစ်နေသည်ကို တွေ့လိုက် ရသည်။

'ဒီနေ့ဖမ်းလာတဲ့လူကို ဘယ်မှာချုပ်ထားသလဲ မှန်မှန်ပြောစမ်း။ အော်မယ့် မကြံနဲ့ အော်ရင် သေသွားမယ်'

ရန်ပယ်ကန်းက လေသံတိုးတိုးမေးသည်။ အစောင့်မှာ ကြောက် လန့်နေပြီဖြစ်၍ ရန်ပယ်ကန်းအား တုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေသည်။



'ဟို... ဟို... နံပါတ်သုံးအခန်းမှာပါ'

ရန်ပယ်ကန်း ဆက်မမေးတော့ပေ။ အစောင့်၏ အံကြောများကို ထိုးပိတ်ပစ်လိုက်၏။ အစောင့်ကို မူလနေရာ၌ပင် ချထားလိုက်၏။ အစောင့်မှာ မလှုပ်ရှားနိုင်တော့ပေ။

'မြန်မြန်လုပ်ကြစမ်း။ တို့ထက် လက်ဦးတဲ့ လူ ရှိနေပြီ'

ရန်ပယ်ကန်းက အလျင်စလိုပြောပြီး အချုပ်ခန်းရှိရာသို့ ဦးတည် ပြေးထွက်သွားတော့သည်။

တကျိုကျိုအသံများကို ကြားနေရသော်လည်း ဘာသံမှန်း မသဲမကွဲ ပေ။ အနီးသို့ရောက်မှ အဖြစ်အပျက်အမှန်ကို တွေ့ရတော့သည်။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူ တစ်ယောက် က ယီရိုထုံး၏ လက်ထိတ်၊ ခြေကျင်းများကို သံလွှဖြင့် တိုက်စားပေး နေသည်ကို တွေ့လိုက်ရခြင်းပင်တည်း။

'မင်း ဘယ်သူလဲ'

တိမ်ရိုလွှင်က ဟိန်းဟောက်လိုက်၏။ အနက်ရောင်ဝတ်စုံနှင့်လူ သည် သူ့နောက်၌ လူများရောက်မနေသည့်အလား သူ့အလုပ်ကိုသာ ဆက်လုပ်နေ၏။

ရန်သူအား ဤမျှ မမှုမခန့် ဆက်ဆံသူမျိုးကို တိမ်ရိုလွှင် မမြင် ဖူးချေ။

သူသည် ရဲတင်းစွာပင် ရှေ့သို့တိုးသွား၏။ ထိုအချိန်မှာပင် ဝတ်စုံ နက်နှင့်လူက လျှော်တစ်ပြက် လှည့်ကာ ဓားရှည်ဖြင့် ခုတ်ချ၏။

'ထန်း'

တိမ်ရိုလွှင်မှာ ရှောင်တိမ်းချိန်မရသဖြင့် လက်ထဲမှ သံမဏိလှံရှည် ဖြင့် လျှင်မြန်စွာ ခုခံကာကွယ်လိုက်ရသည်။

သံသံချင်း ထိသံကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဝတ်စုံနက်

နှင့်လူ၏ လက်မောင်းတစ်ဘက်မှာ ထိုးကျည်သွားရလေသည်။

ထိုလူသည် တိမ်ရိုလွင်၏ အတွင်းအားကောင်းလုံကို မိုမိသွားပြီး နံဘေးမှ ကျန်ထင်ချိုအား ရုတ်တရက် ထိုးချလိုက်ပြန်သည်။

ကျန်ထင်ချိုမှာ အသေအလဲ ခုန်ရှောင်လိုက်ရပြန်၏။ အားလုံး အခြေပျက်သွားစဉ် ဝတ်စုံနက်သည် လှစ်ခနဲ ပြေးထွက်သွားလေတော့၏။

'ဆက်မလိုက်နဲ့တော့၊ ဟိုကောင့်ကိုသာ ဂရုစိုက်၊ သူ့ကအရေးကြီးတယ်'

ရန်ပယ်ကန်းက ကျန်ထင်ချိုကို တားမြစ်လိုက်သည်။ ဝတ်စုံနက်၏ လှုပ်ရှားတိုက်ခိုက်မှုများသည် ထိတ်ထိတ်ပြိမ်သက်နေသော အချုပ်ခန်းကို တစ်လှုပ်နိုးသလို ဖြစ်သွားသည်။ အိပ်မောကျနေသော အစောင့်များ နိုးလာပြီး ရုတ်ရုတ်သဲသဲဖြစ်သွားတော့သည်။

တိမ်ရိုလွင်က အချုပ်ခန်းအဝင်ဝကို သူ့ကိုယ်လုံးဖြင့် ပိတ်ဆို့ကာကွယ်လိုက်၏။

'မြန်မြန်လုပ်ကြ၊ သူတို့ကို ကျုပ်တားထားလိုက်မယ်'

ရန်ပယ်ကန်းနှင့် ကူကျင်ပြောင်က သံဖြတ်လွှကို ထုတ်ပြီး ယီရိုထုံး၏ လက်ထိတ်နှင့် ခြေကျင်းတို့ကို ဖြတ်တောက်ကြသည်။

မကြာမီ လက်ထိတ်နှင့် ခြေကျင်းများ ပြတ်သွားသည်။ ရန်ပယ်ကန်းက ယီရိုထုံး၏ ခေါင်းကြောကို ထိုးပိတ်မှ ချီကာ ဖုန်စန်ချန်နှင့်အတူ အချုပ်ခန်းထဲမှ ထွက်လာသည်။

ထိုအချိန်၌ အစောင့်များ၊ မြို့စောင့်တပ်မှ အချုပ်၌ တာဝန်ကျ ထားသော ရဲမက်များသည် အချုပ်သားကို ဖမ်းဆီးထားနိုင်ရန် အချုပ်သားကို လာလုသူများအား တိုက်ထုတ်နိုင်ရန် ရှေ့သို့ တိုးလာကြလေ၏။



တိမ်ရိုလွင်က သူ့လက်ထဲမှ သံမဏိလှံရှည်ဖြင့် အပြင်းအထန် ဝှေ့ယမ်းကာကွယ်နေခြင်းကြောင့်သာ ရန်ပယ်ကန်းတို့ သက်သာခြင်း ဖြစ်ပေသည်။

ကူကျင်ပြောင်က ဦးစွာပထမရှေ့မှတက်ကာ လမ်းရှင်းသွားသည်။ စုန်ထင်ပေါက်၊ ကျန်ထင်ချိုတို့က နောက်မှ ထက်ကြပ်မကွာလိုက်ကာ ယီရိုထုံးကို ဝန်းရံစောင့်ရှောက်ခဲ့သည်။

ထို့နောက် အုတ်နံရံပေါ်သို့ ခုန်တက်ပြီး အောက်သို့လွှားခနဲ ဆင်းလိုက်ကြသည်။

အုတ်တံတိုင်းအပြင်ဘက်တွင် မြို့စောင့်ရဲမက်အချို့ ရောက်ရှိနေရာ ရန်ပယ်ကန်းတို့ အုပ်စုမှာ ချက်ချင်းပြေးမထွက်နိုင်တော့ပေ။ အကြိတ်အနယ် တိုက်ခိုက်နေရတော့သည်။

ယင်းသို့ တိုက်ပွဲဖြစ်ပွားနေစဉ် နံရံထောင့် မှောင်ရိပ်တစ်နေရာမှ လူတစ်ယောက် ပြေးထွက်လာပြီး ယီရိုထုံးအနီးသို့ ချဉ်းကပ်လာသည်။

ကျန်ထင်ချိုက ထိုသူကို လှမ်းတားလိုက်သော်လည်း၊ ထိုသူက လက်ဝါးတစ်ချက် ရိုက်လိုက်ရာ ကျန်ထင်ချိုမှာ ရင်ဝတွင် အောင့်ခနဲ ဖြစ်သွားပြီး လဲကျသွားသည်။

ကျန်ထင်ချို လဲကျသွားသည်ကို မြင်လိုက်ရသဖြင့် စုန်ထင်ပေါက် က ယီရိုထုံးအား ရန်သူခေါ်မသွားနိုင်စေရန် အပြေးအလွှား လာရောက် ကာကွယ်၏။

သို့သော် သူ့ အနီးသို့ရောက်သည်နှင့် အမှောင်ရိပ်ထဲမှလူက ယီရိုထုံးကို ဆွဲယူပြီး ပြေးထွက်သွားခဲ့လေပြီ။

'ဆရာ.... ဆရာ.... ဟို.... ဟိုမှာ ထွက်ပြေးကုန်ပြီ'

စုန်ထင်ပေါက်က ကျယ်လောင်စွာ အော်ဟစ်သဖြင့် ရန်ပယ်ကန်းမှာ နောက်သို့ ခုန်ဆုတ်၍ လှည့်ကြည့်မိသည်။

ဝတ်စုံနက်နှင့်လူသည် အုတ်ဝံတိုင်းအမြင့်မှခုန်ချပြီး ယီရိုတုံးကို ထုတ်ယူသွားခဲ့လေပြီ။ ဆည်ဝမှ ဖျိုင်းယမာပေတည်း။ ထိုစဉ် မြို့စောင့်ရဲမက်တစ်ဦး၏ လှံတံက ရန်ပယ်ကန်း၏ ရင်ဝသို့ တန်းခနဲ ဝင်လာ၏။ ရန်ပယ်ကန်၏ ပြူးပြူးမျာမျာဖြစ်သွားပြီး သံကွင်း လက်နက်ဖြင့် အသေအလဲ ရိုက်ချကာကွယ်လိုက်ရသည်။

'မြို့စောင့်ရဲမက်တွေနဲ့ မတိုက်ကြနဲ့တော့ပေါ့။ အကျဉ်းသားနောက်ကို လိုက်ကြ'

တိမ်ရီလွင်၊ ရန်ပယ်ရွှန်းတို့အုပ်စုသည် မြို့စောင့်ရဲမက်များကို ယှဉ်ပြိုင်မှုတိုက်ကြတော့ပေ။ ဒဏ်ရာရရုံ ရှောင်တိမ်းနိုင်ရုံသာ တိုက်ခိုက်ပြီး ရဲမက်အုပ်စုထဲမှ ထိုးထွက်ကြ၏။

ယီရိုတုံးအား ကယ်တင်သွားသူမှာ အကွက်မြင်လှသည်။ ယီရိုတုံး၏ ပိတ်နေသော အကြောများကို ထိုးဖွင့်ကာ မြို့စောင့်ရဲမက်များ အကြားမှ ခပ်သွက်သွက်ပြေးထွက်သည်။ ဝတ်စုံနက် ဝတ်ဆင်ထားသူ၏ သိုင်းပညာကောင်းခြင်းတို့ကြောင့် ယီရိုတုံးမှာ မည်သို့မျှ အန္တရာယ်မဖြစ်ခဲ့ပေ။ ယီရိုတုံးကိုယ်တိုင် ခုခံနိုင်ခြင်း၊ မြို့စောင့်ရဲမက်များက ရန်ပယ်ကန်းနှင့် တိမ်ရီလွင်တို့ကို ဖမ်းနေခြင်းတို့ကြောင့် ကယ်တင်ရှင်နှင့် ယီရိုတုံးတို့လွတ်မြောက်သွားကြတော့သည်။

တိမ်ရီလွင်တို့အုပ်စုသည် ရန်ပယ်ကန်းတို့နှင့်အတူ ကိုယ်ဖော့ပညာကို အသုံးပြု၍ ပြေးလိုက်သွားကြလေ၏။ မြို့စောင့် ရဲမက်များမှာ တကယ်တမ်းအားဖြင့် သိုင်းပညာ ထက်မြက်သူများမဟုတ်၍ အမဲ့ရှုံးပြီး ရန်သူများနောက်သို့ မလိုက်ဝံ့ကြချေ။ ထို့ကြောင့် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေ၏။

တိမ်ရီလွင်က ရှေ့ဆုံးမှ ဦးဆောင်နေပြီး ကျူကျင်ပြောင်က မလှမ်းမကမ်းမှ ကပ်လျက် လိုက်ပါလာနေသည်။ ရန်ပယ်ကန်းမှာ

ကျူကျင်ပြောင်၏နောက်တွင် နှစ်ဖာလုံခန့် ပြတ်ကျန်နေခဲ့ပြီး ဗုန်စန်ချန်တို့ အုပ်စုမှာမူ လူရိပ်ကိုပင် မမြင်ရလောက်အောင် နောက်ကျန်ရစ်ခဲ့လေသည်။ ဤအချက်က အုပ်စုနှစ်စု၏ သိုင်းပညာ အဆင့်အနက်ကို ပြသနေခြင်းပင် ဖြစ်လေတော့သည်။

တိမ်ရီလွင်တို့မှာ ကိုယ်ဖော့ပညာကောင်းသူများဖြစ်ကြ၍ မကြာမီပင် ယီရိုတုံးတို့ အနီးသို့ ရောက်ရှိလာခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ ယီရိုတုံးအနေဖြင့် စိတ်နောက်ကိုယ်ပါ မပြေးလွှားနိုင်သောကြောင့် ဖြစ်ပေသည်။

သူတို့သည် သစ်ပင်ရှုပ်ရှုပ်အုပ်အုပ် တစ်နေရာကို ကျော်လာကြသည်။ တောင်တန်းတောင်ရွယ်နှင့် ဂူပေါက်များရှိနိုင်သည့် မြေအနေအထားသို့ ရောက်ရှိလာသည်။ သူတို့ ဆက်၍ ပြေးကြရာ တောင်ကြားလမ်းမဟာ လမ်းကလေးထဲသို့ ပြေးဝင်မိကြ၏။ ဂူပေါက်တစ်ခုကို ရုတ်တရက် တွေ့လိုက်ရသောအခါ ဂူပေါက်ထဲသို့ ဝမ်းသာအားရ ဝင်ရောက် ပုန်းအောင်းမိကြလေ၏။

'ညီမ အစ်ကို့ကို နောက်ထပ်တစ်ကြိမ် ကယ်တင်ခဲ့ပြန်ပြီနော်'

ယီရိုတုံးက ကယ်တင်ရှင်ကို ကျေးဇူးစကား ပြောမိလေ၏။ ကယ်တင်ရှင်မှာ လီရှန်ကျို ဖြစ်နေပေသည်။

လီရှန်ကျိုသည် ပန်းဖွင့်နိုင်ထီးကို နောက်ယှောင်ခံ လိုက်စဉ်က ယီရိုတုံးကို မတွေ့ရသဖြင့် ရေလမ်းခရီးအတိုင်း လိုက်လံစုံစမ်းခဲ့သည်။

မုန်ကျုံမြို့သို့ရောက်သောအခါ ချိန်ကျုန်းလောင်တို့ကဲ့သို့ပင် အရက်ဆိုင်၌ဖြစ်ပွားသော ရန်းရင်းဆန်ခတ်မှုကို ကြားသိသည်။ သူသည် ချိန်ကျုန်းလောင်တို့ကဲ့သို့ တွေဝေမနေပေ။ ချက်ချင်းပင် အကျဉ်းစခန်းသို့ထွက်၍ စုံစမ်းသည်။ အဖမ်းခံရသူမှာ ယီရိုတုံးဖြစ်ကြောင်း ကြိုတင်သိရတော့သည်။

အမှန်တကယ်အားဖြင့် လီရုန်ကျိသည် ယီရိုတုံးအား မေတ္တာစစ် မေတ္တာမှန်နှင့် ချစ်မိသူဖြစ်ပေသည်။

သို့သော် ယီရိုတုံးက သူ၏ရုပ်ဆိုးလှသော ဓါးဒဏ်ရာထင်နေသော မျက်နှာကို မြင်လိုက်သောအခါတွင်မှ ရုတ်တရက်အားဖြင့် လီရုန်ကျိ ထိတ်လန့်သွား၏။ သူမ ထွက်ပြေးခဲ့မိသည်။ သို့ရာတွင် မေတ္တာမှန်၏ ရေစေခေါ်မှုဒဏ်ကို သူမ မခံနိုင်ခဲ့ရှာပေ။

ရုပ်ချောသော ယီရိုတုံးအား ချစ်မိသကဲ့သို့ ရုပ်ဆိုးသော ယီရိုတုံးကိုလည်း သူမ မမေ့နိုင်ပြန်ပေ။ သို့နှင့် ယီရိုတုံးနောက်သို့ ပြန်၍ ခြေရာကောက်မိခြင်း ဖြစ်ပေတော့သည်။

လီရုန်ကျိသည် မိမိ၏ချစ်သူ ယီရိုတုံးကို ကယ်တင်နိုင်ခဲ့၍ ဝမ်းမြောက်ပီတိ ဖြစ်နေသည်။ အသက်အန္တရာယ်နှင့် ကြုံကြိုက်နေရသည့်တိုင် သေခြင်းတရားကို ကြောက်ရွံ့မှုမရှိနေတော့ပေ။

သူမသည် ယီရိုတုံးအား ဂူအတွင်း၌ အနားယူနိုင်းထားပြီးလျှင် ကိုယ်တိုင်ကမူ ဂူဝတွင် ရန်သူများကို စောင့်ဆိုင်းကြည့်ရှုနေပေသည်။

ယီရိုတုံးမှာ အဖမ်းခံရစဉ်က ကျကျင်ပြောင်က သူ၏ရွှေပလွေကို သိမ်းဆည်းယူခေါ်သွားသဖြင့် လက်နက်မဲ့ဖြစ်နေသည်။ ယီရိုတုံးသည် ဂူနံရံကို မှီပြီး လီရုန်ကျိကို ငေးစိုက်ကြည့်နေမိပေသည်။

သူ့စိတ်ထဲတွင် လီရုန်ကျိ၏ မပျက်ပြယ်နိုင်သော ချစ်ခြင်းမေတ္တာအကြောင်းကို တွေးတောနေမိသည်။ သူ၏ ဆိုးရွားလှသော ရုပ်ရည်ကို လှစ်ကနဲပြလိုက်သောအခါ လီရုန်ကျိပြေးထွက်သွားသဖြင့် သူ့အား ရှောင်ဖယ်သွားလေပြီဟု ယီရိုတုံး ထင်မှတ်ခဲ့သည်။ ယခုတော့ မဟုတ်ပြန်ပေ။ လီရုန်ကျိသည် သံယောဇဉ်ကြီးမားစွာဖြင့် သူ့အား ထပ်မံကယ်တင်ခဲ့ပြန်လေပြီ။

ဤဂူကလေးမှာ မုချဘေးကင်းသည့်နေရာဟု မယူဆနိုင်သော်လည်း ခေတ္တယာယီအားဖြင့်မူ ဘေးကင်းသည်ဟု ယူဆနိုင်ပေသည်။ ဆောင်းကာလဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆောင်းအအေးက ရစ်ပတ်မွှဲနှောင်နေသည်။

ဂူဝ၌ ကင်းစောင့်နေသည့် လီရုန်ကျိတစ်ယောက် အအေးဒဏ်ခံစားနေရသည်ကို မြင်သောအခါ ယီရိုတုံးသည် လွန်စွာ ကရုဏာသက်သွား၏။ ထို့ကြောင့် သူ၏ အပေါ်ရုံအင်္ကျီရှည်ကိုချွတ်ကာ လီရုန်ကျိအား လှမ်းပေးမိလေ၏။

'ညီမ သိပ်ချမ်းနေပြီ၊ အစ်ကို့အင်္ကျီကို မြုံထားလိုက်နော်'

ယီရိုတုံးသည် လီရုန်ကျိအား အမြဲတစေ တည်တည်တံ့တံ့သာ ဆက်ဆံခဲ့ရှာသည်။ ထူးထူးခြားခြား ကြင်နာမှုဟူ၍ တစ်ရံတစ်ဆစ်မျှ မပြသခဲ့မူပေ။

ယခုကဲ့သို့ ယီရိုတုံးက ကြင်နာမှုကို ပြသသည့်အခါ လီရုန်ကျိ၏ ရင်ထဲ၌ လွန်စွာချမ်းမြေ့ကြည်နူးသွားရှာလေတော့သည်။

'အစ်ကိုအေးနေပါ့မယ်၊ အစ်ကိုပဲ ဝတ်ထားပါ'

လီရုန်ကျိက ပြုံး၍ လှမ်းယူလိုက်၏။

ထိုစဉ်

'ရွှပ်...'

လက်နက်ပုန်းတစ်ခုသည် လေထုကို ထိုးခွဲပြီး လီရုန်ကျိထံသို့ ပြေးဝင်လာသည်။ လီရုန်ကျိမှာ ယီရိုတုံး၏ ကြင်နာမှုကို မျှော်ခံစားနေသဖြင့် ထိုလက်နက်ပုန်း၏ အသံကို ဂရုမပြုမိချေ။

ယီရိုတုံးမူ လီရုန်ကျိထက် သတိကောင်းသူဖြစ်၍ လီရုန်ကျိကို ရုတ်တရက် ဆွဲယူကာ ဂူနံရံနှင့် ဖိကပ်ထားမိလေ၏။ လက်နက်ပုန်းသည်း လေထဲ၌ လွဲချော်သွားသည်။ လီရုန်ကျိမှာ ရှက်သွေးတက်လျက် ယီရိုတုံး၏ ရင်ခွင်ထဲသို့ တိုးဝင်မျက်နှာ ဝှက်ထားမိသည်။

'လက်နက်ပုန်းနဲ့ ပစ်နေတယ်၊ သတိထားညီမ'

ယီရိုထုံး၏ စကားမဆုံးမီပင် ကျောက်စရစ်ခဲတစ်လုံးသည် ဂူတွင်းသို့ ပြေးဝင်လာသည်။ ယီရိုထုံးသည် လီရန်ကျိုကို လွှတ်လိုက်ပြီး ထိုကျောက်စရစ်ခဲလုံးများကို လက်နှင့် ဖမ်းယူလိုက်သည်။

'ထွက်ခဲ့ကြစမ်း၊ မသေချင်ရင် မြန်မြန် ထွက်ခဲ့စမ်း'

ဂူနှင့်မလှမ်းမကမ်း၌ လူရိပ်လေးငါးရိပ် ပေါ်လာပြီး ဟိန်းဟောက်သံများ ထွက်ပေါ်လာသည်။ ယီရိုထုံးမှာ စောစောက ဖမ်းယူထားခဲ့သော လက်နက်ပုန်းများ၊ ကျောက်စရစ်လုံးများဖြင့် ထိုလူရိပ်ထဲသို့ ပြန်လည် ပစ်ပေါက်လိုက်သည်။

ခဲတစ်လုံးသည် လူတစ်ယောက်ကို ထိမှန်သွားပြီး ထိုလူမှာ ဆတ်ဆတ်ခါ ဖြစ်သွားလေ၏၊ ပုန်စန့်ချန်ပေတည်း။

ထိမ်ရိုလွှင်တို့မှာ သူ့ လူတစ်ယောက်ကို ထိမှန်သွားသဖြင့် ဂူဝသို့ တရကြမ်း မချဉ်းကပ်ရဲတော့ပေ။ ဂူတွင်းသို့ လက်နက်ပုန်းမျိုးစုံဖြင့်သာ ပစ်ပေါက်နေကြတော့သည်။

ယီရိုထုံးနှင့် လီရန်ကျိုမှာ ဝင်လာသော လက်နက်ပုန်းများကို ရှောင်တိမ်းဖမ်းယူပြီး ပြန်လည် ပစ်ခတ်နေကြရသည်။

သူတို့မှာ ရန်သူတို့၏ စိတ်ဆိုးခြင်းကို ခံနေရသည်။ သေခြင်းတရားသည် သူတို့၏ကျော၌ ကပ်လျက်ရှိနေပြီ။ သို့ရာတွင် လီရန်ကျို ပျော်နေသည်။ သေခြင်းတရားကို လုံးဝမေ့လျော့နေသည်။

အကယ်၍ ယီရိုထုံးနှင့်အတူ သေပွဲဝင်ရလျှင်လည်း ပျော်ပျော်ကြီး သေမည်ဟု ဆုံးဖြတ်ထားပုံရသည်။

ယီရိုထုံးမှာမူ ရန်သူများကို ထွင်းဖောက်နိုင်ရန် စဉ်းစားနေသည်။

'အစ်ကို ဘာတွေ စဉ်းစားနေသလဲဟင်'

ယီရိုထုံး ငြိမ်နေသဖြင့် လီရန်ကျို မေးမိ၏။



'ဒီကောင်တွေကို ဖောက်ထွက်ရမယ်၊ သူတို့လက်ထဲ အမိမခံနိုင်ဘူး'

'ထွက်ပြေးဖို့ မလိုသေးပါဘူး။ သူတို့ဂူထဲကိုမှ ဝင်မလာရဲတာ'

လီရန်ကျိုက ရယ်ရယ်မောမောပင် ပြောသည်။

ယီရိုထုံးကား လွတ်မြောက်ရန်သာ စိတ်စောနေသည်။

'ရန်ပယ်ကန်းဆိုတဲ့ကောင်ဟာ သူ့မျက်လုံးတစ်ဘက်ကန်းတာနဲ့ ငါ့ကို လက်စားချေဖို့ စဉ်းစားနေတာပဲ၊ သူ့ကို ငါကထပ်ပြီးဆုံးမရဦးမယ်'

လီရန်ကျိုမှာ ယီရိုထုံးတစ်ယောက် စိတ်ပူစိုးရိမ်နေသည်ကို သတိပြုမိလာသဖြင့် ခပ်ပေါ့ပေါ့ မပြောတော့ပေ။

'ကဲပါ စိတ်ပူမနေစမ်းပါနဲ့၊ ညီမ အကြံဉာဏ် ထုတ်ပါ့မယ်'

ထိုစဉ် ကူကျင်ပြောင်သည် ဂူပေါက်ဝဆီသို့ ခက်ရင်းခွလက်နက်ပုန်းဖြင့် ပစ်ပေါက်လိုက်ပြီး ကျန်လက်တစ်ဘက်မှ သူ၏ လက်နက် သုံးမြှောင့်လုံးတံ(ခက်ရင်းခွ)ဖြင့် မျက်နှာကို ကာကွယ်ပြီး ဂူဝသို့ ပြေးလာသည်။

ကူကျင်ပြောင်၏ ပြေးဝင်လာပုံမှာ မြန်ဆန်လွန်းသဖြင့် ယီရိုထုံးတို့မှာ ကြက်သေ သေသွားကြသည်။ ရုတ်တရက် မည်သို့ တုံ့ပြန်ရမည်ကိုပင် စဉ်းစား၍ မရဘဲဖြစ်နေ၏။

သို့ရာတွင် လီရန်ကျို၏ လျင်မြန်ဖျတ်လတ်မှုက ရန်သူများ ဂူကို အုပ်စီးမှုမှ ကင်းလွတ်စေခဲ့ပေသည်။ လီရန်ကျိုသည် သံအပ်သုံးချောင်းဖြင့် ခပ်သွက်သွက် ပစ်ခတ်နိုင်ခဲ့ပေသည်။

ထိုအပ်များသည် ကူကျင်ပြောင်၏ ခေါင်းပေါ်မှ ဖြတ်ကျော်သွားကြသည်။ သံအပ်တစ်ချောင်းမှာမူ ကူကျင်ပြောင်၏ ဆံပင်များကြားထဲသို့ နစ်ဝင်သွားသဖြင့် ကူကျင်ပြောင်မှာ ဂူဝသို့ မဝင်ရဲတော့ဘဲ လိမ့်ထွက်ဆုတ်ခွာသွားရသည်။

သူ့နေရာရောက်မှာ သံအစ်တွင် အဆိပ်ပါမပါ စမ်းသပ်ကြည့်ရ၏။ အဆိပ်မပါသည်ကိုတွေ့မှ စိတ်အေးသွားရလေသည်။

တိမ်ရိုလွှင်မှမှ ကျူကျင်ပြောင်ကိုင်ထားသော သံအစ်ကိုတွေ့သည်နှင့် အကြီးအကျယ် စိတ်ဆိုးဒေါသထွက်သွားတော့၏။

'တောက်... ချောက်ဝင်ချိုး ခေါင်းပေါ်မှာ စိုက်နေတဲ့ သံအစ်က ဒီလိုသံချပ်မျိုးပဲ၊ လက်သေတ်တော့ တကယ့်ရန်သူစစ်စစ်က ဒီကောင်ကိုး'

သံအစ်မှာ လှူပေချင်းထဲမှ လီရန်ကျိုး ရယူထားသော သံအစ်များဖြစ်သည်။

တိမ်ရိုလွှင်အနေဖြင့် ထိုအဖြစ်များကို မသိနိုင်ပေ။ အမြင်အရ ယီရိုထုံးအား ရန်သူဟုပင် မှတ်ယူလိုက်မိတော့သည်။

ကျူကျင်ပြောင်နှင့် တိမ်ရိုလွှင်တို့၏ စိတ်ထဲ၌ သူတို့ ကလဲ့စားချေရမည့်သူမှာ ယီရိုထုံးဟု မှတ်ယူသွားပြီဖြစ်သော်လည်း၊ လက်နက်ပုန်း သံအစ်များကို ကြောက်လန့်နေသဖြင့် ဂူအနီးသို့ မချဉ်းကပ်ဝံ့ကြပေ။

လီရန်ကျိုးသည် လက်ထဲ၌ သံအစ်များကို ဆုပ်ကိုင်ထားပြီး စောင့်ဆိုင်းနေသည်။

တိမ်ရိုလွှင်တို့အုပ်စု ဂူအတွင်းသို့ ဝင်မလာဘဲရှိနေသဖြင့် လီရန်ကျိုးက ယီရိုထုံးအား စကားနာထိုးသည်။

'အစ်ကိုက ကျွန်မကို သိပ်ပြီး အမြင်ကပ်နေတာပဲလားဟင်၊ တစ်ချိန်လုံး ကျွန်မကို ရှေ[illegible]ယ်နေတာပဲနော်'

'ခြော်... ညီမရယ်၊ ဒီအချိန်မှာ ဒီစကားမျိုးတွေ မပြောပါနဲ့လားကွယ်၊ ငါတို့ အန္တရာယ်က လွတ်မြောက်တဲ့အခါကျမှ ပြောကြတာပေါ့'

ထိုစဉ် မီးတုတ်တစ်ချောင်းသည် ဂူဝသို့ ရုတ်တရက်ကျလာလေ



၏။ ယီရိုထုံးမှာ ရုတ်တရက် ကြောင်သွားသည်။ ရန်သူများသည် မည်သည့် ရည်ရွယ်ချက်ဖြင့် မီးတုတ်ကို ပစ်လိုက်လေသနည်း။

ထို့နောက် နောက်ထပ် မီးတုတ်တစ်ခု ဖုတ်ခနဲ ကျလာပြန်သည်၊ ထိုမီးတုတ်တွင် မြက်ခြောက်များ၊ သစ်ကိုင်းများ၊ ရစ်ပတ်ချည်နှောင်ထားသည်။

'အို... သူတို့က မီးနဲ့ရှို့ဖို့ တိုက်နေကြတာကိုး'

လီရန်ကျိုးက မီးတုတ်ကို ကောက်ယူရန် ခုန်ထွက်သွား၏။ လက်နက်ပုန်းမျိုးစုံ တဝှီးဝှီး ရောက်ရှိလာသဖြင့် ဂူဝသို့ ပြန်လည်ခုန်ဆုတ်သွားရပြန်သည်။

ထိုတခဏအတွင်းမှာပင် မြက်ခြောက်များ၊ ချည်နှောင်ထားသည့် မီးတုတ်များ တဖုတ်ဖုတ်ကျလာလေတော့၏။

မီးခိုးများ အူထွက်လာပြီး လေအဝေ့တွင် ဂူထဲသို့ လှိမ့်ဝင်တော့သည်။ ယီရိုထုံးတို့မှာ မီးခိုးမွန်နေကြလေတော့၏။

လီရန်ကျိုးမှာ ဂူထဲတွင် ဆက်လက်နေထိုင်၍ မဖြစ်တော့ကြောင်း တွေးမိကာ အကြီးထုတ်စဉ်းစားနေတော့သည်။ သူမ၏ ကိုယ်ပေါ်မှ ယီရိုထုံး၏ ဝတ်ရုံရှည်ကို တွေ့မြင်တော့မှ သူမ အကြံရတော့သည်။

'ကျွန်မတို့ လမ်းခွဲပြီးပြေးကြမယ်၊ အစ်ကို ကျွန်မနောက်ကို မလိုက်ခဲ့နဲ့နော်'

လီရန်ကျိုးသည် ယီရိုထုံး၏အဖြေကို စောင့်ဆိုင်းခြင်း မရှိတော့ဘဲ စကားဆုံးသည်နှင့် ဂူဝမှ ပြေးထွက်သွားလေတော့သည်။

ယီရိုထုံး လှမ်းဆွဲလိုက်သော်လည်း မမီတော့ပေ။ သူမသည် မီးခိုးများနှင့်အတူ ရန်သူများနှင့် ဆန့်ကျင်ရာသို့ ပြေးထွက်သွားတော့၏။

☆ ☆ ☆

## အခန်း (၈၁)

# အပြေးအလွှား

ချိန်ကျုန်းလေယောင်တို့သည် ဂူပေါက်ဝကို သေချာစွာ 'စစ်ဆေးကြ၏။ မီးလောင်ကျွမ်းခဲ့ဟန်တူသော သစ်ကိုင်းခြောက်များ၊ မြက်ခြောက်များကြောင့် ဂူတွင်းသို့ မီးခိုးမှိုင်းတိုက်ကာ တိုက်ခိုက်ခဲ့ကြောင်း ခန့်မှန်းသိရှိနိုင်ခဲ့ကြသည်။

ကောင်းပြီ၊ ရန်သူက မီးခိုးမှိုင်းတိုက်ရန် ကြံစည်သည်။ ယခု ရန်သူရော ယီရိုတုံးကိုပါ မတွေ့ကြရ။ သူတို့ ဘယ်အရပ်သို့ ပြေးကြပြီနည်း။

ပန်းပွင့်နီဂိုဏ်းသားများအနက် ပူပန်မှုကို မဖုံးဖိနိုင်သူမှာ ဝင်ထိုက်လိုက် တစ်ယောက်သာ ဖြစ်လေ၏။

'သိပ်လဲ စိတ်ပူမနေပါနဲ့ အစ်ကိုရယ်၊ ယီရိုတုံးက ဉာဏ်ကောင်းပါတယ်။ ရန်သူကို မနိုင်နိုင်ရင် တစ်နည်းတစ်လမ်းနဲ့ ကြံဆပြီး





လွတ်အောင် ထွက်ပြေးမှာပါ။ ကျွန်မတို့ လူစုခွဲပြီးရှာကြရင် ပိုကောင်းသိနိုင်မယ်ထင်ပါတယ်'

ချောပင်က သူမ၏ ခန့်မှန်းသည်ကို နှစ်သိမ့်လိုက်၏။ တကယ်တော့ သူမကိုယ်တိုင်လည်း ပူပန်နေမိသည်။

သူမသည် ယီရိုတုံးကို မောင် တစ်ယောက်ကဲ့သို့ ချစ်ပေသည်။

'ဟုတ်တယ်... ကျုပ်တို့ လူစုခွဲပြီး ရှာကြမယ်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးမျက်နှာကို လူစုခွဲပြီး ရှာကြပါ၊ မသင်္ကာစရာ တွေ့ရင် တည်းခိုရိပ်သာကို ပြန်လာပြီး ချက်ချင်း အကြောင်းပြန်ပါ၊ ကျုပ်တို့ အဲဒီကနေ စောင့်ပြီး သတင်းနားထောင်မယ်၊ သတင်းရမှ ကျုပ်တို့ ဆက်လက် လှုပ်ရှားကြမယ်'

ချိန်ကျုန်းလေယောင်က တာဝန်ခွဲဝေပေးပြီး စားသောက်ဆိုင်မှ ပြန်စောင့်သည်။

ခေါင်းဆောင်များသည် ကိုယ့်အရပ် ကိုယ်တာဝန်ယူပြီး ယီရိုတုံး ရှာပုံတော် ထွက်ကြတော့သည်။ သို့သော် ညဥ့်သန်းခေါင်ကျော်သည့်တိုင် သတင်းထူး မရရှိဘဲ ရှာဖွေသူများ ပြန်လည် ရောက်ရှိလာကြသည်။

ပန်းပွင့်နီဂိုဏ်းသားအားလုံး ယီရိုတုံးအတွက် စိတ်ပူကြသည်မှန်သော်လည်း မတတ်နိုင်သည့်အခြေအနေမျိုးဖြစ်၍ တည်တည်ငြိမ်ငြိမ်ပင် ရှိကြသည်။

ဝင်ထိုက်လိုက်မှာမူ အတွေ့အကြုံရင့်ကျက်သူဖြစ်သော်လည်း မတည်ငြိမ်နိုင်ဘဲ ဖြစ်နေရှာသည်။ ယီရိုတုံးသည် သူ့အသက်ကို အသက်စွန့်ကယ်တင်ခဲ့သူဖြစ်၍ ယီရိုတုံးအသက်ကို ပြန်လည်ကယ်တင်ရန် သူ့တာဝန်ဖြစ်သည်ဟု ခံယူထားခြင်းက သူ့တည်ငြိမ်မှုကို ဖျက်ဆီးနေခြင်းပင် ဖြစ်လေ၏။

သူသည် အိပ်မရ ထိုင်မရ ဖြစ်နေ၏။ အိပ်ပျော်လည်း တခဏသာ ဖြစ်သည်။ ထ၍ လမ်းလျှောက်လျှင်လည်း တခဏသာဖြစ်သည်။ အိပ်ပြန်သည်။ သူ့ရင်ထဲ၌ ယိမ်းရိုထုံးအတွက် အမုန်တကယ် မူလောင်နေရှာသည်။

'နံပါတ်လေးအစ်ကိုကြီး... စိတ်ကို လျှော့လိုက်ပါ၊ နံပါတ်ဆယ့်လေး ညီတော်ကို တစ်ချိန်ချိန်မှာ ပြန်တွေ့မှာပါ။ တရုတ်ပြည်ကြီးဟာ ကျယ်ပြောတာမှန်ပါတယ်၊ ဒါပေမယ့် ပန်းပွင့်နီကိုးတ်အတွက်တော့ သိပ်စိုးရိမ်စရာ မရှိပါဘူး။ ပန်းပွင့်နီကိုးတ်ရဲ့ လက်တံက ရှည်တာပဲဥစ္စာ'

ပန်းပွင့်နီကိုးတ်၏ ညီတော် နောင်တော်များက ဝင်ထိုက်လိုက်အား နှစ်သိမ့် တောင်းပန်ကြ၏။

သို့သော်...

'ဘယ်လို အိပ်လို့ရမှာလဲ၊ ငါ့အသက်ကို သူ့အသက်နှင့်ပြီး ကယ်တင်ခဲ့တဲ့ ငါ့ရဲ့ ညီအတွက် ငါ ဘယ်လိုလုပ် စိတ်အေးလက်အေး အိပ်နိုင်မှာလဲ'

ချိန်ကျန်းလောင်တို့ အုပ်စုသည် ထိုနေရာ၌ ဆက်၍ စခန်းချနေကြရသည်။ ဤပတ်ဝန်းကျင်ဒေသ၌ ယိမ်းရိုထုံးရှိနိုင်သည်ဟု ယူဆထားကြသောကြောင့် ဖြစ်ပေသည်။

ဝင်ထိုက်လိုက်မှာမူ အိပ်၍ကို မရတော့ချေ။ အမြဲတမ်းပင် ယိမ်းရိုထုံးအကြောင်းကိုသာ စဉ်းစားနေမိတော့သည်။ နောက်ဆုံး၌ ဝင်ထိုက်လိုက် ထထိုင်လိုက်၏။

သူ့ဂိုဏ်းသားများ အိပ်ပျော်နေသည့် အခန်းများကို လိုက်လံစစ်ဆေး၏။ အားလုံး အိပ်ပျော်နေကြောင်း သေချာသောအခါမှ တည်းခိုဆောင်အပြင်သို့ ထွက်လိုက်သည်။ သူ၏ လက်နက်ကိုပါ တပါတည်း ယူဆောင်လာခဲ့သည်။



ချောပင်ကိုတော့ သူ မခေါ်ဖို့ပေ။ ချောပင်သည် သူ့အတွက် အစိုးရိမ်ကြီးသဖြင့် သူမကာပင် သူ့အတွက် ဝန်ထုပ်ဝန်ပိုးလို ဖြစ်နေခဲ့ရသည်။ ထို့ကြောင့် ချောပင်ကို မခေါ်ဘဲ ထားခဲ့ခြင်းဖြစ်ပေသည်။

'အိပ်လို့မရမယ့်အတူတူ ဒီအနီးပတ်ဝန်းကျင်မှာ လိုက်စုံစမ်းလိုက်ဦးမယ်'

ဝင်ထိုက်လိုက်သည် တည်းခိုရိပ်သာ၏ ခေါင်မိုးပေါ်တက်ကာ အရပ်လေးမျက်နှာကို အကဲခတ်လိုက်သည်။ သစ်ရွက်လေတိုးသံ၊ ပိုးကောင်မွှားကောင်ကလေးများ၏ အော်မြည်သံမှတပါး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သူသည် အိမ်ခေါင်မိုးများပေါ် ကိုယ်ဖော့ပညာသုံး၍ ပြေးသွား၏။ တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ လှုပ်ရှားမှုဟူ၍ လုံးဝ မတွေ့ရပေ။

သူသည် ထူးခြားချက် တစ်စုံတစ်ရာကို မတွေ့ရသဖြင့် စိတ်ဓာတ်ကျကာ တည်းခိုရိပ်သာဆောင်သို့ ပြန်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် လူရိပ်တစ်ရိပ် မြို့ရှေ့နန်း၌ ဖျတ်ခနဲ ပြေးလွှားပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။

ဝင်ထိုက်လိုက် စိတ်လှုပ်ရှားသွား၏။ သူ့အဖို့ လှုပ်ရှားမှုတစ်ခု ခုသာလိုသည်။ ထိုလှုပ်ရှားမှုသည် သူ့အတွက် ဆိုးကောင်းမှု ဆိုင်မည် ဖြစ်သော်လည်း လှုပ်ရှားမှုမတွေ့ရဘဲနှင့် တည်းခိုဆောင်သို့ ပြန်သွားခြင်းထက်မူ များစွာ တော်ပေသေးသည်။

ထို့ကြောင့် မြို့ရှေ့နန်း၌ ပျောက်ကွယ်သွားသော လူရိပ်နောက်သို့ တစ်ဟုန်ထိုး ပြေးလိုက်လေတော့သည်။

'ဖြောင်း... ဖြောင်း'

'ဖြောင်း... ဖြောင်း'

ဝင်ထိုက်လိုက်၏ ရှေ့မှလူရိပ်သည် အတန်ကြာ ပြေးလွှားပြီး နောက် လက်ခုပ်နှစ်ချက် ဆင့်တီးလိုက်သည်။ ထိုလက်ခုပ်သံ ဆုံးသည် နှင့်တစ်ပြိုင်နက် အဝေးတစ်နေရာမှ လက်ခုပ်သံ နှစ်ချက်ပြန်ပေါ်လာ သည်ကို ဝင်ထိုက်လိုက် ကြားလိုက်ရသည်။

သိုင်းလောကသားအချင်းချင်း အချိန်းအချက်ပြု အဆက်အသွယ် လုပ်နေကြကြောင်း ဝင်ထိုက်လိုက် တွေးမိသည်။ လက်ခုပ်သံ သုံးလေး နေရာမှ ထွက်ပေါ်လာကြပြီးလျှင် လူရိပ်ခြောက်ယောက်ခန့် စုစည်းမိသွား ကြ၏။ ထိုလူစုသည် အတန်ကြာမျှ တီးတိုး တိုင်ပင်ပြီး တစ်စုလုံး ပြေးထွက်သွားကြပြန်တော့သည်။

ဝင်ထိုက်လိုက်သည် ကုံ့ဆိုင်းမနေတော့ဘဲ ထိုလူစုနောက်သို့ ပြေးလိုက်သွား၏။ မကြာမီ မြို့ပြင်သို့ ရောက်လာသည်။ မြို့ပြင်မှ ခုနစ်မိုင် ရှစ်မိုင်ခန့် ဆက်လက် ပြေးလွှားသွားသောအခါ တောင်ကုန်း ငယ် တစ်ခုကို တွေ့၏။

ထိုလူစုသည် တောင်ကုန်းငယ်ပေါ် ပြေးတက်သွားကြသည်။ ထိုတောင်ကုန်းထိပ်ရှိ ထင်းရှူးပင်များအကြား၌ အဆောက်အအုံတစ်ခု ရှိနေကြောင်းကို ဝင်ထိုက်လိုက် သတိပြုမိပေ၏။

ထိုလူစုကား ဝင်ထိုက်လိုက်ကို သတိမပြုမိပေ။ ရှေ့သို့သာ အာရုံစိုက်နေကြ၏။ ဝင်ထိုက်လိုက်မူ သတိနှင့်သာ ချောင်းမြောင်းပြီး လိုက်သည်။

'ပေါက်ရှန် ဘုန်းကြီးကျောင်း'

'ဟင်....'

ဝင်ထိုက်လိုက် စိတ်ဓာတ်ကျသွားသည်။ သူ မြင်တွေ့ခဲ့ရသော တောင်ကုန်းထိပ်မှ အဆောက်အအုံမှာ ဘုန်းကြီးကျောင်းဖြစ်နေချေ သည် တကား။



ဘုန်းကြီးကျောင်းနှင့် ယခုရိုက်ပုံမှာ မည်သို့မျှ မပတ်သက်နိုင်ဟု သူ ယူဆသည်။ သို့သော် သူ့ရှေ့မှ ပြေးသွားသော လူစုကို စိတ်ဝင် စားမိသဖြင့် နောက်ဆုံးရေချား လိုက်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ဘုန်းကြီးကျောင်း၏နောက်ဘက်သို့ ပြေးလွှားလာခဲ့ သည်။

ကျောင်းနောက်ဘက်သို့ရောက်လျှင် ဝင်းနံရံကိုကျော်၍ အတွင်း သို့ ဝင်လိုက်မိသည်။

ထို့နောက် ကျောင်းအတွင်းသို့ ဝင်၍ ဘုရားခန်းရှိရာသို့ ခြေဖော ၍ လျှောက်သွားသည်။ ဘုရားစင်ရှေ့တွင် ပဉ္စင်းတစ်ပါး ဘုရားစာ တရားစာများကို ရွတ်ဆိုပြီး ဘုရားကန်တော့နေသည်ကို တွေ့လိုက်ရ သည်။

သူ့ကို ကျောခိုင်းထားသဖြင့် ထိုပဉ္စင်း၏ ရုပ်ရည်သွင်ပြင်ကို သူ မတွေ့မြင်နိုင်ပေ။

ဝင်ထိုက်လိုက်သည် ဘာကြောင့်မှန်းမသိဘဲ ထိုပဉ္စင်းကို လွန်စွာ စိတ်ဝင်စားနေမိ၏။ ထို့ကြောင့် ဆက်လက်၍ ချောင်းမြောင်းကြည့်နေ မိသည်။

ထိုစဉ် ပဉ္စင်းသည် ရုတ်တရက် နောက်သို့ လှည့်လာ၏။ ဝင်ထိုက်လိုက်မှာ ဟာခနဲဖြစ်ရလေလုဖြစ်သွား၏။ သူ့ပါးစပ် အချိန်မီ ပိတ်လိုက်နိုင်၍သာ တော်ပေတော့သည်။

☆ ☆ ☆

မီးခိုးများအကြားမှ "လူတစ်ယောက် ပြေးထွက်သွားသည်ကို တွေ့လိုက်ရသောအခါ တိမ်ရိုလွှင်တို့အုပ်စု ဖုံအားကြီးသင့်သွား၏။

'ဟ.... ဟ.... ဟိုကောင် ထွက်ပြေးပြီ၊ လိုက်ကြ'

သူတို့စိတ်ထဲတွင် ယီရိုထုံး ပြေးထွက်သွားပြီဟုသာ ထင်မှတ်ကြသည်။ လီရန်ကျိုက ယီရိုထုံး၏ ဝတ်ရုံရှည်ကို ဝတ်ဆင်၍ ထွက်ပြေးသွားသည်ကို။

တိမ်ရိုလွှင်၊ ကူကျင်ပြောင်နှင့် ရန်ပယ်ကန်းတို့မှာ ယီရိုထုံးအပေါ် အခဲမကျေဖြစ်နေပြီး ယီရိုထုံးအား အသေရရ အရှင်ရရ အမိဖမ်းမိမှ ကျေနပ်နိုင်သူများ ဖြစ်သဖြင့် လီရန်ကျိုကို ယီရိုထုံးဟု ထင်မှတ်ပြီး နောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်ကြတော့သည်။

သူတို့အဖို့ ယီရိုထုံးသည်သာ အဓိကဖြစ်သည်။ ယီရိုထုံးအား ကာယ်တင်သူကို သူတို့က သာမည်ရန်သူအဖြစ် သတ်မှတ်ကြသည်။

တိမ်ရိုလွှင်သည် သိုင်းပညာကောင်းသလို ကိုယ်ဖော့ပညာလည်း ကောင်းသူဖြစ်၏။ မကြာမီ လီရန်ကျိုကို မီလာသည်။

တိမ်ရိုလွှင်က လက်ထဲမှ သံမဏိလှူရပ်ဖြင့် နောက်ကျောကို ဖြတ်ရိုက်ချသည်။ လီရန်ကျိုမှာ ရှေ့သို့ ခြေတစ်လှမ်းစုန်ရှောင်ပြီး နောက်သို့ လှည့်ကာ လက်ထဲမှ သံအပ်ဖြင့် ပစ်ပေါက်လိုက်ရသည်။

တိမ်ရိုလွှင်သည် အတွေ့အကြုံများသူဖြစ်၏။ အဆိပ်လက်နက်ပုန်းများ၏အစာ မည်မျှပြင်းသည်ကို သူ သိသည်။ ထို့ကြောင့်အသေအလဲ ရှောင်ပေးရသည်။

လီရန်ကျိုသည် လက်ထဲတွင် လက်နက်ပုန်းသံအပ်များကို အသင့်ပြင်ဆင်ထားပြီး ရန်သူအနီးသို့ ရောက်လာသည်နှင့် သံအပ်ဖြင့် ပစ်ပေါက်သည်။

သူမ၏ လက်နက်ပုန်းကို ကြောက်၍ပြီး ရန်သူ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေမှုကို အခွင့်အရေးယူကာ ရှေ့မှဦးဆောင်ပြေးနေတော့သည်။

တိမ်ရိုလွှင်မှာ အနီးကပ်မလိုက်ရဲတော့ဘဲ အဝေးမှသာ မျက်ခြည်



မပြတ်အောင် လိုက်နေရတော့သည်။

ဤကဲ့သို့ ပြေးရင်းလွှားရင်းဖြင့် လီရန်ကျိုသည် မြို့တွင်းသို့ ရောက်ရှိလာသည်။ အမှောင်ပြယ်လွှင့်ပြီး အရုဏ်တက်လာပြီဖြစ်၍ မြို့သူမြို့သား ဈေးသူဈေးသားများ စတင်လှုပ်ရှားနေပြီ။

လီရန်ကျိုသည် တည်းခိုရိပ်သာတစ်ခုအတွင်းသို့ ဖွတ်ခနဲ ပြေးဝင်လိုက်လေ၏။

လီရန်ကျိုမှာ စားပွဲထိုးတစ်ယောက်ဖြင့် ဝင်တိုးမိမတတ်ဖြစ်သွား၏။ စားပွဲထိုး လန့်သွားသည်။

'ဟာ.... ဘယ်လိုလုပ်တာလဲဗျာ'

'စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော် အခန်းတစ်ခန်းလောက် အရေးတကြီးလိုနေလို့ပါ'

'အစေ့ကြီးဗျာ'

နောက်မှ တိမ်ရိုလွှင် လိုက်လာနေသဖြင့် လီရန်ကျိုအဖို့ အချိန်များများစားစား မရှိပေ။ ထို့ကြောင့် ငွေထုတ်တစ်ထုပ်ကို စားပွဲထိုး၏ လက်ထဲသို့ ပေးလိုက်ရ၏။

'လုပ်ပါဗျာ၊ ကျွန်တော့်နောက်ကို ရန်သူတွေ လိုက်လာလို့ပါ၊ ဒီလူတွေက လူဆိုးတွေပါ။ ကျွန်တော်ကို သက်သက်စော်ကားနေတဲ့ လူတွေပါ၊ တခဏလောက် နီးနားရုံပါဗျာ၊ ခင်ဗျားတတ်နိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်'

စားပွဲထိုးသည် လီရန်ကျို၏ တောင်းတောင်းပန်ပန်စကားသံကို ကြားရသောအခါ ဘဝင်မြှင့်သွား၏။

'ဟီး... ဟီး.... ဟီး.... စိတ်ချပါ၊ ဒီကောင်တွေ ခင်ဗျားကို မမီစေရပါဘူး။ ကဲ... မြန်မြန်လာ'

စားပွဲထိုးသည် လျင်မြန်ဖျတ်လတ်စွာ ဦးဆောင်ထွက်သွားပြီး

လီရန်ကျိုအတွက် အခန်းတစ်ခန်းပေးသည်။ လီရန်ကျို တံခါးပိတ်သွားသည်နှင့် သူလည်း ဆိုင်ရှေ့ခန်းသို့ ပြန်ထွက်လာလေ၏။

ချက်ချင်းလိုလိုပင် တိမ်ရီလွင်လည်း ဆိုင်ထဲသို့ ဝင်ရောက်လာလေ၏။

'ခုနက ဝင်လာတဲ့ကောင်လေး ဘယ်မှာလဲ၊ သူ့အခန်းက ဘယ်အခန်းလဲ၊ သူနဲ့ တွေ့စရာရှိတယ်၊ မြန်မြန်ပြောစမ်း'

'ကောင်လေး ဘယ်က ကောင်လေးလဲ'

'ခုနက ဒီအထဲကို ဝင်လာတဲ့လူလေ'

'ဗျာ... စောစောစီးစီး ဘယ်ကလူ လာရမှာလဲဗျ ခင်ဗျား မျက်စိမှားနေပြီနဲ့တူတယ်၊ ဒီကို ဘယ်သူမှ ဝင်မလာပါဘူး'

တိမ်ရီလွင်၏နောက်မှ ရောက်ရှိလာသော ကူကျင်ပြောင်က စားပွဲထိုးအား ရိုက်နှက်ရန် ရှေ့တိုးလာသည်။ တိမ်ရီလွင်က အရေးတကြီး တားဆီးလိုက်သည်။

'မလုပ်နဲ့ တို့မှာက ရှင်းစရာ ပြဿနာတွေ ရှိသေးတယ်၊ လူတွေ ဝိုင်းအုံလာရင် မကောင်းဘူး'

ရန်ပယ်ကန်းက စားပွဲထိုးအား ပါးနားဟောက်လိုက်၏။

'ကောင်းပြီ၊ ဒါဆိုရင် တို့တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာမယ်၊ တောက်... တွေ့ခဲ့လို့ရှိရင်တော့ မင်းမသက်သာဘူးသာမှတ်'

'ခင်ဗျားတို့မှာ ဒီလိုလုပ်နိုင်ဖို့ အခွင့်အရေးရှိလို့လား'

စားပွဲထိုးသည် လူရမ်းကားများဖြစ်ကြောင်း မသိသဖြင့် စကားတုံ့တင် ဆိုနေပေသေးသည်။

ကူကျင်ပြောင်က စားပွဲထိုးကို တွန်းထုတ်လိုက်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် ဝင်ရောက်ရှာဖွေလေတော့၏။

တည်းခိုရိပ်သာ၌ ဘိုင်းသမားတစ်ဦးတစ်ယောက်မျှ ရှိမနေသဖြင့်



တိမ်ရီလွင်တို့၏ ရမ်းကားမှုကို တုံ့ပြန်မည်သူ မရှိဘဲ ဖြစ်နေသည်။

ဤသို့ဖြင့် လီရန်ကျိုဝင်သွားသည့် အခန်းရှေ့သို့ ရောက်ရှိလာလေတော့သည်။

စားပွဲထိုးမှာ ရင်ထိတ်သွားသည်။ တိမ်ရီလွင်နှင့် ရန်ပယ်ကန်းတို့ အခန်းထဲသို့ ဝင်ပြုစဉ်မှာပင် အခန်းထဲမှ အလွန်တရာချောမောလှသော မိန်းမပျိုတစ်ယောက် ထွက်လာ၏။

ရန်ပယ်ကန်းတို့သည် ထိုမိန်းကလေးကို တစ်ချက်မျှသာကြည့်ပြီး အခန်းထဲသို့ ဝင်သွားကြလေသည်။

မိန်းကလေးပီသစွာ ပြောင်းလဲဝတ်ဆင်ထားသည့် လီရန်ကျိုသည် တည်းခိုရိပ်သာမှ ပြုံး၍ ထွက်ခွာသွားလေတော့၏။

ယီရိုထုံးသည် တိမ်ရီလွင်၊ ကူကျင်ပြောင်နှင့် ရန်ပယ်ကန်းတို့ကို လီရန်ကျိုက ဖြားယောင်းခေါ်ထုတ်သွားပြီးနောက် ဓားရှည်ကို ကိုင်ဆွဲပြီး ဂူအပြင်သို့ ခုန်ထွက်လာခဲ့သည်။

ယီရိုထုံး ဂူပြင်သို့ရောက်လျှင် အပြင်တွင် ကျန်ရစ်နေသော ဖုန်စန်ချုန်း၊ စုန်ထင်ပေါက်နှင့် ကျန်ထင်ချိုတို့က ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

ယီရိုထုံးမှာ ဘိုင်းပညာသည်မျိုးသုံးမျှနှင့် ရင်ဆိုင်တိုက်ခိုက်နေရသဖြင့် အလွယ်တကူပင် ရင်ဆိုင်ပြီး တိုက်ကွက်နှစ်ကွက် သုံးကွက်တည်းနှင့်ပင် ကျန်ထင်ချိုကို လဲကျသွားစေခဲ့သည်။

ကျန်ထင်ချို လဲကျသွားသည်ကို တွေ့လိုက်ရသောအခါ ဖုန်စန်ချုန်သည် ယီရိုထုံးအား အပြင်းအထန် တိုက်ခိုက်လေတော့သည်။

တစ်ကြိမ်တွင် ဖုန်စန်ချုန်က နံရျပ်ကူဖြင့် အပိုင်ရိုက်လိုက်သော်လည်း ယီရိုထုံးက ခုန်ရှောင်ပေးလိုက်နိုင်၏။

သို့သော်... ဆက်တိုက်လိုလို ဆက်ရိုက်သဖြင့် ယီရိုထုံး ထပ်မံ

အရှောင်တွင် ဟန်ချက်ပျက်၍ လဲကျသွားရလေ၏။

ထိုအခါ ဖုန်စန်ချန်နှင့် စုန်ထင်ပေါက်တို့မှာ ဝမ်းသာအားရ ဖြစ်သွားပြီး ယီရိုထုံအား အရှင်လက်ရ ဖမ်းနိုင်ရန် ခုန်အုပ်လိုက်ကြတော့ သည်။ ယီရိုထုံကား လျင်မြန်လှ၏။ သူ၏ ခန္ဓာကိုယ်ကို လှိမ့်ထွက် လိုက်ရာ ရန်သူနှစ်ဦးမှာ မြေကိုသာ ခုန်အုပ်မိသွားကြလေသည်။

"အူး"

လူးလဲထလာသော ရန်သူနှစ်ဦးသည် မျက်စိများကို အရေး တကြီး အုပ်လိုက်ကြ၏။

ယီရိုထုံက မြေပြင်မှ သဲများဖြင့် ကော်ထုတ်ပစ်ပေးလိုက်သော ကြောင့်တည်း။ ယီရိုထုံက စုန်ထင်ပေါက်၏ပေါင်ကို ဓားဖြင့် တစ်ချက် ခွက်ပြီး ပြေးသွား၏။

ဖုန်စန်ချန်မှာ မျက်စိကို လက်ဖြင့် ပွတ်ပြီး ကြည့်လိုက်သော အခါ ယီရိုထုံကို မတွေ့ရတော့ပေ။

စုန်ထင်ပေါက်နှင့် ကျန်ထင်ချိုသာလျှင် ဒဏ်ရာအနာတရဖြင့် မြေကြီးပေါ်တွင် လူးလှိမ့်ပြီး ညည်းညူနေသည်ကို တွေ့ရတော့သည်။

ဖုန်စန်ချန် လွန်စွာ စိတ်ဓာတ်ကျသွားလေတော့၏။ သူသည် လဲကျနေသူများအား မခေါ်တော့ဘဲ တောင်ကုန်းအတိုင်း ဆင်းလာ၏။

လမ်းတွင် ဖုန်စန်ချန်သည် တိမ်ရီလွင်တို့အုပ်စုနှင့် ပြန်လည်တွေ့ ၏။ တိမ်ရီလွင်တို့နှင့်အတူ ဟာဟိုထိုင်လည်း ပါလာပြီး သူတစ်ခါမှ မတွေ့မမြင်ဘူးသည့် အသက်လေးဆယ်ကျော်ကျော် လူလတ်ပိုင်း မှင်္ဂိုလ်တစ်ယောက်လည်း အတူလိုက်ပါလာလေသည်။

ထိုသူ၏ကျောဘက်တွင် သံမဏိဗျပ်တောင်းတစ်လက်ကို လွယ်ပိုး ထားကြောင်း တွေ့ရှိရသည်။ ထိုသူကား သံမဏိဗျပ်တောင်း ဟန်ဝင်ကျိုး ပေတည်း။



ရန်ပယ်ကန်းက ဖုန်စန်ချန်အား အခြေအနေကို မေး၏။ ဖုန်စန်ချန်က ရှက်ရွံ့ယိုလို သူတို့အခြေအနေကို ပြန်ပြောပြ၏။

တိမ်ရီလွင်နှင့် ရန်ပယ်ကန်းတို့ကလည်း တရားခံကို မမိကြောင်း၊ တည်းခိုရိပ်သာ၌ ပျောက်ကွယ်သွားကြောင်း၊ ရှင်းပြပြီး ဟန်ဝင်ကျိုးနှင့် မိတ်ဆက်ပေးလေ၏။

ဟန်ဝင်ကျိုးသည် သိုင်းလောကထဲမှ ရှုပ်ထွေးသောအခြေအနေ ကို မြင်တွေ့ခဲ့ရပြီးနောက် စိတ်ဓာတ်ကျလာသူဖြစ်သည်။

သူသည် ဝမ်ဝေရန်ကိုပင် သိုင်းလောကမှ အနားယူပြီး အာမခံ အဖွဲ့ကို ဖျက်သိမ်းရန် တိုက်တွန်းခဲ့သည်။ ဝမ်ဝေရန်ကလည်း ချန်ကြောင်ကျိုးနှင့် သိုင်းပညာယှဉ်ပြိုင်ပြီးကတည်းက စိတ်ဓာတ်ကျနေ ခဲ့ပြီးဖြစ်ရာ ဟန်ဝင်ကျိုးတိုက်တွန်းအကြံပြုသောအခါ သဘောတူ လက်ခံပြီး သူ၏ အာမခံအဖွဲ့ကို ဖျက်သိမ်းရန် သဘောတူခဲ့ပြီး ဖြစ်ပေ သည်။

ဟန်ဝင်ကျိုးသည် သိုင်းလောကမှ အနားယူရန်အတွက် မိမိ၏ ဇာတိချက်ကြွေဖြစ်သော လောင်ရှန်မြို့သို့ ပြန်လာခဲ့ရာ လမ်းခုလတ်တွင် ဟာဟိုထိုင်နှင့် ပက်ပင်းတွေ့ဆုံခဲ့ကြခြင်းဖြစ်ပေသည်။

ဟန်ဝင်ကျိုးသည် သိုင်းလောကမှ မည်သူနှင့်မျှ မပတ်သက် ချင်တော့ပေ။ သို့သော်.... ဟာဟိုထိုင်နှင့် တွေ့သောအခါတွင်မူ ငြင်း ပယ်ရန် မဖြစ်နိုင်သဖြင့် ချောက်ဝင်ချင်းအသတ်ခံရမှုတို့ကို ရှင်းပြရ တော့သည်။

ဟာဟိုထိုင်သည် ယီရိုထုံအား လေးစားနေသည့်အလျောက် တိမ်ရီလွင်တို့အား လာရောက်ရှင်းပြပါရန် တောင်းပန်သည်။ ဟန်ဝင်ကျိုးက သူ့မလိုက်လိုတော့ကြောင်း၊ သိုင်းလောကနှင့် မပတ် သက်လိုတော့ကြောင်းကို အတန်တန် ငြင်းဆိုသည်။ သို့သော်

ဟာဟိုဆိုင်က ချောက်ဝင်ချင်း အသေသတ်ခံရသည့်ကိစ္စကို သွားရောက်မရှင်းပြလျှင် တိမ်နီလွင်တို့က မိမိအပေါ်တွင် ယုံကြည်မှုမရှိဘဲ၊ ယိနီတုံအပေါ်ခြေလှန် သက်လွှန်တိုက်နိုက်ပါက ဟန်ဝင်ကျုံတွင်လည်း တာဝန်မကင်းကြောင်း ရှင်းပြခဲ့ပေသည်။

ထို့ကြောင့် ဟန်ဝင်ကျုံသည် အတန်ငယ် စဉ်းစားပြီး ဟာဟိုဆိုင်နှင့်အတူ လိုက်ပါလာခဲ့ခြင်း ဖြစ်တော့သည်။ ယင်းတွင် ကူကျင်ချောင်၊ တိမ်နီလွင်၊ ရှန်ပယ်ကာန်တို့နှင့် တွေ့ကြပြီး အဖြစ်မှန်ကို ပြောပြလာစဉ် ဖုန်စမ်ချန်နှင့် တွေ့ဆုံမိခြင်း ဖြစ်လေတော့၏။

☆ ☆ ☆

အခန်း (၈၂)

# အပြီးနှင့် ရှာဖွေခြင်း

---

ယိနီတုံသည် သူလွတ်မြောက်ခဲ့ပြီဖြစ်၍ စိတ်အေးရသော်လည်း သူ့ကို ကယ်တင်ခဲ့သည့် လီရန်ကျိ၏ လွတ်မြောက်ရေးအတွက် စိတ်ပူရပြန်သည်။

တိမ်နီလွင်၊ ကူကျင်ချောင်နှင့် ရှန်ပယ်ကာန်တို့၏ သိုင်းပညာသည် ထိပ်တန်းအဆင့်ဖြစ်သဖြင့် လီရန်ကျိတစ်ယောက်တည်း ခုခံ၍ မလွယ်ကြောင်း သူ သိပေသည်။

ထို့ကြောင့် လီရန်ကျိအား ပြန်လည်ကယ်တင်နိုင်ရန် လီရန်ကျိ ပြေးထွက်သွားသည့်ဘက်သို့ ပြန်၍ခြေရာခံရပြန်လေတော့၏။ ညနေစောင်းသောအခါ လီရန်ကျိရောက်ခဲ့သည့် မြို့ကလေးသို့ပင် သူ ရောက်ရှိ ခဲ့သည်။

တည်းခိုဆောင်တစ်ခုတွင် ဝင်ရောက် တည်းခိုသည်။ သူသည် တည်းခိုဆောင်ခုတင်ပေါ်၌ အိပ်စက်ရင်း လီရန်ကျိ၏ မေတ္တာစေတနာကို အဖန်တလဲလဲ အောက်မေ့သတိရနေသည်။

လီရန်ကျိသည် မြစ်ဝါကမ်း၌တစ်ကြိမ် သူ့အား ကယ်တင်ခဲ့ပြီး နောက်၊ ယခု တိမ်မိုရ်လွင်နှင့် ရန်ပယ်ကန်းတို့၏လက်မှ ဒုတိယအကြိမ် ကယ်တင်ခဲ့ပြန်သည်။

သူ၏ ဆိုးရွားလှသော ချွတ်ချည်ကို လှစ်ပြခဲ့စဉ်က လီရန်ကျိ ပြေးထွက်သွားခဲ့သော်လည်း သူ့နောက်သို့ ထပ်မံလိုက်လာခြင်းက လီရန်ကျိ၏ တုနှိုင်းမရှိသော မေတ္တာကို ဖော်ပြခြင်းဖြစ်ကြောင်း ယိရိဝုံး နှလုံးသားထဲမှ သိရှိခဲ့ပေသည်။

ယိရိဝုံးတစ်ယောက် အိပ်မပျော်ဘဲ ကရွတ်ကင်းလျှောက် တွေးတောနေသည်။ တစ်ဘက်ခန်းမှ ညင်သာစွာတီးခတ်လိုက်သော ချပ်စောင်းသံနှင့် သီချင်းသံ တိုးတိုးကို ကြားလိုက်ရသဖြင့် ယိရိဝုံး၏ အတွေးများ ပြတ်တောက်သွားရလေတော့၏။

ယိရိဝုံးသည် သီချင်းသံကို နားစိုက်ထောင်လိုက်၏။ သီဆိုသူမှာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး အသံသည်း လွန်စွာကောင်းလှကြောင်း သိရှိလိုက်သည်။ ကြည်သော၊ အေးမြသော အသံမျိုးပင် ဖြစ်ပေတော့သည်။

'ဪ... သူများတွေ အိပ်နေတဲ့အချိန်မှာ ချပ်စောင်းတီး သီချင်းဆိုတဲ့လူတွေ ရှိပါသေးကလား'

ယိရိဝုံးမှာ သီချင်းသံကို နားစိုက်ထောင်ရင်းမှ မှတ်ချက်ချမိလေ၏။

'အဟွတ် အဟွတ် အဟွတ်'

ထိုစဉ် ယောကျ်ားတစ်ယောက်၏ ချောင်းဆိုးသံက အဆက်မပြတ် ထွက်ပေါ်လာပြီး သီချင်းသံနှင့် တီးခတ်သံတို့ ရပ်ဆိုင်းသွားလေ



သည်။ ယိရိဝုံး အံ့ဩသွားသည်။

'ဪ... လင်ကိုယ်မယား နှစ်ယောက်တည်းခိုနေကြတာကိုး။ တော်တော် ထူးဆန်းတဲ့ လူတွေပဲ'

ထိုစဉ်...

'မငိုနဲ့လေ၊ မငိုပါနဲ့ ညီမရယ်၊ ဒီတစ်သက်မှာ ညီမနဲ့ မတွေ့ရတော့ဘူးလို့တောင် ထင်ထားတာ၊ အခု ညီမနဲ့ တွေ့ရပြီ၊ ညီမရဲ့ သီချင်းသံနဲ့ ချပ်စောင်းလက်သံကိုလဲ ကြားရပြီ၊ ကိုယ်သေပျော်ပါပြီ ညီမရယ်၊ ဒီအခွင့်အရေး ရတဲ့အတွက် ကိုယ် သိပ်ဝမ်းသာတယ်၊ ညီမကော ဝမ်းမသာဘူးလားဟင်၊ တိတ်နော်၊ တိတ်၊ မငိုနဲ့ ညီမရယ်'

အားမရှိ အင်မရှိ ပြတ်တောင်းပြတ်တောင်း လေသံကြောင့် စကားပြောသူ၏ အခြေအနေမှာ အတော်ကလေး ဆိုးရွားကြောင်း သိသာလှပေသည်။ မိန်းမပျိုမှာ ဝမ်းနည်းတနည်း ငိုရှိုက်နေဟန် ရှိသည်။ မိန်းကလေး၏ ငိုသံကို ယိရိဝုံး ကြားနေရပေသည်။ သူ့ရင်ထဲ နာကျင်နေသည်။

ထိုစဉ် ချည့်နဲ့သော ယောကျ်ားသံပြန်ပေါ်လာသည်။

'ကိုယ်မရှိတော့ရင် မင်း... မင်း... ဟန်... ဟန်ကျိုးကိုပြန်ပါကွယ်၊ ကိုယ်စိတ်အေးရအောင် ပြန်ပါ့မယ်လို့ ကတိ ကတိပေးပါညီမရယ်'

မိန်းမပျိုထံမှ ငိုရှိုက်သံ ထွက်ပေါ်လာသည်။ အလွန်ကြေကွဲ ရကောင်းသော ငိုရှိုက်သံပါပေ။ ယိရိဝုံးမှာ လွန်စွာကရုဏာ သက်လှသဖြင့် တစ်ဘက်ခန်းမှ အသံများကို မသင့်လျော်မှန်း သိလျက်နှင့် တိတ်ဆိတ် ငြိမ်သက်စွာ နားထောင်မိလေ၏။

'အင်း.... သနားစရာပါပဲကလား။ တကယ့် ခရီးသည် လင်မယားပဲ ဖြစ်ပုံရမယ်၊ လမ်းခရီးမှာ ယောကျ်ားလုပ်တဲ့သူ ဖျားနာပြီး ဆေးမကု နိုင်လို့ မိန်းမကရောဂါမှ သက်သာပါစေတော့ဆိုပြီး သီချင်းဆိုပြီး အာရုံ

ပျောက်ပေးနေတာနဲ့ တူတယ်'

ယီရိုထုံး ရှေ့ဆက်လိုက်စီသည်။ ရုတ်တရက် သူ၏ အင်္ကျီအိတ်ကို လက်ဖြင့် စမ်းကြည့်လိုက်ရာ ငွေစများစွာ ရှိနေသေးသည်ကို စမ်းသပ်မိလေသည်။ လိမ်ရန်ကို ထည့်ထားသည့် ငွေများပင် ဖြစ်ပေလိမ့်မည်။

'သူတို့ကို ငါငွေကြေး ထောက်ပံ့လိုက်မယ်၊ ဒါဆိုရင် သူ့ယောက်ျားရဲ့ရောဂါကို သူ ကုနိုင်ပြီပေါ့၊ ကုလို့ရောဂါပျောက်ရင် သူတို့ရဲ့ ရှေ့ဘဝသာယာပြီလို့ ဆိုရမယ်'

ယီရိုထုံးသည် အိပ်ရာထက်မှ လူးလဲထလိုက်ပြီး သီချင်းသံ ထွက်ပေါ်လာရာ တစ်ဘက်ခန်းဆီသို့ လျှောက်သွားတော့သည်။

'ဒေါက် ဒေါက် ဒေါက်'

ယီရိုထုံးက အခန်းတံခါးကို ခေါက်သည်။ ဝင်ခွင့်တောင်းလိုက်သည့် သဘောပေတည်း။

'စိတ်မရှိပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ညကြီးအချိန်မတော် ဆူဆူညံညံ လုပ်မိတာ ခွင့်လွှတ်ပါ၊ ကျွန်မ နောက်ထပ် မဆိုတော့ပါဘူးရှင်'

ယီရိုထုံး ရင်ထဲ နင့်သွားသည်။

'အဲဒီသဘောမဟုတ်ပါဘူးခင်ဗျာ၊ ကျုပ်အတွက် ခင်ဗျားတို့ဘာမှ အနှောင့်အယှက် မဖြစ်ပါဘူး။ ကျုပ်ကို တံခါးဖွင့်ပေးပါ၊ ကျုပ် ပြောစရာရှိလို့ပါ'

ယီရိုထုံး၏ ချိုသာသောစကားကြောင့် အခန်းတံခါးပွင့်သွားသည်။

'အို...'

တံခါးဖွင့်ပေးသော မိန်းမပျိုသည် ရုပ်ဆိုးလှသော ယီရိုထုံးအား မြင်သောအခါ အကြီးအကျယ် ထိတ်လန့်သွားရှာသည်။ ယီရိုထုံး၏ ရုပ်ရည်က ဆိုးရွားလှသည် မဟုတ်ပါလော။

E.13.B



'ကျုပ်မျက်နှာက ဓားဒဏ်ရာတွေရလို့ ဒီလိုဖြစ်နေတာပါ'

'အို... သည်းခံပါရှင်'

မိန်းမပျိုက နောက်ဆုတ်ပေး၏။ ခုတင်ပေါ်တွင် လူမမာတစ်ယောက် တွေ့ရ၏။ ထိုသူ၏ ရုပ်သွင်မှာ ကြောက်မက်ဖွယ်ရာ ချောင်ကျနေသည်၊ အရိုးပေါ် အရေတင် ဖြစ်နေသော ထိုလူမမာသည် မည်သည့်နည်းနှင့်မျှ နောက်တစ်ရက် အသက်ထပ်ရှည်လိမ့်မည် မဟုတ်ပေ။

ယီထုံးမှာ ဝမ်းနည်းကြေကွဲဖွယ်မြင်ကွင်းကြောင့် ရင်ထဲတွင် နာကျင်သွားရရှာသည်။ ထို့နောက် သူ့အင်္ကျီအိတ်ထဲမှ ငွေများကို နှိုက်ယူလိုက်ပြီး စားပွဲပေါ်တွင် ပုံပေးလိုက်၏။

'ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့နော်၊ ဒီငွေကလေးကို ယူပြီး သမားတော်တစ်ယောက်ကို သွားပင့်လိုက်ပါ၊ ပြီးတော့ သူ့ကို ဆေးကုလိုက်ပါဗျာ'

ယီရိုထုံး၏ ကရုဏာကို ခံစားလိုက်ရသဖြင့် မိန်းကလေးသည် ဟင်းခနဲ ငိုရှိုက်မိပြန်လေ၏။ ယီရိုထုံးက ဆက်ပြောသည်။

'သူ့ရောဂါဝေဒနာ သက်သာသွားရင် ကိုယ့်ဇာတိချက်မြွေ မွေးရပ်မြေကို ပြန်ပြီး ရောင်းဝယ်စားသောက်ပါဗျာ။ ဒီငွေဟာ ဆေးကုသဖို့နဲ့ ကုန်မှာ မဟုတ်ပါဘူး'

ယီရိုထုံးသည် စကားဆုံးသည်နှင့် လှည့်ထွက်လာ၏။

ထိုစဉ်...

'ဆရာလေး၊ ခဏလောက် နေပါဦးရှင်'

ယီရိုထုံးမှာ ခြေလှမ်းများ တန့်သွားပြီး နောက်သို့ လှည့်ကြည့်မိ၏။

'ဆရာလေးရဲ့နာမည်ကို မသိရဘူးလားရှင်'

'ကိစ္စမရှိပါဘူးဗျာ၊ နာမည်ကို သိလို့ဘာ ဘာလုပ်ရမှာလဲ'

ကျွန်အနေနဲ့ ငွေကြေး ဒီလောက်ပဲ ထောက်ပံ့နိုင်တာကို စိတ်မကောင်းပါဘူး။ ခင်ဗျားတို့ စိတ်ထဲ ဒီငွေတွေအတွက် ဘယ်လိုမှ စိတ်ထားမနေပါနဲ့ ခင်ဗျားတို့ ခရီးဝေးက လာကြတဲ့လူတွေဆိုတာ ကျွန် သိပ်သိပါတယ်'

မိန်းကလေးသည် ခုတင်ပေါ်မှလူကို ကြောက်ရွံ့စွာကြည့်လိုက်သည်။ လူမှာသည် ယိမ်ရိုထုံးကို ကျေးဇူးတင်စကားပင် မပြောနိုင်ပေ။ အသက်ကိုသာ အလုအယက် [illegible]ကြက်နေရသည်။

မိန်းမပျိုက ရှိုက်ငိုပြောဓ၏။

'အခုကတော့ ကျွန်မ ဘာမှ မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာပါပဲရှင်၊ ဒါပေမယ့် ခုတော့ သူ့အခြေအနေမကောင်းတော့ဘူး။ ကျွန်မအကြောင်း နည်းနည်းပါးပါးလောက် ဖွင့်ပြောခဲ့ပါရစေရှင်'

ယိမ်ရိုထုံး ပြန်လှည့်လာသည်။ အခန်းထဲပြန်ဝင်ပြီး ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

'ကျွန်မတို့ဟာ ဟန်ကျိုးမြို့ ဇာတိသားတွေပါ။ သူနဲ့ ကျွန်မဟာ ငယ်ငယ်ကတည်းက သူငယ်ချင်းတွေ၊ အိမ်နီးနားချင်းတွေဖြစ်ပြီး သိပ်ချစ်ကြတဲ့ ချစ်သူတွေပါရှင်၊ ကျွန်မတို့ရဲ့ မိဘများကလဲ သဘောတူပြီး သူနဲ့ကျွန်မကို စေ့စပ်ပေးထားခဲ့ပါတယ်၊ ဒါပေမယ့်... သူ— သူ ကျွန်မချစ်သူကို မန်ချူးတပ်က ဖမ်းခေါ်သွားပါတယ်၊ ဇင်ကျန်းနယ်ကို တိုက်ဖို့ ရဲမက်စုဆောင်းရာမှာ ရဲမက်နည်းနေလို့တဲ့၊ တချို့တွေကတော့ ငွေတွေ ရှုပြီး ပြန်ရွေးကြပါတယ်၊ ကျွန်မတို့ကတော့ ပိုက်ဆံမရှိလို့ မရွေးနိုင်ပါဘူး'

မိန်းကလေးမှာ ပြောရင်းပြောရင်းမှ ဝေးသံတိမ်ဝင်လာပြီး မျက်ရည်များ တသွင်သွင် စီးဆင်းကျလာတော့သည်။ အတန်ကြာမှ ဆက်ပြောနိုင်၏။

'သူ တပ်ထဲပါသွားပြီးတဲ့နောက်ပိုင်း ကျွန်မလဲ သီချင်းသည်ဘဝနဲ့



အသက်မွေးရတော့တာပါပဲ၊ ကျွန်မကို မှုလဲလို့ ခေါ်ကြတယ်၊ ကျွန်မ နာမည်ကတော့ ယိလုရိုပါ'

ပန်းပွင့်နီဂိုဏ်းချုပ်နှင့် ချယ်လုံကောရာမ်တို့ မိုးပွားအင်းမြစ်တွင် တွေ့ဆုံကြပြီး ယိလုရိုက ချော့ခံပျော်ပြောသည့် အခါက ယိမ်ရိုထုံးမှာ ရှိမနေပေ။ တစ်ဖန် 'ချယ်လုံး ကောရာမ်အား ယိလုရိုနှင့်မျှားပြီး ပြန်ပေးဆွဲစဉ်ကလည်း ယိမ်ရိုထုံးမှာ ဒဏ်ရာရရှိနေသည့်အတွက် ဌာနချုပ်တွင် အနားယူ ဆေးကုသမှုခံနေရချိန် ဖြစ်လေသည်။

ထို့ကြောင့် ပန်းပွင့်နီဂိုဏ်းနှင့် များစွာပတ်သက်ခဲ့ပြီး များစွာ အကူအညီပေးခဲ့သော ယိလုရိုကို ယိမ်ရိုထုံး မသိခဲ့ခြင်းဖြစ်ပေသည်။ ယိမ်ရိုထုံးနေရာ၌ ပန်းပွင့်နီဂိုဏ်း၏ အခြားညီအစ်ကိုတော်တစ်ဦးဦးသာ ရောက်ရှိနေလျှင် ယိလုရိုကို မုချသိရှိပေလိမ့်မည်။

'ဒီနောက်တော့ ကျွန်မလဲ သိုင်းဂိုဏ်းကြီးတစ်ခုက ဂိုဏ်းချုပ်ကြီးတစ်ဦးနဲ့တွေ့ပြီး သူနိုင်းတဲ့အလုပ်ကိစ္စတစ်ခုကို ဆောင်ရွက်ပေးခဲ့ရပါတယ်၊ အဲဒီကိစ္စအတွက် ဆုလာဘ်အဖြစ်ငွေတစ်သောင်း ရရှိခဲ့ပါတယ်၊ ငွေတစ်သောင်းဆိုတာ နည်းတဲ့ ငွေမဟုတ်ပါဘူး။ ဒီငွေတစ်သောင်းကိုပိုက်ပြီး ကျွန်မချစ်သူ အမှုထမ်းနေတဲ့ တပ်စခန်းကို သွားရောက်ခဲ့ပါတယ်၊ သူ့ကို ဒီငွေတစ်သောင်းနဲ့ ပြန်ရွေးဖို့ပါ၊ ကျွန်မရဲ့ ငွေကို လမ်းခရီးမှာပဲ မန်ချူးနယ်စားတစ်ဦးက သိမ်းယူခဲ့ပါတယ်၊ ကျွန်မကိုလဲ ခြေတော်တင်တယ်၊ အစောင့်တွေအလစ်မှာ ကျွန်မ ပြေးခဲ့ရတယ်၊ အတော်ငတ်အပြတ်ပြတ် ဖြစ်လာတော့ တစ်လမ်းလုံး တောင်းရမ်းစားသောက်လာခဲ့ရတယ်။ ကျွန်မမှာ ဖျော်ဖြေတင်ဆက်တဲ့ အသက်ပညာနဲ့ အဆိုပညာရှိတော့ သူတစ်ပါးထက် ဝမ်းရေးရှာရတာ လွယ်ခဲ့ပါတယ်'

ယိမ်ရိုထုံးမှာ စကားမပြောနိုင်လောက်အောင်ပင် စိတ်မကောင်း

မြစ်ပြီး ယိလုရီကို စေးစိုက်ကြည့်နေမိသည်။

'ကျွန်မ အဲဒီလို ထွက်လာခဲ့တာ အခန့်သင့်ဖြစ်သွားတာပေါ့ရှင်၊ ဘုရင်သေခင်ကပဲ ဖန်တီးပေးလိုက်သလား၊ ကံကြမ္မာကပဲ ဖန်တီးပေး လိုက်သလားတော့ မသိဘူး။ သူနဲ့ ကျွန်မပြန်လည်ဆုံဆည်းခဲ့ရပါတယ်။ သူကလဲ တပ်မှာ ရိက္ခာပြတ်ပြီး အဝတ်အစားနွမ်းကြလို့ တပ်ထဲက ခိုးပြေး လာခဲ့ပါတယ်၊ လမ်းမှာ ကျွန်မရဲ့ သီချင်းသံကိုကြားလို့ လာတွေ့ရာ ကနေ ကျွန်မနဲ့ပြန်ပြီး ဆုံဆည်းကြတာပါပဲ၊ ဒါပေမယ့် သူ ရောက်လာ တဲ့အချိန်က နောင်းနေပါပြီ၊ အခု အစာမစားရလို့ အာဟာရချတ် နေတဲ့တာရယ်၊ နောက်က အန္တရာယ်လိုက်လာမှာစိုးလို့ သေပြေးရှင်ပြေး ပြေးခဲ့တာရယ်၊ သဘာဝ ဘေးဒုက္ခအန္တရာယ်က ဖိစီးတာရယ်၊ စိတ်ဓာတ်အကြီးအကျယ် ကျဆင်းနေတာရယ်ကြောင့် ကျွန်မနဲ့တွေ့တဲ့ အခါမှာ သူဟာ လူရုပ်တောင် မပီတော့ပါဘူး။ ကျွန်မလဲ သူ့ကို တွေ့ရလို့ ဝမ်းသာအယ်လဲ ဖြစ်မိပေမယ့် သူ့ဆီမှာ စွဲကပ်လာတဲ့ ရောဂါဝေဒနာတွေကိုတော့ သက်သာအောင် ကုသပေးခြင်း မပြုနိုင်ခဲ့ ပါဘူးရှင်၊ အခုတော့ သူ့ရောဂါက ကျွမ်းနေပြီး သူလဲ နာလန်မထူနိုင် တော့ပါဘူး'

ယိရိုထုံး သက်ပြင်းချလိုက်မိသည်။

'တကယ့် ရင်နာစရာအဖြစ်အပျက်ပါပဲလေ'

သူသည် တီးတိုးရေရွတ်လိုက်ပြီး ခုတင်ပေါ်မှ လူနာအား လှမ်းမေးလိုက်၏။

'မန်ချူးတပ်ထဲမှာ ရိက္ခာပြတ်သနာပေါ်တာ ကြာပြီလား'

လူနာယောက်ျားမှာ ယိရိုထုံး၏ အမေးကို မဖြေကြားပေ။ သို့သော် သူ၏ နှုတ်ခမ်းများ တဖြည်းဖြည်း လှုပ်လာ၏။ သူ၏ အရိုးပေါ် အရေတင်လက်ချောင်းများဖြင့် ယိလုရီအား လှမ်းကိုင်ကာ တုန်တုန်



ယင်ယင်ဖြင့် စကားပြောလာလေ၏။

'ငါ.... ငါ.... ငါ.... သွားရတော့မယ် ညီမရယ်၊ မင်း ကောင်း ကောင်းမွန်မွန် နေရစ်ခဲ့ပါနော်၊ ငါသေရင် မငိုနဲ့နော်၊ အခု.... အခု...ငါ မသေခင် သီချင်းတစ်ပုဒ်လောက် ဆိုပြပါဦးကွယ်၊ ဟိုး ငယ်ငယ်တုန်းက တို့ ကလေးဘဝတုန်းက ညီမ ဆို.... ဆိုပြခဲ့တဲ့ သီချင်းကလေးကို ဆိုပြပါလားကွယ်၊ ငါ မသေခင် ထပ်ပြီး နား... နား.... နားထောင်...'

စကားကို ဆုံးအောင် မပြောနိုင်တော့ပေ။ ဖားဖိုထိုးသကဲ့သို့ အသက်ကို ဖုတ်လှိုက် ဖုတ်လှိုက် ရှူနေရသဖြင့် စကားစ ပြတ်သွား သည်။ ယိလုရီက မျက်ရည်သွယ်သွယ် ကျဆင်းရင်း

'ဆိုမယ်... ဆိုပြမယ်၊ အစ်ကို့ကို ညီမ အစွမ်းကုန် ဆိုပြပါ့မယ် အစ်ကိုရယ်'

ထို့နောက် သူမသည် ရုပ်စောင်းကို ရင်၌ပိုက်ကာ စောင်သီချင်း ဆိုလေတော့၏။ သီချင်းဆိုပင် ဆိုနေသော်လည်း သီချင်းသံမှာ မပီမသ မသဲမကွဲ ရှိနေလေသည်။ ရှိုက်သံရောစွက်သဖြင့် သီချင်းသံမှာ ပီသ ကြည်မြခြင်း မရှိတော့ပေ။ ယိလုရီ၏ ရင်နာဖွယ်မြင်ကွင်းကို မြင်ရသူ မည်သူမဆို စိတ်ထိခိုက်ကြမည်မှာ သေချာပေသည်။

ယိရိုထုံးကဲ့သို့ ဘဝကို ခတ်ထရော် ကြမ်းတမ်းစွာဖြတ်သန်းလာခဲ့ ရသော သိုင်းသမားတစ်ယောက်သည်ပင် ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များ ဝိုင်းလာမိတော့သည်။

ယိလုရီက ကြေကွဲဆို့နစ်ဖွယ် သီချင်းဆိုနေစဉ် သူမ၏ချစ်သူ သည် နောက်ဆုံးအချိန်သို့ ရောက်ရှိလာလေတော့၏။

'ညီ.... ညီ... ညီမ.... လာ.... လာ.... လာပါဦး၊ အစ်ကို...အစ်ကို့ကို ဖက်.... ဖက်ထားစမ်းပါ၊ အစ်ကို မရှိတော့ရင် ညီမ လိမ်လိမ်.... လိမ်လိမ် မာမာ နေ.... နေ... နေရစ်....'

ယီလုရီ၏ ချစ်သူသည် စကားကို ဆုံးအောင်ပင် မဆိုနိုင်တော့ပဲ ယီလုရီအား စူးစူးစိုက်စိုက်ကြည့်ရင်းမှ တွန့်ခနဲတစ်ချက် ဖြစ်သွားကာ အသက်ထွက်သွားလေတော့၏။ ယီလုရီမှာ ဖျပ်စောင်းကို ဘေးသို့ ဆတ်ခနဲ ချလိုက်ပြီး မတ်တတ်ထရပ်ကာ သူမ၏ ချစ်သူကို ရုပ်တုတစ်ခုကဲ့သို့ ငေးကြောင်ရပ်ကြည့်နေမိလေ၏။

အတန်ကြာ ငေးစိုက်ကြည့်နေပြီး အဝတ်စတစ်ခုကို ပုံချလိုက်သကဲ့သို့ ထိုင်ချလိုက်၏။ သူမ မျက်ဝန်းအိမ်ထဲမှ မျက်ရည်များ စီးကျမလာခဲ့ပေ။ ဝမ်းနည်း ပူဆွေးခြင်းကို ကမ်းကုန်အောင် ခံစားခဲ့ပြီးဖြစ်၍ သူမ၌ မျက်ရည်တို့ မကျန်ရှိတော့ပေ။

ယီလုရီသည် ချစ်သူ၏အလောင်းကို တစ်ချက်မျှကြည့်လိုက်ပြီးနောက် ဆံပင်များကို သပ်တင်လိုက်၏။ သောကများပါဒ တက်ခဲ့ရသဖြင့် မဖြီးမသင်နိုင်ဘဲ ဖြေလျော့နေရသော ဆံပင်များကို ယခုမှပင် တစ်စုတစ်စည်းတည်း သိမ်းချည်လိုက်သည်။

ထို့နောက် မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်ပြီး အင်္ကျီအဝတ်အစားတို့ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်ပြုပြင်သည်။

ထို့နောက် ခုတင်ဘေးမှ အထုပ်တစ်ထုပ်ကို နိုက်ယူလိုက်ကာ ယီရိုထုံးဆီသို့ လက်ကမ်း၍ ပေးလေ၏။

'ဒီပစ္စည်းတွေဟာ အဖိုးတန်ပစ္စည်းတွေ ဖြစ်တယ်လို့ပြောကြပါတယ်၊ ကျွန်မကတော့ ဘာမှ နားမလည်လို့ ဘာမှသဲမသိပါဘူး။ အခ်ကိုဟာ ကျွန်မတို့အခပေါ်မှာ ကျေးဇူးရှိတဲ့လူဖြစ်တဲ့အတွက် ဒီပစ္စည်းကလေးကို လက်ခံယူစေချင်ပါတယ်'

ယီထုံးမှာ ယောင်တီယောင်ကန်းဖြင့် မိန်းကလေးပေးသည့် အထုပ်ကို လက်ခံလိုက်မိလေ၏။

ယီလုရီသည် ယီရိုထုံး၏လက်ထဲသို့ သူမ၏ အထုပ်ရောက်ရှိသွားသည်နှင့် တစ်ချက်ပြုံးလိုက်၏။

ထို့နောက် လှစ်ခနဲ ပြေးထွက်သွားကာ နံရံကို ခေါင်းဖြင့် အားကုန်ပြေးဆောင့် လိုက်တော့သတည်း။

'ဟာ'

ယီရိုထုံး ဒါပဲအော်နိုင်သည်။ သိုင်းသမားရင့်မာကြီး တစ်ယောက်လုံး ဖြစ်သော်လည်း ကြေကွဲဖွယ်ရာအဖြစ်များကြောင့် သူ၏ ဦးနှောက်များ လေးလံထိုင်းမှိုင်းနေပေသည်။

သူသည် ယီလုရီ၏ အသက်ကိုမီအောင် လှမ်းမဆွဲနိုင်ခဲ့ပေ၊ ယီလုရီ သေလေပြီ။

အတန်ကြာမှ ယီရိုထုံးသည် သက်ပြင်းကို လေးတွဲ့စွာချလိုက်ပြီး ယီလုရီ ပေးခဲ့သည့်အထုပ်ကို ဖွင့်ကြည့်မိသည်။ အထုပ်ထဲတွင် ပန်းချီကားချပ်နှင့် ကဗျာများကို တွေ့ရသည့်အတွက် ယီရိုထုံး အံ့ဩသွားမိသည်။

ဤပစ္စည်းများ ယီလုရီ လက်တွင်းသို့ အဘယ်ကြောင့် ရောက်ရှိလာရသည်ကို သူ စဉ်းစား၍ မရနိုင်ဘဲ ဖြစ်ရလေသည်။

ယီရိုထုံးသည် ထိုပစ္စည်းများကို သေချာဂဃ မစစ်ဆေးဘဲ အထုပ်ထဲသို့ ပြန်လည်ထိုးထည့်လိုက်သည်။ ထို့နောက် ဆိုင်ရှင်အား လှမ်းခေါ်ကာ အကျိုးအကြောင်း ရှင်းပြသည်။ ငွေစအချို့ပေးပြီး အလောင်းနှစ်လောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ပေးရန် မှာကြားသည်။

ဆိုင်ရှင်ကလည်း ငွေမျက်နှာကြောင့် ခေါင်းညိတ်လေသည်။

ယီရိုထုံးသည် တည်းခိုရိပ်သာမှ ထွက်လာပြီးနောက် လီရန်ကျို၏ သဲလွန်စများကို ရှာပုံရင်း လိုက်လံစုံစမ်းပြန်သည်။ ခရီးသွားလာရှာဖွေနေစဉ်အတွင်း သူ့ခေါင်းထဲ၌ အတွေးပေါင်းစုံတို့ ဝင်ရောက်လာသည်။

ချောပင်နှင့် လီရန်ကျီတို့စိတ်ဖြင့် တွေပြားဝေဝါးနေရသော သူ့နှလုံးအိမ်မှာ ယခုတစ်ဖန် ယီလုရီတို့နှင့် ကြုံတွေ့ရသောအခါ ပို၍ နောက်ကျိရှုပ်ထွေးသွားပြန်တော့သည်။

လီရန်ကျီနှင့် ချောပင်တို့မှာ အရွယ်ကောင်းဆဲ၊ လှဆဲ၊ ချောဆဲ မိန်းကလေးများ ဖြစ်ကြပေသည်။

သို့အတူ ယီလုရီမှာလည်း လှပချောမွေ့ကာ အရွယ်ကောင်း မိန်းမပျိုကလေးပင် ဖြစ်သည်။ အသက်အရွယ်ချင်း ယှဉ်လိုက်လျှင် ယီလုရီကပင် ပို၍ပျိုမျစ်ငယ်ရွယ်ခြင်း ရှိပေသည်။

သို့ရာတွင် ဘဝ၏ ကြမ်းတမ်းသော အရိုက်အပုတ်အထု အထောင်းဒဏ်ကို မခံစားနိုင်တော့သဖြင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ သူ့ကိုသူ အဆုံးစီရင်ခဲ့လေပြီ။

အချစ်တည်းဟူသော အမှုကြောင့် နောက်ဆုံး သေကြရမည်သာ မဟုတ်ပါလား။

ကိလေသာ အပူသည်ဘဝနှင့် နှလုံးသားကို အေးမြနွေးထွေးသော ခံစားချက်များ ပေးစွမ်းနိုင်ပါမည်လား။ မိမိက ပူလောင်လှသည် ဟု ထင်နေသော သောကဗျာပါဒများသည် မိမိဘဝ တစ်သက်တာလုံး လောင်မြိုက်နေတော့မည်လား။

ဤသို့မဟုတ်ဘဲ နောင် ဆယ်နှစ် အနှစ်နှစ်ဆယ်တွင် ဤသောက ဗျာပါဒများသည်ပင်လျှင် တွေးကြည့်ပြီး ရယ်မောစရာများ ဖြစ်နေလေမည်လား။

ယီရီထုံးမှာ အပူနှင့်အအေး၊ ပျော်ရွှင်မှုနှင့် ရှင်ကျွတ်မှု၊ လောကီ နှင့် လောကုတ္တရာတို့ကို ယှဉ်တိုးစဉ်းစားရင်း ကိုယ့်ကိုယ်ကို စိတ်ဓာတ် ကျဆင်းလာသည်။

အစဉ်အမြဲ မာန်မလျှော့ဘဲ ထောင်မတ်လာခဲ့ရသော ဦးခေါင်း



လည်း ငုံ့လျိုးသွားသည်။

လီရန်ကျီအား ရှာဖွေစုံစမ်းမည်ဆိုသော သူ၏ဦးတည်ချက်သည် လည်း “နေသာနှင်းပျောက်သကဲ့သို့ ပျောက်ကွယ် သွားတော့သည်။

သူသည် သစ်ပင်ကြီးတစ်ပင်အောက်တွင် ဝင်ထိုင်ပြီး သူ့ဘဝ ကို အနုလုံပဋိလုံ ပြန်လှန် စဉ်းစားလေတော့၏။ ထို့နောက် အိပ်ပျော် သွားလေတော့သည်။

ယင်းသို့ အိပ်ပျော်နေစဉ် ကြေးစည်သံများကြောင့် ရုတ်တရက် လန့်နိုးသွားလေ၏။ ကမယောင်ကတမ်း ထပြီး အိတ်ကို စမ်းမိသည်။

ပလွေကို မစမ်းမိသဖြင့် ထိတ်ခနဲ ဖြစ်သွားသေးသည်။ နောက်မှ ကျကျင်ပြောင်က သူ့ထံမှ လုယူသွားခဲ့သည်ကို ပြန်သတိရကာ စိတ်အေးသွားရသည်။

ယီရီထုံး မျက်လုံးကို ပွတ်သပ်ပြီး ပတ်ဝန်းကျင်ကို အကဲခတ် လိုက်သည်။ မိုးစင်စင် လင်းနေခဲ့ချေပြီ။

မနက်ခင်း၏ နုပျိုလတ်ဆတ်သော အရသာကို ခံစားနေစဉ် အဆက်မပြတ် တီးခတ်လိုက်သော ကြေးစည်သံများသည် သူ့နားထဲ သို့ ဝင်လာလေတော့၏။

‘အင်း.... မနက်ခင်း စောစောစီးစီး ကြားလိုက်ရတဲ့ ကြေးစည်သံ က ရင်ကို အေးမြကြည်လင်စေပါကလား။ ရင်ထဲက သောကအပူတွေ ကို မျှောချယူသွားနိုင်စွမ်း ရှိပါကလား’

ယီရီထုံးမှာ မင်္ဂလာရှိသော ကြေးစည်သံ၏ အာနိသင်ကို စိတ်ထဲမှ ဖွဲ့နွဲ့စွာ ချီးကျူးမိ၏။

ထို့နောက် ထိုင်ရာမှဆတ်ခနဲထကာ ကြေးစည်သံထွက်ပေါ်လာ ရာသို့ သွားမိလေ၏။ ကြေးစည်သံမှာ တောင်ကလေးတစ်လုံးပေါ်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းထဲမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

ထိုဘုန်းကြီးကျောင်းမှာ နှစ်ပေါင်းကြာမြင့်စွာကပင် တည်ဆောက်ထားပြီး မပြုမပြင် မမွမ်းမမံသောကြောင့် ဟောင်းနွမ်းယိုယွင်းလျက်ရှိနေလေသည်။

ယိမ်ရိုထုံးသည် ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ ဝင်သွားလေ၏။

ထို့နောက် ဘုရားတန်ဆောင်းထဲသို့ ဝင်ပြီး ဘုရားဝတ်ပြုသည်။ ဝတ်ပြုပြီးလျှင် တန်ဆောင်းပတ်လည်တွင် ချိတ်ဆွဲထားသော နံရံပန်းချီကားချပ်များကို လိုက်လံ ကြည့်ရှုသည်။

ထိုပန်းချီကားချပ်များက လှခေါင်ကို ဝိုင်း၍ စက်ဆုပ်ရွံရှာစေလေတော့သည်။

ထိုပန်းချီကားချပ်များကို ကြည့်ရှုပြီး လူ့လောကကို ခွာကြည့်လိုလာသည်။ အေးမြသော ကြေးစည်သံက တရားဘောင်အတွင်းသို့ လာလှည့်ဟု ခေါ်နေသယောင် ရှိသည်။

ထိုတဒင်္ဂအတွင်း၌ စက်ဆုပ်ဖွယ်ကောင်းသော ခန္ဓာကိုယ်အထွေထွေကြီးကို အနိစ္စပုံ့ပြလို့ သုံးသပ်မိလာသည်။ မြတ်စွာ၏ နူးညံ့သိမ်မွေ့သော သဘောအနှစ်ကို ဆုပ်ကိုင်မိအောင် ကြိုးစားကြည့်မိသည်။

ထိုသို့ရှိနေစဉ် လောဘ၊ မောဟ၊ ဒေါသများ ကင်းစင်သည့် ချိုလွင်ကြည်မြသော အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

'အိမ်း ဒကာကြီးကိုကြည့်ရတာ လောကီအချစ်အတွေးတွေကို ခံစားနေရပုံရတယ်၊ လိုအပ်တာရှိရင် ပြောကွယ်၊ ဘုန်းကြီးတို့ ဒကာကြီးကို ကူညီနိုင်သလောက် ကူညီရတာပေါ့'

အသက်အရွယ်ကြီးမြင့်သော ဘုန်းတော်ကြီးတစ်ပါးက ယိမ်ရိုထုံး ရှေ့တွင် တည်တည်ငြိမ်ငြိမ်ရပ်တန့်နေသည်။ ဘုန်းတော်ကြီး၏ မျက်နှာမှာ ကြည်လင်အေးချမ်းနေပြီး နူးညံ့သိမ်မွေ့သည့်အသွင် ဆောင်နေပေသည်။



'တင်ပါ့ဘုရား၊ တပည့်တော်က ဒေသန္တရ ဗဟုသုတရှာဖွေရင်း ဒီနေရာကို ရောက်လာခြင်း ဖြစ်ပါတယ် ဘုရား၊ အရှင်ဘုရားတို့ ဘုန်းကြီးကျောင်းဝင်းကြီးက စိတ်အေးချမ်းမြေ့စရာ ကောင်းလှပါတယ်၊ ဒီကျောင်းဝင်းထဲမှာ တပည့်တော်ကို လေးငါးရက်လောက် တည်းခိုခွင့်ပြုပါဘုရား'

ဘုန်းကြီးသည် အေးချမ်းသိမ်မွေ့လှသည့် မျက်လုံးများဖြင့် တစ်ချက်မျှ အကဲခတ်လိုက်၏။

'ဒကာကြီးက ခရီးဝေးက လာခဲ့တာလား'

'မှန်ပါ့ဘုရား'

'အိမ်း ခရီးဝေးကလာတဲ့ ခရီးသည်ဆိုတော့ တည်းခိုခွင့်ပြုရတာပေါ့လေ၊ ဒီကျောင်းထဲမှာ ဒကာကြီး အေးချမ်းစွာ အနားယူနိုင်ပါတယ်'

ဘုန်းတော်ကြီးက လွယ်ကူစွာပင် ခွင့်ပြုသည်။ ယိမ်ရိုထုံးနေထိုင်ရမည့်အခန်းကို လိုက်ပြသည်။

'ကဲ.... စိတ်ချမ်းချမ်းသာသာ အနားယူပေတော့'

ဘုန်းတော်ကြီး ထွက်ခွာသွားသည်။

ယိမ်ရိုထုံးအတွက် ကိုရင်ငယ်တစ်ပါးက စားသောက်ဖွယ်ရာအချို့ လာပို့သည်။ ယိမ်ရိုထုံးသည် စားသောက်ပြီးသည်နှင့် သူ့ဘဝတစ်သက်တာ၌ အပူအပင်အကင်းဆုံးသော အိပ်စက်ခြင်းဖြင့် အိပ်စက်လေတော့၏။

မှန်းလွဲသောအခါမှ နိုးတော့သည်။ ယိမ်ရိုထုံးသည် ဘုရားစိုပ်တရားရိပ်အောက် ရောက်နေသဖြင့် စိတ်ဓာတ်များ အလွန်ကြည်လင်အေးချမ်းနေသည်။

အိပ်ရာမှ နိုးသည်နှင့် စားပွဲပေါ်တွင် ထင်းထားမိသည့် မိမိ၏

အထုပ်ကို ယိရိုထုံး မြင်တွေ့ပီသည်။

အထုပ်ထဲမှ ပစ္စည်းများသည် အဖိုးတန်ပစ္စည်းများဖြစ်ကြောင်း ယိလုရိုက မှာကြားခဲ့ပေသည်။

မည်မျှ အဖိုးတန်သော ပစ္စည်းများပေနည်း။ ယိရိုထုံးသည် သိချင်စိတ် နိုးကြွလာသဖြင့် အထုပ်ကိုယူ၍ ဖြေလိုက်သည်။

ပန်းချီကားချပ်များနှင့် ကဗျာစာအုပ်တို့ ထွက်လာသောအခါ ယိရိုထုံး အံ့သြသွားတော့သည်။

ပန်းချီကားများမှာ တရားသံဝေဂရစေမည်ကောင်းသည့် ရှုပန်းချီကားချပ်များ ဖြစ်နေသည်။

ရှေးဟောင်း ပန်းချီကားချပ်များဖြစ်ပြီး နာမည်ကြီး ပန်းချီဆရာက ရေးဆွဲထားခြင်းဖြစ်သည်။

ယင်းပန်းချီကား၏ အနုပညာလက်ရာတန်ဖိုးမှာ အဖိုးမဖြတ်နိုင်လောက်အောင် ထိုက်တန်သည့်အတွက် မည်သည့်အကြောင်းကြောင့် သာမန်မိန်းကလေးတစ်ယောက်၏ လက်ထဲသို့ ရောက်ရှိလာရသည်ကို ယိရိုထုံး မတွေးတတ်ပေ။

ပန်းချီကားချပ်တွင် ရေးဖွဲ့ထားသော ကဗျာလင်္ကာလေးကို ဖတ်ရှုလိုက်ရသောအခါ ယိရိုထုံး ရင်ထဲတွင် လှိုက်ခနဲ ဟာခနဲ ခံစားလိုက်ရပေတော့သည်။

ကဗျာလင်္ကာလေးမှာ

'ကွဲတော့မှ ချစ်ခြင်းငှာ၊ ရေလှိုင်းကို ခံနိုင်ပါ၍ခြင်းသည်

အချည်းနှီးသာတည်း။

ချစ်ပေ စိမ့်စေခြင်းငှာ၊ တမာကို သကာရည်လောင်းခြင်းသည်

အချည်းနှီးသာတည်း။

ရပ်စေတန်စေခြင်းငှာ၊ လေပြည်ကို ပတ်ဖြင့်တားမြစ်ခြင်းသည်



အချည်းနှီးသာတည်း။

ချစ်စေ ခင်စေခြင်းငှာ၊ တံခွန်မှကောင်းမွဲသည့်အသင့်ရလုံးသာအား မေတ္တာတရားတို့ဖြင့် အစဉ်အမြဲလွဲလမ်းသက်ဝင်နေသော ငါသည်

လည်း အချည်းနှီးသာတည်း။

ဟူ၏... ။

ထိုကဗျာလင်္ကာလေးကို အကြိမ်ကြိမ်အခါခါ ဖတ်ရှုပြီးလျှင် ယိရိုထုံးမှာ စိတ်ဝေဒနာကို အလူးအလဲ ခံစားနေရတော့သည်။

ဦးနှောက်ထဲတွင်လည်း အမျိုးမျိုး တွေးတောစဉ်းစားနေမိလေသည်။

ထိုနေ့တစ်နေ့လုံးအဖို့ သူသည် သူရူးတစ်ယောက်တည်း။ စားမရ၊ အိပ်ချိန်တန်သော်လည်း၊ အိပ်မရ ဖြစ်နေခဲ့ရပေသည်။

ယိရိုထုံးမှာ ရင်ခုန်လှိုက်မောစွာ ခံစားရင်း သန်းခေါင်ယံတိုင်သည် အထိ အိပ်မရနိုင်ဘဲ ရှိနေခဲ့ရသည်။ သူ့ဘဝအဖြစ်အပျက်များကို ဇာတ်ပွဲတစ်ခု ကြည့်ရှုနေသည့်အလား အစအဆုံး မြန်လည် တွေးတောကာ မြင်ယောင်လာသည်။ သူ့ဘဝအတွေ့အကြုံကား ခါးသီးလွန်းလှပေတကား။

ချောပင်ကို တွေ့ရှိခဲ့ရပုံ၊ ချောပင့်အား မေတ္တာသက်ဝင် ချစ်ခင်ခဲ့ပီသော်လည်း ကာမပိုင်ထင်ယောက်ျားရှိသည့် ချောပင်ထံမှ တုံ့ပြန်မှုတစ်စက်ကလေးမျှ မရရှိခဲ့ပုံ၊ လီရန်ကျိုကမူ သူ့အပေါ်လွန်စွာ မေတ္တာသက်ဝင် ချစ်ခင်ခဲ့ပုံ၊ သို့သော်... သူက တုံ့ပြန်မှုမပေးစွမ်းနိုင်ပုံ၊ သိသရာ၏ လည်ပတ်တတ်ပုံတို့ကို တပြည်းပြည်း မြင်ယောင်လာမိလေသတည်း။

ယိရိုထုံးသည် တွေးရင်းတွေးရင်း လူ့လောက၏ မှုပန်းမှုသံသရာကို လွန်စွာ ရွံရှာမုန်းတီးလာ၏။ သို့ဖြင့် လွန်စွာချောမောလှပခဲ့သည့်

သူ၏ ရုပ်ရည်သည်လည်း မကြာမြင့်မီကပင် ပျောက်ကွယ်သွားခဲ့လေပြီ။

ရုပ်ရည်၏အလှပသည်လည်း မတည်မြဲချေတကား။ လူ့လောက၏ မတည်မြဲခြင်း သဘောတရားကို တွေးတောမိလာသောအခါ ယိမ်ရိုထုံးသည် အေးငြိမ်းခြင်းသုခကို ပေးစွမ်းနိုင်သည့် တရားဓမ္မအရိပ်ကို ခိုလှုံနားရှင်လာသည်။

ထို့ကြောင့် သူသည် ညတွင်းချင်းပင် သာသနာ့ဘောင်သို့ ဝင်ရန် ကျောင်းထိုင် ဘုန်းတော်ကြီးအား တောင်းပန်လေတော့၏။

ဘုန်းတော်ကြီးသည် အံ့အားသင့်သွား၏။ သာသနာ့ဘောင်ဆိုသည်မှာ အေးချမ်းသည် မှန်သော်လည်း၊ လူတို့သည် ဆုံလည်နွားကဲ့သို့ပင် လောကီ ပွတ်သို့ နံမင်တမ်းတကာ သာသနာ့ဘောင်မှ ပြန်လည်ထွက်ခွာတတ်ကြသဖြင့် သေချာစွာစဉ်းစားရန်၊ အချိန်ယူ၍ ဆုံးဖြတ်ရန် ဟောကြားမေတ္တာရပ်ခံလေ၏။

သို့သော် ယိမ်ရိုထုံးက အကြိမ်ကြိမ်အခါခါ တောင်းပန်သည်။ နောက်ဆုံးတွင် ကျောင်းထိုင်ဘုန်းတော်ကြီးမှာ ယိမ်ရိုထုံး၏ မြင့်မြတ်လှသော စိတ်ဆန္ဒကို မတားဆီးနိုင်တော့ဘဲ နောက်တစ်နေ့မနက် အရုဏ်တက်တွင် ပဉ္စင်းအဖြစ် တက်ခွင့်ပြုလိုက်ရတော့သည်။

သာသနာ့ဘောင်သို့ရောက်ပြီး သုံးလေးရက်အတွင်း ယိမ်ရိုထုံးမှာ ငြိမ်းချမ်းသော စိတ်ချမ်းသော ကိုယ်ချမ်းသာ ရှိနေခဲ့ရပေသည်။

ဗုဒ္ဓ၏ အဆုံးအမပြဋ္ဌာန်းများကို သက်ဝင်ယုံကြည်စွာ ကျင့်ကြံနေထိုင်ရသဖြင့် တည်ငြိမ်သော စိတ်အစဉ်ကို ပိုင်ဆိုင်လာခဲ့ရပေသည်။

လောဘ၊ ဒေါသ၊ မောဟတရားများ ယာယီချုပ်ငြိမ်းစ ပြုလာရပေသည်။ သို့သော် ဘဝဆိုသည်မှာ ကိုယ်ဖြစ်ချင်သည့်အတိုင်း အမြဲတစေဖြစ်နေသည် မဟုတ်ပေ။ ဘုန်းကြီးယိမ်ရိုထုံး တရားစာရွတ်ဖတ်



ရင်း၊ ကြေငြောက်နေစဉ် သူ့နောက်ကျောမှ လူစိမ်းသူစိမ်းများ၏ မာကျောလှသည့် စကားသံများ၊ မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် ဘုန်းကြီး ယိမ်ရိုထုံး စိတ်ပျက်သွားပေသည်။

]aw ŋu f. တစ်မြို့လုံးလဲ နှံအောင်ရှာခဲ့ပြီးပြီ၊ ဒီခွေးသား ဘယ်မှာ ပုန်းနေသလဲ မသိဘူး'

ကြားမှုနေသောအသံဖြစ်သဖြင့် နောက်သို့ လှည့်မကြည့်ဖြစ်အောင် စိတ်ကိုထိန်းပြီး ပြုမြဲအလုပ်ကို ဆက်လုပ်နေရသည်။

'မြေပဲလျှိုးလျှိုး မိုးပဲပျံပျံ လွတ်အောင် ပုန်းစမ်းပါစေ၊ မတွေ့တွေ့အောင် လိုက်ရှာမယ်'

အာဃာတကြီးမားမှုကို နောက်ထပ်ပေါ်ထွက်လာသည့် လေသံက ဖော်ပြနေလေသည်။ ယိမ်ရိုထုံးမှာ စိတ်ထဲက ရေရွတ်နေမိသည်။

'အင်း၊ သူတို့အငြိုးအတေးက ကြီးလှချေကလား၊ ဒီရောက်တဲ့အထိ စိတ်မပျက်လက်မပျက် လိုက်လာကြပါကလား၊ မြော်၊ ရန်မီး၊ ရန်မီး၊ တကယ် ကြောက်စရာကောင်းတဲ့ ရန်မီးပါကလား'

ယိမ်ရိုထုံးမှာ ဒေါသ၊ မောဟ၊ မာန်မာနကင်းကာ တရားထူးရနေသည့် သူတော်စင် မဟုတ်သေးပေ။ သို့သော် အထူးသည်းခံလျက် ရန်သူများ၏ ပြောစကားကို ငြိမ်သက်စွာနားထောင်နေပေသည်။

ထိုအချိန်၌ ကျောင်းထိုင်ဘုန်းတော်ကြီးသည် ကျောင်းဝင်းအတွင်းသို့ ဆင်းလာလေ၏၊ လူစိမ်းသူစိမ်းများ ကျောင်းထဲရောက်ရှိနေသဖြင့် မေးမြန်းစုံစမ်းရန် ဆင်းလာခြင်း ဖြစ်ပေသည်။

ထိုစဉ် ရန်ပယ်ကာနီးက ကျောင်းထိုင်ဘုန်းတော်ကြီးအား ဤကျောင်းသို့ အရပ်ဆိုးဆိုးလူငယ်တစ်ယောက် ရောက်ရှိလာပါသလားဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ကျောင်းထိုင်ဘုန်းတော်ကြီးက ဤကျောင်းသည် ဘုန်းကြီးကျောင်းသာဖြစ်ပါသည်။ ဝင်ထွက်သွားလာ

သူများ၏ ခွဲခွဲခြားခြား မှတ်သားရန် ခဲယဉ်းကြောင်း ယိမ္မာစွာ ပြောကြား လေသည်။

သို့သော် ရန်ပယ်ကန်းတို့ မကျေနပ်ဘဲ ကျောင်းထဲသို့ ကျူးကျူး ကျော်ကျော် ဝင်ရောက်ရန် ကြိုးစားကြတော့၏။ ဤဘုန်းတော်ကြီး များမှာ တရေးရေးသက်သက်သာ ကျင့်ကြံကြသော ဘုန်းကြီးများဖြစ်၍ လူဆိုး၊ သူဆိုးများကို အကြမ်းပတမ်း ကာကွယ်နိုင်စွမ်းမရှိဘဲ ဖြစ်နေ ကြသည်။

ယီရိုထုံးသည် အခြေအနေမဟန်တော့ကြောင်း ရိပ်မိကာ သူ့ အခန်းဆီသို့ လှစ်ခနဲ လျှောက်သွားမိလေ၏။ ရန်ပယ်ကန်းသည် ဦးပြည့်စိမ်းစိမ်းနှင့် ရဟန်းပျိုတစ်ပါးကို နောက်ပိုင်းမှ ရုတ်တရက် မြင်လိုက်ရသဖြင့် သံသယဝင်သွားသည်။ ထို့ကြောင့် စုန်ထင်ပေါက်အား မျက်စပျစ် အချက်ပေးလိုက်လေတော့၏။

စုန်ထင်ပေါက်သည်လည်း ယီရိုထုံးနောက်မှ လိုက်ပါသွားသည်။

'ဒီမှာ... ဒီမှာ.... ဦးပဥ္စင်း ခဏနေပါဦး စကားပြောစရာရှိလို့'

စုန်ထင်ပေါက်က လှမ်းတားသည်။ ယီရိုထုံးက နောက်သို့ကြည့် ခြင်းမပြုဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသည်။ စုန်ထင်ပေါက် ပြေးလိုက်ရတော့၏။

အနီးသို့ရောက်သောအခါ ဘယ်လက်ဖြင့် နောက်ကျောကို လှမ်း ဆွဲလိုက်သည်။ ယီရိုထုံးက ရှောင်ပေးလိုက်ပြီး ဘယ်လက်နှင့် သင်္ကန်း စကို ခါချလိုက်ရာ စုန်ထင်ပေါက်အား စုန်းခနဲရိုက်မိလေ၏။

ထို့နောက် ယီရိုထုံးသည် ကြေးစည်ထုသောဘုကို ကောက်ယူပြီး စုန်ထင်ပေါက်၏ ခါးကြားကို ဆောင့်ထိုးလိုက်သည်။ စုန်ထင်ပေါက်မှာ နာကျင်လွန်းသဖြင့် တွန့်လိမ်ကောက်ကွေးသွားပြီး မြေကြီးပေါ်သို့ လဲကျသွားတော့သည်။ ဤဖြစ်ရပ်မှာ အခန်းထဲတွင်



ဖြစ်သည့်အတွက် ရန်ပယ်ကန်းတို့လူစု မတွေ့မမြင်နိုင်ကြပေ။

ရန်ပယ်ကန်းတို့သည် စုန်ထင်ပေါက်ကို စောင့်မျှော်နေသော် လည်း အချိန်အတန်ကြာသည်အထိ စုန်ထင်ပေါက်ပေါ်မလာသဖြင့် အခန်းထဲသို့ ပြေးလိုက်လာကြတော့သည်။ အခန်းထဲ၌ကား စုန်ထင်ပေါက်တစ်ယောက် လဲကျနေချေပြီ။

'ဘာဖြစ်တာလဲ၊ ဟို— ဟိုဦးပဥ္စင်းကော ဘယ်မှာလဲ'

စုန်ထင်ပေါက်မှာ အကြောသိတ်ခံထားရသဖြင့် စကားမပြော နိုင်ပေ။ ရန်ပယ်ကန်းတို့သည် အခန်းထဲသို့ ဆက်ဝင်၏။ ထိုအခန်းမှ တစ်ဆင့် နောက်ဖေး မီးဖိုချောင်သို့ ရောက်သည်။

မီးဖိုချောင်၌ ကပ္ပိယကြီးနှစ်ဦးကို တွေ့ရသည်။ 'ပဥ္စင်းပျိုကို မတွေ့ရတော့ပေ'

ထိုစဉ် တိမ်ရှိလွင်သည် ကျောင်းထိုင်ဘုန်းတော်ကြီးအား ဖမ်း ချုပ်လာ၏။ ကျောင်းထိုင်ဘုန်းတော်ကြီးမှာ ဤကဲ့သို့သောလူရမ်းကား များနှင့် တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ဖူးသဖြင့် တုန်လှုပ်နေသည်။ တိမ်ရှိလွင်သည် ကျောင်းထိုင်ဘုန်းတော်ကြီး၏ သိုင်းပညာမတတ်သော အခြေအနေကို သိသောအခါ လွှတ်ပေးပြီးချော့မော့၍ မေးလျှောက်လေ ၏။

'ခုနက ဦးပဥ္စင်း ဘယ်ကလာတာပါလဲဘုရား။ တပည့်တော်တို့ ကို မိန့်ကြားတော်မူပါ'

ဘုန်းတော်ကြီးမှာ အတော်အတန်တည်ငြိမ်မှု ရှိလာ၏။ ထိုလူ ဘယ်ကလာသည်ကို မသိရကြောင်း၊ ဘုန်းကြီးဝတ်လိုသဖြင့် ဝတ် ပေးလိုက်ရခြင်းဖြစ်ကြောင်း အမှန်အတိုင်း ရှင်းပြရှာသည်။

တိမ်ရှိလွင်က ခေါင်းညိတ်လိုက်၏။ ဘုန်းတော်ကြီး၏ အမူအရာ များကိုကြည့်ပြီး အမှန်အတိုင်းပြောကြားခြင်းဖြစ်ကြောင်း သိသဖြင့် ဘာမျှ

ရန်မလုပ်တော့ဘဲ ကျောင်းဝင်းအပြင်သို့ ထွက်ခွာသွားကြတော့သည်။

လမ်းခရီးတွင် ရန်ပယ်ကန်းက

'ဒီကျောင်းထဲရှိမှာ သေချာတယ်။ ညနေကျမှ တစ်ခေါက်လာပြီး စုံစမ်းကြမယ်'

ညနေစောင်းသောအခါ သူတို့လူစုတစ်ခေါက် ထပ်မံရောက်ရှိလာကြပြန်သည်။ ကျောင်းအတွင်းအပြင် ရှာဖွေကြသော်လည်း သံသယဖြစ်ဖွယ်ရာ ဘာမျှမတွေ့ရပြန်ပေ။

ဟာဟိုထိုင်မှာ ယီရိထုံးကို လေးစားသည့်အပြင် ယီရိထုံးတွင် ဘာမျှအပြစ်မရှိဟု သိရှိယူဆထားသူဖြစ်သဖြင့် ရှာဖွေခြင်းမပြုတော့ဘဲ ဝင်ကျန်းပြည်နယ်သို့ သွားရန်သာ တိုက်တွန်းလေသတော့၏။

'ဒီည ကျုပ်တို့ ထပ်ရှာကြည့်ကြဦးမယ်။ ဟိုကောင်ကို ဒီတစ်ခါ ရှာလို့မတွေ့ရင် မနက်ဖြန်မနက် ခင်ဗျားသနပြည်ဝင်ရမယ်။ ကျုပ်တို့ ဝင်ကျန်းကိုသွားကြမယ်။ ဟုတ်ပြီလား'

ကူကျင်ပြောင်က ဟာဟိုထိုင်ကို ပြောလိုက်ခြင်းဖြစ်ပေသည်။ တစ်ညသာစောင့်ရတော့မည်ဖြစ်၍ ဟာဟိုထိုင်လည်း သဘောတူလိုက်လေ၏။

☆ ☆ ☆

အခန်း (၈၃)

# ကြောက်မက်ဖွယ် ဒေါသ

---

ဝင်ထိုက်လိုက်မှာ အကြီးအကျယ် အံ့အားသင့်သွားရသည်။ သူ တွေ့ရှိလိုက်ရသော ဦးပဉ္စင်းမှာ မျက်နှာတစ်ခုလုံးတွင် ဒဏ်ရာ အမာရွတ်များ ပြည့်နှက်နေသော ယီရိထုံး ဖြစ်နေခြင်းနှင့် စောစောပိုင်းက တွေ့ရှိခဲ့ရသော လူရိုင်းများမှာလည်း ရန်ပယ်ကန်းတို့အုပ်စုဖြစ်နေသောကြောင့်ပေတည်း။

ဝင်ထိုက်လိုက်မှာ မယုံကြည်နိုင်ဖွယ်သော မြင်ကွင်းကြောင့် စိတ်ရှုပ်ထွေးသွားရလေသည်။ ယီရိထုံးက မည်သည့်အတွက်ကြောင့် ဤအရပ်သို့ ရောက်လာရပါသနည်း။ အဘယ်ကြောင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ရပါသနည်း။ ထူးခြားသော အခြေအနေတစ်ရပ်ရပ်ကြောင့်ဖြစ်မည်ဟုသာ သည်ကိုတော့ အကြမ်းဖျင်းအားဖြင့် သူ တွေးမိသည်။ ထို့ကြောင့် အခြေအနေကို စောင့်ဆိုင်းကြည့်နေမိလေတော့၏။

ထိုစဉ် ဘုန်းကြီးကျောင်း၏ တံခါးမကြီးပွင့်လာပြီး လူရှစ်ယောက် ဝင်လာသည်။ ဝင်ထိုက်လိုက်သည့် ရန်ပယ်ကန်းတစ်ယောက်ကိုတော့ ကောင်းစွာ သိရှိသည်။ အခြားသူများကိုမူ မသိရှိပေ။

ရန်ပယ်ကန်းမှာ သံမဏိနှလုံးသားကျေးရွာကို လာရောက် စော်ကားခဲ့သူတစ်ဦး ဖြစ်သည်။ အပြစ်မဲ့သော ကျေးရွာကို မီးတင်ရှို့ ခဲ့သည့်လူများတွင် ရန်ပယ်ကန်းသည် တစ်ယောက်အပါအဝင် ဖြစ်သည်။

'တောက်.... ခွေးသား။ သံသရာတစ်ပတ်လည်တယ်ဆိုတာ ဒါမျိုးပဲပေါ့၊ ဒီကောင့်ကို ဒီနေ့ ငရဲပို့ပစ်မယ်'

ဝင်ထိုက်လိုက်က စိတ်ထဲကြုံးဝါးလိုက်သည်။ ရန်ပယ်ကန်းတို့ အုပ်စုသည် ဘုရားစင်ရှေ့သို့ရောက်သောအခါ ပတ်ပတ်လည်ကို အကဲခတ်ကြ၏။

လူသူ အရိပ်အရောင်မတွေ့သဖြင့် သူတို့ရပ်သွားကြသည်။ ထိုစဉ် တိမ်မိုးလွင်က အဝေးတွင်ရှိသော ပိဿာများစွာလေးသည့် ကြေးခေါင်း လောင်းကြီးကို အတွင်းအားသုံး၍ မ,လိုက်လေ၏။

ဝင်ထိုက်လိုက် စိတ်ထဲတွင် ချီးကျူးလိုက်မိသည်။ ပိဿာများစွာ လေးလှသော ခေါင်းလောင်းကြီးကို တော်ရုံတန်ရုံအတွင်းအား ကောင်းရုံ ဖြင့် မမ,နိုင်ချေ။

တိမ်မိုးလွင်သည် ခေါင်းလောင်းအတွင်း၌ လူပုန်းအောင်းနေခြင်း မရှိသည်ကို တွေ့ရမှ ခေါင်းလောင်းကို ပြန်ချထားလိုက်၏။

ထို့နောက် သူသည် ဘုရားရုပ်ပွားတော်တစ်ဆူ၏နောက်ဘက်သို့ ရှာဖွေရန် ထွက်သွားပြန်သည်။ ထိုစဉ် ယိမ်ရိုထုံးသည် ဘုရားရုပ်ပွားတော် ၏ နောက်ဘက်မှ ဌာခြေရရ တစ်လှမ်းချင်းလှမ်းထွက်လာသည်နှင့် ဆုံလေတော့၏။ တိမ်မိုးလွင် ကြောင်သွားသည်။



မီးလောင်ဒဏ်ရာများ ရရှိထားသော ရုပ်မျက်နှာသည် ယိမ်ရိုထုံး ဖြစ်ကြောင်း သူ ကောင်းစွာ သိသည်။ ချက်ချင်းလိုလိုပင် ရန်သူရှစ် ယောက်သည် ယိမ်ရိုထုံးအား ဝိုင်းဝန်းလိုက်ကြလေတော့၏။

'ဟော့.... ကိုယ်တော်.... ပြေးတာ တော်လောက်ပြီ၊ ကျုပ်တို့နဲ့ လိုက်ခဲ့ပေတော့'

ရန်ပယ်ကန်းက လှမ်းပြောလိုက်၏။

ယိမ်ရိုထုံးက ဘုရားစင်ရှေ့သို့ ပြန်သွားပြီး အေးဆေးစွာ ဦးချ ကန်တော့လိုက်သည်။

'အရှင်ဘုရား တပည့်တော် အမိုက်မဲကို ခွင့်လွှတ်တော်မူပါ၊ တပည့်တော်ရဲ့ အပြစ်ကျူးလွန်မှုကြောင့် ဘုရားမသိ လူမိရွာများက အရှင်ဘုရားကို မျက်ကွယ်ပြုခြင်း၊ တရားတော်ကို မျက်ကွယ်ပြုခြင်း၊ သံဃာတော်ကို စော်ကားခြင်းတို့ ပြုနေကြပါပြီဘုရား။ အားလုံးဟာ တပည့်တော် ယူဆောင်အစပျိုးမိတဲ့ မီးပွားမီးဆက်များ ဖြစ်သည့်အတွက် တပည့်တော်ရဲ့ အပြစ်များသာ ဖြစ်ပါတယ်၊ တပည့်တော်ကို ခွင့်လွှတ် ငဲ့ညှာသနားတော်မူပါ အရှင်ဘုရား'

ယိမ်ရိုထုံးအသံမှာ တည်ငြိမ်အေးချမ်းနေပြီး တဖြည်းဖြည်းတိုးဝင် သွားလေသည်။

ရန်ပယ်ကန်းမှာ အံ့ဩနေသည်။ သို့သော် ယိမ်ရိုထုံး၏ လက်မောင်းကို ဖမ်းကိုင်ရန်ကိုတော့ မမေ့ပေ။

'ဒီမှာ ဘာလာရှုပ်နေတာလဲ၊ လာ၊ တို့နဲ့လိုက်ခဲ့'

ထိုအချိန်တွင် ကျောင်းထိုင်ဆရာတော်ကြီးနှင့် ဘုန်းကြီး ဦးပဉ္စင်း တို့ နိုးနေကြပြီဖြစ်သော်လည်း လက်နက်မျိုးစုံကို ကိုင်ဆောင်ထားသော လူရမ်းကားများကိုကား မတားဆီးဝံ့ကြပေ၊ အခန်းအပြင်မှ အခြေ အနေကိုသာ ချောင်းမြောင်းကြည့်ရှုနေမိကြသည်။

ယိမ်းရိုဟုမှာမူ ရန်ပယ်ကန်းဒေါ်ရာဆီသို့ တည်ငြိမ်စွာ လိုက်ပါသွားသည်။ တံခါးဝသို့ရောက်လျှင် ကျန်ထင်ချိုက အခန်းတံခါးကို ခွဲဖွင့်လိုက်သည်။

'ဟာ....'

ကျန်ထင်ချို ထိတ်လန့်တုန်လှုပ်သွားသည်။ တံခါးဝတွင် လူတစ်ယောက် မားမားမတ်မတ် ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ပေတည်း။ ထိုလူကို တွေ့လိုက်ရသဖြင့် တံခါးဆီသို့ လျှောက်လာကြသောသူများ ခြေလှမ်း တန့်သွားကြသည်။

ထိုသူသည် မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်လုံးများမှာ မီးဝင်းဝင်းတောက်သလို တောက်ပနေလေ၏။

ရန်ပယ်ကန်းမှာ ထိုသူကို အသေအချာကြည့်ပြီးနောက် တစ်စုံတစ်ယောက်ကို သတိရလာသည်။ ထိတ်လည်း ထိတ်လန့်သွားသည်။

ဝင်ထိုက်လိုက်ပေတည်း။

'ခင်.... ခင်ဗျား ဝုင်ထိုက်လိုက် မဟုတ်လား'

သူသည် ကိုယ့်မျက်စိကို ကိုယ်မယုံကြည်နိုင်ဘဲ တုန်လှုပ်စွာ မေးလိုက်လေ၏။ သူသည် ဝင်ထိုက်လိုက်ကို အချုပ်အနှောင်ကျနေဆဲဟုပင် ထင်မှတ်နေဆဲဖြစ်သည်။ သူ့စကားမဆုံးမီမှာပင် ဝင်ထိုက်လိုက်၏ ညာဘက်လက်ဝါးရိုက်ချက်တစ်ချက် ထွက်ပေါ်လာလေ၏။

'ဖြန်း...'

ဝင်ထိုက်လိုက်၏ ရိုက်ချက်မှာ လျင်မြန်သွက်လက်လွန်းသဖြင့် ရန်ပယ်ကန်းမှာ ကာကွယ်ရှောင်တိမ်းဖို့ မရလိုက်ပေ။ ရှောင်တိမ်းရန် ကြိုးစားနေစဉ်မှာပင် အရိုက်ခံလိုက်ရသည်။ လက်မောင်းကျိုးမတတ် နာကျင်သွား၏။ ထို့ကြောင့် ယိမ်းရိုဟုကို သူ့ရှေ့သို့ ဆွဲယူထားလိုက်သည်။

ရန်ပယ်ကန်းနှင့်အတူ ပါလာသော ကျန်လူများမှာ ဝင်ထိုက်လိုက်ကို မတွေ့မြင်ဖူးသော်လည်း သူတို့နှင့် တွေ့နေသူမှာ နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်ကြောင်း သိပြီး ထိတ်လန့်သွားကြလေ၏။

တိမ်ရိုလွင်မှာ အံ့သြသွားသည်။ သို့သော် စိုးရိမ်ကြောင့်ကြခြင်းတော့မရှိပေ။

ရန်သူ၏ သိုင်းပညာမည်မျှပင် ကောင်းနေကောင်းနေ မိမိတို့ဘက်က လူဦးရေရှစ်ယောက်ရှိသည့်အတွက် ဝိုင်းဝန်းတိုက်ခိုက်လျှင် မလွဲအသေ အနိုင်ရရှိလိမ့်မည်ဟု တွက်ဆမိသောကြောင့် ဖြစ်ပေသည်။

ယိမ်းရိုဟုက တိုးညင်းစွာ ပြော၏။

'နံပါတ်လေး အစ်ကိုကြီး၊ ခင်ဗျား.... ခင်ဗျား'

'ဟုတ်တယ်.... အခု ဘာဖြစ်သွားသေးသလဲ'

'ဘာမှ မဖြစ်ပါဘူး'

'ကောင်းပြီ ဒါဆို ပွဲကြီးပွဲကောင်း နွှဲလိုက်ကြတာပေါ့'

ဝင်ထိုက်လိုက်နှင့် ယိမ်းရိုဟုတို့စကားပြောနေစဉ် စုန်ထင်ပေါက်နှင့် ကျန်ထင်ချိုက လက်နက်ကိုယ်စီဖြင့် ခုန်ဝင်လာကြသည်။

သူတို့နှစ်ယောက်၏ လှုပ်ရှားပုံကိုကြည့်ပြီး ရန်ပယ်ကန်း၏ တပည့်များဖြစ်မည်ကို ဝင်ထိုက်လိုက် ရိပ်စားမိသည်။

ထို့ကြောင့် အားနာခြင်း၊ ညှာတာခြင်းမပြုနိုင်တော့ဘဲ တစ်နှစ်ကျော်ခန့် မျိုသိပ်ထိန်းချုပ်ထားခဲ့ရသော ဒေါသကို ကြိုးဖြေလွှတ်ပေးလိုက်ရလေတော့သည်။

ဝင်ထိုက်လိုက်သည် စုန်ထင်ပေါက်တို့နှစ်ယောက်ကြားမှ လျှောခနဲရှောင်ထွက်သွား၏။ သူတို့နောက်သို့ ခုန်ပျံရောက်ရှိသွားသည်။

စုန်ထင်ပေါက်တို့သည် ရန်သူ၏ လျင်မြန်မှုကို လွန်စွာအံ့သြသွားသည်။ ထိုစဉ် နောက်ကျောဘက် ကုပ်ပိုးအကြောကို ဆွဲမယူခြင်း ခံလိုက်ရသဖြင့် အကြီးအကျယ် ထိတ်လန့်သွားသည်။

ဖုန်စန်ချန်က နံချပ်ကူဖြင့် ဝင်ရောက် ကယ်တင်မည်အပြု ထိုနှစ်ယောက်အား သက်တစ်တက်ဗီဖြင့် ဆွဲမဖော့ယမ်းနေသည်ကို တွေ့လိုက်ရသောအခါ သူနှစ်ချောင်းဆက်တုတ်က သူ့လူများအား ထိမိုက်သွားနိုင်သဖြင့် ကမန်းကတန်း ပြန်လည် ရုပ်သိမ်းလိုက်ရသည်။

ဝင်ထိုက်လိုက်က ရှုးရှူးဝါးဝါး အော်လိုက်ပြီး စုန်ထင်ပေါက်တို့ နှစ်ယောက်၏ ဦးခေါင်းများကို နံရံဆီသို့ ပစ်လွှတ်လိုက်လေတော့၏။

'ခွမ်း.... ခွမ်း'

စုန်ထင်ပေါက်နှင့် ကျွန်ထင်ချိုမှာ ဦးခေါင်းနှင့်နံရံ အရှိန်ပြင်းစွာ ဆောင့်မိသဖြင့် ဦးခေါင်းခွံ ကွဲကြေကာ ဦးနှောက်ပွင့် သေဆုံးသွားရလေတော့၏။

'ဝုန်း.... ဖြောင်း'

ဖုန်စန်ချန်က ကြောက်လန့်တကြား လက်ဖြင့် တားဆီးလိုက်သည်။ မိုက်ချက်ပြင်းထန်လှသဖြင့် ဝုန်းခနဲ လွင့်ရှဉ်သွားသည်။

ဝင်ထိုက်လိုက်သည် ဖုန်စန်ချန် လွင့်ထွက်သွားရာသို့ အရိပ်ပမာ ကပ်ပါသွား၏။ ခြေနှစ်ချောင်းကို ကိုင်ဆွဲကာ ကြမ်းပြင်နှင့် ဦးခေါင်းကို ပစ်ဆောင့်လိုက်လေတော့၏

'ခွမ်း'

ဖုန်စန်ချန်သည်လည်း ဦးနှောက်ပွင့်ကာ သေဆုံးသွားရပြန်သည်။ ဝင်ထိုက်လိုက်၏ ဒေါသမှာ ကြောက်မက်ဖွယ် ပြင်းထန်လှပေ၏။

တခဏအတွင်း ရန်သူသုံးယောက် ပွဲချင်းပြီးသေဆုံးသွားခဲ့ရပေသည်။ တိမ်ရိုလွင့်နှင့် ရန်ပယ်တို့သည်လည်း သူတို့သုံးယောက် မရှုမလှ သေဆုံးရသည့်အတွက် တစ်ဘက်တစ်ချက် ဝိုင်းညှပ်ကာ တရကြမ်း တိုက်ခိုက်ကြတော့သည်။

ဝင်ထိုက်လိုက်သည် ရှောင်တိမ်းရင်း နောက်သို့ မသိမသာ



ဆုတ်လာခဲ့၏။ ဘုရားစင်ရှေ့သို့ ရောက်သောအခါ ဘုရားမှုစော်ရန် ထားသော အမွှေးတိုင်အိုးကြီးကို မယူလိုက်ပြီး ကူကျုင်ပြောင်ထံသို့ ပစ်သွင်းလိုက်လေတော့၏။

အမွှေးတိုင်အိုးကြီးမှာ ကူကျုင်ပြောင် ရှောင်တိမ်းပေးလိုက်သည့် အတွက် ကူကျုင်ပြောင်၏ နောက်တွင်ရှိသော တိမ်ရိုလွင့်ထံသို့ ပြေးဝင် သွားသည်။

တိမ်ရိုလွင့်မှာ ကူကျုင်ပြောင် ကွယ်နေသဖြင့် ဝင်ထိုက်လိုက် ပစ်ပေါက်လိုက်သည်ကို မမြင်လိုက်ပေ။ ကူကျုင်ပြောင်က ရှောင်တိမ်း ပေးလိုက်မှ သူ့ဆီသို့ တည့်တည့်မတ်မတ်ရောက်ရှိလာသည်ကို တွေ့ ရတော့သည်။

'အမ်ကိုကြီး သတိထား'

ဟာဟိုထိုင်က ကြောက်လန့်တကြား အော်ဟစ်သတိပေးလိုက် ရသည်။

'ခွမ်း'

တိမ်ရိုလွင့်မှာ ရှောင်တိမ်းချိန်မရတော့သဖြင့် ဝေ့ဝဲလာသော သံမဏိလှုပ်ဖြင့် မိုက်ချလိုက်ရသည်။

ကျယ်လောင်သော အသံကြီး မြည်ဟည်းသွားပြီး အိုးကြီးမှာ ကြေမွသွားကာ အမွှေးတိုင်ပြာမှုန့်များ လေထဲတွင် လွင့်ပျံ့သွားရတော့ သည်။ ရန်ပယ်ကန်းသည် ဝင်ထိုက်လိုက်အား ဝင်ရောက်တိုက်ခိုက် သည်။

ကူကျုင်ပြောင်မှာ အမွှေးတိုင်အိုးရန်မှ လွတ်မြောက်သည်နှင့် ဝင်ထိုက်လိုက်နှင့် ရန်ပယ်ကန်းတို့၏ တိုက်ပွဲစည်းဝိုင်းအတွင်းသို့ သူ့လက်နက် ခက်ရင်းခွကြီးကိုကိုင်ကာ ဝင်ရောက်လာသည်။

ဝင်ထိုက်လိုက်သည် ရန်ပယ်ကန်းကို တိုက်ခိုက်ဟန်ပြပြီးမှ

ရုတ်တရက် ဟာဟိုတိုင်ဆီသို့ လျင်မြန်စွာ ခုန်ဝင်သွားလေ၏။

ဟာဟိုတိုင်နှင့် ဟန်ဝင်ကျုံးတို့မှာ ဘေး၌ ရပ်လျက်ငေးကြည့်နေစဉ် ဝင်ထိုက်လိုက် ရောက်ရှိလာသဖြင့် ရုတ်တရက်ကြောင်သွားပြီး ဘာလုပ်ရမှန်းမသိဖြစ်သွားလေ၏။

ဝင်ထိုက်လိုက်၏ အတွေးမှာ ရန်သူအင်အားငါးယောက်တိတိ ရှိနေသေးသဖြင့် ကိုယ့်ဘက်မှ အလျင်အမြန် အမှည့်ခြွေခြွေသလို တစ်ယောက်ကျစီ သတ်ဖြတ်သွားနိုင်မှ အနိုင်ရနိုင်မည်ဟု တွေးပြီး ဟာဟိုတိုင်အား အလစ်တိုက်ခိုက်ခြင်း ဖြစ်ပေသည်။

ဟာဟိုတိုင်မှာ ဖင်တိုင်ချကာ ဝင်ထိုက်လိုက်၏ ရိုက်ချက်ကို ရှောင်တိမ်းလိုက်ပြီး ဝင်ထိုက်လိုက်၏လက်နက်ကို နောက်ပြန်ဖမ်းကုတ်လိုက်သည်။

ဟာဟိုတိုင်က မွန်ဂိုတို့၏ နပန်းပညာဖြင့် တိုက်ခိုက်သဖြင့် ဝင်ထိုက်လိုက် အံ့ဩသွားသည်။ နောက်တစ်ကြိမ် ဝင်ထိုက်လိုက်က ဟာဟိုတိုင်၏ လည်ပင်းကို ဖြတ်ခုတ်ပြန်သည်။ ဟာဟိုတိုင် ရှောင်တိမ်းပြီး လက်မောင်းကို ဖမ်းချုပ် ပြန်သည်။

ဝင်ထိုက်လိုက်က ရှောင်တိမ်းပေးလိုက်ပြီး ဟာဟိုတိုင်၏နောက်ကျောကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'

ဟာဟိုတိုင် လွင့်စဉ်သွားသည်။ သို့သော် ပြန်ထလာနိုင်သည်။ ဟာဟိုတိုင်သည် အလွန်တရာ ခံနိုင်ရည်ကောင်းသူပေတည်း။

ဝင်ထိုက်လိုက်က ညာဘက်လက်ဝါးစောင်းဖြင့် ဖြတ်ခုတ်ရသည်။ ဟာဟိုတိုင်၏ ပါးပြင်ကို ရိုက်မိသည်။ ဟာဟိုတိုင် ဂရုမစိုက်ဘဲ တိုးဝင်လာပြန်သည်။

ဝင်ထိုက်လိုက်က ဟာဟိုတိုင်၏ သွေးကြောကို ရုတ်တရက်



ပိတ်လိုက်၏။ ဟာဟိုတိုင် လှုပ်ရှားမရတော့ပေ။ ဝင်ထိုက်လိုက် ဟာဟိုတိုင်၏ အင်္ကျီကို ဆွဲကိုင်ပြီး နံရံသို့ ပစ်ပေါက်ရန် မယူလိုက်သည်။

'မလုပ်နဲ့.... မလုပ်နဲ့ အဲဒါ မိတ်ဆွေ'

ယီရိုထုံးက အထိတ်တလန့် အော်ဟစ်သံကြောင့် ဝင်ထိုက်လိုက်သည် ဟာဟိုတိုင်အား အခန်းထောင့်တစ်နေရာသို့ အသာအယာ ပစ်ချလိုက်သည်။

ဟာဟိုတိုင်မှာ သေတွင်းမှ လက်မတင်ကလေး လွတ်မြောက်လာရသဖြင့် ကိုယ့်အဖြစ်မှန်ကို ကိုယ်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ အံ့ဩလွန်းသဖြင့် မှင်သက်ငေးကြောင်နေသည်။

တိမ်ရိုလွှင်နှင့် ကူကျင်ပြောင်တို့သည် ဟာဟိုတိုင်အနီးသို့ ခုန်ဝင်သွားကာ သွေးကြောများ ဖွင့်ပေးလိုက်ကြ၏။

'သတိထား။ နောက်မှာလာပြီ'

ယီရိုထုံး၏ အော်ဟစ်သတိပေးသံကြောင့် ဝင်ထိုက်လိုက်သည် နောက်သို့လှည့်လိုက်သည်။ ဝင်ထိုက်လိုက်သည် ရှန်ပယ်ကာန်း ရိုက်ချလာသော သံကွင်းလက်နက်ကို ခေါင်းငုံ့ရှောင်တိမ်းလိုက်ပြီး ရှန်ပယ်ကာန်းကို ပြန်လည် တိုက်ခိုက်သည်။ ရှန်ပယ်ကာန်းက ဝင်ထိုက်လိုက်၏ ခြေကန်ချက်ကို ရှောင်တိမ်းလိုက်ပြီး ဝင်ထိုက်လိုက်၏ ခါးဝင်ဆီသို့ ပက်ကန်လိုက်ပြန်သည်။

ဝင်ထိုက်လိုက်က ရှန်ပယ်ကာန်း၏ သံကွင်းလက်နက်ကို လက်ဖြင့် ဖမ်းဆုတ်လိုက်ပြီး ခုန်ပျံရှောင်တိမ်းလိုက်သည်။ ထိုနောက် နှစ်ယောက်သားမှာ သဲသဲမဲမဲ တိုက်ခိုက်ကြလေတော့သည်။

ယီရိုထုံးသည် ထိုနှစ်ယောက်၏ ယှဉ်ပြိုင်တိုက်ခိုက်ပုံကို ငေးကြည့်နေမိသည်။ တိမ်ရိုလွှင်၊ ကူကျင်ပြောင်၊ ဟာဟိုတိုင်နှင့် ဟန်ဝင်ကျုံးတို့လေးယောက်သည်လည်း တံခါးဝတွင် ရပ်လျက် တိုက်ပွဲ

ကို စေ့စေ့ကြည့်မိကြသည်။

ရန်ပယ်ကန်းမှာ တိမ်ရိုလွှင်တို့လူစုက ဝင်ရောက်ကူညီခြင်း မရှိသဖြင့် လွန်စွာမကျေမနပ်ဖြစ်နေ၏။ ဝင်တိုက်လိုက်မှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်သဖြင့် သူ့ခမျာ အသေအလဲ တိုက်ခိုက်နေရသည်။

ဝင်တိုက်လိုက်သည် ရန်ပယ်ကန်း၏ တိုက်ကွက်ကို ပထမ၌ ရှောင်တိမ်းနေ၏။ သို့သော် တဖြည်းဖြည်း တိုက်ကွက်ကြာညောင်းလာသောအခါ ရန်ပယ်ကန်း၏ သံကွင်းတိုက်ကွက်စွမ်းရည်ကို နားလည်သဘောပေါက်ပြီး သူ၏ ခုခံတိုက်ကွက်ကို ပုံစံပြောင်းလိုက်တော့သည်။

ဝင်တိုက်လိုက်သည် သူ၏ နှာမည်ကြီး မိုးချုန်းလက်ဝါး တိုက်ကွက်ကို ခင်းလိုက်သည်။ အချိန်ကြာလာသောအခါ ဝင်တိုက်လိုက်၏ အတွင်းအားထုတ် အော်ဟစ်သံမှာ ကျယ်လောင်သည်ထက် ကျယ်လောင်လာပြီး မြန်သည်ထက် မြန်လာသည်။

တိုက်ရှိန်ပြင်းထန်လျက်မြန်လာသဖြင့် ရန်ပယ်ကန်းမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာရတော့သည်။

ရန်ပယ်ကန်းမှာ ခုခံကာကွယ်ရန် ခက်ခဲလာသောကြောင့် သူ၏ တိုက်ကွက်ကိုလည်း ပုံစံပြောင်းလိုက်ရသည်။ တစ်လုံးတည်းသော မျက်လုံးမှာ မျက်ဖြူလန်သလို ဖြစ်သွား၏။

ခြေထောက်များက ခုန်ဆွခုန်ဆွဖြစ်လာ၏။ ရန်ပယ်ကန်းက သူ၏ နာမည်ကြီး ဖုတ်ဝင်သိုင်းကွက်ကို စတင်အသုံးပြုလိုက်ခြင်းပင် ဖြစ်ပေတော့သည်။

ဤဖုတ်ဝင်သိုင်းကွက်မှာ လူသေအလောင်း၏ ဝိညာဉ်ကိုခေါ်ယူ သေးထိုးကာ လူသေကောင် လှုပ်ရှားလာအောင်ပြုလုပ်ပြီး ထိုဖုတ်ဝင် လူသေကောင်၏ လှုပ်ရှားမှုကို အတုယူ၍ သိုင်းကွက်အဖြစ် ပုံဖော် ပြောင်းလဲအသုံးပြုခြင်းဖြစ်သည်။



ဤသိုင်းကွက်အသုံးပြုလျှင် မျက်လုံးနှစ်လုံးမှာ အထက်သို့ မျက်ဖြူလန်ထားကာ တစ်ဘက်လူ သေမျက်အောင် စူးစိုက်ကြည့်၍ ရလေသည်။

လက်နှစ်ဘက်မှာလည်း ဆန့်ထန်းထားပြီး အရှက်အောက် သေးသီလှုပ်ယမ်းပြီး မျက်စိရှုပ်ထွေးအောင် တိုက်ခိုက်ရသည်။

ခြေထောက်နှစ်ချောင်းကိုလည်း ဒူးကွေးခြင်း၊ ညွှတ်ခြင်းမပြုဘဲ တောင့်တောင့်ကြီးထားကာ ခုန်ဆွခုန်ဆွဖြင့် လျင်လျင်မြန်မြန် လှုပ်ရှားရသည်။ ဤတိုက်ကွက်ကို မသိနားမလည်သောရန်သူအဖို့ ချောက်ချားပြီး သူ့ ထောင်ချောက်အတွင်း ကျဆင်းသွားနိုင်ပေသည်။

ယင်း ဖုတ်ဝင်သိုင်းကွက်ကို ကျင့်ယူခြင်းမှာ လျှို့ဝှက်ခက်ခဲပြီး လူသေအလောင်းကို ဖော်ယူလေ့ကျင့်ရသောကြောင့် သိုင်းလောကက နှင့်မပြုသော သိုင်းပညာဖြစ်ပေသည်။

ဤသိုင်းပညာ လေ့ကျင့်ထားသူကိုလည်း အောက်လမ်းသိုင်းပညာရှင်တစ်ယောက်အဖြစ် သတ်မှတ်ကာ ဝိုင်းပယ်လေ့ရှိကြသည်။

ဝင်တိုက်လိုက်မှာ ဤဖုတ်ဝင်သိုင်းကွက်အကြောင်းကိုကောင်းစွာ နားလည်ထားသူဖြစ်၍ ရန်ပယ်ကန်း၏ တိုက်ကွက်ကို မကြောက်ပေ။

အရင်းဆဲလျှင် အမျိုးထင်းဖြစ်သည်ဆိုသော စကားအတိုင်း ရန်ပယ်ကန်း၏ ခြေထောက်များကို အဓိကထား၍ တိုက်ခိုက်သည်။

ဝင်တိုက်လိုက်သည် ရန်ပယ်ကန်း၏ အောက်ပိုင်းကိုခြေဖြင့် ကန်ကျောက်တိုက်ခိုက်နေရာမှ ရုတ်တရက် အပေါ်သို့လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်လေ၏။

'ဝုန်း'

ရန်ပယ်ကန်း၏ မျက်နှာမှာ လက်ဝါးဖြင့် အရိုက်ခံလိုက်ရတော့၏။

'ဂျို'

မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ စီးဆင်းလာကာ ယိုင်တိုး ယိုင်တိုးဖြစ်ပြီး သွေးများ ထိုးအန်လေတော့၏။

'ရန်ပယ်ကန်း.... ရန်ပယ်ကန်း။ သတိ.... '

ဟန်ဝင်ကျိုး ပြေးထွက်သွားပြီး ရန်ပယ်ကန်းကို ကိုင်လှုပ်လိုက်သည်။ သူ၏ စကားမဆုံးမီပင် ရန်ပယ်ကန်းမှာ တစ်ဘက်သို့ မှိုင်းခနဲ လဲကျသွားလေတော့၏။

အသေအချာကြည့်လိုက်သောအခါ ရန်ပယ်ကန်း၏ နဖူးပြင်တွင် လက်ညှိုးချောင်းရာ ချိုင့်ဝင်နေပြီး ဦးခေါင်းနှင့် ကွဲကြေသေဆုံးသွားခြင်း ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ဟန်ဝင်ကျိုးမှာ စိတ်မသက်မသာ ဖြစ်သွားပြီး ဝင်ထိုက်လိုက်ကို ဦးညွှတ်နှုတ်ဆက်လိုက်သည်။

'ခင်ဗျား မန်းမွှင့်နီကိုတ်ရဲ့ နံပါတ်လေးခေါင်းဆောင် ဝင်ထိုက်လိုက် မဟုတ်လား။ ကျုပ်က ဟန်ဝင်ကျိုးပါ။ အခုလို တွေ့ရတာ ဝမ်းသာပါတယ်'

ဟန်ဝင်ကျိုးက လိုက်လိုက်လှဲလှဲရှိသော်လည်း ဝင်ထိုက်လိုက်က ခေါင်းတစ်ချက်ညိတ်သည်။

ဟန်ဝင်ကျိုးက တိမ်နီလွှင်တို့နှင့် ထပ်မံနှုတ်ဆက်ပေးသော်လည်း ချောက်ချား သွေးမျက်ပွယ်ရာအဖြစ်အပျက်များကြောင့် တိမ်နီလွှင်တို့မှာ ခေါင်းညိတ် အသိအမှတ်ပြုရုံသာပြုပြီး စကားမပြောကြပေ။

ဟန်ဝင်ကျိုးက....

'ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး'

ဟန်ဝင်ကျိုး ပြေးထွက်သွားသောအခါ တိမ်နီလွှင်တို့လည်း ပြေး ထွက်သွားကြတော့သည်။ ကူကျင်ပြောင်၏ခါးတွင် ယိဂျိထုံး၏ ရွှေပလွေကို တွေ့လိုက်ရသဖြင့် ဝင်ထိုက်လိုက်က လှမ်း၍ တားလိုက် လေ၏။

'မိတ်ဆွေ၊ ခါးကြားထဲက ရွှေပလွေထားခဲ့ပါ'

ကူကျင်ပြောင် ဆတ်ခနဲ ရပ်လိုက်ပြီးနောက်သို့ လှည့်ကာခေါ်သံ တကြီး၊ ပြန်ပြောလိုက်သည်။

'သတ္တိရှိရင် လာယူပါလား'

ဝင်ထိုက်လိုက် ခေါ်သထွက်သွားသည်ကို တွေ့လိုက်ရသဖြင့် ယိဂျိထုံးက ကမန်းကတန်း ဝင်တားလိုက်သည်။

'နေပါစေတော့၊ ရှိပါစေတော့။ ကျုပ်လဲ သာသနာ့အောင်ထဲကို ဝင်ခဲ့ပြီးပြီပဲ။ ပလွေသုံးဖို့ မလိုတော့ပါဘူး။ သူ လိုချင်ရင်လဲ ယူသွားပါ စေတော့လေ'

ကူကျင်ပြောင်သည်လည်း ထွက်ခွာပြီး ထံခါးပကြီးကို ကျော်ဖြတ်ကာ အမှောင်ထုတွင်းသို့ ဝင်ရောက်သွားသည်။ ထိုစဉ် သူ့ခါးကြားမှ တစ်ခုခုကို နှိုက်ယူခြင်းခံလိုက်ရသည်ဟု ထင်မှတ်မိသဖြင့် လက်ဖြင့် ကမျာကယာ စမ်းကြည့်လိုက်သည်။

ရွှေပလွေကား သူ့ခါးကြားတွင် မရှိမနေတော့ပေ။ သူ အံ့အားသင့် ထိတ်လန့်သွားသည်။

'အမယ်လေး၊ ဝင်ထိုက်လိုက်ဆိုတဲ့ကောင် သိပ်ပြန်ပါလား။ ရွှေပလွေကို နိုးသွားပြီ ခွေးသူခိုး'

ကူကျင်ပြောင်က အော်ကြီးဟစ်ကျယ် ဆဲဆိုလိုက်သည်။

'တိမ်နီလွှင်မှာ မနေသာတော့ဘဲ....

'တိတ်စမ်း.... ဟောကောင်၊ ဆဲမနေစမ်းနဲ့၊ ဟိုက နင့်ခါးကြား ထဲက ပလွေကို မနိုက်ဘဲ နင့်နောက်ကျောကို တစ်ချက်သာရိုက်လိုက်ရင် နင် မသက်သာဘူး'

ကူကျင်ပြောင် နှုတ်ပိတ်သွားပြီး တိမ်နီလွှင်တို့ ပြေးထွက်သွားရာ သို့ လိုက်ပြေးတော့သည်။ မြို့ပြင်သို့ရောက်သောအခါမှ သစ်ပင်ကြီး

တစ်ပင်အောက်၌ ရပ်နားပြီး ရှေ့ခရီးစဉ်ကို တိုင်ပင် ဆွေးနွေးကြ၏။

တိမ်ရီလွင်က ဟူချစ်မုံအား ကလဲ့စားချေမည်ဟု ဆို၏။ ဟန်ဝင်ကျူးက သူသည် သိုင်းလောကကို စိတ်ကုန်ပြီဖြစ်၍ မလိုက်လိုတော့ဟု ပြောသည်။

ထို့ကြောင့် တိမ်ရီလွင်၊ ကူကျင်ပြောင်နှင့် ဟာသိုတိုင်တို့ သုံးဦးသာ စင်ကျန်းပြည်နယ်ဘက်သို့ ခရီးဆက်ကြလေတော့သတည်း။

ဝင်ထိုက်လိုက်သည် တိမ်ရီလွင်တို့အုပ်စု ထွက်ခွာသွားသည်နှင့် ယီရိုထုံအား မည်သည့်အတွက်ကြောင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ရသည်ကို မေးသည်။ ယီရိုထုံးက ဘာမျှ ပြန်မပြောပေ။

အတန်ကြာသောအခါမှ ယီရိုထုံးက တိုးတိုးပြောလေ၏။

'ပြန်ပါတော့ ဒကာကြီး။ ဒီကိစ္စတွေကို ဦးပဉ္ဇင်း ဘာမှ ပြန်မပြောချင်တော့ပါဘူး။ နောင်တစ်ချိန်ချိန်မှာ ဦးပဉ္ဇင်းတို့ ဒကာကြီးတို့ဟာ သံသရာခရီးသည်တွေမို့ ပြန်ဆုံစည်းကြရင် ဆုံစည်းကြဦးမှာပါ။ ဦးပဉ္ဇင်းကိုလဲ အရင်ကလို နံပါတ်ဆယ်လေးညီတော်တစ်ယောက်ရယ်လို့ လွမ်းကြောင်လို မသတ်မှတ်ပါနဲ့တော့။ ဦးပဉ္ဇင်း အေးအေးအေးအေးပဲ နေပါရစေတော့'

ယီရိုထုံးသည် စကားဆုံးသည်နှင့် ဝင်ထိုက်လိုက်ကို ကျောခိုင်းကာ သူ့အခန်းထဲသို့ ဝင်သွားလေတော့၏။ သံယောဇဉ်ကင်းပြတ်လှသော ယီရိုထုံး၏ အပြုအမူကြောင့် ဝင်ထိုက်လိုက်မှာ ငေးကြောင်ကြောင်ကြီး ဖြစ်သွားရသည်။

'အင်း.... ဒီကိစ္စကို ဂိုဏ်းချုပ်ကြီးနဲ့ တိုင်ပင်မှ ဖြစ်တော့မယ်'

ဝင်ထိုက်လိုက်သည် ဘာမျှ မပြောနိုင်တော့သဖြင့် ထိုသို့သာ စိတ်ထဲက ရေရွတ်မိရှာတော့သည်။ သူသည် ကျောင်းဝင်းထဲမှ လေးကန်သော ခြေလှမ်းများဖြင့် ထွက်ခွာသွားလေတော့၏။





ယီရိုထုံးမှာ ဝင်ထိုက်လိုက်ကို ကျောခိုင်းထွက်ခွာလာပြီးသည့်နောက်ပိုင်း၌ သိုင်းလောကအကြောင်း လုံးဝ မတွေးတောလိုတော့ပေ။

ထို့ကြောင့် ဘုရားရှိခိုးဆောင်ရှေ့၌ထိုင်ကာ ဦးချရှိခိုးလေတော့သည်။ စိတ်အေးချမ်းမှု အထောက်အထောင့်ရကာမှ ဦးခေါင်းကို မော့လိုက်၏။

ထိုအခါ ဘုရားဝင်ရှေ့၌ ပြောင်လက်တောက်ပနေသော ရွှေမလွှကို တွေ့လိုက်ရတော့သည်။ ထို့ပြင် သူ့နောက်၌ တစ်စုံတစ်ယောက် ရောက်နေသလို ခံစားလိုက်မိသဖြင့် ရုတ်တရက် လှည့်ကြည့်လိုက်သည်။

ထိုအခါ သူ့အား ငိုမဲ့မဲ့မျက်နှာပေးဖြင့် ကြည့်နေသော လီရန်ကျိအား တွေ့လိုက်ရတော့သည်။ သို့သော် ယီရိုထုံးသည် သူ့ဦးခေါင်းကို ဖြည်းညင်းစွာ ပြန်လှည့်ပြီး ရှင်ပွားတော်၏ မျက်နှာတော်ကိုသာ အာရုံစိုက်၍ ဖူးမြော်နေလေတော့၏။

လီရန်ကျိမှာ ယီရိုထုံးကို သင်္ကန်းဝတ်နှင့် တွေ့လိုက်ရသည်မှာ သည်ဘဝမှာတော့ စည်းခြားခဲ့ရပြီဟု သိရှိနားလည်သွားသည်။

သူမ၏ရင်ထဲတွင် တစ်ဆို့ဆို့ခံစားလာပြီး မျက်ရည်များ တွေ့စို့လာသည်။ ယီရိုထုံးကို သူမအနေနှင့် စကားများစွာ ပြောဆိုချင်သော်လည်း တုန်ယင်နေသော နှုတ်ခမ်းကလေးမှ မည်သည့်စကားလုံးမျှ ထွက်မလာနိုင်ဘဲ ဖြစ်နေ၏။ သူမသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိလေတော့သည်။

☆ ☆ ☆

## အခန်း (၁၄)

# ဝင်ကျွန်ဒေသသို့

ဝင်ထိုက်လိုက်မှာ စိတ်ရှုပ်ထွေး နောက်ကျိုစွာဖြင့် တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ သူ၏ ခြေလှမ်းများမှာ လေးတွဲ့နေပြီး သူ၏အသွင်အမူအရာများမှာလည်း နွမ်းနယ်လိုက်မှိုင်းနေလေသည်။ [illegible] သူ တည်းခိုခန်းသို့ ရောက်သောအခါ သူ ပျောက်နေသဖြင့် လိုက်ရှာရန် ထွက်တော့မည့် ချောပင်နှင့် ပက်ပင်းတန်းတိုးလေ၏။

'အစ်ကိုတစ်ယောက်တည်း လျှောက်ထွက်သွားတာပဲ၊ သူများကိုတော့ ခေါ်ဖို့ သတိမရဘူး'

ချောပင်က ဝင်ထိုက်လိုက်ကို ရန်တော့သည်။

ဝင်ထိုက်လိုက်က နွမ်းနယ်စွာပြော၏။

'အစ်ကို ယီမိုထုံးနဲ့ တွေ့ခဲ့တယ်'

'ဟင်.... ဟုတ်လား။ ဘယ်မှာလဲ အစ်ကို သူ အခု ဘယ်မှာလဲ'



ချောပင်က ဝင်ထိုက်လိုက်ကို ဝမ်းသာအားရ မေးသည်။

'ဟုတ်တယ်၊ အစ်ကို သူ့ကိုတွေ့ခဲ့တယ်၊ သူ အခု ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးဝတ်သွားပြီ'

'ရှင်.... ဘုန်းကြီး ဝတ်သွားပြီ ဟုတ်လား'

'ဟုတ်တယ် ညီမ၊ သူနဲ့တို့နဲ့က ဘဝချင်းမတူကြတော့ဘူး'

'အို.... ဟုတ်မှ ဟုတ်ရဲ့လား အစ်ကိုရယ်၊ ဒါတွေဟာ တကယ်တွေပဲလား'

ချောပင်သည် ဝင်ထိုက်လိုက်၏ ရင်ဘတ်အကျႌကို ဆွဲကိုင်ပြီး တဖွဖွမေးမြန်းသည်။

ဝင်ထိုက်လိုက် ခေါင်းညိတ်ပြလိုက်သောအခါ စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်များစီးကျလာလေတော့သည်။ ယီမိုထုံးတစ်ယောက် အဘယ့်ကြောင့် သာသနာ့ဘောင်သို့ ကူးပြောင်းဝင်ရောက်သွားခဲ့သည်ကို သူမ သိရှိထားခဲ့သည် မဟုတ်ပါလား။

'ကဲ.... လာညီမ၊ ဒီအကြောင်းတွေ ဂိုဏ်းချုပ်ကြီးကို သွားပြောကြရအောင်'

ပန်းပွင့်နီဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ရှိန်ကျုံးလောင်၏ အခန်းထဲ၌ ပန်းပွင့်နီဂိုဏ်းခေါင်းဆောင်အဝေ်များများ စုညီနေလေသည်။ ဝင်ထိုက်လိုက် ပျောက်နေသဖြင့် လိုက်လံရှာဖွေရန် ဆွေးနွေးနေကြခြင်းဖြစ်သည်။ ထိုအချိန်၌ ဝင်ထိုက်လိုက် ရောက်လာသဖြင့် အားလုံးဝမ်းသာ ပျော်ရွှင်သွားကြသည်။

သို့သော် သူတို့၏ ဝမ်းသာမှုမှာ ကြာရှည်မခံချေ၊ ဝင်ထိုက်လိုက်က ယီမိုထုံးအကြောင်း ရှင်းပြလိုက်သောအခါ အားလုံးမှင် တိုင်သွားကြတော့သည်။

'ဝုန်း.... '

'ညီလေး.... ဘယ်ကိုပြေးတာလဲ'

ကျိန်ကျင်သည် မပြောမဆို ဝုန်းခနဲ ထပြေးသွားတော့၏။ သူသည် ယီရိုထုံရှိရာ ဘုန်းကြီးကျောင်းမှတပါး အခြားနေရာသို့ ပြေးလိမ့်မည် မဟုတ်ချေ။ ပန်းဖွင့်နီဂိုထင်းသားအားလုံး ကျိန်ကျင်နောက်သို့ ပြေးလိုက်ကြလေတော့၏။

ဘုရားကျောင်းဝင်းကား လုံးဝငြိမ်သက်တိတ်ဆိတ်နေလေ၏။ လူသူအရိပ်အယောင်ဟူ၍ လုံးဝမတွေ့ရှိကြရချေ။ တကယ်လည်း လူသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိတော့ချေ။ ဤကျောင်းထဲမှ ဘုန်းတော်ကြီးများနှင့် ကိုယ်ရင်များသည် အလွန်တရာ နူးညံ့သိမ်မွေ့သူများ ဖြစ်ကြ၏။

ဝင်ထိုက်လိုက်က ရန်သူများကို ရက်ရက်စက်စက် သတ်ဖြတ်သည်ကို တွေ့မြင်ကြရသောအခါ သူတို့သည် ဤကျောင်းထဲ၌ မနေရဲတော့ပေ။ အားလုံးပင် ကျောင်းကို စွန့်ခွာပြေးသွားခဲ့ကြပေသည်။

ချိန်ကျန်းလောင်တို့သည် တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာပါသော်လည်း ယီရိုထုံကို မတွေ့ကြရပေ။ သို့ရာတွင် ဘုရားစင်ရှိရာ အခန်းသို့ ရောက်သောအခါ ဘုရားစင်ပေါ်မှ တလူလူလွင့်နေသော စာရွက်တစ်ရွက်ကို တွေ့ရှိလိုက်ကြရသည်။ ယီရိုထုံး ရေးသားထားခဲ့သော စာဖြစ်ကြောင်း အားလုံးက နားလည်သိရှိလိုက်ကြသည်။ ထို့ကြောင့် ဝိုင်းအုံကာ ထိုစာကို ဖတ်ရှုလိုက်ကြသည်။

*ငိုဏ်းချုပ်ကြီးနှင့် ညီအစ်ကိုအပေါင်းတို့ခင်ဗျား...*

ကျွန်ုပ်သည် လောကရေးရာ အရှုပ်အထွေးပြဿနာများနှင့် ဖြစ်မှုများကို ကျူးလွန်ခဲ့သည့်အတွက် တရားရေအေးအကြိုက်ဆေးနှင့် ဖွပ်လျှော်ဝတ်ချမ္ဘိ စိတ်ဆုံးဖြတ်ပြီး သာသနာ့ဘောင်ကို ဝင်ရောက်သွားခဲ့ပါပြီ။



လူဝတ်ကြောင် ဘဝတုန်းက ကျွန်ုပ်ထမ်းဆောင်ခဲ့သည့် မန်ချူးတော်လှန်ရေးအစီအစဉ်ကို ကျွန်ုပ်မရှိသည့်နောက် ညီအစ်ကိုအပေါင်းက ဆက်ထမ်းရိုးတို့ပြီး တာဝန်ယူ ဆောင်ရွက်ကြလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ဆောင်ရွက်ကြပါရန်လည်း ကျွန်ုပ် မေတ္တာရပ်ခံ တောင်းပန်ပါသည်။

ယခုအချိန်တွင် ကျွန်ုပ်မှာ ဤဘုန်းကြီးကျောင်းမှနေ၍ ပြင်ဆင်ဆောက်လုပ်ရန်အတွက် အလှူခံထွက်သွားခဲ့ပါပြီ။ ဤအရပ် ဤဒေသသို့ ထပ်ပါလာအတွင်း ရောက်လာနိုင်မည် မဟုတ်သလို၊ တစ်သက်ပတ်လုံးလည်း ပြောက်လာချင်မှ ရောက်လာနိုင် လိမ့်မည်။ ကျွန်ုပ်အတွက် စဉ်းစားတွေးတော မပူပန်ကြပါနှင့်။

ကျွန်ုပ် ညီအစ်ကိုတို့အား တစ်ခု မှာကြားခဲ့ပါရစေ၊ ရန်မီးကြွင်းကို ငြိမ်းသတ်ကြပါ။ အတုံ့ရှိလျှင် ကျေအေးကြပါ။ ယခုဆိုလျှင် ကွမ်တုံဘီလူးခြောက်ယောကျ်ားထဲမှ ထိမ်ရီလွင်၊ ကုကျင်ပြောင်နဲ့ ဟာဟိုထိုင်တို့ ညီနောင်သုံးဦးသည် စင်ကျန်ပြည်နယ်သို့ ခရီးထွက်သွားနေကြပါပြီ။ ဟူချစ်မုံကိုရှာပြီး ကလဲ့စားချေမည်ဟု သိရပါသည်။ ညီအစ်ကိုတို့ သတိပေး တားမြစ်ကြပါ။

(ယီရိုထုံး)

ယီရိုထုံ၏စာကို ဖတ်ပြီးနောက် အားလုံး စိတ်မကောင်းဖြစ်သွားကြရသည်။ အထူးသဖြင့် ချောပင့်မှာ ပို၍ပင် ဝမ်းနည်းပက်လက် ဖြစ်သွားရသည်။

'တောက်.... ကျုပ်တို့ ဒီဘုန်းကြီးကျောင်းကို မီးရှို့ပစ်လိုက်မှသိ ဒါမှ ဘုန်းကြီး မဝင်နိုင်တော့မှာ'

ကျွန်ကျင်မှာ သံယောဇဉ်ကြီးသူတစ်ယောက်ဖြစ်သော်လည်း စဉ်းစားမြော်မြင်ဉာဏ်နည်းပါးသူ တစ်ယောက်ဖြစ်သည်။ ချောပင်က လှမ်းပေါက်လိုက်မှသာ ဘုန်းကြီးကျောင်းကို မီးရှို့မည့် သူ့အစီအစဉ်မှာ ရပ်ဆိုင်းသွားသည်။

'ယီရိုထုံးက လောကီရေးရာကို သိပ်ပြီး စိတ်မကုန်သေးပါဘူး။ သူ ဘုန်းကြီးဝတ်နဲ့ ကြာမယ် မထင်ဘူး'

ရှစ်ထင်ဟုန်က သူ့အယူအဆကို ပြောသည်။

ဝင်ထိုက်လိုက်က

'ငါ့ညီက ဘယ်လိုများ တွေးမိလို့လဲ'

'ပထမအချက်အနေနဲ့ သူဟာ ကျွန်တော်တို့ ကြိုးစားအားထုတ်နေတဲ့ မန်ချူးတော်လှန်ရေးကြီးကို စိတ်မချနိုင်သေးသလို စိတ်မကုန်သေးဘူး။ ဒုတိယအချက်ကတော့ ကျောင်းပြင်ဖို့ အလှူခံသွားတဲ့ကိစ္စပဲ၊ သူဟာ တစ်သက်လုံးက မာန်ထောက်ခဲ့တဲ့သူ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ခဲ့တဲ့သူ၊ အဲဒီလိုလူမျိုးက သူတစ်ပါးကို အောက်ကျို့ပြီး အလှူခံမယ်ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်မှာမဟုတ်ဘူး။ အဲ.... တစ်နည်းတော့ရှိတယ်၊ အဲဒါကတော့ ကျွန်တော်တို့ဂိုဏ်းက လုပ်နေကျ အလုပ်မျိုးကို သူလုပ်မှ ရမှာပဲ'

'ဘာအလုပ်လဲ'

'ဘယ်အလုပ်ဖြစ်မလဲ၊ မတရားစီးပွားရှာပြီး ကြီးပွားချမ်းသာလာတဲ့ လူတွေဆီက မရရတဲ့နည်းနဲ့ခိုးယူ၊ ဓားပြတိုက်၊ ပြန်ပေးဆွဲတဲ့ အလှူခံနည်းပဲပေါ့'

အားလုံးရယ်မောလိုက်ကြသည်။

'ဒါဆိုရင် ဘုန်းကြီး ဘယ်ပီသတော့မလဲ'

'ဒါပေါ့၊ နောက်ပြီး ရှိသေးတယ်၊ သူက ဟူချစ်မုံ ပြဿနာထက်



မှာကိုတော့ စိတ်မချနိုင်သေးဘူးဆိုတော့ လောကီရေးရာကို စိတ်မကုန်သေးဘူး။ သံယောဇဉ် မပြတ်သေးဘူးဆိုတာ ဖော်ပြနေတာပဲ'

ရှစ်ထင်ဟုန်၏ ထင်မြင်ချက်၊ တွေးဆချက်ကို အားလုံးက သဘောတူ ထောက်ခံကြသည်။

'အင်း.... ကွမ်တုံဘိလူးသုံးကောင်ရဲ့ သိုင်းပညာကတော့ အတော်ကလေးပဲ ထက်မြက်တယ်လို့ ဆိုရမယ်၊ ဟူချစ်မုံရဲ့ အဆင့်အတန်းကကော ဘယ်လိုရှိသလဲ'

'ဟူချစ်မုံနဲ့ ဟိုရှစ်ကျွန်တို့ သိုင်းပညာယှဉ်ပြိုင်ကြတာကိုတော့ ကျွန်တော် တွေ့ရပါတယ်၊ ဟိုရှစ်ကျွန်နဲ့ဆိုရင် ဟူချစ်မုံက နည်းနည်းသာတယ်လို့တော့ ပြောရလိမ့်မယ်၊ ဒါပေမယ့် အဲဒီပွဲမှာ ဂိုဏ်းချုပ်ကြီး သာဝင်ပြီး မကူညီခဲ့ရင် ဟူချစ်မုံ မလွယ်ပါဘူး'

'ဒါဆိုရင်တော့ မဖြစ်ဘူး။ တိမ်နီလွင်က အတွင်းအားပညာ တော်တော်ကလေး ကောင်းတယ်၊ သိုင်းပညာလည်း အဆင့်အတန်းမြင့်တယ်'

ရှစ်ထင်ဟုန်က အနည်းငယ် စဉ်းစားလိုက်၏။ နောက်မှ တစ်လုံးချင်း ပြောသည်။

'ဒါဖြင့်ရင် ကျွန်တော်တို့တစ်တွေ အရပ် စင်ကျွန်းပြည်နယ်ကို ခရီးဆက်ကြရလိမ့်မယ်၊ လမ်းခုလတ်မှာ သူတို့သုံးယောက်ကို တားဆီးထားနိုင်ရင်တော့ ပိုကောင်းတာပေါ့၊ ဒါမှမဟုတ်လဲ သူတို့အရင်ရောက်သွားပြီး ကြိုတင်အကြောင်းကြားသင့် ပြင်နိုင်းတာမှ ဖြစ်လိမ့်မယ်၊ ယီရိုထုံးရဲ့ကိစ္စကိုတော့ နောက်ကြုံမှပဲ ကြည့်စီစဉ်ကြတာပေါ့'

ရှစ်ထင်ဟုန်၏ အစီအစဉ်ကို အားလုံးက သဘောတူကြသည်။ ချိန်ကျွန်းလောင်က ဒေသခံ ပန်းပွင့်နီဂိုဏ်းခွဲခေါင်းဆောင်အား ဘုန်းကြီးကျောင်းကို ပြုပြင်ပေးရန်အတွက် ဌာနချုပ်သို့သွားရောက်ကာ လိုအပ်သော ငွေကြေးများ ယူဆောင်ရန် အမိန့်ပေးလိုက်သည်။

ထို့နောက် တစ်အုပ်စုလုံး မြို့ထဲသို့ ပြန်ဝင်လာကြ၏။

ချိန်ကျွန်းလောင်တို့အုပ်စု စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်ပြီး မနက်စာ သားသောက်ကြသည်။ စားပြီးသောက်ပြီးလျှင် ရှစ်ထင်ဟုန်က

'ဘီလူးသုံးကောင်ကတော့ ကျုပ်တို့အရင် ရေ့ကသွားနှင့်နေပြီ၊ သူတို့ကို အမီလိုက်မှ ဖြစ်လိမ့်မယ်၊ ဒီတော့ ကျုပ်တို့ရဲ့ မြင်းဖြူကြီးကို ဒီနေရာမှာ အသုံးချကြရမယ်၊ ဘာပြုလို့လဲဆိုတော့ ဒီအချိန်မှာ ဟူကျော်လွှင်တို့က စစ်ရေးစစ်ရာကိစ္စတွေ ကောင်းတယ်၊ ကွမ်တုံ ဘီလူးသုံးကောင်နဲ့လဲ တစ်ခါမှမတွေ့ဖူး မဆုံဖူးဘူး၊ နောက်တစ်ချက်က စင်ကျန်းတွေနဲ့ မန်ချူးတွေရဲ့ပွဲမှာ ဟူချစ်မှုံတို့အတွက် အကြံဉာဏ်တွေ အများကြီးပေးနိုင်တယ်'

ချိန်ကျွန်းလောင်ကိုယ်တိုင် စင်ကျန်းဒေသသို့ သွားလိုသည်။ သို့သော် သူ့အနေဖြင့် စတင်ပြောရန် မသင့်လျော်သဖြင့် ရှေ့နှုတ်ပိတ်နေခြင်းဖြစ်သည်။ ရှစ်ထင်ဟုန်က လမ်းခင်းပေးသောအခါ ချိန်ကျွန်းလောင်က ခေါင်းညိတ်သည်။

'ကောင်းပြီလေ၊ ဒါဆိုရင် ကျုပ်ပဲ သွားလိုက်ပါ့မယ်'

ချိန်ကျွန်းလောင်က ခနဲ့စကားပြောပြီး မြင်းဖြူကြီးပေါ်သို့ လွှားခနဲ ခုန်တက်ကာ အားလုံးကို နှုတ်ဆက်ထွက်ခွာသွားတော့သည်။

☆ ☆ ☆

အခန်း (၁၅)

# သဲကန္တာရ ခရီးစဉ်

ချိန်ကျွန်းလောင်သည် မြင်းဖြူကြီးကို စက်ဖွင့်ကာ ခုန်စိုင်းနှင်နေသည်။ ချိန်ကျွန်းလောင်သည် လေအလျှင်ကဲ့သို့ မြန်ဆန်လှသော မြင်းကြီးကိုပင် နှေးကွေးသည်ဟု ထင်မှတ်နေ၏။

ကွမ်တုံဘီလူးသုံးကောင်ကို သူ မကြောက်ချေ။ သူနှင့်မတွေ့ဘဲ ဟူချစ်မှုံတို့နှင့် အလျှင်ဦးဆုံး တွေ့မည်ကိုသာ သူကြောက်သည်။

ကွမ်တုံဘီလူးသုံးကောင် အလျှင်ဝင်တိုက်လျှင် ဟူချစ်မှုံ ခုခံ ရောက်နိုင်သည် မဟုတ်ပါလား။

ဟူချစ်မှုံ၏ ရုပ်ပုံလွှာ... ။

ချိန်ကျွန်းလောင်၏ အကျီစများသည် လေထဲ၌ တဖျတ်ဖျတ် လွင့်နေ၏။

သူ၏ စိတ်အစဉ်များသည်လည်း ဟူချစ်မှုံထံ ရောက်နေ၏။ ဟူချစ်မှုံ၏ ကျစ်လျစ်ပြည့်တင်းသော ခန္ဓာကိုယ်၊ ရွှေရုပ်ပမာမျက်နှာ၊ နှစ်လိုဖွယ် အပြုံးနှင့် သွက်လက်ဖျတ်လတ်လှသော လှုပ်ရှားမှုကလေးများကို ချိန်ကျန်းလောင် မြင်ယောင်နေသည်။

လူချေချင်း၏ တပည့်ဖြစ်သူနှင့် ဟူချစ်မှုံတို့ ရင်းနှီးကျွမ်းဝင်နေကြသည်ကို ချိန်ကျန်းလောင် မလိုလားပေ။

ဟူချစ်မှုံနှင့် လီရန်ကျိုတို့ မေတ္တာနှောင်ကြိုးများ တဲသားစိုးကြလေပြီလားဟုလည်း ချိန်ကျန်းလောင် သံသယဝင်နေမိသည်။

ယခု အချိန်အထိပင် ချိန်ကျန်းလောင်သည် လီရန်ကျိုအား ယောကျ်ားကလေးတစ်ယောက်အဖြစ် ရုပ်ဖျက်ထားသော မိန်းမပျို စစ်စစ်တစ်ယောက်ဖြစ်သည်ကို မသိရှိသေးပေ။

ထို့ကြောင့်လည်း ဟူချစ်မှုံနှင့် ပတ်သက်ပြီး လီရန်ကျိုကို မလိုလားနိုင်ပဲ ဖြစ်နေရခြင်းပင်။

ချိန်ကျန်းလောင်သည် ဟူချစ်မှုံနှင့် ပတ်သက်ပြီး တောင်တောင် အီအီ စဉ်းစားလာမိခဲ့သည်။

လီရန်ကျိုနှင့် ဟူချစ်မှုံတို့ ချစ်မေတ္တာနှောင်ကြိုးမွဲနေကြပြီဆိုလျှင် မိမိက ဘယ်အတွက် အနှောင့်အယှက်သဖွယ် ဝင်ရောက်နေရဦးမည်နည်း။

ချစ်သည့်စိတ်ကို မျိုသိပ်လျက် နောက်ဆုတ်ပေးလိုက်ခြင်းသာ အကောင်းဆုံးဖြစ်သည်ပဲ မဟုတ်ပါလော။

မြင်းဖြူကြီးမှာ တရိပ်ရိပ်ပြေးလွှားနေခဲ့ရာ မိုးချုပ်ချိန်တွင် မိုင်နှစ်ရာခန့် ခရီးပေါက်ခဲ့လေပြီ။

ဤနှုန်းထားအတိုင်းဆိုလျှင် ကွမ်းတုံဘီလူးသုံးယောက်အား နောက်တွင် ချန်လှပ်ထားခဲ့ပြီဖြစ်ကြောင်း ချိန်ကျန်းလောင် မှန်းဆမိ



လေ၏။ ထို့ကြောင့် ထိုည၌ တည်းခိုရိပ်သာတစ်ခုတွင်ဝင်ကာ စိတ်ချလက်ချ အနားယူအိပ်စက်လိုက်လေမိတော့၏။

ချိန်ကျန်းလောင် နောက်သုံးရက်ခန့် ဆက်ထွက်ခဲ့ရာ စုကြိုးမြို့သို့ရောက်သည်။ စုကြိုးမြို့အပြင်ဘက်ရှိ မဟာတံတိုင်းကြီးပေါ်တက်ကာ ပတ်ဝန်းကျင် သဘာဝကို ချိန်ကျန်းလောင် လေ့လာသည်။

မိုင်ပေါင်း ထောင်ကျော်ရှည်လျားသော မဟာတံတိုင်းကြီးကို မျက်စိတစ်ဆုံး ငေးမောကြည့်ရှုပြီး ရှိုဝမ်တီ၏ သြဇာတိက္ကမ၊ တရုတ်ပြည်သူပြည်သားများ၏ စည်းလုံးညီညွတ်မှုကိုတွေးတောကာ ဂုဏ်ယူစိတ်များ တဖွားဖွားပေါ်ပေါက်လာလေ၏။ ထိုမှ စင်ကျန်ဒေသသို့ ဆက်လက် ခရီးထွက်ခဲ့လေတော့သည်။

နောက်ထပ် လေးရက်မျှကြာသောအခါ ကန့်စုံပြည်နယ်သို့ ရောက်တော့သည်။ ရာသီဥတု သိသိသာသာပင် ပြောင်းလဲသွားသည်။

ပြည်မသစ်ပင်များကဲ့သို့ စိမ်းလန်းစိုပြည်သော အရောင်အဆင်း မရှိကြတော့ဘဲ ဖါလွှင်လွှင်အဆင်းသို့ ပြောင်းလဲကုန်သည်။

သဲများ၊ ဖုန်များနှင့် ဖုန်းဆိုးတောများက အပူပိုင်းဒေသတစ်ခုအဖြစ် သရုပ်ပြနေပေသည်။

ချိန်ကျန်းလောင်သည် ပတ်ဝန်းကျင်ရှုမျှော်ခင်းများကို ငေးမောကြည့်ရှုမိ၏။ ဤပတ်ဝန်းကျင်ဒေသကို ရည်ရွယ်စပ်ဆိုထားသော သီချင်းတစ်ပုဒ်ကိုလည်း သူ သတိရမိသည်။

သီချင်း၏ အဓိပ္ပာယ်မှာ ဂွတ်ခ်ျမ်ကြီးမှထွက်ပြီး အရှေ့ဘက်သို့ ခရီးဆက်ခဲ့လျှင် ကျောက်ဆောင် ကျောက်ကမ်းပါးများသာရှိပြီး အနောက် ဘက်တွင် တမျှော်တစ်ခေါ်ကြီးရှိသော သဲပင်လယ်ပြင်ကြီးကို တွေ့ရ လိမ့်မယ်။

ထိုသဲပင်လယ်ကြီးမှ သဲမှုန်များသည် သင်၏မျက်ဝန်းအိမ်မှ

မျက်ရည်များကို ခြွေယူပေလိမ့်မည်ဟူ၍ အဓိပ္ပာယ်ရပေသည်။

ချိန်ကျွန်းလောင်က ပတ်ဝန်းကျင်အနေအထားနှင့် သီချင်း အဓိပ္ပာယ် လိုက်ဖက်လှသည်ဟု စဉ်းစားကာ ပြုံးလိုက်မိသည်။

နီမိန်တံခါးဝကို ဖြတ်ကျော်လာပြီးသောအခါ အနုစိပြည်နယ်သို့ ဝင်ရောက်လာသည်။ သဲမြေအရောင်အသွေးများမှာ တစ်စထက်တစ်စ ပြောင်းလဲသွားသည်။

အဝါဖျော့ဖျော့မှ ရွှေဝါရောင်၊ ရွှေဝါရောင်မှ အဝါရင့်ရောင်၊ အဝါရင့်ရောင်မှ အညိုရောင်သို့ ပြောင်းလဲလာသည်။

သဲကန္တာရအတွင်းသို့ ရောက်ရှိလာပြီဖြစ်သည်ကို ချိန်ကျွန်းလောင် သိလိုက်မိသည်။

မြင်းဖြူကြီး၏ အပြေးကား မရပ်ချေ။ မကြာမီ ကျောက်ခေါင်းတုံး ကြီးတစ်ခုသို့ ရောက်လာလေ၏။ ထိုကျောက်ခေါင်းတုံးကြီးကို ကျော်ဖြတ်လိုက်သောအခါ ကျောက်ဆောင်ကြီးတစ်ခု ပေါ်လာပြန်သည်။

ထိုကျောက်ဆောင်ကြီးက လမ်းကြောင်းကို ပိတ်ဆို့တားဆီးထား ကြောင်း တွေ့ရှိရ၏။ သို့သော် အနီးသို့ ကပ်၍အသေအချာ လေ့လာ သော်အခါ ကျောက်ဆောင်ကြားမှ လျှိုပေါက်တစ်ခုကို တွေ့လိုက်ရ၏။

ထိုလျှိုပေါက်မှာ မြင်းလှည်းတစ်စီးစာ ဝင်နိုင်ထွက်နိုင်ပေသည်။ ဤကျောက်ဆောင်ကား စင်ကျန်ပြည်နယ်နှင့် ကန်စုပြည်နယ်တို့၏ နယ်ခြားမှတ်တိုင်ပင် ဖြစ်ပေတော့သည်။

လျှိုအကြား လမ်းကလေးမှာ ကျဉ်းမြောင်းပြီး ဘေးနှစ်ဘက်မှ ကျောက်ဆောင်နံရံများမှာ မတ်စောက်မြင့်မားလှချေ၏။

ထိုလျှိုအကြားမှ ကောင်းကင်သို့ မော့ကြည့်လိုက်လျှင် ပြာလွင် သော ကောင်းကင်ပြင်အား ကြိုးမျှင်ကလေးတစ်ချောင်းမျှ တွေ့ရှိရသည်။

လျှိုမြောင်လမ်းကလေးမှာ ကွေ့ကွေ့ကောက်ကောက်ကလေး



ဖြစ်သည့်အတွက် သွားရလာရသည်မှာ ကသိကအောက် နိုင်လှသည်။

ဤခရီးကို မည်သို့မျှ လျှင်လျှင်မြန်မြန်သွားနိုင်လိမ့်မည် မဟုတ်ချေ။

'အင်း.... တိုက်ပွဲဖြစ်ခဲ့ရင် ရန်သူကို ဒီလျှိုထဲ မောင်းသွင်းပြီး ထိပ်နှစ်ဘက်ကနေ ပိတ်ဆို့လိုက်ရင် အထဲကရန်သူ တစ်ယောက်မှ ပြေးလို့လွတ်မယ် မထင်ဘူး'

ချိန်ကျွန်းလောင်က လျှို၏မဟာဗျူဟာအရေးပါပုံကို စဉ်းစားမိ သည်။ အကယ်၍ ကိုယ်တိုင် ဤလျှိုထဲ မောင်းသွင်းခံရလျှင်လည်း ကိုယ်လည်း မသက်သာဟု တွေးကာ ပြုံးမိသည်။

စင်ကျန်ပြည်နယ်သို့ ဝင်ရောက်ခဲ့ပြီဖြစ်၍ မြင်ကွင်းမှာ သဲအတိ သာ ဖြစ်တော့သည်။

အဆုံးအစမရှိသော သဲပြင်ကြီးကိုကြည့်ပြီး မိုးကောင်းကင်နှင့် မြေကြီးတို့ တစ်ဆက်တစ်စပ်တည်း ထိတွေ့နေသည့်အလား ထင်မှတ် ရသည်။

လမ်းခရီးတစ်လျှောက်လုံး တိတ်ဆိတ်ငြိမ်သက်ပြီး အထီးကျန် ဆန်လွန်းသည့်အတွက် တစ်လောကလုံးတွင် ချိန်ကျွန်းလောင်ဆိုသော လူတစ်ယောက်နှင့် မြင်းဖြူကြီးတစ်ကောင်သာလျှင် သက်ရှိထင်ရှား ကျန်ရစ်ခဲ့လေရော့သလားဟု ထင်မှတ်ရပေသည်။

မည်မျှသတ္တိကောင်းသူဖြစ်စေ ချိန်ကျွန်းလောင်မှာ သဲပင်လယ် ကြီးအတွင်း၌ အားငယ်စိတ်ကို ခံစားလိုက်ရပေသည်။

ဤသို့နှင့်ပင် ချိန်ကျွန်းလောင်သည် စင်ကျန်ပြည်နယ်၏ ဟာမစ် မြို့ကလေးအနီးသို့ ရောက်ရှိလာခဲ့လေ၏။

မန်ချူးတို့သည် စင်ကျန်နယ်သားတို့ကို ဖိနှိပ်ရန်ကြီးစားနေချိန် ဖြစ်၍ သူ့အား စင်ကျန်နယ်သားတို့က မလွှဲမသွေစုံစမ်းကြမည်ကို ချိန်ကျွန်းလောင် ရိပ်မိ၏။ ထို့ကြောင့် မြို့ပြင်မှပတ်ကာ ကျော်ခဲ့သည်။

နောက်တစ်ရက် ခရီးဆက်ထွက်လာခိုက် လမ်းခရီးသို့ရောက်လျှင် ချိန်ကျန်းလောင်မှာ တစ်စုံတစ်ရာကို သတိရလိုက်သည်။ မိမိသည် တရုတ်ပုံစံဝတ်ဆင်ထားသည့်အတွက် စင်ကျန်နယ်သားတို့သည် သူတို့ခေါင်းဆောင်များနှင့် ကြည်ကြည်ဖြူဖြူတွေ့ခွင့် ရပေးကြလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် သူသည် ဟာမစ်မြို့ကလေးသို့ ပြန်ဝင်ရသည်။ တတ်နိုင်သမျှ ချောင်ကပ်ကာ ဈေးအတွင်းရောက်အောင် သွားရသည်။

စင်ကျန်နယ်သားတို့၏ ဝတ်စုံတစ်စုံကို ဝယ်ယူကာ လဲလှယ်ဝတ်ဆင်ရသည်။ မှန်တစ်ချပ်တောင်းယူပြီး ကြည့်သောအခါ သူသည် စင်ကျန်နယ်သားတစ်ဦးနှင့် ချွတ်စွပ်တူနေလေပြီ။

ချိန်ကျန်းလောင် ခရီးဆက်ထွက်ခွာလာခဲ့ရာ လမ်းတစ်လျှောက်လုံးတွင် ရွာများ၊ ကျောင်းများ၊ ဘုရားရှိခိုးကျောင်းများအားလုံးမှာ မီးရှို့ဖျက်ဆီးခြင်းခံထားရကြောင်း တွေ့ရှိရသည်။

မန်ချူးတပ်၏ ဆိုးရွားသော လုပ်ရပ်များပင်တည်း။ နယ်ချဲ့ကျူးကျော်သူ မန်ချူးများသည် ဟန်တရုတ်များကိုလည်းကောင်း၊ စင်ကျန် နယ်သားများကိုလည်းကောင်း၊ လုံးဝကောင်းကျိုးမပေးပေ။ တတ်နိုင်သမျှ နှိပ်စက်သည်သာ ဖြစ်ပေသည်။

ဤပုံစံအတိုင်းဆိုလျှင် ရှေ့ဘက်သို့ ဆက်သွားသော်လည်း ဟူချစ်မုံတို့အုပ်စုနှင့် တွေ့ရှိနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ချိန်ကျန်းလောင်သည် တောင်ဘက်အရပ်သို့ လမ်းကြောင်းပြောင်းကာ ခက်ခဲသော တောကြိုတောင်ကြားလမ်းကိုသာ ရွေးချယ်၍ ခရီးနှင်လေတော့သည်။ သို့သော်... လူဟူ၍ အရိပ်အရောင်မျှပင် မတွေ့ရပေ။

ဦးတည်ရာမဲ့ ခရီးထွက်ခဲ့ရာ သုံးရက်မြောက်သည့်နေ့၌ အသင့်ပါ လာသော စားနယ်သောက်နယ်များ ကုန်သွားလေတော့၏။

ထို့ကြောင့် တောဆိတ်တစ်ကောင်ကို ဖမ်းပြီး မီးကင်စားသောက်ရသည်။ နှစ်ရက်ခန့်ခရီးဆက်မိသောအခါ ဆိတ်များ၊ နွားများ ထိန်းကျောင်းနေသော ဟာဆာခက်လူမျိုးနှင့် တွေ့ရသည်။

ချိန်ကျန်းလောင် မေးမြန်းကြည့်ရာ မန်ချူးစစ်တပ်များရောက်ရှိလာသဖြင့် ဟူကျော်လွင်တို့၏တပ်များသည် အနောက်ဘက်အရပ်သို့ ဆုတ်ခွာသွားကြရကြောင်း သိရှိရသည်။ သို့သော် အနောက်ဘက် မည်သည့်နေရာအထိ ဆုတ်ခွာသွားခဲ့သည်ကိုမူ အတိအကျ မသိရှိရပေ။

ချိန်ကျန်းလောင် အကြံအိုက်သွား၏။ ဤမျှကျယ်ပြန့်သော ပင်လယ်ပြင်ကြီးတွင် ဟူကျော်လွင်တို့အုပ်စုနှင့် မည်ကဲ့သို့တွေ့ဆုံနိုင်ပါမည်နည်း။

သို့သော် ချိန်ကျန်းလောင်မှာ စိတ်ဓာတ်မကျဘဲ အနောက်ဘက်ဆီသို့သာ ဦးတည်ချီတက်ခဲ့လေသည်။ ဟာဆာခက်လူမျိုးတို့နှင့် တွေ့ဆုံပြီး သုံးရက်မြောက်သည့်နေ့တွင် ချိန်ကျန်းလောင်နှင့် မြင်းဖြူကြီးမှာ အတော်ပင် ခရီးပန်းနေကြလေသည်။

တစ်နေ့လျှင် မိုင်တစ်ရာနီးပါးခန့် ခရီးနှင်ခဲ့သော်လည်း သဲကန္တာရတွင်မှ ဟူချစ်မုံတို့အုပ်စုကို လုံးဝမတွေ့ဘဲ ရှိနေလေ၏။

သူသည် နေ့အချိန်တွင် ပူပြင်းလှသော နေဒဏ်လေဒဏ်ကို ခံစားရပြီး ညအချိန်၌ အရိုးကွဲလုမတမျှ အအေးဒဏ်ကို ခံစားကာ ခရီး ဆက်ရပေသည်။

နေသည် ခေါင်းပေါ်၌ ခြစ်ခြစ်တောက်ပူလောင်နေသဖြင့် ချွေးတဒီးဒီးကျနေလေသည်။

ချိန်ကျန်းလောင်အနေဖြင့် စင်ကျန်ဒေသသို့ ရောက်လျှင် ဟူချစ်မုံတို့ကို အလွယ်တကူ တွေ့ရမည်ဟု ထင်ခဲ့၏။ သို့သော် ယခုမူ

အထင်နှင့်အမြင် လွဲမှားမနေခဲ့လေပြီ။ သူသည် အလွန်တရာ ပင်ပန်းနွမ်းနယ်နေလေပြီ။

အေးမြသောနေရာတစ်နေရာတွင် အနားယူချင်နေလေပြီ။ ပတ်ပတ်လည်ကိုကြည့်လိုက်လျှင် နားခိုစရာနေရာဟူ၍ လုံးဝမတွေ့ရ။ သဲမြင့်ကြီးသော တပြန့်တပြောကြီး တွေ့နေရသဖြင့် လွန်စွာ စိတ်မောဖွယ်ကောင်းလှတော့သည်။

ချိန်ကျွန်းလောင်မှာ မတတ်သာတော့သဖြင့် သဲတောင်ကုန်းတစ်ခု၏အကွယ်တွင် မြင်းပေါ်မှဆင်းကာ ခဏနားသည်။ ရေဘူးကို ထုတ်ကာ ရေသုံးငုံမျှ သောက်သည်။ မြင်းကိုလည်း သုံးငုံစာမျှ တိုက်ကျွေးသည်။

သဲကန္တာရအတွင်း ရေမရှိလျှင် သေမှုသာရှိသဖြင့် ရေကိုမှ အထူးချွေတာရသည်။ ခဏတာ အနားယူပြီးနောက် မြင်းပေါ်တက်ကာ ခရီးဆက်ပြန်သည်။

မြင်းမြူကြီးမှာလည်း ညှိုးကြီးမှာလျှော်သောမြွှားကဲ့သို့ ပြေးလွှားခြင်း မပြုနိုင်တော့ဘဲ တစ်လှမ်းချင်း လှမ်းနေရရှာလေပြီ။

ပြင်းထန်သော အပူရှိန်ကို ခံစားရသဖြင့် ချိန်ကျွန်းလောင်မှာ ခေါင်းထဲက ဦးနှောက်သွေးဆူပွက်ပြီး မူးမော်လာသည်။ မူးမော်သည့် တေဇော ပြင်းထန်လာသဖြင့် အမြင်အာရုံများ ဝေဝါးလာရပြီ။ ပတ်ဝန်းကျင်ကိုပင် မှုန်ချင်ချင် ဖြစ်လာသည်။ မြင်းပေါ်တွင် ငိုက်မျဉ်းလျက် အရုပ်တစ်ရုပ်ပမာ ရှိုက်ပါခဲ့ရရှာတော့၏။

ထိုသို့ရှိနေစဉ် မြင်းမြူကြီးသည် လည်ဆံကို တဖွားဖွားခါလိုက်ပြီး ဦးခေါင်းကို မော့လိုက်သည်။ လေကို လေးငါးကြိမ်ခန့် မြင်းပြင်းရှူရှိုက်လိုက်သည်။ ထို့နောက် ပြင်းထန်ကျယ်လောင်စွာ ဟီလေတော့သည်။

F-16-B



ငိုက်မျဉ်းနေသော ချိန်ကျွန်းလောင်ပင် လန့်ဖျပ်သွားသည်။ တစ်ခု တစ်ခုထူးလေပြီဟု ချိန်ကျွန်းလောင် သိလိုက်၏။ ထိုစဉ် မြင်းမြူကြီးသည် ကဆုန်ချကာ တောင်ဘက်အရပ်သို့ ဦးတည်ပြေးလွှားသွားလေတော့သတည်း။

မြင်းမြူကြီး ကဆုန်ချပြေးလွှားလာခဲ့ရာ မကြာမီတွင် သဲတောင်ကုန်းကြီးတစ်ခုဆီသို့ ဆိုက်ရောက်လာခဲ့လေ၏။ ထို ကုန်း၏နောက်တွင် အစိမ်းရောင်ရှိသော သစ်ပင်လေးငါးပင်ကို ဟိုနေရာစုစု ဒီနေရာ စုစု တွေ့လိုက်ရသည်။ တစ်နာရီခန့် ထပ်မံပြီး ရှေ့ဆက်ပြေးမြန်သောအခါ သဲမြေများ တဖြည်းဖြည်းနည်းပါးလာပြီး အစိမ်းရောင်မြက်ကလေးများ တစ်စစထွက်ပေါ်များလာသည်ကို တွေ့လာရသည်။

ရှေ့တွင် ရေရှိသည့်နေရာသို့ ရောက်ရှိတော့မည်ကို သိရှိရသဖြင့် ချိန်ကျွန်းလောင် ဝမ်းသာသွားမိသည်။ မကြာမီပင် မျှော်လင့်ထားသည့် အတိုင်း ရေသံသွဲ့သွဲ့ကို ကြားလိုက်ရလေတော့၏။

ကွမ်းတစ်ယာညက်ခန့်အကြာတွင် စမ်းချောင်းကလေးတစ်ချောင်းကို သွားခနဲတွေ့လိုက်ရသည်။ စမ်းရေမှာ ကြည်လင် အေးမြပြီး ရေအောက်မှ ကျောက်စရစ်ခဲကလေးများကိုပင် အတိုင်းသား မြင်နေရလေသည်။ မြင်းမြူကြီးသည် ရေစပ်သို့ ရောက်ရှိလာသော်လည်း ရေကို ချက်ချင်းမသောက်သေး။ ချိန်ကျွန်းလောင်ကို စောင့်ဆိုင်းနေဟန်ရှိ၏။ ချိန်ကျွန်းလောင်သည် အဟိတ်တိရစ္ဆာန်တစ်ကောင်၏ အသိလွန်မှုကို လွန်စွာ အံ့ဩသွားလေ၏။

သူသည် မြင်းပေါ်မှ ခုန်ဆင်းပြီး မြင်းကြီး၏ကျောကို ပွတ်လိုက်၏။

'မင်းက သခင်ကို သိပ်ပြီး ရိုသေလေးစားပါလား။ လာ... တို့နှစ်ယောက် အတူတူသောက်ကြရအောင်၊ ခရီးပန်းလာတော့လဲ

နှစ်ယောက်စလုံး အတူတူပဲ မဟုတ်လားကွ၊ ခံစားတော့လဲ တူတူပဲပေါ့'

ချိန်ကျုန်းလောင်က မြင်းကောလှူပါ စမ်းရေအဝင်သို့ ဆင်းသည်။ ထို့နောက် လက်ကို ခေါင်းကြားကာ ရေကို ခပ်ယူလျက် တစ်ငုံသောက်ကြည့်လိုက်သည်။

စမ်းရေ၏ အေးစိမ့်ချိုမြိန်သောအရသာက ချိန်ကျုန်းလောင်၏ အာသည်းထိ စိမ့်နိုက်သွားသည်။ စမ်းရေမှာ အေးမြချိုမြိန်သည့်အပြင် အနည်းငယ် မွှေးပျံ့လျက် ရှိသည်ဟု ချိန်ကျုန်းလောင် ထင်မှတ်မိလေသည်။

ရေကို တွေ့ရပြီး ခြေလက်သန့်စင်ကာ အေးချမ်းသည့်အရသာကို ခံစားရသဖြင့် ချိန်ကျုန်းလောင်မှာ စမ်းရေစီးသံနှင့်အတူ စိတ်ထဲတွင် ချမ်းမြေ့ကြည်နူးသွားရလေသည်။ မြင်းဖြူကြီးမှာလည်း ရေကို တစ်ဝကြီးသောက်ပြီး ကျယ်လောင်စွာ ဟီနေလေ၏။

ချိန်ကျုန်းလောင်သည် မြင်းကြီးကို ကုန်းပေါ်တွန်းလိုက်သည်။ သဲကန္တာရအတွင်း အိုအေစစ်ငယ်တစ်ခုသို့ရောက်နေချိန် ရှားပါးလှသော မြက်များကို စားစေလိုသောကြောင့်ဖြစ်သည်။

သူတမှု ရေဘူးကို ရေအပြည့်ဖြည့်ကာ ကမ်းပေါ်တက်လာပြီး သစ်ပင်တစ်ပင်အောက်တွင် လဲလျောင်းအနားယူလိုက်လေ၏။ မြင်းဖြူကြီးသည် သခင့်အလိုကျအတိုင်း မြက်များကို ရှာဖွေစားသောက်နေတော့သည်။

ချိန်ကျုန်းလောင်သည် လဲလျောင်းနေရင်းမှ စမ်းရေစီးဆင်းနေပုံကို ငေးကြည့်နေမိသည်။ ထိုစဉ် ပန်းပွင့်ကလေးတစ်ပွင့်ရေစီးနှင့် မျောပါလာသည်ကို တွေ့လိုက်ရလေသည်။ ထိုပန်းပွင့်ကလေးမှာ အနီရောင်ပွင့်ချပ်များရှိပြီး အတွင်းဝတ်ဆံများမှာ အဖြူရောင်ဖြစ်ကာ မျက်စိပသာဒ ရှိလှပေသည်။



ချိန်ကျုန်းလောင် ထိုပန်းပွင့်ကလေးကို ဆယ်ယူပြီး ရှိုက်နမ်းကြည့်မိသည်။ မွှေးကြိုင်သင်းပျံ့သောရနံ့ကို ရှူရှိုက်မိသဖြင့် စိတ်ထဲတွင် ဤစမ်းရေအေးမြသည့်အပြင် မွှေးကြိုင်နေသည်မှာ ဤပန်းပွင့်ကလေးကြောင့်လားဟု တွေးထင်မိလေသည်။

'ရေစီးအတိုင်း ဒီပန်းပွင့်ကလေး မျောလာပုံကိုထောက်ရင် ချောင်းအထက်ပိုင်းမှာ လူကို တွေ့ကောင်းတွေ့နိုင်လိမ့်မယ်။ လူသူတွေ့ရရင်တော့ ဟူချစ်မုံတို့အုပ်စုရဲ့အခြေအနေကို စုံစမ်းမေးမြန်းနိုင်လိမ့်မယ် ထင်တယ်'

ချိန်ကျုန်းလောင် စဉ်းစားမိပြီး မြင်းပေါ်တက်ကာ စမ်းချောင်း၏အထက်သို့ ဆန်တက်သွားလေ၏။ စမ်းချောင်းမှာ အထက်သို့ ဆန်တက်လေ ရေစီးက မြန်လေဖြစ်ပြီး ချောင်းကမ်းပါးမှာလည်း ပို၍ကျယ်လာလေသည်။

တဖြည်းဖြည်း ဆန်တက်လာခဲ့ရာ ချောင်း၏ဘေးနှစ်ဘက်ကမ်းပါးပေါ်တွင် သစ်ပင်ပန်းမာန်များပို၍ ထူထပ်ပေါများလာသည်။ အေးစိမ့်သည့် အရသာကိုလည်း ပို၍ ခံစားလာရသည်။

ထို့နောက် ရေတံခွန်ကြီးတစ်ခုကို ချိန်ကျုန်းလောင် မြန်မြန်ဆန်ဆန် တွေ့လိုက်ရလေတော့သည်။ ရေတံခွန်ထိပ်မှ ရေစီးဆင်းကျလာနေပုံမှာ မိုးကောင်းကင်ကြီး ကွဲအက်ကာ ရေများယိုစီးကျလာသည့်အလား ခံစားရလေသည်။

'အင်း... ဒီနေရာဟာ အိုအေစစ်မှ မဟုတ်တော့ပဲကိုး'

ဤမျှ လှသူအရောက်အပေါက်နည်းသောနေရာတွင် တစ်နေကုန်တစ်နေခန်း သဲကန္တာရကွင်းပြင်ကြီးကိုသာ စဉ်ဆက်မပြတ် မြင်တွေ့နေခဲ့ရာမှ ယခုကဲ့သို့ မြန်ဆန် ရေတံခွန်ကြီးကို တွေ့လိုက်ရသောအခါ ချိန်ကျုန်းလောင်မှာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်သွားသည်။

သဲကန္တာရကြီးကို လွန်မြောက်ခဲ့လေပြီဟု သူ တွေးလိုက်မိပေသည်။

ချိန်ကျန်းလောင်မှာ စိတ်ဝင်စားလွန်းသဖြင့် ရေစီးကြောင်း၏ အထက်ပိုင်းတွင် မည်ကဲ့သို့သော ရှုခင်းများ ရှိလေမည်နည်းဟုတွေးသကာ ရေစပ်အတိုင်း ဆန်တက်သွားပြန်သည်။

အကွေ့အချိုးလေးငါးခုကို ဖြတ်ကျော်ပြီးသောအခါ မြင်ကွင်းမှာ အံ့ဩစရာကောင်းလှပေသည်။ မားမားစွင့်စွင့်ကြီး ပေါက်ရောက်နေသော သစ်ပင်များအကြား၌ ကြီးမားကျယ်ပြန့်သော ရေအိုင်ကြီးတစ်အိုင်ကို တွေ့ရှိရပြန်သည်။

ရေအိုင်ကြီး၏ ပတ်ပတ်လည်တွင် ရောင်စုံပွင့်ဖူးနေသော တောပန်းကလေးများ ပေါက်ရောက်နေကြပြီး ပန်းရနံ့များမှာ လေအဝေ့တွင် သင်းထုံမွှေးပျံ့နေသည်။

ရေအိုင်၏တစ်ဘက်တွင် စိမ်းလန်းသော မြက်ခင်းပြင်ကြီးမှာ တမျှော်တခေါ်ကြီးရှိပြီး မိုးကောင်းကင်နှင့် ထိစပ်နေသည့်အလား ရှိနေလေသည်။

မြက်ခင်းကြီးထဲတွင် မွေးမြူထားဟန်တူသည့် ရာပေါင်းများစွာသော ဆိတ်အုပ်ကြီးက မြက်ပင်များကို ငုံ၍စားသောက်နေကြသည်။

အနောက်အရပ် အဝေးဘက်မှုန်ပျပျတွင် မြင့်မားသောတောင်ထွတ်ကြီးက ထီးထီးမားမားကာရံ အနားသတ်ထားသည်။ ထိုတောင်၏ ထက်ဝက်ခန့်မှစ၍ ဆွတ်ဆွတ်ဖြူသော ဆီးနှင်းများက ဖုံးအုပ်လွှမ်းခြုံထားကြောင်း တွေ့ရှိရသည်။

ချိန်ကျန်းလောင်မှာ လှပတင့်မော့ဖွယ်ကောင်းသော သဘာဝ ရှုမျှော်ခင်း ပန်းချီကားချပ်ကြီးကို တအံ့တသြငေးကြောင်ကြည့်နေမိလေသည်။

သဲကန္တာရအဆုံး၌ တင့်မော့ဖွယ်ကောင်းလှသော ဤလိုဒေသမျိုး



ရှိလိမ့်မည်ဟု သူ လုံးဝ မထင်မိခဲ့ချေ။

ချိန်ကျန်းလောင်သည် အိုင်ကြီးကို ငေးမောကြည့်ရှုလိုက်၊ အဝေး ရှုမျှော်ခင်းကို ငေးမိုက်ကြည့်လိုက်နှင့် ကြည်နူးနေစဉ် မြန်းခနဲ ရေလှိုင်းဂယက်လေးတစ်ခု ရေအိုင်ထဲတွင် ပွက်ထသွားသည်ကို ရုတ်တရက် တွေ့ရှိလိုက်ရသည်။ ချိန်ကျန်းလောင် အသေအချာအကဲခတ်ကြည့်ရှုလိုက်သောအခါ ရေလယ်မှ သလင်းကျောက်ကဲ့သို့ ဖြူဖွေးသွယ်ညွှတ်သော လက်ချောင်းကလေးတစ်ဘက် ဆန့်ထွက်လာသည်ကိုတွေ့လိုက်ရသည်သည်။

ထို့နောက် ရေများစိုရွှဲနေသော ဦးခေါင်းတစ်လုံး ရေထဲမှ ထွက်ပေါ်လာပြန်သည်။ ထို ဦးခေါင်းကလေးသည် ချိန်ကျန်းလောင်အား မမျှော်လင့်ပဲ တွေ့လိုက်ရသောအခါ ထိတ်လန့်တကြား အာမေဋိတ်သံ မြည်လိုက်ပြီး ရေထဲသို့ ပြန်လည်ငုပ်လျှိုးသွားပြန်လေတော့၏။

ချိန်ကျန်းလောင်မှာ ကြက်သီးမွေးညှင်းများ တဖြန်းဖြန်းထသွားရသည်။ လူလော၊ နာနာဘာဝလော။ ချိန်ကျန်းလောင် စောင့်၍ ကြည့်လိုက်သည်။

ရေထဲ၌ တွေ့လိုက်သော ဦးခေါင်းကလေးသည် အလွန်တရာ ချောမွေ့လှပသည့် မိန်းမပျိုတစ်ယောက်၏ ဦးခေါင်းဖြစ်နေသော ကြောင့်တည်း။

☆ ☆ ☆

## အခန်း (၁၆)

# နှလုံးသား၏ စေစားရာ

---

ချိန်ကျွန်းလောင်သည် ဤမျှလောက် ချောမောလှပသည့် မိန်းကလေးမျိုးကို မတွေ့ဖူးသဖြင့် တစ်နေရာရာ၌ ပေါ်လာမည်ကို စောင့်၍ ကြည့်နေမိလေ၏။

'ဗွမ်း....'

တစ်ခဏမျှအကြာတွင် မိန်းမပျို၏ ဦးခေါင်းမှာ ပေါပင်နွယ်ပင်များအကြားမှ ထွက်ပေါ်လာ၏။ မိန်းမပျိုသည် သူမ၏ ကျော့ရှင်းသွယ်ပျောင်းသော လက်အစုံဖြင့် နက်မှောင်သော ဆံပင်တွေများကို နောက်သို့ သပ်ချလိုက်သည်။

လှိုင်းတွန့်ကလေးများကဲ့သို့ ကော့ကောက်နေသော ဆံနွယ်ဆံစများက သူမ၏ နဖူးပြင်ကောင်းပေါ်တွင် ခွေခွေလိပ်လိပ်ကလေး ဝဲကျနေလေသည်။ သူမ၏ မျက်လုံးအစုံမှာ သောက်ရူးကြယ်ကဲ့သို့ ဝင်းလက်တောက်ပပြီး ချိန်ကျွန်းလောင်အား တောက်ပစွာ ကြည့်နေသည်။



'ရှင် ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ'

ရေထဲမှ မိန်းကလေးက ချိန်ကျွန်းလောင်အား လှမ်းမေးလိုက်၏။ မိန်းကလေးပြောလိုက်သည့် စကားမှာ စင်ကျန်ဘာသာစကားဖြစ်လေသည်။

ချိန်ကျွန်းလောင်မှာ ဘာမျှ ပြန်မဖြေနိုင်ဘဲ မှင်တက်ဆေးကြောင် ကြည့်နေမိလေသတည်း။

'ခဏ... ဖယ်စမ်းပါ၊ ကျွန်မ အင်္ကျီဝတ်မလို့'

မိန်းမပျိုကလေးထံမှ တောင်းပန်စကားကြားလိုက်ရသောအခါမှ ချိန်ကျွန်းလောင်မှာ အိပ်မက်ထဲမှ လန့်နိုးလာသည့်ပမာ သတိဝင်လာသည်။

တစ်သက်နှင့်တစ်ကိုယ် ဤအဖြစ်မျိုး မကြုံဖူးသဖြင့် မျက်နှာတစ်ပြင်လုံး ထူပူသွားကာ ရှက်စိတ်မွှန်သွားရလေတော့သည်။

ချက်ချင်းပင် မျက်နှာလွှဲလိုက်ပြီး ထိုမိန်းကလေးနှင့်ဝေးရာအရပ်ဆီသို့ ခုန်ပျံပြေးထွက်လိုက်သည်။

အတော်လှမ်းလှမ်းရောက်မှ ရပ်လိုက်၏။ အနီးတွင် သစ်ပင်ကြီးတစ်ပင် တွေ့ရသဖြင့် ထိုသစ်ပင်အောက်၌ ဝင်ထိုင်မိသည်။ သူ့နှလုံးများကား၊ တဒိန်းဒိန်း ခုန်နေလေပြီ။

'သူ့ စကားပြောပုံဆိုပုံအရဆိုရင် စင်ကျန်မကလေးတစ်ယောက် ဖြစ်နိုင်တယ်၊ အင်း.... ရှက်စရာ ကောင်းလိုက်တာ၊ ရေကန်ထဲမှာ မိန်းမပျိုကလေးတစ်ယောက် ရေချိုးနေတာကို ချောင်းကြည့်နေသလို ဖြစ်သွားရတာပေါ့၊ ငါ ဘယ်လိုများ ဖြစ်နေရပါလိမ့်၊ ဘာလို့စိတ်တွေ ဗေဝေဝါဖြစ်နေရတာလဲ၊ မိန်းကလေးတစ်ယောက် ရေချိုးနေတာကို တွေ့နေပါလျက်သားနဲ့ ဘာဖြစ်လို့ ချက်ချင်းမရှောင်တိမ်းပေးနိုင်ခဲ့ရတာလဲ၊ တောက်.... ရှက်စရာကောင်းလိုက်တာ'

ချိန်ကျန်းလောင်မှာ ရုတ်ရုတ်နှင့် ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည်။ သူ့မျက်နှာတစ်ခြမ်းလုံးသည် ရှက်သွေးတက်နေဆဲရှိပေသေးသည်။

သူသည် ထိုမိန်းကလေးအား နောက်တစ်ကြိမ် မတွေ့ဆုံလိုတော့ပေ။ သူမြင်းကြီးအား ကြည့်ရှုပါသော်လည်း အနီးပတ်ဝန်းကျင်၌ မတွေ့ရသဖြင့် ချိန်ကျန်းလောင်မှာ အခက်ကြုံသွားသည်။ နောက်မှ သတိရပြီး လေချွန်အချက်ပေးလိုက်လေတော့၏။

'ရှီ ရှီ ရှီ'

မြင်းဟီသံမှတစ်ပါး မြင်းကြီးရောက်ရှိလာခြင်း မရှိပေ။ ချိန်ကျန်းလောင်သည် မြင်းဖြူကြီးကို စိတ်ရှည်စွာ စောင့်ဆိုင်းနေလိုက်သည်။

သို့သော်.... အချိန်အတော်ကြာသည့်အထိ မြင်းဖြူကြီးကား ပြန်ရောက်မလာခဲ့ချေ။ ချိန်ကျန်းလောင်မှာ ထွက်သွားရကောင်းနိုးနိုး ဆက်လက်၍ စောင့်ဆိုင်းနေရကောင်းနိုးနိုးဖြင့် ဒွိဟဖြစ်နေမိသည်။ ထိုစဉ် ရေအိုင်ကြီးဆီမှ ကြည်လင်ချိုအေးသော သီချင်းသံကလေး ထွက်ပေါ်လာလေတော့သည်။

သီချင်းသံမှာ သွက်လက်ပြုံးကြွနေသည်။ ထိုမိန်းကလေးသည် မိမိကြည့်ရှုနေသည့်အဖြစ်ကို အပြစ်မယူကြောင်း၊ သီချင်းဆိုခြင်းဖြင့် ဖော်ပြနေကြောင်း ချိန်ကျန်းလောင် ရိပ်မိသိရှိလာ၏။

ထို့ကြောင့် မိန်းကလေးအပေါ်တွင် ရှက်စိတ်နည်းနည်းလျော့ပါးလာသည်။

ဝိဝိ မြင်းဖြူကြီးကလည်း ရောက်မလာနိုင်သေးသဖြင့် ချိန်ကျန်းလောင်မှာ မျက်နှာပူပူနှင့်ပင် ကန်စပ်အထိ ပြန်လည်လျှောက်သွားမိလေတော့၏။

ကန်စပ်သို့ရောက်သောအခါ ကန်စပ်နံဘေး ပန်းချုံကလေးအနီး



တွင် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော အဖြူရောင်အင်္ကျီကို ဝတ်ဆင်ထားသည့် မိန်းကလေးအား တွေ့လိုက်ရသည်။

မိန်းကလေး၏ အင်္ကျီမှာ ဆီးနှင်းကဲ့သို့ ဖြူဖွေးပြီး ပန်းချုံမှ ဖူးပွင့်နေသော ပန်းများမှာ ရဲရဲနီနေသဖြင့် လွန်စွာလိုက်ဖက်တင့်တယ် ပနံရလှပေသည်။

မိန်းမပျိုသည် သူမ၏ ဦးခေါင်းထက်မှ ဆံချည်တွေများကို ဖားလျားချကာ ဘီးတစ်ချောင်းဖြင့် ဖြီးသင်နေသည်။

ချိန်ကျန်းလောင်မှာ ထိုမိန်းကလေးနှင့် အကြည့်ချင်းဆုံမိလိုက်လျှင် တစ်ကိုယ်လုံး နတ်ကျသကဲ့သို့ တုန်လှုပ်သွားရသည်။

နတ်မိမယ်ကဲ့သို့ ချောမွေ့လွန်းသော လူနတ်မယ်ပေတကား။ ဤကမ္ဘာပေါ်၌ ဤကဲ့သို့ ချောမောလှပသော မိန်းမပျိုဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိနေလေမည် မဟုတ်ဟု တွေးတောနေမိသည်။

ချိန်ကျန်းလောင်မှာ လူသူမနီးသော တောကြီးကန္တာအလယ်တွင် ရုတ်ရက်ခက်ခက် ချောမောလှပသော မိန်းကလေးတစ်ဦးကို တွေ့နေရသော်လည်း စိတ်ထဲက ပြစ်မှားကျူးလွန်သောဆန္ဒများ ပေါ်ပေါက်မလာပါပေ။

မိန်းကလေး၏ ကြည်လင်သန့်ရှင်းသော အပြစ်ကင်းစင်သည့် မျက်နှာကလေး၏ အေးချမ်းသော အရိပ်ထင်ဟပ်မှုကြောင့် ချစ်ခင်မြတ်နိုးသည့် စိတ်မျိုးသာလျှင် ပေါ်ပေါက်ပေသည်။

ချိန်ကျန်းလောင်မှာ မျက်နှာချင်းဆိုင်မိသည်နှင့် ဘာစကားမျှ မပြောနိုင်ဘဲ ကျောက်ရုပ်တစ်ခုကဲ့သို့ ငိုင်၍သာ ကြည့်နေမိလေတော့၏။

မိန်းမပျိုက ချိန်ကျန်းလောင်ကို ပြုံးပြလိုက်ပြီး လက်ယပ်ခေါ်လိုက်သည်။ သူ့နှင့် ချိန်ကျန်းလောင်မှာ အတော်ကလေးလှမ်းနေသဖြင့် အနားသို့ ကပ်လာစေရန် လှမ်းခေါ်ခြင်းဖြစ်ပေသည်။

ချိန်ကျန်းလောင်မှာ ထိုအခါကျမှပင် လှုပ်ရှားရန် သတိရမိတော့သည်။ သူသည် ရှက်ရှက်နှင့် တောင်းပန်စကားပြောကြားမိသည်။

'ကျုပ်က ခရီးသွား ဧည့်သည်တစ်ယောက်ပါ။ ရေတော်လွန်လို့ ရေရှာရင်းနဲ့ ဒီကို ရောက်လာရတာပါ။ မမျှော်လင့်ဘဲ ဖြစ်သွားရတဲ့ကိစ္စအတွက် မိန်းကလေးကို စော်ကားပြစ်မှားမိသလို ဖြစ်သွားရပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါရစေ'

ချိန်ကျန်းလောင်က ဦးညွှတ်ကာ တောင်းပန်သည်။

မိန်းကလေးက နှစ်နှစ်ကာကာပင် ပြန်လည် ပြုံးပြလေသည်။ သူမ၏မျက်နှာတွင် မာနရိပ်များ ကင်းစင်ပြီး ခင်မင်ရင်းနှီးစရာ ကောင်းလှပေသည်။

'ကိစ္စမရှိပါဘူးရှင်၊ ကျွန်မ ခွင့်လွှတ်ပါတယ်၊ ရှင်က ကုန်သည်လား။ ဒါမှမဟုတ် တခြားအကြောင်းကိစ္စတစ်ခုခုနဲ့ လာတာများလား'

'ကျုပ်က အရှေ့ဘက်အရပ်က လာတာပါ။ တရုတ်ပြည်မကြီးကို အသွားအလာများပြီး ကုလားအုပ်နဲ့မြင်းတွေရောင်းတဲ့ ဝယ်တဲ့ အလုပ်ကို လုပ်ကိုင်ပါတယ်။ အခု အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ လူတစ်ယောက်ကို လာရှာတာပါ၊ ညီမက အဲဒီလူ ဘယ်မှာရှိတယ်ဆိုတာကို အဖြေပေးနိုင်ပါ့မလား'

'ရှင့်နာမည်က ဘယ်လိုခေါ်သလဲ'

'အဒိုတက်'

မိန်းကလေးက ပြုံးလိုက်သည်။ ဝင်ကျန်ယောကျ်ားမျိုးတို့၏ အများသုံးနာမည်မှာ အဒိုတက်ဖြစ်ပေသည်။ မြန်မာလို မောင်ဖြူ မောင်မဲ စသည့် အသုံးများသောနာမည်မျိုး ဖြစ်သည်။ ချိန်ကျန်းလောင်က တမင်ပင် ဤအမည်ကို ရွေးချယ်ပြောကြားလိုက်ခြင်း ဖြစ်ပေသည်။

'ဟုတ်လား။ ကျွန်မနာမည်ကလဲ အိုက်ရှိဟန်တဲ့'



ဤ အိုက်ရှိဟန်ဆိုသည်မှာလည်း ဝင်ကျန်အမျိုးသမီးများ၏ သာမညနာမည်တစ်မျိုးပင် ဖြစ်သည်။ အဒိုတက် သဘောမျိုးတည်း။ မိန်းကလေးကလည်း လျှောင်ပြောင် ကျီစယ်လိုဟန်ရှိပေသည်။

'ရှင်... ဘယ်သူ့ကို ရှာချင်လို့လဲ'

'ခေါင်းဆောင်ကြီး ဟူကျော်ဝှင်နဲ့ တွေ့ချင်လို့ပါ'

မိန်းကလေး ရုတ်တရက် ကြောင်သွားသည်။ ချိန်ကျန်းလောင်ကို အံ့အားသင့်စွာ ပေကြည့်သည်။ အတန်ကြာပြီးမှ မယုံကြည်နိုင်သော အမူအရာဖြင့် ပြန်မေးသည်။

'ရှင်.... သူ့ကို သိလို့လား'

'သိပါတယ်'

'တကယ်သိတာပေါ့၊ သူ့သား ဟူအာရင်၊ သူ့သမီး ဟူချစ်မုံတို့နဲ့တောင် သိသေးတာပဲ'

'ဘယ်နေရာမှာ သိကြတာလဲ'

'သူတို့တစ်တွေ တရုတ်ပြည်မကြီးကိုသွားပြီး အထွတ်အမြတ်ကျမ်းစာအုပ် ပြန်လည်ရတဲ့အချိန်ကပေါ့၊ သူနဲ့ကျုပ် ကံဆုံလို့ တွေ့ကြရတာပါ'

'အင်း.... ဒါဆိုရင်တော့ ရှင်ပြောတာ ဖြစ်နိုင်ပါတယ်။ ကဲထိုင်ပါဦးလား။ ကျွန်မ စားစရာလေးဘာလေး သွားယူလိုက်ဦးမယ်'

မိန်းကလေးသည် စကားဆုံးသည်နှင့် သစ်ပင်ချုံနွယ်များအတွင်းသို့ ဝင်ရောက်သွားလေတော့သည်။ ထို့နောက် မကြာမီပင် ဟာမိသစ်သီးတစ်လုံးနှင့် ဆိတ်နို့တစ်ပုလင်း ယူဆောင်လာပြီး ချိန်ကျန်းလောင်အား လှမ်းပေးသည်။

စိမ်းဝါရောင်ရှိသော ဟာမိသစ်သီးမှာ ဝင်ကျန်ပြည်နယ်ထွက်သစ်သီးတစ်မျိုးဖြစ်ပြီး မွှေးကြိုင်ချိုစိမ့်သော အရသာရှိသည်။

မှုအိုက်သော ရာသီတွင် ဤဟာဇီသစ်သီးအား စားသုံးမိလျှင် အေးမြကြည်လင်သော ခံစားမှုမျိုး ခံစားရပေသည်။ အလွန်အေးသော သစ်သီးဖြစ်ပေသည်။ သဲကန္တာရနှင့်နီးသောအရပ်များ၌ ပေါက်ရောက်တတ်သည်။

'ခေါင်းဆောင်ကြီး ဟူကျော်လွင်နဲ့ တွေ့ချင်တဲ့အကြောင်းရင်းကို ပြောပြနိုင်ပါ့မလား'

မိန်းကလေးသည် ချိန်ကျွန်းလောင် စားသောက်ပြီးချိန်အထိ စောင့်ပြီးမှ သူမ မေးလိုသော မေးခွန်းကို မေးလေ၏။

'ခေါင်းဆောင်ကြီးဟူကျော်လွင်နဲ့ ညီမတို့က တစ်အုပ်စုတည်းလား'

မိန်းကလေးက ခေါင်းညိတ်ပြသည်။

'အထွတ်အမြက်ကျမ်းစာအုပ်ကြီးကို သွားပြန်ယူခဲ့တုန်းက ရန်သူနဲ့ တိုက်ပွဲဖြစ်ခဲ့ပါတယ်၊ အဲဒီတိုက်ပွဲမှာ အာမခံအဖွဲ့တစ်ဖွဲ့နဲ့တိုက်ပြီး လူတွေ တော်တော်သေခဲ့တယ်၊ အဲဒီအထဲမှာ ကွမ်တုံဘီလူးအုပ်စုထဲက လူတစ်ချို့ပါသွားလို့ အခု ကွမ်တုံဘီလူးညီနောင်တချို့ဟာ လက်စားချေဖို့ ဒီကိုလာနေကြတယ်၊ အဲဒီကိစ္စအတွက် လာသတိပေးတာပဲ'

ပြုံးရယ်နေသော မိန်းကလေး၏မျက်နှာမှာ ရုတ်ခြည်းတည်ကြည်သွားသည်။ စိုးရိမ်စိတ်ပူသည့် အငွေ့အသက် အရိပ်က သူမ၏ မျက်နှာပေါ်သို့ ဖြတ်ပြေးသွားကြသည်။

'ကလဲ့စားချေဖို့ လာတဲ့လူတွေရဲ့ သိုင်းပညာက သိပ်ပြီးအဆင့်မြင့်ကောင်းမွန်နေသလား။ လူကော ဘယ်လောက်များသလဲ'

'လူတော့ မများပါဘူး။ ဒါပေမယ့် သိုင်းပညာကတော့ ကောင်းပါတယ်၊ သတိဝီရိယနဲ့နေရင်တော့ ကြောက်စရာမလိုပါဘူး။ သတိမထားမိရင်တော့ ဒီလူတွေဟာ ကောင်းကောင်းဒုက္ခပေးနိုင်တယ်'

မိန်းကလေး၏မျက်နှာ ပြန်လည်လန်းဆန်းလာသည်။ ချိန်ကျွန်း



လောင်၏ စကားကြောင့် စိတ်အေးသွားဟန်တူသည်။

'ဒါဆိုရင် ညီမကပဲ လမ်းပြပို့ဆောင်ပေးပါ့မယ်၊ နည်းနည်းတော့ ဝေးတယ်နော်၊ ဒီက လေးငါးရက်လောက် ဆက်သွားမှာ ရောက်နိုင်လိမ့်မယ်'

ချိန်ကျွန်းလောင်က ခေါင်းညိတ်ပြလိုက်သည်။

'ကျေးဇူးပါပဲ ညီမရယ်'

မိန်းမပျိုက

'မနှစ်တုန်းက ကျွန်မတို့ကို အကြောင်းမဲ့သက်သက်လာပြီး တိုက်ခိုက်နေတယ်လေ၊ ယောကျ်ားမှန်သမျှ စစ်ထဲလိုက်သွားရလို့ ကျွန်မနဲ့ အစ်မတွေ ညီမတွေက ဒီမှာလာပြီး ဆိတ်ကျောင်း၊ မြင်းကျောင်းအလုပ်ကို လုပ်နေရတယ်၊ ဒီနေ့တော့ ရာသီဥတု သိပ်ပူတာနဲ့ ရေကန်ထဲမှာ ရေဆင်းချိုးနေတုန်း ရှင်နဲ့ တွေ့ရတာပါပဲ'

မိန်းကလေးသည် စကားဆုံးသည်နှင့် ကျွဲချိုတစ်ခုကိုယူပြီး မှုတ်လိုက်၏။

အချက်ပေးသံထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် စင်ကျန်လူမျိုး မိန်းကလေးငါးယောက် မြင်းကိုယ်စီ စီးပြီးမြက်ခင်းပြင်ကိုကျော်ဖြတ်ရောက်ရှိလာကြသည်။ ထို့နောက် သူတို့အချင်းချင်း တီးတိုးတိုင်ပင်ပြောဆိုကြသည်။

နောက်ရောက်လာသော မိန်းကလေးအုပ်စုမှာ ချိန်ကျွန်းလောင်အား မျက်တောင်မခတ်တမ်း စေ့စိုက်အကဲခတ်နေကြ၏။

သူတို့၏မျက်နှာပေါ်တွင် အံ့ဩသည့် အသွင်သဏ္ဌာန်များ အထင်းသား ပေါ်လွင်နေပေသည်။

မိန်းမလှကလေးများသည် ထိုအုပ်စုနှင့် စကားပြောပြီးသည်နှင့် ချုံနွယ်များအကြား ဝင်ရောက်သွားပြန်၏။ မကြာမီ ပြန်ထွက်လာသည်။

သူမ၏ လက်ထဲတွင် မြင်းတစ်ကောင်၏ဖော်ကြီးကို ဆွဲလာ၏။

ထိုမြင်းမှာ ထူးထူးခြားခြား တစ်ကိုယ်လုံး နီရဲနေပြီး အခြား အရောင်များ လုံးဝ မရောစွက်ပေ။ မြင်းကောင်းတစ်စီးဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်ပေသည်။ ထိုမြင်းပေါ်တွင် ခရီးသွားအသုံးအဆောင်များ ပါရှိကြောင်း တွေ့ရှိရသည်။

ချိန်ကျန်းလောင်က သူ့မြင်းဖြူကြီးကို ရှာဖွေကြည့်ရာ သစ်ပင် တစ်ပင်၌ ချည်နှောင်ထားသည်ကိုတွေ့ရလေ၏။ ဤသို့ချည်နှောင်ထား ခြင်းကြောင့် သူ အတန်တန်ခေါ်ယူသည့်တိုင် မြင်းဖြူကြီး ရောက်မလာ ခြင်းဖြစ်ကြောင်း ချိန်ကျန်းလောင် နားလည်လိုက်ရပေသည်။

'ကဲ... ကျွန်မတို့ သွားကြစို့'

မိန်းမလှကလေးက သူမ၏မြင်းနီပေါ်သို့ ခုန်တက်ပြီး ဦးဆောင် ထွက်ခွာသွားသည်။ လမ်းတွင် မိန်းကလေးက ချိန်ကျန်းလောင်အား မေးမြန်းမြန်းသည်။

'ရှင်က တရုတ်ပြည်မကြီးကလာတဲ့လူဆိုတော့ တရုတ်လူမျိုးတွေ ရဲ့အကြောင်းကို သိမှာပေါ့၊ တရုတ်လူမျိုးတွေဟာ စိတ်ထားကောင်းကြ ရဲ့လား'

'ကောင်းတဲ့လူ ရှိသလို မကောင်းတဲ့လူလဲ ရှိတာပေါ့၊ ဒါပေမယ့် အများအားဖြင့် စိတ်ထားကောင်းကြပါတယ်'

ချိန်ကျန်းလောင်မှာ မိမိကိုယ်တိုင် တရုတ်လူမျိုးတစ်ယောက် ဖြစ်ကြောင်းပြောကြားလိုသော်လည်း မိန်းကလေး၏ စိတ်ထားကောင်း မွန် ဖြောင့်မတ်ဖြူစင်ပုံနှင့် မိမိအား သံသယမဝင်ဘဲ ဝင်ကျန်လူမျိုး အဖြစ်သာ ထင်မှတ်ထားခြင်းတို့ကြောင့် ဖွင့်မပြောဖြစ်ခဲ့ပေ။

ဤသို့ဖြင့် လမ်းခရီးတစ်လျှောက်လုံး မိန်းကလေးက ချိန်ကျန်း လောင်အား တရုတ်လူမျိုးတို့၏ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများ





အကြောင်းကို မေးမြန်းလေ၏။

ချိန်ကျန်းလောင်ကလည်း မိန်းကလေး စိတ်ဝင်စားမည့် အကြောင်းအရာတို့ကို ရွေးချယ်၍ပြောဆိုခဲ့ပေသည်။ တရုတ်တို့၏ ယဉ်ကျေးမှုမှာ ကြီးကျယ်မြင့်မားလှသဖြင့် သူမ နားမလည်သည့် အချက်များကိုလည်း ရှက်ချင်းမေးတတ်သည်။

ညနေစောင်းသောအခါ တောင်ကမ်းပါးယံကြီးတစ်ခုအနီးသို့ ရောက်ရှိလာကြသည်။ တောင်ကမ်းပါးယံကြီးမှာ မြင့်မားမတ်စောက် လှ၏။

မိန်းကလေးသည် ထိုတောင်နံရံကို လက်ညှိုးထိုးပြလိုက်၏။ ချိန်ကျန်းလောင် ကြည့်လိုက်ရာ ခေါင်ခုလတ်တွင် ထူးဆန်းလှစွာ ပန်းပွင့်နီကြီးနှစ်ပွင့် ပွင့်နေသည်ကို တွေ့လိုက်ရသည်။ ပန်းပွင့်၏ အရွက် မှာ အစိမ်းရင့်ရောင်ရှိပြီး ပွင့်ချပ်များမှာ အစိမ်းနုရောင် ရှိလေသည်။ ဘေးပတ်ပတ်လည်၌ ဆီးနှင်းများဖုံးလွှမ်းထားသောကြောင့် ပန်းပွင့် ကလေးမှာ ပနံရလှပနေပေသည်။

'ဒါ.... ဒါ.... ကမ္ဘာပေါ်မှာ အရှားပါးဆုံး အလှဆုံးဖြစ်တဲ့ နှင်းပွင့် ရွှေကြာပန်းပဲ၊ အနံ့ကို နမ်းကြည့်ပါဦး။ ဘယ်လောက် မွှေးသလဲ'

မိန်းကလေးက ထိုပန်းပွင့်များကို မက်မောစွာကြည့်ပြီး တီးတိုး ပြောသည်။ ချိန်ကျန်းလောင်က လေကို ရှူရှိုက်ကြည့်ရာ ချိုအေးသင်း ထုံသော ပန်းရနံ့ကို နမ်းရှိုက်မိသည်။ ပန်းပွင့်နှင့် သူတို့၏အကွာအဝေး မှာ ကိုက်လေးဆယ်မျှ ကွာဝေးသည်။

ထိုမျှကွာဝေးနေသည့်တိုင် ပန်းပွင့်၏ရနံ့က ကြိုင်လှိုင်နေသဖြင့် ထူးခြားလှသော ပန်းပွင့်ဖြစ်ကြောင်း ချိန်ကျန်းလောင် ရိပ်မိလိုက်သည်။

မိန်းကလေးအား အကဲခတ်လိုက်သောအခါ လှနတ်မယ်ကလေး သည် ထိုပန်းပွင့်နှစ်ပွင့်အား မျက်တောင်မခတ် ငေးစိုက်ကြည့်နေကြောင်း တွေ့လိုက်ရသည်။

'ညီမ လိုချင်လို့လား'

ချိန်ကျန်းလောင် မေးလိုက်၏။

မိန်းကလေးက သက်ပြင်းချလိုက်ပြီး ညည်းပြောကလေးပြောသည်။

'အင်း... ဒီလောက် ရှားပါးမြင့်မြတ်တဲ့ပန်းမျိုးကိုရဖို့ ဘယ်လွယ်ပါ့မလဲ ရှင်ရယ်'

ချိန်ကျန်းလောင် ပြုံးလိုက်မိသည်။ ထို့နောက် မတ်စောက်သော တောင်ကမ်းပါးယံကြီးကို မော့ကြည့်လေ့လာသည်။ ခြေချနိုင်သော နေရာတစ်နေရာကို တွေ့လိုက်သည်နှင့် အသက်ကို ပြင်းပြင်းရှူလိုက်ပြီး မြင်းပေါ်မှ ကိုယ်ဖော့ပညာနှင့် လွှားခနဲ ခုန်တက်လိုက်သည်။

ထိပ်တန်းသိုင်းသမားအဖို့ တော်ရုံတန်ရုံအမြင့်သည် အကြောင်းမဟုတ်ပါ။

'အို... ရှင် ဘာလုပ်မလို့လဲ'

မိန်းကလေးမှာ လန့်ပြီး အော်မိသည်။ ချိန်ကျန်းလောင်သည် မိန်းကလေးကို ဂရုမစိုက်တော့ပါ။

လက်ကိုင်နိုင်မည့် ကျောက်တောင်အအက်များနှင့် ခြေနင်းနိုင်မည့် ချိုင့်ကလေးများကို သတိနှင့် ရှာဖွေပြီး နိမ့်ကာဝိုးဝိုး ကိုယ်ဖော့ပညာသုံးလျက် ကျောက်နံရံကို ကုတ်တွယ်တက်လေတော့သည်။

မတ်စောက်လှသော ကျောက်တောင်ကမ်းပါးယံသည် အောက်ဘက်မှ အပေါ်သို့ မော့ကြည့်လျှင် ခြေချစရာမရှိလောက်အောင် ပြောင်ချောညီညာသည်ဟု ထင်မှတ်ရသော်လည်း အပေါ်သို့ ရောက်ရှိလာသည့်အခါတွင်မှ ကုတ်ကာတွယ်တက်နိုင်ရန် အဖုအထစ် အချိုင့်အဝှမ်းကလေးများ အနည်းငယ်ရှိ၍ နေလေသည်။

F-17-B



ချိန်ကျန်းလောင်သည် နားလိုက်တက်လိုက်ဖြင့် ခက်ခဲသည်ဟု ထင်ရသော ကျောက်ကမ်းပါးယံကြီးကို လွယ်ကူစွာ တက်ရောက်ကာ ပန်းပွင့်ကလေးနှစ်ပွင့်ကို ခူးယူလိုက်သည်။ ထို့နောက် တောင်အောက်သို့ ခုန်ပျံဆင်းသက်လာပြီး မိန်းကလေးအား ပေးလိုက်လေသည်။

မိန်းကလေး၏ သွယ်တော့ပျောင်းညွတ်သော လက်ချောင်းကလေးများမှာ တုန်တုန်ယင်ယင် ဖြစ်နေသည်။ မျက်ဝန်းထဲမှ မျက်ရည်ကလေးများ သီးလာသည်။

ပန်းပွင့်ကို လှမ်းယူစဉ်မှာပင် မျက်ဝန်းအိမ်ထဲမှ မျက်ရည်တစ်စက်မှာ ပေါက်ခနဲ ပြုတ်ကျကာ ပန်းပွင့်ကလေးနှစ်ပွင့်ပေါ်သို့ ကျသွားလေ၏။

ချိန်ကျန်းလောင် အံ့ဩသွားသည်။ အဘယ်ကြောင့် မျက်ရည်ကျရသည်ကို မတွေးတတ်ချေ။

'ကဲ... သွားကြရအောင်'

ချိန်ကျန်းလောင်သည် မြင်းဖြူကြီးပေါ် ခုန်တက်ရင်း နှိုးဆော်လိုက်၏။ မိန်းကလေးသည် ပန်းပွင့်ကလေးများကို ယုယစွာ ပွေ့ပိုက်ရင်း သူမ၏ မြင်းနီကြီးကို ခရီးနှင်လေတော့၏။

ချိန်ကျန်းလောင်မှာမူ အတွေးများဝေလျက်။

'ဒီနေ့ ငါဘယ်လိုဖြစ်နေရတာလဲ၊ ဒီမိန်းကလေးက ပန်းပွင့်ကို လိုချင်တာနဲ့ ငါက ဘာမပြော ညာမပြော ဘာဖြစ်လို့ တက်ခူးပေးရတာလဲ၊ အဲဒါ ဘာဖြစ်လို့လဲ၊ ငါ့စိတ်တွေ မူမမှန်သေးရဲ့လား'

ချိန်ကျန်းလောင်သည် နောက်သို့ လှည့်ကြည့်မိ၏။ သူ ပန်းတက်ခူးခဲ့သည့် ကျောက်နံရံကို မြင်ရသောအခါ ကြက်သီးထမိသည်။

'အားပါး၊ တကယ့်ကို မတ်စောက်တဲ့ ကျောက်နံရံကြီးပါကလား'

☆ ☆ ☆

အခန်း (၈၇)

## မညည်းမညူ ခရီးအတူတူ

ဆည်းဆာသည် နေခြည်တို့ကို သိမ်းရုပ်သွားခဲ့ချေပြီ။ ညသည် သူ၏ အမှောင်တည်းဟူသော ရုံမက်များအား တစ်စတစ်စ ချွဲသွင်းလာခဲ့လေပြီ။

ကြယ်တာရာများက ပြာစင်သော ကောင်းကင်ယံဝယ် အရောင်ပြက် ထောက်လက်နိုင်ရန် အချိန်ကို စောင့်ဆိုင်းနေကြသည်။

ချိန်ကျုန်းလောင်တို့ နှစ်ယောက်သည် သဘာဝအလှကို ခံစားရင်း ချောင်းရိုးကလေးတစ်ခုနံဘေးရှိ ကျောက်ဆောင်ကြီးတစ်ခုအောက်၌ အနားယူလိုက်ကြ၏။

ပစ္စည်း ပစ္စယများ၏ မြင်းများကို လွှတ်ပေးထားလိုက်ကြပြီးလျှင် မိန်းကလေးက ထင်းခြောက်ကလေးများ စုစည်းပြီး မီးမွေးသည်။ ထို့နောက် ပါလာသော ဆိတ်သားခြောက်များကို ကင်လေတော့၏။



စားသောက်ပြီးသည့်တိုင် နှစ်ယောက်သားမှာ စကားမပြောဖြစ်ကြပေ။ အထူးသဖြင့် ချိန်ကျုန်းလောင်မှာ စကားမပြောခဲ့အောင် ဖြစ်နေသည်။

မိန်းကလေးနှင့် စကားပြောမိလျှင် သူ့စိတ်များ ညွှတ်ယိမ်းလာမည်ကို စိုးရိမ်နေမိသည်။ ချိန်ကျုန်းလောင် ငြိမ်နေသဖြင့် မိန်းကလေးကလည်း ငြိမ်နေတော့သည်။

မိန်းကလေးသည် ချိန်ကျုန်းလောင်ကို မျက်လုံးဝေ့ကြည့်ပြီးနောက် သူတို့ ဘုရားသခင်ကို ရှိခိုးကော်ရော်သည်။ အထွတ်အမြတ်ကျမ်းမှ တရားစာများကို ရွတ်ဆိုသည်။ မီးရောင်ပြန်ဟပ်မှုကြောင့် တစ်ကိုယ်လုံး ရွှတ်ရွှတ်ဖြူနေသော မိန်းကလေးမှာ နတ်သမီးလေးတစ်ပါးကဲ့သို့ လွန်စွာလှပနေသည်။

လေပြည်နှင့်အတူ ဝေ့လာသော မိန်းကလေး၏ ကိုယ်သင်းရနံ့နှင့် နှင်းပွင့်ရွှေကြာပန်းရနံ့တို့က ချိန်ကျုန်းလောင်၏ နှာဝကို လာရောက်ဆွတ်ဖျန်းနေသည်။ ဆင်းရဲပကာ၏ ဆွဲဆောင်ခြင်း၊ ရနံ့၏ ဆွဲဆောင်ခြင်းတို့ကြောင့် ထိမ်းသိမ်းနိုင်ပညာရှင် ချိန်ကျုန်းလောင်၏ ရင်ခွင်တစ်ခုလုံးမှာ ယောက်ယက်ခတ် ဗလောင်ဆူနေတော့၏။

ချိန်ကျုန်းလောင်သည် ဗလောင်ဆူသောရင်နှင့် မိန်းကလေးအား မှိတ်မသုံ ငေးစိုက်ကြည့်နေမိသည်။ ထိုသို့ကြည့်နေခြင်း၏ ခံအမြဲကြည့်ရှုခြင်းကိုလည်း ခံစားနေရပြန်သဖြင့် ချိန်ကျုန်းလောင်ခမျာ သူခံစားနေရသည့် ဝေဒနာကို သရုပ်မခွဲတတ်အောင် ဖြစ်နေရပြန်တော့သည်။

သူ ငေးတော ငေးမောနေစဉ်မှာပင် မိန်းကလေးသည်လည်း ဘုရားရှိခိုးခြင်းအမှု ပြီးဆုံးသွားလေ၏။

'ဒီလောက်ခက်ခဲတဲ့ တောင်ကမ်းပါးယံကိုတက်ခဲ့တာ ရုပ်သေသွားမှာကို မစိုးရိမ်ဘူးလားဟင်'

မိန်းကလေးက တီးတိုးလှမ်းမေးလာသည်။

'သေမှာကို အစ်ကို မတွေ့ကိုမိပါဘူးကွယ်။ အစ်ကို စိုးရိမ်တာက ညီမလိုချင်တဲ့ အဲဒီပန်းပွင့်ကို မခူးဆွတ်ပေးနိုင်မှာကိုပါပဲ'

ချိန်ကျွန်းလောင်က ရင်ထဲမှာရှိသည့်အတိုင်း ပြောပြလိုက်၏။ မိန်းကလေးက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ ထို့နောက် ပန်းနှစ်ပွင့်ကိုထုတ်ယူကာ တစ်ကြိမ် ရှူရှိုက်လိုက်ကာ တစ်ပွင့်ကို ချိန်ကျွန်းလောင်အား ပေးလိုက်သည်။

'ဒီအပွင့်ကို အစ်ကိုယူထား'

ချိန်ကျွန်းလောင်၏ လက်များသည် အလိုလို လှုပ်ပြီးသားဖြစ်သွား၏။ မိန်းကလေးသည် သူ့အပေါ်၌ လွှမ်းမိုးနေချေပြီတကား။

'အစ်ကိုက သိုင်းပညာတတ်သလား။ ဒီလောက်မြင့်တဲ့ တောင်ကမ်းပါးယံကို သိုင်းပညာတတ်ရင်သာ တက်နိုင်တာပေါ့နော်'

မိန်းကလေး၏ စကားအသွားအလာအရဆိုလျှင် သူမသည် သိုင်းပညာကို နားလည် တတ်ကျွမ်းခြင်းမရှိကြောင်း ဖော်ပြနေပေသည်။ ထို့ကြောင့် မိမိအဆင့် မည်မျှရှိသည်ကို ဤမိန်းကလေး သိမည်မဟုတ်ဟု ချိန်ကျွန်းလောင် ထင်မှတ်မိလေ၏။

'တောင်တက်တာက လွယ်ပါတယ် ညီမရယ်။ သတ္တိရှိရင်ဖြစ်တာပါပဲ'

ချိန်ကျွန်းလောင်က ခပ်ပေါ့ပေါ့ပြောသည်။ မိန်းကလေးမှာ ရိုးသားလွန်းသဖြင့် ချိန်ကျွန်းလောင် သိုင်းပညာမတတ်ကျွမ်းဟူသော နားလည်မိသည်။

'အစ်ကိုက သိပ်သတ္တိကောင်းတာပဲနော်၊ သိပ်တော်တာပဲ'

မိန်းကလေး၏ ချီးကျူးသံက ချိန်ကျွန်းလောင်၏ နားထဲသို့ ပျားရည်အလား ယိုစီးဝင်သွား၏။



မိန်းကလေးက သူ့ဘဝအကြောင်းများကို ချိန်ကျွန်းလောင်အား ပြောပြသည်။ သူ့ဘဝမှာ ဒဲကန္တာရကြီးအလယ်တွင် ကြီးပြင်းလာခဲ့ရသည့်အကြောင်း။ ကျယ်ပြန့်သော မြက်ခင်းလွင်ပြင်တွင် မြင်း၊ ကုလားအုပ်များ ထိန်းကျောင်းလာခဲ့ရသည့်အကြောင်း။ သူမသည် သစ်သီးဝလံနှင့် ပန်းမန်များကို နှစ်သက်သည့်အကြောင်းတို့ကို ချိုလွင်သောအသံကလေးဖြင့် ပြောပြနေသည်။

'ပန်းပွင့်ကလေးတွေက သိပ်ပြီးနူးညံ့ လှပတာပဲနော်၊ မြက်ခင်းကျယ်ကြီးထဲမှာ ပန်းပွင့်ကလေးတွေကိုများ မြင်နေရရင် ကျွန်မတော့ သိပ်စိတ်ကြည်နူးတာပဲ၊ ကျွန်မက ပန်းပွင့်ကလေးတွေကို သိပ်ချစ်တာ၊ စားတာ သောက်တာတောင်မှ အသားငါးတွေကို မကြိုက်ဘူး၊ ပန်းပွင့်လေးတွေကိုပဲ နှစ်နှစ်ခြိုက်ခြိုက် စားတတ်တာ'

'ဟင်... ပန်းပွင့်ကလေးတွေကို စားတယ် ဟုတ်လား'

ချိန်ကျွန်းလောင် တအံ့တဩမေးသည်။

'ဟုတ်တယ်၊ ကျွန်မ ငယ်ငယ်လေးတည်းက ဒီနေ့အထိ နေ့တိုင်း နေ့တိုင်း ပန်းပွင့်ကလေးတွေကိုပဲ စားတတ်တယ်၊ မေမေနဲ့ ကိုကိုတို့က ကျွန်မ ပန်းစားတာကို တားမြစ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ကျွန်မ တစ်ယောက်တည်း ဆိတ်ကျောင်းရင်း သူတို့ကွယ်ရာမှာ ခိုးခိုးစားတာပဲ၊ ပန်းပွင့်စားလို့ ဘာမှမဖြစ်တော့မှ သူတို့လဲ ကျွန်မကို မတားမြစ်ကြတော့ဘူးလေ'

'ကြော်... ဒါကြောင့် ညီမရဲ့ကိုယ်သင်းနံ့က ဒီလောက် မွှေးကြိုင်နေတာကိုး'

ချိန်ကျွန်းလောင်သည် စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်၊ လေအဝှေ့တွင် မိန်းကလေးထံမှ သင်းပျံ့သော ရနံ့များကိုရှူရှိုက်နေရပြန်သည်။ မိန်းကလေး၏ ကိုယ်သင်းရနံ့ကား ထကယ်ပင် ထူးခြား၏

မည်သည့် မိန်းကလေးမျှ ဤသို့သော ကိုယ်သင်းရနံ့မျိုး မရှိနိုင်ပေ။ ချိန်ကျွန်းလောင်သည် သူ့စိတ်များ ဖောက်ပြန်လာမည်ကို စိုးရိမ်သဖြင့် မိန်းကလေးနှင့် အနည်းငယ်ခွာ၍ ထိုင်လိုက်၏။ ချိန်ကျွန်းလောင် ပြင်ထိုင်ခြင်းကို မိန်းကလေးက အတွေးတစ်မျိုးပေါက်သွား၏။

'ကျွန်မက ပန်းပွင့်တွေကို စားတတ်တော့ ကျွန်မကိုယ်ထဲက အနံ့တစ်မျိုး ထွက်နေလိမ့်မယ်ထင်တယ်၊ အစ်ကိုက အဲဒီအနံ့ကို မကြိုက်ဘူးလားဟင်'

မိန်းကလေးက ရိုးသားမှုင့်လင်းလွန်းလှသဖြင့် ချိန်ကျွန်းလောင်မှာ မျက်နှာပူထူသွားကာ စကားပြော မထွက်နိုင်တော့ပေ။

'ဒီမိန်းကလေးက သိပ်ပြီးရိုးသားဖြူစင်လွန်းနေတယ်၊ ငါ သူ့ကို တစ်ခြားမိန်းကလေးတွေကိုမြင်ပြီး ကိုယ့်ကိုယ်ကိုထိန်းကျောင်းဆက်ဆံနေရင် ငါ မရိုးမသားဖောက်ပြန်နေတဲ့အကြောင်း ထုတ်ဖော်ပြသရာ ရောက်နေလိမ့်မယ်'

ချိန်ကျွန်းလောင်၏ အတွေးမှန်သွားသည်။ သူ့စိတ်ကို သူပြန်ထိန်းသည်။ ထို့နောက် အစ်ကိုကြီးတစ်ယောက်က ညီမငယ်တစ်ယောက်အား ချစ်ခင်ယုယစွာ ဆက်ဆံပုံမျိုးဖြင့် ဆက်ဆံပြောဆိုသည့်အခါတွင်မှ သူ၏စိတ်များ တည်ငြိမ်အေးချမ်းမှု ရရှိလာခဲ့ရသည်။

သူတို့သည် ကိုယ်ကျင်လည်ခဲ့ရာ ဘဝ၏ အတွေ့အကြုံကလေးများကို ဝေဝေဆာဆာ ပြောဆိုဖြစ်ကြလေသည်။ ချိန်ကျွန်းလောင်မှာ ငယ်စဉ်ဘဝမှ ယခုအချိန်အထိ ဓား၊ တုတ်၊ လေးမြား၊ လှံတံအန္တရာယ်များကို ရင်ဆိုင်တွေ့ကြုံတိုက်ခိုက်ခဲ့ရသူ တစ်ယောက်ဖြစ်ပြီး ဤကဲ့သို့ ကြည်နူးသာယာဖွယ်ကောင်းသော အေးငြိမ်းသည့် စကားလုံးများ ပြောဆိုခဲ့ဖူးခြင်း မရှိသည့်အတွက် သူ့ဘဝ၏ ထူးခြားမှုတစ်ရပ် ဖြစ်နေတော့သည်။



အတန်ကြာ စကားပြောပြီးသည့်နောက် မိန်းကလေးသည် ကောင်းကင်ပေါ်မှ ကြယ်တာရာများကို ငေးမောကြည့်ရှုနေသည်။

ရာသီဥတု သာယာကြည်လင်သဖြင့် ကောင်းကင်ပြာပေါ်တွင် ကြယ်တာရာများ စုံညီညီ ထွန်းလင်းနေကြလေသည်။ ချိန်ကျွန်းလောင်က ထူးထူးခြားခြား နီးကပ်နေသည့် ကြယ်နှစ်ပွင့်ကို လက်ညှိုးညွှန်ပြလိုက်၏။

'အဲဒီကြယ်နှစ်ပွင့်မှာ ထူးခြားတဲ့ ဒဏ္ဍာရီလေးတွေ ရှိတယ်၊ ညီမ ကြားဖူးသလားဟင်'

ဤကြယ်နှစ်ပွင့်၏ ဒဏ္ဍာရီပုံပြင်မှာ ချိန်ကျွန်းလောင် ကြားဖူးသည့် တစ်ခုတည်းသော ဒဏ္ဍာရီပုံပြင်သာ ဖြစ်လေ၏။

'ဟင့်အင်း... ညီမ မကြားဖူးဘူး၊ ပြောပြပါလား အစ်ကိုရယ်'

'ညီမ နားထောင်မလား'

'နားထောင်မှာပေါ့'

မိန်းကလေးက မျက်လွှာကလေးချပြီး ပြောသည်။ ထို့နောက် ချိန်ကျွန်းလောင်၏ ဒူးပေါ်တွင် ခေါင်းအုံးကာ ကလေးတစ်ယောက်ပမာ ငြိမ်သက်နားထောင်နေတော့သည်။

ချိန်ကျွန်းလောင် ပြောပြသော ပုံပြင်ကလေးမှာ ဤသို့ဖြစ်လေသည်။

နတ်ပြည်ရှိ နတ်မင်းကြီးတစ်ပါးတွင် သမီးတော် ခုနစ်ယောက် ရှိခဲ့သည်။ ထိုသမီးတော် ခုနစ်ပါးတွင် အထွေးဆုံး နတ်သမီးကလေးမှာ စိတ်ကောင်းနှလုံးကောင်းရှိပြီး ရုပ်ဆင်းအင်္ဂါနှင့်လည်း ပြည့်စုံလှပေ၏။

နတ်သမီးကလေးသည် တစ်နေ့သ၌ လူ့ပြည်ကို ငုံ့ကြည့်လိုက်ရာ နွားကျောင်းသားကလေးတစ်ယောက်ကို တွေ့မြင်ရလေသည်။

ထိုနွားကျောင်းသားလေးမှာ ရိုးသားဖြောင့်မတ်ပြီး အလုပ်ကို

လည်း နီးနီးကြားကြား ဝိရိယရှိရှိလုပ်ကိုင်သည်။ နတ်သမီးကလေးမှာ ထိုနွားကျောင်းသားကလေး၏ ဝေလွှသံကို နှစ်မွှန်းသာယာပြီး လှကိုပါ စွဲလမ်းနှစ်သက်သွားသည်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်းပင် နွားကျောင်းသားကလေးအား စောင့်ကြည့်ကာ ပလွေသံကို နားထောင်လေတော့သည်။

ညီမထွေးကလေး၏ စိတ်ဝေဒနာကို သိရှိရသော အစ်မကြီးခြောက်ယောက်တို့သည် ညီမထွေးကလေးကို သနားကြသဖြင့် လူပြည်သို့ဆင်းရန် အကြံပေးသည်။

နတ်သမီးလေးသည် နတ်ပြည်မှ လူ့ပြည်သို့ တိတ်တိတ်နိုးဆင်းပြီး ယက်ကန်းသည်မလေးအသွင် ဖန်ဆင်းလျက် နွားကျောင်းသားကလေးဆီသို့ သွားလေ၏။

နွားကျောင်းသားကလေးကလည်း ယက်ကန်းသည်မလေးကို မြင်လျှင်မြင်ချင်း ချစ်ခင်စုံမက်မိသည်။ သို့နှင့် နှစ်ဦးသား အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်လိုက်ကြတော့သည်။ သူတို့ အလွန်ပျော်ရွှင်ခဲ့ကြ၏။

သို့သော် သူတို့၏ ပျော်ရွှင်ခြင်းမှာ မကြာရှည်လိုက်ပေ။ တစ်နှစ်ပြည့်သွားချိန်၌ နတ်မင်းကြီးသည် သူ၏ အထွေးဆုံးသမီးကလေး လူ့ပြည်သို့ ခိုးဆင်းသွားသည်ကို သိရှိသွားသဖြင့် ဒေါသအမျက် ခြောင်းခြောင်း ထွက်တော့သည်။ နတ်ပြည်မှ နတ်စစ်သည်တို့အား မယ်ထွေးကို အရဖမ်းဆီးရန် အမိန့်ပေးစေခိုင်းတော့သည်။

အကြီးဆုံးအစ်မဖြစ်သူသည် ထိုသတင်းကို ကြိုတင်ကြားသိရသဖြင့် ညီမထွေးလေးအား အကြောင်းကြားခဲ့သည်။

ညီမထွေးမှာ ချစ်ရသူနှင့် ကွေကွင်းရတော့မည်ကို တွေးမိကာ တမှိုင်မှိုင် တတွေတွေနှင့် မစားနိုင် မအိပ်နိုင်ဖြစ်လာရတော့သည်။

တစ်နေ့တစ်ခြား ညှိုးနွမ်းကြုံလှီလာသော ချစ်ဇနီး၏အဖြစ်ကို



မြင်ရလေသောအခါ နွားကျောင်းသားကလေးသည် တပူပူပေးဖြစ်နေတော့၏။

နတ်သမီးကလေးသည် တစ်ကြိမ်နှစ်ကြိမ် သုံးကြိမ်တိုင်အောင် မပြောဘဲ တင်းခံနေခဲ့သော်လည်း စတုတ္ထအကြိမ်တွင်မူ မပြောဘဲ မနေနိုင်တော့ချေ။ အကျိုးအကြောင်းကို ဖွင့်ပြောလိုက်ရရှာတော့သည်။ ထိုအခါ နွားကျောင်းသားလေးမှာလည်း မစားနိုင်၊ မသောက်နိုင် ဖြစ်သွားရရှာတော့သည်။

သူသည် ဇနီးဖြစ်သူကိုဖက်၍ ငိုကြွေးရှာတော့၏။ ချစ်သူနှစ်ဦး၏ ငိုရှိုက်သံများကို ကြားရသော နတ်သမီးနတ်သားများသည်ပင် မျက်ရည်ကျရရှာပေသည်။ နောက်ဆုံး၊ နတ်သမီးကလေးမှာ နတ်ပြည်သို့ ပြန်တက်သွားရ၏။ နွားကျောင်းသားကလေးမှာမူ မေ့မျောသွားရှာသည်။

နတ်သမီးလေးမှာ နတ်ပြည်သို့ရောက်ရှိပြီး နတ်စည်းစိမ်များ ခံစားရသော်လည်း လူ့ပြည်မှ ခင်ပွန်းသည်ကို တမ်းတသည့်စိတ်ဖြင့် မပျော်ရွှင်နိုင်ဘဲ ရှိနေခဲ့ရသည်။ တမှိုင်မှိုင်တတွေတွေ ပူဆွေးခဲ့ရသည်။ မယ်တော်နတ်သမီးသည် သမီးထွေး၏ဖြစ်ပုံကို မကြည့်ရက်နိုင်တော့သဖြင့် လူ့ပြည်မှ ခင်ပွန်းသည်နှင့် တစ်နှစ်လျှင်တစ်ကြိမ် တွေ့ဆုံခွင့်ပြုရလေတော့သည်။

နတ်သမီးလေးမှာ လွန်စွာပျော်ရွှင်သွားလေ၏။

မယ်တော်နတ်သမီးသည် ငှက်တော်ငှက်များကို ကျေးဇူးချင်းကာ စေပြီး တတာန်းထိုးကာ နှစ်တစ်နှစ်၏ နောက်ဆုံးရက်၌ သမီးထွေးလေးအား လူ့ပြည်သို့ ဆင်းသက်စေပြီး ခင်ပွန်းသည်နှင့် တွေ့ဆုံစေခဲ့သည်။

ထိုနွားကျောင်းသားကလေးနှင့် နတ်သမီးလေး သေဆုံးသောအခါ ထိုကြယ်ပွင့်ကလေးနှစ်ပွင့်အဖြစ်သို့ ပြောင်းလဲသွားပြီး ကောင်းကင်ယံ၌ ဤသို့တွန်းလင်းတောက်ပနေကြခြင်းဖြစ်တော့သည်။

မိန်းကလေးမှာ ချိန်ကျွန်လောင်၏ ပုံပြင်ကို စိတ်ဝင်စားစွာနားထောင်သည်။ ချိန်ကျွန်လောင်မှာ သူ့ခေါင်းပေါ်တွင် ကလေးတစ်ယောက်သဖွယ် ကချွဲကလျှက်လေး လဲလျောင်းနေသော မိန်းကလေးကို ငုံ့ကြည့်ပြီး သက်ပြင်းရှည်ကိုက်မိလေတော့သည်။

ဤသို့ဖြင့် နားလိုက် ခရီးဆက်လိုက်ဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ ငါးရက်မြောက်နေ့၌ ချောင်းကြီးတစ်ခုသို့ ရောက်ရှိလာကြလေ၏။ ညနေခင်း၏ လိမ္မော်ရောင် တိမ်အလင်းတန်းများက ချောင်းရေမြင်ကို ပက်ဖြန်းရောင်ပြန်ဟပ်နေသဖြင့် လှိုင်းကလေးများသည် ရွှေရောင်တောက်ကာ လှုပနေပေသည်။

ချောင်းအစပ်ဆီသို့ရောက်လျှင် ဒေသခံ စင်ကျွန်နှစ်ဦးနှင့် တွေ့ကြရ၏။ စင်ကျွန်နှစ်ဦးသည် မိန်းကလေးကို ဦးညွှတ်ဂါရဝပြုကြသည်။ မန်ချူးတို့နှင့်ပတ်သက်သည့် စစ်သတင်းများကိုလည်း ပြောပြကြ၏။ မိန်းကလေးက ချိန်ကျွန်လောင်အား မြန်လည်ရှင်းပြသည်။

'မန်ချူးတပ်ဟာ အကုံခက်ရုံနဲ့ အုပ်စုမြို့နယ်မြို့ဆီကို ချီတက်သွားကြသတဲ့။ ခေါင်းဆောင်ကြီး ဟူကျော်လွှင်တို့ရဲ့ လဲရက်ဘော်ယန်ဆိုတဲ့ နယ်ကိုဆုတ်ခွာသွားပြီလို့ပြောတယ်အစ်ကို။ ဒါဆိုရင် ကျွန်မတို့ ဆယ်ရက်လောက် ထပ်ပြီး ခရီးဆက်ရဦးမယ်'

မိန်းကလေးက စိတ်မသက်သာစွာနှင့်ပြောသည်။ ချိန်ကျွန်လောင်မှာ မန်ချူးတပ်က တစ်မြို့ပြီးတစ်မြို့ သိမ်းကာ ရှေ့သို့ ဆက်ရောက်နေသည်ဆိုသဖြင့် များစွာစိတ်မကောင်းဖြစ်မိသည်။

နိုကျွာဖြတ်လပ်နေသည့်တပ်သည် အဘယ့်ကြောင့်ရှေ့သို့ ဆက်၍ ချီနိုင်ရသနည်း။ အဖြေမှာရှင်းသည်။ မန်ချူးတို့သည် နိုကျွာများ၊ ထပ်မံရရှိသောကြောင့်သာ ဖြစ်ပေလိမ့်မည်။

'ခေါင်းဆောင်ကြီး ဟူကျော်လွှင်တို့ အနောက်ဘက်ကို ဆုတ်ပေး



တာ ကောင်းတယ်။ အခု ညီမတို့ ရောက်နေတဲ့နေရာတစ်ဝိုက်မှာသာ ရေရှိ သစ်ပင်တောတောင်တွေ ရှိနေတာ။ အနောက်ဘက် ရောက်သွားရင် သဲကန္တာရချည်းဖြစ်သွားတယ်။ ဒါမှ မန်ချူးတွေ ပေပြတ်ပြီး ခုက္ခ ရောက်မှာ၊ သူတို့အကွင်းထဲ တိုးဝင်လေ.... ဒုက္ခရောက်လေပဲ'

မိန်းကလေးက ပြောပြနေသည်။ ဟူကျော်လွှင်တို့ရဲ့ ဤကဲ့သို့ နောက်ဆုတ်ပေးခြင်းအားဖြင့် မန်ချူးများအနေဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိနိုင်မည် မဟုတ်ပေ။

အချိန်ကြာမြင့်ကြာလာသည်နှင့်အမျှ ရှုပ်လုံးဘာရှင် စိတ်ပြောင်းလဲသွားပြီး သူ့တပ်ကို ရုပ်သိမ်းလိမ့်မည်ဟု ချိန်ကျွန်လောင် ယူဆပေသည်။

နောက်ထပ် အကောင်းဆုံးက တွေးနိုင်သည့်တစ်ချက်မှာ ဟူချစ်မုံသည် စစ်တပ်ကြီးအတွင်း ရောက်နေသဖြင့် တိမ်ရိုလွင်တို့အနေဖြင့် မည်သို့မျှ ကလဲ့စားမချေနိုင်တော့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ချိန်ကျွန်လောင်မှာ စိတ်သက်သာရာရရှိသွားသည်။

ချိန်ကျွန်လောင်တို့နှစ်ယောက်မှာ နေ့ဘက်တွင် ခရီးဆက်ပြီး ညဘက်တွင် အိပ်စက်အနားယူကာ ခရီးထွက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားပြောခဲ့ဆိုခဲ့ပြောဆိုမှုများလာသောအခါ ချိန်ကျွန်လောင်နှင့် မိန်းမလှကလေးတို့မှာ တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးမှု ပိုကဲလာကြလေသည်။

တစ်ယောက်၏နှလုံးသားကိုတစ်ယောက်က ထွင်းဖောက်မြင် သမယောင်မယောင်ဖြစ်လာကြလေတော့၏။

တစ်ညနေခင်းတွင် သူတို့နှစ်ယောက်သည် သစ်ပင်ချုံနွယ်များ ထူထပ်သည့် တောအုပ်ကလေးတစ်ခုအတွင်းသို့ ဝင်ရောက်လာကြ၏။

ထိုစဉ် သမင်ကလေးတစ်ကောင် သူတို့ရှေ့မှ ဖြတ်ပြေးလာသည်ကို တွေ့လိုက်ကြရသည်။

ထိုရွှာနီများကို ထိန်းကျောင်းခဲ့သည့် မိန်းကလေးသည် သမင်ကလေးအား ချစ်ခင်တွယ်တာစိတ်ဖြင့် ဖမ်းရန် ကြိုးစားသည်။

'သမင်ကလေးက ချစ်စရာလေးနော်'

သမင်းကလေးမှာ မွေးကင်းစ အကောင်ပေါက်ကလေးဖြစ်သဖြင့် မျက်စိသူငယ် နားသူငယ်နှင့် ကြည့်ရှုပြီး ချုံဖုတ်အတွင်းသို့ ပြန်လည် ပြေးဝင်သွားတော့သည်။

မိန်းကလေးသည် မြင်းပေါ်မှ ဆင်းပြီး သမင်ကလေးနောက်သို့ အပြေးကလေး လိုက်သွား၏။ သို့သော်.... ရုတ်ချင်းလိုလိုပင် သစ်ပင်ချုံနွယ်များအတွင်းမှ ပြန်ထွက်လာသည်။

ချိန်ကျုန်းလောင် အံ့သြသွား၏။

'ဘာဖြစ်လို့လဲ ညီမ'

မိန်းကလေးက နှုတ်ခမ်းပေါ်သို့ လက်ညှိုးကလေးကန့်လန့်ဖြတ်တင်ကာ တိုးကိုးပြောလေ၏။

'ရှူး... တိုးတိုး၊ ဟိုမှာ လူတွေရှိနေတယ်'

ချိန်ကျုန်းလောင်မှာ ရုတ်ချင်းလိုလို သတိစိတ်များဝင်လာ၏။

သူသည် ချုံနွယ်များအကြား ဖယ်ရှားတိုးဝှေ့ ဝင်သွား၏၊ လူရှိသည်ဆိုသည့်နေရာသို့ ချောင်းကြည့်သည်။

ရဲမက်ငါးယောက်။

မန်ချူးရဲမက်ငါးယောက်။

သမင်မကြီးတစ်ကောင်ကို အရေခွံခွာ၍နေကြခြင်း ဖြစ်သည်။ စောစောက သမင်ကလေးသည် ဤသမင်မကြီး၏ ရင်သွေးငယ်ဖြစ်ပုံရသည်။

သမင်းကလေးသည် သေဆုံးနေပြီဖြစ်သည့် သမင်မကြီးအနီး၌ ပုံပဲအော်ကာ လှည့်ပတ်ပြေးနေသည်။

'တောက်.... နားငြီးလိုက်တာ၊ အော်မနေစမ်းနဲ့ နင့်ကိုပါ



သတ်စားပစ်မယ်'

ရဲမက်တစ်ယောက်က စိတ်မရှည်ဘဲ အော်ငေါက်လိုက်သည်။ ရဲမက်တစ်ယောက်မှာ မတ်တတ်ထရပ်လိုက်ပြီး လေးနှင့်မြားကိုထုတ်ကာ ချိန်ရွယ်လိုက်သည်။

သမင်ကလေးမှာ သူ့အန္တရာယ်ကို မသိရှာပေ။ ထိုရဲမက်ကိုကြည့်ပြီး သနားဖွယ်ရာ အော်နေပေသည်။

ထိုစဉ် မိန်းကလေးသည် ထိတ်လန့်တကြားအော်ဟစ်လျက် ချုံဖုတ်ထဲမှထွက်လာကာ သမင်ကလေး၏ရှေ့တွင် ပိတ်ရပ်လိုက်လေ၏။

'မပစ်နဲ့.... မပစ်နဲ့'

ရဲမက်များသည် ရုတ်တရက် လန့်ဖျပ်သွားကြသည်။ မထင်မှတ် မိန်းကလေးကို မမျှော်လင့်ဘဲ တွေ့သဖြင့် လန့်ဖျပ်သွားခြင်းသာ။

သို့သော်...အသေအချာကြည့်မိချိန်တွင်မူ မန်ချူးရဲမက်ငါးယောက်တို့သည် မိန်းကလေးအား အသက်မရှူနိုင်ဘဲ ငေးကြည့်မိကြလေတော့၏။

ချိန်ကျုန်းလောင်သည်လည်း ချုံဖုတ်ထဲမှထွက်ကာ မိန်းကလေး၏ အနီး၌ ရပ်လိုက်၏။ မန်ချူးတို့၏ အခြေအနေကို စောင့်ကြည့်နေသည်။

မိန်းကလေးမှာ ဘာကိုမျှ ဂရုမထားဘဲ သမင်ကလေးကို ပွေ့ချီလိုက်ပြီး ညင်သာစွာ ပွတ်သပ်ပေးသည်။

'အင်း.... လှလိုက်တာ ငရဲကောင်တွေက မင်းမေမေကို သတ်ပစ်လိုက်ကြပြီကွယ်၊ မင်းလေးရဲ့ဘဝက သနားစရာကောင်းလိုက်တာ'

မိန်းကလေးသည် မန်ချူးရဲမက်များကို မုန်းတီးစက်ဆုပ်သော အကြည့်ဖြင့် မျက်စောင်းထိုး ကြည့်လိုက်သည်။

'အစ်ကို၊ ညီမတို့ သွားကြစို့'

မိန်းကလေးက ထွက်ခွာသွားရန် ဟန်ပြင်စဉ်တွင် မန်ချူးရဲမက်များက ခုန်ထွက်လာကြပြီး ချိန်ကျုန်းလောင်နှင့် မိန်းကလေးတို့အား

ဝိုင်းလိုက်ကြသည်။

ချိန်ကျွန်းလောင်က မိန်းကလေးအား နှစ်သိမ့်အားပေးလိုက်၏။

'မကြောက်ပါနဲ့ညီမရေ၊ ဒီကောင်တွေကို အစ်ကိုရှင်းပစ်ပါ့မယ်၊ သမင်လေးအတွက် ကာလုံ့ဘားချေတဲ့ သခင်ဟာပေါ့'

မိန်းကလေးမှာ ဝမ်းသာအားတက်သွားသည်။ ချိန်ကျွန်းလောင်၏ စကားကို သူ ယုံသည်။ မည်သည့်နည်းနှင့် ရှင်းမည်ကိုတော့ သူမ မသိပေ။

ထို့ကြောင့် သမင်ကလေးကို မွေ့ပိုက်ပြီး ချိန်ကျွန်းလောင် အနီးတွင် ရပ်နေတော့သည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူ မန်ရူးဇိုလ်က ဝင်ကျွန်စကား မပီ မသဖြင့် အော်သည်။

'ဟေ့ ကောင်မလေး နင်ဘာလာလုပ်တာလဲ. ဒီကိုလာခဲ့စမ်း'

မိန်းကလေးက ချိန်ကျွန်းလောင်ကို မော့ကြည့်လိုက်သည်။ ချိန်ကျွန်းလောင် ပြုံးပြသဖြင့် မိန်းကလေးကလည်း တုံ့ပြန်ပြုံးပြသည်။

တစဉ့်(၄)ပြီး၏။

တစဉ့်(၅)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်